
www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ကြည်သိမ့်
နဝင်းသုံးစုံနှင့်ပုဏ္ဏတာအခင်း/ကြည်သိမ့်။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၂၅၀-စာ၊ ၁၂.၅x၁၈.၃ စင်တီ၊
(၁) ကြည်သိမ့်

ထုတ်ဝေသူ ဦးအောင်မြင့်၊ မြနန္ဒာချိုး အောင်မြင်စာပေ၊
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊ ဝဝဝ အကြိမ် ၂၀၀၄ ခုနှစ်၊
(စက်တင်ဘာလ)၊ အုပ်ရေ (၅၀၀)။



# ဘဝသနလက်ဆောင်

➤ ကြိုးစားအားထုတ်မှု မှန်သမျှ
ခါးသီးသော အတွေ့အကြုံများနှင့်
ရှုတ်ထွေးသော အမြစ်များ ရှိသော်လည်း
လုပသောပန်းနှင့် ချိုမြိန်သောအသီးကို
ရစေနိုင်ပါတယ်။

➤ အသက်မွေးဝမ်းကျောင်း တစ်ခုဆိုတာ
ရှာဖွေစူးစမ်းမှုနှင့် စတင်ရသော်လည်း
တစ်ချိန်မှာတော့
အလုပ်က သင့်ကို ရှာဖွေရတဲ့
ဘဝမျိုး ရောက်စေနိုင်ပါတယ်။

➤ ဘဝအတွက်သော်လည်းကောင်း
ချစ်ခြင်းမေတ္တာနှင့် ပတ်သက်လာလျှင်သော်
လည်းကောင်း ပြိုင်ဘက် လိုအပ်ပါတယ်။
ပြိုင်ဘက်ဆိုတာ
စစ်မှန်မှုနှင့် အရည်အသွေးကို
ပိုမိုတောက်ပြောင်စေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဘဝသုခလက်ဆောင်

- အောင်မြင်ခြင်းဆိုတာ
လိုချင်တာကို ရရှိပိုင်ဆိုင်ခြင်း ဖြစ်ပြီး
စိတ်ချမ်းသာခြင်းဆိုတာ
ကိုယ်ရတာကို
ကျေနပ်နှစ်သက်ခြင်း ဖြစ်ပါတယ်။

- ချစ်ခြင်းမေတ္တာ ရွေးချယ်ခြင်းသည်
အဖွဲ့အစည်းစိတ်က စေခိုင်းခြင်း ဖြစ်ပါတယ်။
မိမိအဖွဲ့အစည်းအပေါ်မှာ မူတည်ပြီး
ရွေးချယ်မှုလည်း ကွဲလွဲမှု ရှိစေနိုင်ပါတယ်။

- လူတွေရဲ့စိတ်ကို အကဲခတ်နိုင်ပြီဆိုရင်
တဝက်လောက် ပြည့်စုံပြီဟု
သတ်မှတ်၍ ရပါတယ်။
မိမိစိတ်ကို မိမိသိလျှင်တော့
အလုံးစုံ ပြည့်စုံပြီဟု သတ်မှတ်နိုင်ပါတယ်။

ဘဝသုခလက်ဆောင်

- ချစ်ခြင်းမေတ္တာဆိုတာ
အလှတရားရဲ့ဝိညာဉ်ဖြစ်ပါတယ်၊
အလှစစ်များရှိသော နေရာ၌သာ
ချစ်ခြင်းမေတ္တာဟူသည်
အမြစ်တွယ်လေ့ရှိပါတယ်။

- သင် အကူအညီကောင်းသောအသံကို
အခြားသူများက မကြားလျှင်တော့
မိမိဘာသာ ဆက်လုပ်သွားပါ၊
အဘယ်ကြောင့်ဆိုသော်
အခြားသူများမှာလည်း
သူ့အလုပ်သူ လုပ်နေကြသောကြောင့်
ဖြစ်ပါတယ်။

- အတိတ်က ဖြစ်ပျက်ခဲ့တာတွေဟာ
အတိတ်နဲ့ပဲ သက်ဆိုင်ပါတော့တယ်
ပစ္စုပ္ပန်မှာ ဖြစ်ပျက်မှုတွေကတော့
သင်နဲ့ သက်ဆိုင်မှု ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- မကောင်းတဲ့ ကြုံတွေ့မှုတွေကို
  သည်းခံနိုင်စွမ်း မရှိတဲ့ လူတစ်ယောက်ဟာ
  ကောင်းတဲ့ အတွေ့အကြုံတွေ
  အလှည့်နဲ့ ရောက်လာတဲ့ အချိန်မှာ
  အိပ်ယာထဲ လဲနေတဲ့ အဖြစ်မျိုးနဲ့
  ကြုံတွေ့ရတတ်ပါတယ်။

- လှပတဲ့ ချစ်ခြင်းမေတ္တာဆိုတာ
  ပတ်ဝန်းကျင်မှာပဲ ရှိပါတယ်၊
  သတိမထားတတ်ရင်
  လက်လွှတ်ဆုံးရှုံးမှုရှိပြီး
  သတိပြုပြီး တန်ဖိုးထားတတ်သူတွေမှသာ
  ပိုင်ဆိုင်ခွင့် ရကြပါတယ်။

- ထင်ပေါ်လွန်းတဲ့ အလှဆိုတာ
  တန်ဖိုးထားခြင်း မခံရနိုင်ပါဘူး၊
  လူတွေက ခက်ခက်ခဲခဲ ရှာဖွေရတဲ့
  လျှို့ဝှက်တဲ့ အလှကိုပဲ တန်ဖိုးထားတတ်ကြတယ်။

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) သရဲကြမ်းသောအိမ်နီကြီး

အခန်း(၂) ဖိုးသူတော်နှင့် ပုဏ္ဏကတိုက်သောအိမ်

အခန်း(၃) နှစ်လောင်းပြိုင်သေသောည

အခန်း(၄) ဆန်းကြယ်သော ပုဏ္ဏကတိုက်ခြင်းများ

အခန်း(၅) အိမ်နီကြီးမှ သွေးပျက်ဖွယ်ရာမြင်ကွင်း

အခန်း(၆) ရင်ပြင်တော်ပေါ်မှ လျှို့ဝှက်သောနေရာများ

အခန်း(၇) နဝင်းသုံးစုံ ရွှေတိဂုံ အဓိဋ္ဌာန်ကျင့်စဉ်

အခန်း(၈) ဆာဒူးမိစ္ဆာနှင့် ဝိဉာဉ်အကျဉ်းသား

အခန်း(၉) နဝင်းသုံးစုံအင်း

အခန်း(၁၀) မြေအောက်ခန်းတွင်းမှ ဝိဉာဉ်လှောင်အိမ်

အခန်း(၁၁) ပုဏ္ဏကအင်းနှင့် ကျိန်စာထောင်ချောက်

အခန်း(၁၂) သေကံမရောက် သက်မပျောက်

အခန်း(၁၃) ဆာဒူးမိစ္ဆာနှင့် ဝိဉာဉ်လှောင်အိမ်

အခန်း(၁၄) သစ္စဖြင့်ခင်းသော မေတ္တာလမ်း


www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁ ]

# သရဲကြမ်းသော အိမ်နီကြီး

တစ်နေ့သ၌ ရွှေတိဂုံစေတီတော်ကြီးတည်ရှိရာ မြောက်ဘက်ရှိ ရွှေခုံတိုင်လမ်းအတွင်း ဖိုးသူတော်ကြီးတစ်ဦး လျှောက်လာလေသည်။

အချိန်ကာလမှ (၁၉၃၀)ခုနှစ် အချိန်ကာလဖြစ်သည်။ ထိုအချိန်ကာလမှာ မြန်မာတစ်နိုင်ငံလုံးကို ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ကြသည်မှ နှစ်ပေါင်း (၄၀)ကျော်မျှ ကြာခဲ့ပြီဖြစ်သော်လည်း ရန်ကုန်မြို့လို နေရာမျိုးမှာပင် စည်ကားလိုးတက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းများ မရှိသေးပေ။

(၁၈၈၆)ခုနှစ်တွင် စတင်ပြီး မြန်မာတစ်နိုင်ငံလုံး ကိုလိုနီ လက်အောက်ခံဘဝရောက်ခဲ့ကြရပြီးနောက် (၁၉၃၀)ပြည့်နှစ် ရောက်သောအခါ နှစ်ပေါင်း(၄၀)ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

တိတိကျကျရေးရလျှင် (၁၈၈၆)ခုနှစ်တွင် မြန်မာတစ် နိုင်ငံလုံး ကိုလိုနီနယ်ချဲ့တို့ လက်အောက်သို့ ကျရောက်ခဲ့ရာ (၁၉၃၀) ပြည့်နှစ်တွင် (၄၄)နှစ်ရှိခဲ့ပြီဖြစ်သော်လည်း ထူးထူး ခြားခြား တိုးတက်မှုဖြစ်မလာခဲ့ဘဲ သူ့ကျွန်ဘဝဖြင့်သာ နွံနစ်နေရ သော အချိန်ဖြစ်သည်။

ရွှေတိဂုံစေတီတော်ကြီး တည်ရှိသော ရပ်ကွက်မှာ ဗဟန်းရပ်ကွက်ဖြစ်သည်။

မြေဝါနှင့်မြေနီတို့ ရောနှောနေသော အရပ်ဖြစ်ပြီး၊ အချို့မှတ်တမ်းများမှာတော့ "ဗဟန်း" ဟူသော ဝေါဟာရမှာ "အဝါရောင်မြေရှိသောအရပ်" ဟု အဓိပ္ပါယ်ရှိကြောင်း ပေါရာ ဏ စကားဖြင့် ရေးသားဖော်ပြကြလေသည်။

ရှေးအခါက ဗဟန်းနယ်မြေတစ်ခုလုံးမှာ တောတောင် ထူထပ်ပြီး လူသူအနေနည်းသော အရပ်လည်းဖြစ်သည်။

သစ်ပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်ကာ တောကောင်များ ခိုအောင်းရာအရပ်လည်း ဖြစ်သည်။

(၁၂၆၆)ခု တပေါင်းလဆန်း (၅)ရက် တနင်္လာနေ့တွင် ရွှေတိဂုံစေတီတော်ကြီး ခေါင်းလောင်းပုံ အနားစွန်းတွင် ကျား တစ်ကောင် တက်ဝပ်နေသည်ကို ဘုရားဖူးများ မြင်တွေ့ခဲ့ကြ





သည်။

ထိုအချိန်က.ဗဟန်းနယ်မြေတစ်ဝိုက်မှာ ပဲခူးရိုးမတောင် တန်းများဖြင့် တဆက်တည်း ဖြစ်နေရုံမကပဲ ရွှေတိဂုံစေတီတော် ကြီး တည်ရှိရာ ကုန်းတော်တစ်ဝိုက်မှာပင် တောတောင်ထူထပ် ခြင်းရှိလေရာ ကျားတစ်ကောင်တွေ့ရသည်မှာ အံ့သြဖွယ်ရာ တော့ မဟုတ်ပါချေ. . .။

ကျားကူးကျောင်း၊ ကျားကူးသိမ် စသော အမည်များမှာ ကျားနှင့်ပတ်သက်သော အမည်နာမများ ဖြစ်ပေသည်။

ရွှေတိဂုံစေတီတော်ကြီး တည်ရှိသောနေရာနှင့် ပတ် ဝန်းကျင်တစ်ဝိုက်တွင် တောတောင်ထူထပ်သည်ကတစ်ကြောင်း စီးပွားရေးလုပ်ကိုင်သူတို့ မျက်စိမကျသောကြောင့်သော်လည်း ကောင်း အစဉ်သဖြင့် အခြေချပြီး နေထိုင်သူ မရှိကြပေ။

စေတီတော်ကြီးကို အကြောင်းပြုလျှက် နေကြသော တောရကျောင်းနှင့် ဘုန်းကြီးကျောင်းအချို့တော့ ထိုအချိန်က တည်းက ရှိနေခဲ့ပေသည်။

ထိုအချိန်က အနောက်ဘက်မုခ်နှင့် မြောက်ဘက်မုခ် များပင် မဆိုထားနှင့် လူသွားလူလာများသော အရှေ့ဘက်မုခ် နှင့် တောင်ဘက်မုခ်အနီးတစ်ဝိုက်မှာပင် တောရကျောင်းများနှင့် ဘုန်းကြီးကျောင်းအချို့သာ ရှိပေသည်။ ယခုကြားတောရလမ်း ဟုခေါ်သော နေရာတစ်ဝိုက်မှာပင် ချုံနွယ်ပိတ်ပေါင်းများ ထူ ထပ်လှပြီး ဒီလုံးခဲ (မီးဖုတ်ထားသော လမ်းခင်းအုတ်တုံးများ)များ ခင်းထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာလည်း သိပ်မကျယ်လှဘဲ မြင်းလှည်းနှစ်စီး ရှောင်သာရုံမျှသာ ရှိလေသည်။

ကြားတောရဟုခေါ်သော အကြောင်းရင်းမှာ. . .

အရှေ့တောရ (ယခု ငါးထပ်ကြီးရှိသောနေရာ)နှင့်

အလယ်တောရ (ဘုန်းတော်ကြီးများကျောင်း)တို့ တည်ရှိသော အလယ်နေရာ၌ရှိသော တောရကျောင်းကလေးများကို အခြားနာမည် သီးခြားမခေါ်တော့ဘဲ ကြားတောရဟု ခေါ်ဝေါ်ခဲ့ကြသည်။

ကြားတောရအနီးတစ်ဝိုက်တွင်ရှိသော လမ်းတိုကလေးကို ကြားတောရလမ်းဟုပင် အလွယ်တကူ ခေါ်ဝေါ်ခဲ့ရာမှ ယခုမျက်မှောက်ခေတ်တွင် ရောက်သည်အထိ ထိုအမည်တွင်နေခဲ့ခြင်း ဖြစ်ပေသည်။

လမ်းအရှည်ကတော့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်မှ ဗဟန်းလမ်းဆုံနေရာ အထိသာရှိ၏။

ဦးသူတော်ကြီး လျှောက်လာသောလမ်းမှာ ယခု ရွှေဂုံတိုင်လမ်းဟုခေါ်သော ရွှေခုံတိုင်လမ်းပေါ်ဘက်မှ ဖြစ်သည်။ ကိုလိုနီခေတ်ဦးအလွန်ကာလလောက်က ရွှေခုံတိုင်(ယခု ရွှေဂုံတိုင်)လမ်း ရှိသောနေရာတစ်ဝိုက်တွင် လူနေအိမ်ခြေ မရှိသလောက် နည်းပါးပြီး ထိုနေရာတစ်ဝိုက်တွင် နွားမွေးသော ကုလားခြံများနှင့် ပန်းခြံများ စိုက်ပျိုးရောင်းချသော ခြံအချို့တော့ ရှိလေသည်။

လမ်းတလျှောက်တွင် ဒီလုံးခဲနှင့် အုတ်များ စီပြီးခင်းထားလေသည်။





အုတ်များစီခင်းထားသောကြောင့် ထိုနေရာတစ်ဝိုက်မှာရှိသောလမ်းတစ်လမ်းကို အုတ်လမ်းဟုပင် ယခုတိုင် ခေါ်ဝေါ်နေကြလေသည်။

ရွှေခုံတိုင်လမ်းဟု ခေါ်ဝေါ်ကြခြင်းမှာ ရွှေခုံတိုင်ဆရာတော် သတင်းသုံးသောနေရာကို အကြောင်းပြုပြီး ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

“ရွှေခုံတိုင်” ဟူသောအမည်မှာ မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်အတွင်း၌ရှိသော ရွာတစ်ရွာ၏အမည်ပင် ဖြစ်သည်။ ထိုရွာမှာ သီတင်းသုံးသော ဆရာတော် ဦးဝရဏအားလည်း ရွှေခုံတိုင်ဆရာတော်ဟုပင် ခေါ်ဝေါ်ကြသည်။

ဆရာတော်သည် (၁၈၇၄)ခုနှစ်တွင် တပည့် ဒါယိကာ၊ ဒါယကာမများ ဖိတ်ကြားမှုကြောင့် ရန်ကုန်သို့ ရောက်ခဲ့သည်။

ထိုအချိန်က ရွှေဂုံတိုင်စေတီတော် မြောက်ဘက်၌ တောရကျောင်း ဆောက်လုပ်ကာ သတင်းသုံးနေထိုင်ခဲ့သည်။

ဆရာတော် သီတင်းသုံးသော တောရကျောင်းအနီး၌ ရေတံခွန်တစ်ခုလည်းရှိရာ “ရွှေခုံတိုင်တောရ” ”ရေတံခွန်တောရ” ဟု ခေါ်ဝေါ်ကြသည်။

နှစ်အနည်းငယ်ကြာတော့ ထိုနေရာတစ်ဝိုက်တွင် လာရောက်နေထိုင်သူများ ရှိလာသည်။

တောင်ယာစိုက်ပျိုးသူများနှင့်၊ ပန်းစိုက်သူများ ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း လူစည်ကားလာသောအခါ လမ်းဖောက် အသုံးပြုခဲ့ရာမှ ရွှေခုံတိုင်လမ်း၊ ရွှေခုံတိုင်ရပ်ကွက်ဟု အမည် တွင်လာခဲ့ရာ ယခုမျက်မှောက်ခေတ်ကာလမှာတော့ ရွှေဂုံတိုင် လမ်း၊ ရွှေဂုံတိုင်ရပ်ကွက်ဟု ခေါ်ဝေါ်အသုံးပြုခဲ့ကြလေသည်။ (၁၉၃၀)ပြည့်နှစ်နောက်ပိုင်းတွင် လူသွားလူလာများသော လမ်း တစ်လမ်း ဖြစ်လာခဲ့သဖြင့် (၁၉၃၇)ခုနှစ်တွင် ကတ္တရာလမ်းအ ဖြစ် ပြောင်းလဲအသုံးပြုခဲ့ကြလေသည်။

ရှေ့၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း (၁၉၃၁)ခုနှစ် ပတ်ဝန်းကျင်တစ်ဝိုက်ကတော့ ထိုနေရာတစ်ဝိုက် သစ်ပင်ကြီးဝါး ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လှသောကြောင့် နေထိုင်သူ မရှိသလောက် နည်းလှပေသည်။

ဘောင်ဒရီလမ်း(ယခုဓမ္မစေတီလမ်း)နှင့် ရွှေခုံတိုင်လမ်း ကြားမှာရှိသော နေရာများမှာလည်း၊ ရာသီပေါ် သီးနှံစိုက်သော ခြံ၊ ရာသီထွက် ပန်းစိုက်သောခြံနှင့် နို့စားနွားမွေးမြူသောခြံ အချို့ လောက်သာ ရှိပေသည်။

အများအားဖြင့်တော့ ထိုနေရာတစ်ဝိုက်မှာ လာရောက် နေထိုင်ကြသူတို့မှာလည်း ကုလားလူမျိုးတို့သာ များလေသည်။

သို့သော် ဘောင်ဒရီလမ်းနှင့် ရွှေခုံတိုင်လမ်းကြား တစ်နေရာတွင်ရှိသော မြေကွက်လပ်ပေါ်မှာတော့ ရှေးခေတ် လက်ရာဖြင့် ဆောက်ထားသော နှစ်ထပ်အိမ်ကြီးတစ်လုံးရှိသည်။

တံခါးလေးပေါက်၊ ဝရံတာလေးခုပါသော ကုလား သူဌေးတစ်ဦး ဆောက်ထားသော ရှေးအိမ်ကြီးပင်ဖြစ်သည်။





ထုထည်ကြီးလှသော အုတ်တိုင်များ၊ နံရံများအပြင် ပြူတင်းပေါက်များမှာ စိုက်ထားသော သံတိုင်ကြီးများမှာလည်း ကြီးမားခိုင်ခံ့လှသည်။

အဝင်ပေါက် တံခါးချပ်ကြီးများမှာလည်း ကျွန်းသစ်များ ဖြင့် ထုထည်ကြီးမားစွာ တပ်ဆင်ထားပြီး (၉)ပေခန့် မြင့်သည်။ တစ်အိမ်လုံး အနီရောင်ဆေးများ သုပ်ထားသောကြောင့် ရှေးက တော့ "အိမ်နီကြီး" ဟုခေါ်ကြသည်။

ယခုအခါမှာတော့ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အနီရောင်ဆေးများက မှေးမှိန်နေလေပြီ။

နေထိုင်သူမရှိဘဲ ဒီအတိုင်းပိတ်ထားခဲ့တာ ကြာပြီဖြစ် သောကြောင့် ရေညှိရေမှော်များတက်ကာ အစိမ်းပုတ်ရောင် များက နေရာအနှံ့ ကွက်တိကွက်ကျား ဖြစ်နေလေသည်။

အမိုးမိုးထားသော အုတ်ကြွပ်ချပ်များမှာလည်း အညို ရောင်၊ အမည်းရောင် ဖြစ်နေချေပြီ။

ထိုအိမ်ကြီးရှိသော နေရာတစ်ဝိုင်မှာ ခြံဝန်းကျယ်ကြီး ဖြစ်သောကြောင့် အခြားနေထိုင်သူများ မရှိပေ။

ဘောင်ဒရီလမ်း (ဓမ္မစေတီလမ်း)မြောက်ဘက်၊ ယခု ရွှေတောင်ကြားရပ်ကွက် ဟုခေါ်သော နေရာတစ်ဝိုက်မှာတော့ နို့စားနွားမွေးသော ကုလားခြံများနှင့် ရာသီပေါ် သီးနှံစိုက်ပျိုး သောခြံများ ရှိပေသည်။

သို့သော် လူနေရပ်ကွက်များမဟုတ်ဘဲ ဟိုနေရာတစ် အိမ် ဒီနေရာတစ်အိမ်ဖြင့် ကျိုးတို့ကျဲတဲ နေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်ကြား ဟူသောအမည်မှာ နောက်ပိုင်းမှ ပြောင်းလဲခေါ်ကြခြင်းဖြစ်သည်။

ရှေးအခါကတော့ "ကုလားကုန်း"ဟုသာ ခေါ်ကြသည်။ ထိုနေရာတစ်ဝိုက်မှာ လူနေအိမ်ခြေ မရှိသောကြောင့် လမ်းပေါ်မှာလည်း လူအသွားအလာမရှိသလောက် နည်းသည်။

မြေနီကုန်းဘက်၊ ပြည်လမ်းဘက်သို့ သွားလာလိုသူများသာ တစ်ခါတစ်ရံ ထိုလမ်းမှ အသုံးပြုပြီး သွားလာကြသော်လည်း အချိန်အတော်များများ၌မူ လူသွားလူလာ ရှင်းလင်းနေလျှက် တိတ်ဆိတ်ငြိမ်သက်နေတတ်ပေသည်။

ညဘက်အချိန်ရောက်လျှင်မူ သစ်ပင်ရိပ်များကြောင့် မှောင်မည်းနေသည်ကတစ်ကြောင်း၊ လမ်းမီးရောင် မရှိသည်က တစ်ကြောင်းကြောင့် သွားလာခြင်းမပြုကြပေ။

အချိန်မတော် သွားလာခဲ့သူများမှာလည်း အန္တရာယ်တစ်ခုခုနှင့် တွေ့ကြရတတ်သည်။

တစ်ခုက လူဆိုး၊ ဓားပြတို့၏ လုယက်တိုက်ခိုက်မှုကို ခံရပြီး၊ အခြားတစ်ခုကတော့ သရဲတစ္ဆေများနှင့် ဥစ္စာစောင့်များနှင့်တွေ့ရကာ နှောက်ယှက်ခြင်းခံရသော အန္တရာယ်ပင်ဖြစ်သည်။

ရွှေခုံတိုင်လမ်းနှင့် ဘောင်ဒရီလမ်းတို့တွင် အချိန်မရှိပါက မသွားလာဝံ့သော အကြောင်းများထဲတွင် 'အိမ်နီကြီး'နှင့် ပတ်သက်သည့် အကြောင်းအရာအချို့လည်း ပါဝင်လေသည်။

အိမ်နီကြီးနှင့်ပတ်သက်သော အကြောင်းများကို အ





နည်းငယ် ဖော်ပြပေးရမည်ဆိုလျှင် ထိုအိမ်ကြီးမှာ လွန်ခဲ့သော (၁၅)နှစ်ခန့်က ကုလားသူဌေးတစ်ဦး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသူဌေးအမည်မှာ မက်စတီးဆိုသူဖြစ်ပြီး ထိုတိုက်ကြီးကို ဆောက်လုပ်စဉ်က အသက်(၄၀)ကျော် အရွယ်ခန့်သာ ရှိသေးသည်။

ကိုလိုနီခေတ်ဦးကာတွင် ခေတ်ပျက်သူဌေးဖြစ်သော မှဝါဒကို အသုံးပြု၍ စီးပွားရှာခဲ့သော မတ်စတီးမှာ တိုင်းပြည်အခြေအနေ တည်ငြိမ်စပြုလာသောအချိန်တွင် ရန်ကုန်မြို့ပေါ်တွင် ချမ်းသာကြွယ်ဝသော ကုလားသူဌေးတစ်ဦးဘဝသို့ ရောက်ခဲ့လေပြီ။

ဆန်စက်နှင့် သစ်စက်များအပြင် ရန်ကုန်မြို့ပေါ်မှာရှိသော ဈေးအတော်များများ၌လည်း အစုရှယ်ယာပါဝင်ထားသူဖြစ်သည်။ ၎င်းမူလနေထိုင်သည့် တိုက်ကြီးမှာ ချစ်တီးလမ်း(ယခုရွှေဘုံသာလမ်းဟုခေါ်သော မဂိုလမ်း) အတွင်း၌ရှိသည်။

ထိုတိုက်ကြီးမှာတော့ မယားကြီးနှင့် သားသမီးများနေထိုင်ကြသည်။

နောက်ပိုင်း တိုက်နီကြီးဆောက်ပြီးသောအခါ ထိုတိုက်ကြီးတွင်တော့ နောက်ထပ်ယူသော မယားများကိုထားသည်။ မတ်စတီးသည် အလုပ်အားလပ်သောအချိန်တွင် ထိုတိုက်နီကြီးတွင် အပျော်ယူထားသော မယားများနှင့် လာရောက်နေထိုင်လေသည်။

နောက်တော့ မတ်စတီးတစ်ယောက် ထိုတိုက်ကြီးပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာပင် သေဆုံးသွားခဲ့လေသည်။

မည်သို့မည်ပုံဖြစ်ပြီး သေသွားခဲ့သည်ကိုတော့ သူ့လက်ရင်းတပည့် လူမိုက်များပင် မသိလိုက်ကြပေ။

မတ်စတီးသေဆုံးသွားပြီးနောက်တွင် ထိုတိုက်ကြီးတွင် နေထိုင်မည့်သူ မရှိတော့ဘဲ တံခါးပိတ်ထားခဲ့ရလေသည်။

ပထမ အိမ်စောင့်၊ ခြံစောင့်များ ထားသေးသည်။ ထိုအစောင့်များလည်း ကြာရှည်မနေနိုင်ကြဘဲ ထွက်ပြေးကြရသဖြင့် နောက်ပိုင်းတွင် တံခါးပိတ်ထားရခြင်းဖြစ်ပေသည်။

နှစ်အနည်းငယ်ကြာတော့ ထိုတိုက်ကြီးကို စိတ်ဝင်စားသဖြင့် ငှားရမ်းနေထိုင်သူအချို့ ပေါ်လာသော်လည်း စာချုပ်ပြည့်သည်အထိပင် မနေနိုင်ကြဘဲ ပြန်ပြောင်းပြေးကြရလေသည်။ အဘယ်ကြောင့်ဆိုသော်. . .

သရဲတစ္ဆေများ ခြောက်လှန့်မှုကြောင့် ကြာရှည်မနေနိုင်ဘဲ ထွက်ပြေးကြရခြင်းဖြစ်သည်။

နောက်ပိုင်းမှာလည်း ထိုအကြောင်းကို မသိသူများ၊ အယုံအကြည်မရှိသူများက ဈေးနှုန်းသက်သာသဖြင့် ငှားရမ်းပြီး လာရောက်နေထိုင်ကြသည်။

သို့သော် ကြာကြာမနေနိုင်ကြဘဲ ရက်ပိုင်းလပိုင်းအတွင်းမှာပင် ပြန်ပြောင်းပြေးကြရလေသည်။

လာရောက်နေစက တစ္ဆေသရဲဆိုလျှင် အယုံအကြည်မရှိ၊ မကြောက်တတ်ပါဟု ကြွေးကြော်လာသူတို့ပင် ကြာရှည်မနေနိုင်ပေ။





"ဒီမှာရှိတဲ့သရဲက တခြားနေရာတွေမှာ တွေ့ဖူးတဲ့ သရဲတစ္ဆေတွေထက် ပိုပြီးကြမ်းတယ်၊ ပိုပြီးကြောက်စရာကောင်းတယ်"

ဟု မှတ်ချက်ချကာ အလျင်အမြန် ပြန်ပြောင်းပြေးကြခြင်းဖြစ်ပေသည်။

ယခုဝတ္ထုရေးသော (၁၉၃၀)ခုနှစ်ဝန်းကျင်ရောက်တော့ နေထိုင်သူမဆိုထားနှင့် ခြံစောင်အိမ်စောင့်ပင် မရှိတော့ဘဲ ဒီအတိုင်း တံခါးပိတ်ထားရသော အခြေအနေသို့ ရောက်နေခဲ့ပေပြီ။

တစ်နေ့သ၌ နေဝင်ကာနီးအချိန် ရောက်တော့မှ ဖိုးသူတော်ကြီးတစ်ယောက် ရွှေခုံတိုင်လမ်းအတိုင်း တစိုက်စိုက်နှင့် လျှောက်လာလေသည်။

ထိုသို့လျှောက်လာစဉ် လမ်းသွယ်တစ်ခုအနီးသို့ ရောက်သောအခါ ထိုလမ်းအတွင်းမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်ကို လှမ်းမြင်ရလေသည်။

ထိုအမျိုးသမီး လမ်းထိပ်တွင် ရပ်နေသဖြင့် ဖိုးသူတော်ကြီးက ထိုနေရာရောက်တော့ ရပ်လိုက်သည်။

"ကြွတုန်း ပေါက်ပေါက်ဆုပ်ကလေးများ လှူလိုက်ပါရစေရှင်"

ဟု ချိုသာသောအသံဖြင့် ပြောသဖြင့် နေရာမှာရပ်ပြီး အလှူခံသည်။

ထို့နောက် ကြေးစည်နှင့် လက်ခတ်ဘုကိုထုတ်ပြီး ကြေး



www.burmeseclassic.com

www.burmeseclassic.com



စည်တနောင်နောင်ထုပြီး ဆုပေးလိုက်သည်။

အချိန်မရှိတော့သဖြင့် ရှည်ရှည်ဝေးဝေး ပေးမနေတော့ပဲ "ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုရာဆန္ဒပြည့်ပါစေ" ဟူသော ဆုမျိုးသာဖြစ်သည်။

အမျိုးသမီးမှာ အသက်(၂၅) နှစ်အရွယ်ခန့်ရှိပြီး ရိုးရိုးယဉ်ယဉ်နှင့် ဆံပင်ရှည်ကို တစ်ပတ်လျှိုထုံးကာ ကျောဘက်သို့ ချထားလေသည်။

မျက်နှာအမူအရာနှင့် ကိုယ့်ခန္ဓာအချိုးအစားကို ကြည့်ရုံနှင့် ချောမောလှပသော မိန်းမပျိုတစ်ဦးဖြစ်မှန်း သိသာနိုင်ပေသည်။

"ဒါထက် အချိန်မရှိတော့မှ ဘယ်အထိများ သွားမှာလဲရှင်"

"ရည်ရွယ်ချက်ကတော့ ဘုရားရင်ပြင်တော်ပေါ် တက်ပြီး အမိဋ္ဌာန်ဝင်ဖို့ပါပဲ. . ."

"ဒီအချိန်ရောက်မှတော့ ဘုရားရင်ပြင်တော်ပေါ်တက်ရင် အဆင်မပြေလောက်ဘူးထင်တယ်၊ ခေတ်ကာလ မကောင်းတော့ ဘုရားပေါ်မှာ ညအိပ်ညဉ့်နေ လက်မခံတော့တာ အတော်ကလေးကြာသွားပြီ"

ထိုစကားကြားတော့ ဖိုးသူတော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဆွမ်းဆန်ထဲ ကြွက်ချေးရော ဆိုသလိုပဲ မကောင်းတဲ့လူနည်းစုကြောင့် ကောင်းတဲ့သူအတော်များများ အခက်တွေ့ကြုံ





ရတယ်၊ မရိုးသားတဲ့လူတစ်ယောက်ကြောင့် ရိုးသားတဲ့သူ အတော်များများ အထင်အမြင် အသေးခံကြရတယ်၊ ခေတ်ကာလ ကိုက မကောင်းတော့တာပါ"

ဟု ညီးညီးညူညူဖြင့် ရေရွတ်ပြောဆိုနေလေသည်။

"ဦးသူတော် ဘုရားရင်ပြင်တော်ပေါ် တက်မယ်ဆိုရင် မနက်စောစောတက်တာ ပိုပြီးအဆင်ပြေပါတယ်ရှင်"

"ဒါဖြင့် ဒီတစ်ညတွက် တည်းခိုဖို့နေရာလေးများ တဆိတ်လောက် လမ်းညွှန်ပေးနိုင်မလား၊ ကျုပ်က ဒီနယ်သား မဟုတ်လေတော့ အသိအကျွမ်းမရှိဘူး၊ ဒါကြောင့်. . ."

"စိတ်မပူပါနဲ့ရှင် ဦးသူတော်အတွက် ဒီတစ်ညတည်းခိုဖို့ လမ်းညွှန်ပေးလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွယ်. ."

"ဒီကနေ ရှေ့ကိုဆက်သွားရင် အနီရောင်ဆေးတွေ သုပ်ထားတဲ့ တိုက်နီကြီးတစ်လုံး တွေ့ရပါလိမ့်မယ်၊ အဲ့ဒီအိမ်မှာ ကျွန်မရဲ့ ညီမတော်စပ်တဲ့ အမျိုးသမီးတစ်ယောက်ရှိပါတယ်"

ဦးသူတော်က ခေါင်းညိတ်ပြသည်။

"သူ့နာမည်က ခင်ခင်လေးလို့ ခေါ်ပါတယ်၊ ကျွန်မ နာမည်ကတော့ ခင်ခင်ကြီးလို့ ခေါ်ပါတယ်ရှင်၊ သူနဲ့တွေ့လို့ ကျွန်မ လွှတ်လိုက်တယ်ပြောရင် ညအိပ်ညဉ့်နေ လက်ခံပေးပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် မိန်းကလေးရယ်"

ထိုသို့ပြောလိုက်သည်နှင့် မိန်းကလေးက အပြုံးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြပြီးနောက် လာလမ်းအတိုင်း ပြန်သွားလေတော့သည်။

ဦးသူတော်ကြီးလည်း ထမ်းပိုးကိုထမ်းကာ ရှေ့သို့ဆက်လျှောက်လာလေသည်။

အချိန်က နေဝင်ချိန်ရောက်တော့မည်ဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ဝိုက် အမှောင်ရိပ်များ သမ်းစပြုလာချေပြီ. . .။







## အခန်း [ ၂ ]

# ဖိုးသူတော်နှင့် ပုဏ္ဏကတိုက်သောအိမ်

နေဝင်ချိန် ရောက်တော့ပေပြီ။

လမ်းဘေးတဖက်တချက်တွင် သစ်ပင်ကြီးများ အုပ်မိုးနေသော ရွှေခုံတိုင်လမ်းတလျှောက်တွင် အလင်းရောင်ပျောက်ပြီး အမှောင်ရိပ်များ သမ်းစပြုလာချေပြီ. . .။

ထိုအချိန်မျိုးတွင် လမ်းပေါ်မှာ လူသွားလူလာမရှိတော့ပေ။ ထိုနေရာတစ်ဝိုက်တွင် နေထိုင်သူများက ယခုလို အချိန်မျိုး ရောက်ပါက အပြင်မထွက်ကြတော့သလို အခြားနေရာမှ



www.burmeseclassic.com

www.burmeseclassic.com



လူများကလည်း အသွားအလာမလုပ်ကြတော့သဖြင့် လမ်းပေါ်၌ လူရှင်းနေခြင်းဖြစ်ပေသည်။

ထိုအချိန်ရောက်မှ လမ်းပေါ်တွင် တစ်ယောက်တည်း လျှောက်နေသူကတော့ ဖိုးသူတော်ကြီးပင်ဖြစ်သည်။

ဖိုးသူတော်ကြီးကတော့ ထမ်းပိုးတွင် တောင်းငယ်တစ်လုံးနှင့် လွယ်အိတ်ဟောင်းကြီးတစ်လုံးကို ချိတ်ဆွဲကာ တစိုက်စိုက်ဖြင့် လျှောက်လာလေသည်။

သူသည် လမ်းဘေးဝဲယာသို့ တစ်ချက်ကလေးမှ မကြည့်ဘဲ သူလျှောက်မည့်လမ်းကိုသာကြည့်ပြီး တစိုက်စိုက်နှင့် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာရာ လည်ပင်းမှာဆွဲထားသော ပုတီးကုံးကြီးက တချောက်ချောက်နှင့် အသံမြည်လျက်ရှိနေသည်။

ပုတီးလုံးချင်း ထိနေသောအသံက သူလျှောက်နေသော ခြေလှမ်းများကို စည်းချက်ဝါးချက် ချပေးနေသကဲ့သို့ပင် ရှိနေလေသည်။

ထိုသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာရာ မကြာမီ တိုက်နီကြီးရှိသော နေရာတစ်ဝိုက်သို့ ရောက်လာလေတော့သည်။

ထိုနေရာရောက်သောအခါ ရပ်ပြီးအခြေအနေကြည့်လိုက်သောအခါ အမှောင်ရိပ်များဖုံးနေသော သစ်ပင်ရိပ်များကြားမှ တိုက်နီကြီးကို တစွန်းတစ လှမ်းမြင်ရလေသည်။

တံခါးချပ်များပိတ်ထားသော်လည်း အတွင်းမှ မီးရောင်





အချို့ကိုလည်း မြင်ရသည်။

"ဟိုမိန်းကလေး ပြောလိုက်တဲ့ တိုက်နီကြီးဆိုတာ အခုလှမ်းမြင်နေရတဲ့တိုက်ကြီးပဲဖြစ်ရမယ်၊ ဟုတ်မဟုတ် သိရအောင် ခြံပေါက်ဝသွားပြီး အသံပေးကြည့်ရမယ်"

ဟုပြောကာ အုတ်တံတိုင်းများခတ်ထားပြီး ထုထည်ကြီးမားလှသော သံတံခါးကြီးများ တပ်ဆင်ထားသော တံခါးပေါက်ဝရှိရာသို့သွားကာ ကြေးစည်ထုလိုက်လေသည်။

"နောင်ဝေဝေ၊ နောင်ဝေဝေ. ."

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်မှာ စူးစူးဝါးဝါး ပေါ်ထွက်လာသော ကြေးစည်သံကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသကဲ့သို့ ရှိလေသည်။

"နောင်ဝေဝေ. . ."

နောက်တစ်ကြိမ် ကြေးစည်သံတစ်ချက်ပေးလိုက်သောအခါ တံခါးချပ်ကြီးများ နံဘေးတွင် တပ်ဆင်ထားသော လူဝင်ပေါက်တံခါးချပ် ပွင့်သွားပြီး အမျိုးသမီးတစ်ဦး ထွက်လာလေသည်။ ထိုအမျိုးသမီးကိုမြင်သောအခါ ဦးသူတော်ကြီးမှာ ကြေးစည်ဆက်မထုတော့ပဲ များစွာအံ့ဩသွားသော အမူအရာဖြင့် ငေးငိုင်အဟောင်းသား ဖြစ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော်. . .၊

ခြံထဲမှထွက်လာသောအမျိုးသမီးမှာ လမ်း၌တွေ့ခဲ့ရသောမျက်နှာနှင့် တထေရာတည်း တူလှသောကြောင့်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စများရှိလို့ပါလဲရှင်. . ."

သူမက ချိုသာသောအသံဖြင့် မေးလိုက်သည်။

"ဒီအိမ်ကြီးမှာ. . ခင်ခင်လေးဆိုတဲ့ မိန်းကလေးတစ်ယောက်များ ရှိပါသလားကွယ်. ."

"ရှိပါတယ်၊ ကျွန်မပါပဲ"

"အဆင်သင့်လိုက်ပလေကွယ်၊ လမ်းမှာတွေ့တဲ့ မိန်းကလေးတစ်ယောက်က ဒီနေရာကို ညွှန်ပြပေးလိုက်လို့ပါ၊ သူ့နာမည်က ခင်ခင်ကြီးတဲ့. . ."

"အော်. . မမနဲ့တွေ့ခဲ့တာကိုး၊ သူက ကျွန်မရဲ့အစ်မပါရှင်"

"မိန်းကလေးတို့ ညီအစ်မနှစ်ယောက်က အတော်ကလေး ရုပ်ချင်းဆင်ကြတာကိုး၊ ဒီကိုလာတာ တခြားတော့မဟုတ်ပါဘူး၊ ဒီမှာတစ်ညလောက်များ တည်းခိုခွင့်ရမလားလို့ လာမေးကြည့်တာပါ"

"မမလွှတ်လိုက်တဲ့ ဧည့်သည်ဆိုတော့ လက်ခံပေးပါ့မယ်၊ အတွင်းကိုသာ ဝင်ပါရှင်"

ဟုဖိတ်ခေါ်သဖြင့် ဦးသူတော်လည်း စိတ်သက်သာရာရသွားလေတော့သည်။

ထို့နောက် မိန်းကလေးက ရှေ့မှဦးဆောင်ခေါ်သွားသဖြင့် တိုက်အိမ်ကြီးအတွင်းသို့ ဝင်လိုက်သွားလေသည်။ အိမ်ကြီးအတွင်းသို့ မဝင်ရောက်မီ အပြင်ဘက်မှ လှမ်းကြည့်လိုက်သောအခါ အခြားပြတင်းပေါက်များ၌ မီးအလင်းရောင်မရှိဘဲ မှောင်





နေလေသည်။

သို့သော် မှန်ချပ်များတပ်ဆင်ထားသော ပြတင်းပေါက်သုံးပေါက်ကတော့ မီးရောင်ရှိနေသည်။

အပေါ်ထပ်မှ နှစ်ခန်းနှင့် အောက်ထပ်အခန်းကျယ်ကြီးတစ်ခန်းတို့ဖြစ်သည်။

ရုတ်တရက်ကြည့်လျှင် မျက်လုံးပေါက်နှစ်ပေါက်နှင့် ပါးစပ်ကျယ်ကြီးတစ်ပေါက်တို့ကဲ့သို့ တူနေလေသည်။

ဦးသူတော်ကြီး အပြင်ဘက်၌ရှိနေသော အခြေအနေနှင့် အိမ်ကြီးထဲမှာရှိသော အခြေအနေက တစ်မျိုးစီဖြစ်သည်။

အိမ်ထဲမှာရှိသော အသုံးအဆောင် ပရိဘောဂပစ္စည်းများမှာ အသုံးမပြုဘဲထားတာ နှစ်အတော်ကြာခဲ့ပြီဖြစ်သောကြောင့် ဖုံများထုတက်နေပြီး ဖရိုဖရဲဖြစ်နေသည်။

ကြမ်းပြင်ပေါ်မှာခင်းထားသော ကော်ဇော်များမှာလည်း ဖုံများတက်လျက် ခေါက်တွန့်လျက် ရှိနေကြသည်။

ပရိဘောဂပစ္စည်းများမှာလည်း ထို့အတူပင်။

လဲသည့်ပစ္စည်းများကလဲ၊ ကွဲသည့်ပစ္စည်းကကွဲ၊ ဖရိုဖရဲဖြစ်သည့်ပစ္စည်းက ဖရိုဖရဲဖြစ်နေလေသည်။

ပစ္စည်းတိုင်းလိုလို ဖုံများက ဒုတက်နေသဖြင့် အရောင်းအဆင်းပင် မပေါ်တော့ပေ. . .။

ထိုအခြေအနေမှာ ထိုအိမ်ကြီးအတွင်းမှာ လူနေထိုင်ခြင်းမရှိတော့သည့် အခြေအနေမျိုးပင် ဖြစ်လေသည်။

သို့သော်လည်း ဦးသူတော်ကြီး အိမ်ထဲမရောက်ခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အခြေအနေက ချက်ခြင်းပြောင်းလဲသွားလေတော့သည်။

ထိုင်ခုံများ၊ ဆိုဖာများ၊ ပရိဘောဂများမှာ နေသားတကျ ပြန်ဖြစ်သွားပြီးနောက် ဖုံများမရှိတော့ပဲ ဝင်းလက်တောက်ပ နေလေသည်။

ကြမ်းပြင်ပေါ်မှာလည်း ဖုံများမရှိတော့ပဲ ခင်းထားသည့် ကော်ဇောများမှာလည်း သစ်လွင်တောက်ပလျှက်ရှိကာ ဖုံနှင့် အမှိုက်များ ကင်းနေလေသည်။

ဧည့်ခန်းတစ်ခုလုံးမှာလည်း မီးရောင်များ လင်းနေလေသည်။

အိမ်ကြီးအတွင်းသို့ရောက်သောအခါ ခင်ခင်လေးဆိုသော အမျိုးသမီးက ဦးသူတော်ကြီးကို နေရာထိုင်ခင်းပေးပြီး နောက်ဖက်သို့ ဝင်သွားလေသည်။

အတန်ကြာသောအခါ ကုလားလူမျိုး အစေအပါးအချို့ ရောက်လာပြီး သောက်ရေနှင့် အစားအသောက်များ လာချပေးလေသည်။ ဦးသူတော်ကြီးက လာချပေးသော အစေအပါးများကို တစ်ချက်ကြည့်ပြီး သဘောပေါက်သွားသဖြင့် စားပွဲပေါ်မှာ လာချပေးထားသော အစားအသောက်များကို ဘာတစ်ခုမှ စားသောက်ခြင်းမပြုပေ. . .။

၎င်းအလှူခံတောင်းထဲမှာ ပါလာသော ပေါက်ပေါက်ဆုပ်တစ်လုံးကိုသာယူပြီး အဆာပြေစားသောက်လေသည်။

ခဏကြာတော့ ခင်ခင်လေးဆိုသောအမျိုးသမီး ရောက်လာပြီးပြောသည်။





“ဦးသူတော်အတွက် နေရာထိုင်ခင်း ပြင်ပြီးပါပြီ၊ ကျွန်မနောက်ကသာ လိုက်ခဲ့ပါ”

ဟုခေါ်သဖြင့် ပစ္စည်းများကိုပါ တစ်ပါတည်း သယ်ဆောင်ပြီး ထလိုက်သွားလေသည်။

ခင်ခင်လေးက အောက်ထပ်မှာရှိသော အခန်းတစ်ခန်းထဲသို့ နေရာချပေးလေသည်။

“ကျွန်မ,မမ လွှတ်လိုက်တာဆိုတော့ ဒီမှာတော့ ဘာမှ အားနာစရာ မရှိပါဘူး၊ အေးအေးဆေးဆေးသာ နေပါရှင်. . လိုတာရှိရင်လည်း အစေအပါးတွေ စေခိုင်းလို့ရပါတယ်”

“ကောင်းပါပြီ. . ”

ထိုသို့ပြောပြီးနောက် အမျိုးသမီးက အပြင်ဘက်သို့ ပြန်ထွက်သွားလေသည်။

ထိုအခါ ဦးသူတော်ကြီးက အခန်းတံခါးကို စေ့ရုံပင်စေ့ထားလိုက်ပြီးနောက် လွယ်အိတ်ထဲမှ ပစ္စည်းအချို့ကို ထုတ်ယူလိုက်သည်။

အခြားတော့မဟုတ်ပေ. . .၊

ရွှေချထားသော ဒက္ခိဏာသာခါ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့်အမွှေးတိုင်၊ ဖယောင်းတိုင်အချို့ပင် ဖြစ်သည်။

ဗုဒ္ဓရုပ်ပွားတော်ကို ခေါင်းရင်းဘက်မှာရှိသော စားပွဲတစ်လုံးပေါ်မှာ တင်ထားလိုက်ပြီး လည်ပင်းမှာ ဆွဲထားသော ပုတီးကြီးကို ဖြုတ်လိုက်ကာ နံဘေးမှာချထားလိုက်သည်။

ပြီးမှ ဖယောင်းတိုင်တစ်တိုင်နှင့် အမွှေးတိုင်များကို မီး

www.burmeseclassic.com



ထွန်းရန်ပြင်နေစဉ်မှာ အပြင်ဘက်မှ ဖြတ်လျှောက်သွားသော ခြေသံများကို ကြားရလေသည်။

ခြေသံများမှာ ဖြေးဖြေးမှန်မှန် သွားလာနေခြင်းမျိုး မဟုတ်ပဲ ရေးကြီးသုတ်ပြာ လျှောက်သွားနေသော အသံမျိုးဖြစ်သည်။

ထိုအသံကြားတော့ ဖယောင်းတိုင်နှင့် အမွှေးတိုင်တို့ကို မီးထွန်းရန်မသင့်ဟု တွေးမိသဖြင့် ဒီအတိုင်းသာနေသည်။

ပြီးမှ ဘုရားရှိခိုးသည်။

ဘုရားရှိခိုးတော့ ခြေသံများ မကြားရတော့ပေ။ ဦးသူ တော်ကြီးကလည်း ဘုရားရှိခိုးနေရင်းမှပင် အခြေအနေကို သ ဘောပေါက်သွားသဖြင့် ခါတိုင်းရွတ်ဆိုပူဇော်နေကျဖြစ်သော ပရိတ်တရားတော်များနှင့် ဂါထာမန္တာန်များကိုပင် မရွတ်ဆိုတော့ ဘဲ မေတ္တာပို့ခြင်း၊ အမျှအတန်းများသာ ပြုလုပ်လေသည်။

ထိုအချိန်မှာပင် အိမ်နီးကြီးရှိရာသို့ နောက်ထပ်ဧည့်သည် တစ်ယောက် ရောက်လာပြန်လေသည်။

ဖိုးသူတော်ကြီးနှင့် လမ်း၌တွေ့ခဲ့သော ခင်ခင်ကြီးဆို သော အမျိုးသမီးပင်ဖြစ်ပေသည်။

သူမသည် အနက်ရောင်ပုဝါတစ်ထည်ကို ဦးခေါင်းပေါ် မှာခြုံလာပြီး စေ့ရုံသာစေ့ထားသော ခြံတံခါးကို တွန်းဖွင့်ပြီး ခြံထဲ သို့ဝင်လာခြင်းဖြစ်သည်။

အချိန်ကလည်း ညဉ့်ဦးပိုင်းအချိန် ရောက်နေပြီဖြစ် သောကြောင့် သစ်ပင်ရိပ်များသော ခြံဝန်းတစ်ခုလုံး အမှောင်ရိပ်





များ ဖုံးလွှမ်းနေလေတော့သည်။

ခင်ခင်ကြီးဝင်လာတာမြင်တော့ အမှောင်ရိပ်ထဲမှ အမျိုး သမီးတစ်ယောက် ထွက်လာသည်။

ခင်ခင်လေးပင်ဖြစ်သည်။

"မမ. . နင် ဘာလာလုပ်တာလဲ"

"ငါ. . ဦးသူတော်တစ်ယောက်လွှတ်လိုက်တာ ဒီကို ရောက်လာသလား"

"ရောက်လာတယ်၊ မမလွှတ်လိုက်တယ်ပြောလို့ အိမ်ထဲ မှာ နေရာပေးထားတယ်"

"နင်တို့ သူ့ကို ဘာမှအနှောင့်အယှက်မပေးကြနဲ့နော်၊ အဲဒါကို စိတ်မချလို့ ငါလာတာ"

"ဘာဖြစ်လို့လဲ မမရဲ့"

"သူက ငါတို့ရဲ့ ရန်သူမဟုတ်ဘူး၊ နောင်တစ်ချိန် သူ့ရဲ့ အကူအညီ ယူတန်ယူလို့ ရတာပေါ့"

"ကျွန်မတို့ ဘာမှမလုပ်ပါဘူး မမရဲ့၊ ဒါပေမယ့် ဖိုးသူ တော်ကြီးက ရောက်ကတည်းက ဘုရားပဲရှိခိုးနေတော့ ကျွန်မတို့ အပြင်ဘက်ထွက်နေရတယ်"

"ငါကြည့်ရတာတော့ သူက သာမန်ဖိုးသူတော်မဟုတ် ဘူး၊ အဆင့်တစ်ခုကို ရောက်နေတဲ့ မြေလျှောက်ဝိဇ္ဇာတစ်ဦးလို့ ငါထင်တယ်"

"မမ ဘယ်လိုသိတာလဲ. ."

"ငါလည်း ကြည့်ရင် သိတန်သလောက်တော့ သိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တမင် ဒီကိုလွှတ်လိုက်တာပေါ့၊ သူ့ကိုအကြောင်းပြုပြီး တော့ ငါတို့ညီအစ်မကို အကူအညီပေးနိုင်တဲ့သူတွေနဲ့ တစ်နေ့ မှာ တွေ့ချင်တွေ့ရလိမ့်မယ်”

ထိုစကားကြားတော့ ခင်ခင်လေးက သက်ပြင်းတစ်ချက် ချကာ အမှောင်ရိပ်ဖုံးနေသော တစ်နေရာသို့ လှမ်းကြည့်နေလေ သည်။

ထိုသို့ကြည့်နေရင်း. . . သူမ၏မျက်ဝန်းတွင် မျက်ရည် ကြည်များ ပြည့်လာလေသည်။

စီးကျလု မျက်ရည်များကို ပုဝါဖြင့်တို့သုပ်ရင်း လေသံ တိုးတိုးဖြင့် ပြောလိုက်သည်။

“ကျွန်မတို့လည်း ရှေးဘဝအတိတ်ကံ မကောင်းခဲ့လို့သာ ဒီလိုဘဝဆိုးမျိုးတွေနဲ့ ကြုံတွေ့ကြရတာဖြစ်မှာ၊ ဒီဘဝက ကျွတ် လွတ်ရင်တော့ နောင်ဘဝမှာ ဒီလိုအဖြစ်ဆိုးတွေနဲ့ မတွေ့ရမကြုံ ရပါစေနဲ့လို့ပဲ ဆုတောင်းနေရတော့မှာပဲ”

“ဘယ်ဘဝပဲရောက်ရောက် အကုသိုလ်မရှိအောင် နေ သွားနိုင်ခဲ့ရင် အပါယ်လေးဘုံဘဝက ကင်းလွတ်ကြရမှာပေါ့ ညီမ ရယ်၊ မကောင်းမှုကံနဲ့ ကောင်းမှုကံဆိုတာ တစ်လှည့်စီ အကျိုး ပေးနေကြတာပဲ၊

ကောင်းမှုကံနဲ့ ကြုံတွေ့နေရတဲ့အချိန်မှာ မကောင်းမှု တွေနဲ့ ပျော်မွေ့မနေဖို့ အရေးကြီးသလို၊ မကောင်းမှုကံတွေနဲ့ ကြုံတွေ့နေရတဲ့အချိန်မှာလည်း မကောင်းမှုတွေကို ထပ်မလုပ် မိဖို့ထိမ်းရင်း၊ ကောင်းမှုကုသိုလ်ကံတွေကို တတ်နိုင်သမျှ ဆောင်





ရွက်ပေးကြရတယ်”

ခင်ခင်ကြီးက စိတ်ရှည်လက်ရှည်ပြောပြနေသည်ကို ခင်ခင်လေးက မျက်ရည်အဝိုင်းသားဖြင့် နားထောင်နေလေ သည်။

“ဘဝတစ်လျှောက်လုံးမှာ ကောင်းမှုပြုလုပ်တာတွေ တဖြည်းဖြည်းများလာတဲ့အခါ မကောင်းမှုတွေလည်း နေရာမရှိ တော့လို့ တဖြည်းဖြည်း ပပျောက်သွားကြရတယ်၊ ကောင်းမှု တွေ တဖြည်းဖြည်းများလာဖို့ဆိုတာလည်း ‘ကုသိုလ်စုဗူး’လေး ထားမှ စုမိကြတယ်”

“ကုသိုလ်စုဗူးဆိုတာ ဘယ်လိုအရာမျိုးလဲ”

“ကုသိုလ်စုဗူးဆိုတာ နည်းတာများတာကို ပြောတာ မဟုတ်ဘူး၊ နေ့စဉ်အချိန်နဲ့အမျှ စိတ်ကိုဖြူစင်အောင်ထားပြီး ကုသိုလ်ကောင်းမှုလေးတွေကို တတ်နိုင်သမျှလုပ်ပြီး စုဆောင်း ထားတဲ့ အလေ့အကျင့်ကို ‘ကုသိုလ်စုဗူး’ စုတယ်လို့ ခေါ်လို့ရ တယ်”

“ကျွန်မ သဘောပေါက်ပါပြီ. .”

“လူတွေက အများကြီးလှူမှ ကုသိုလ်ကောင်းမှုဖြစ် တယ်လို့ အာရုံထားတတ်ကြတယ်. .၊ တိရစ္ဆာန်တစ်ကောင်ကို အစာကျွေးတာပဲဖြစ်ဖြစ်၊ မရှိနွမ်းပါးတဲ့ လူတစ်ယောက်ကို ကူညီ ထောက်ပံ့ပေးကမ်းတာပဲဖြစ်ဖြစ်၊ စေတနာဖြူစင်ရင် ကုသိုလ်ရ ပါတယ်”

“ကျွန်မ ကြိုးစားဆောင်ရွက်ပေးပါ့မယ် မမရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . မမသွားတော့မယ်၊ အိမ်မှာရောက်နေတဲ့ ဖိုးသူ တော်ကြီးကိုသာ အနှောင့်အယှက်မပေးကြဘဲ တတ်နိုင်သမျှ အကူအညီပေးလိုက်ကြပါ"

ဟုပြောတော့ ခင်ခင်လေးက ခေါင်းညိတ်ပြလိုက် သည်။

ထို့နောက် ခင်ခင်ကြီးက ပုဝါကို ခေါင်းပေါ်ပြန်ခြုံပြီး နောက် အမှောင်ထဲသို့ ပြန်ထွက်သွားလေတော့သည်။ ထိုအခါမှ ခင်ခင်လေးလည်း သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီးနောက် အိမ်ကြီးရှိရာဘက်သို့ ပြန်လျှောက်လာလေတော့သည်။

ဖိုးသူတော်ကြီးကတော့ သူ့အတွက်ပေးထားသော အ ခန်းထဲ၌ ပုတီးစိပ်နေလေသည်။

ပုတီးက အလုံးအရွယ်အစားကြီးမားသောကြောင့် ထ ဂျောက်ဂျောက်နှင့် အသံထွက်နေလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်လာတော့ အပြင်ဘက်မှ သွားလာနေသော ခြေသံများကြားရသည်။

နောက်တော့ စကားပြောသံများ ကြားရပြန်သည်။ ထ အသံများကြားနေရသော်လည်း သူရှိနေသော အခန်းထဲသို့ လာ ရောက်အနှောင့်အယှက်ပေးခြင်းတော့ မရှိပေ။

သို့ကြောင့် မျက်စိမှိတ်ပြီး ပုတီးကိုဆက်စိပ်နေသည် သန်းခေါင်ယံအချိန်ရောက်တော့ ဧည့်ခန်းဘက်မှသော်လည်း ကောင်း၊ နောက်ဘက်မီးဖိုခန်း ရှိရာဘက်မှသော်လည်းကော အသံများ ကြားလာရသည်။





ပစ္စည်းများ နေရာရွှေ့သံ၊ ပြိုလဲကျသံများပင် ဖြစ်သည်။ တဝုန်းဝုန်း တဒိုင်းဒိုင်းဖြင့် ကြားနေရသောအသံများက တိတ် ဆိတ်နေသော ညအချိန်တွင် အတော်ပင် ဆူညံလှသည်။

"ငါနဲ့တော့ ဘာမှမဆိုင်ပါဘူး၊ ငါကိုလာပြီး အနှောင့် အယှက်မပေးကြရင်ပဲ တော်လှပြီ. .၊ ရောက်ကတည်းက သူတို့ ဘာတွေလည်းဆိုတာ ငါလည်းရိပ်မိနေတာပဲ၊ ပရလောကသား တွေဆိုတာကတော့ ဒီလိုပဲ နေရာအနှံ့အပြားမှာ ရှိနေကြတာပဲ၊ အဆန်းတကြယ်တော့ မဟုတ်လှပါဘူး"

ဟုတွေးတောကာ ပုတီးစိပ်မြဲဆက်စိပ်နေလေသည်။

ညဉ့်နက်ပိုင်းရောက်တော့ အခြေအနေက ပိုပြီးဆိုးလာ လေသည်။

အပြင်ဘက်မှ ကြားနေရသော အသံများက ပိုကျယ် လာသည်။ တစ်အိမ်လုံး ပစ္စည်းများ ပြုတ်ကျသံ၊ ပြိုလဲသံများပါ ကြားလာရသည်။

ပစ္စည်းများပြိုလဲကျသဖြင့် တစ်အိမ်လုံး သိမ့်သိမ့်တုန် နေလေသည်။

သန်းခေါင်းယံကျော်တော့ အိမ်ကြီးတစ်နေရာဆီမှ ရှူးရှူးဝါးဝါးအော်သံများပေါ် ထွက်လာလေသည်။

"ကယ်ကြပါရှင်. . . ကယ်တော်မူကြပါ"

ဟူသော အကူအညီတောင်းခံနေသော အသံများ. . .

"အား. . . ."

ဟူသော မိန်းမတစ်ယောက်၏ ရှူးရှူးဝါးဝါးအော်သံများ



www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ် ကြားလာရသည်။

ထိုအသံများမှာ ကြားနေရသူအတွက် စိတ်မချမ်းသာစရာကောင်းလှပေသည်။

မိန်းမတစ်ယောက်ကို တစ်စုံတစ်ယောက်က နှိပ်စက်နေသောကြောင့် အော်ဟစ်အကူအညီတောင်းခြင်း၊ စူးစူးဝါးဝါးအော်ဟစ်လိုက်သောအသံမျိုးပင် ဖြစ်ပေတော့သည်။

ထိုအသံများကြားတော့ ဖိုးသူတော်ကြီးက ပုတီးစိပ်နေရာမှ ရပ်ကာ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"သတ္တဝါတစ်ခု ကံတစ်ခုပေပဲ. .၊ သတ္တဝါတွေဟာ ကုသိုလ်ကံစီမံတဲ့အတိုင်း လိုက်နာကြရပြီး ခံကြရ၊ စံကြရတယ် သဗ္ဗေသတ္တာ ကမ္မသကာပဲပေါ့လေ. . ."

ဟု ရေရွတ်ရင်း ပုတီးဆက်စိပ်နေလေသည်။

အချိန်အတော်ကြာတော့ ဆူဆူညံညံအသံများနှော အော်သံဟစ်သံများပါ တဖြည်းဖြည်းနှင့် ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။

ထိုအခါမှပင် ပုတီးကို ဖြောင့်ဖြောင့်စိပ်နိုင်ပေတော့သည်။







## အခန်း [ ၃ ]

# နှစ်လောင်းပြိုင်သေသောည

ဒေါက်တာမင်းထင်ကျော် နေသောနေရာမှာ ဘောင်ဒရီလမ်း၏မြောက်ဘက် အတွင်းဘက်သို့ ဝင်သွားသော လမ်းသွယ်တစ်ခုထဲ၌ဖြစ်သည်။

ယခုတော့ ထိုနေရာကို ရွှေတောင်ကြားရပ်ကွက်ဟု ခေါ်ဝေါ်ကြပြီး မြေဈေးအိမ်ဈေး အလွန်ကြီးသော နေရာဖြစ်နေပေပြီ။ ကိုလိုနီခေတ်ဦးသာသာ အချိန်လောက်က ထိုနေရာများသို့ လာရောက်နေထိုင်သူ မရှိသောကြောင့် မြေကွက်အတော်



www.burmeseclassic.com

www.burmeseclassic.com



များများမှာ ပိုင်ရှင်မရှိဘဲ ရှိနေကြသည်။

ပိုင်ရှင်ရှိသော မြေကွက်များဆိုလျှင်လည်း ရာဂဏန်း လောက်သာပေးပါက ကြိုက်တဲ့မြေကွက်အား လက်ညှိုးထိုးပြီး ဝယ်ယူရရှိနိုင်ပေသည်။

မြေကွက်တစ်ကွက်ကို တစ်ရာ၊ နှစ်ရာ၊ အများဆုံးပေး ရလျှင် လေးငါးရာဆို၍ သိန်းချီပြီတန်သော မြေကွက်မျိုးတော့ မဟုတ်ပေ၊

ငွေသုံးလေးရာပေးလျှင် ရနိုင်သည်ဟု ဆိုလိုခြင်းဖြစ် သည်။ ဒါကို မဆိုထားနှင့်. . .

လွတ်လပ်ရေးရပြီးစ အချိန်လောက်မှာပင် ယခု အင်း လျားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းတလျှောက်မှာရှိသော မြေကွက်ကျယ်များကို လေးငါးသောင်းလောက်ပေးလျှင် ကြိုက် တဲ့မြေကွက်မျိုးရနိုင်သော အခြေအနေမျိုးဖြစ်သည်။ မြေကွက် တစ်ကွက်လျှင် ငွေတစ်သိန်းပင်ပြည့်အောင် မပေးကြရပေ။

ငွေစက္ကူအသုံးပြုသော ခေတ်ကာလ ရောက်နေပြီဆို သော်လည်း တန်ဖိုးရှိလှသည်။

ငွေတစ်ကျပ်လျှင် ငွေဒင်္ဂါးတစ်ပြားနှင့် လဲလှယ်ယူခွင့် ရသော ငွေစက္ကူမျိုးဖြစ်သည်။

ယခုကာလ တိရစ္ဆာန်ရုပ်ပုံများဖြင့် ထုတ်ဝေနေသော အာမခံချက်မပါသော ငွေစက္ကူမျိုးတော့မဟုတ်ပေ. . ၊

ထိုအချိန်ကပင် ဒေါက်တာမင်းထင်ကျော် မိဘများမှာ အမြော်အမြင်ရှိစွာဖြင့် ဘောင်ဒရီလမ်းမြောက်ဘက်၊ လမ်းနှင့်





မဝေးလှသော လမ်းသွယ်တစ်ခုထဲတွင် မြေကွက်ကျယ်ကြီးတစ်ခု ဝယ်ယူကာ ခြံဝန်းခတ်လျက် အလယ်တွင် နှစ်ထပ်တိုက်ကြီးတစ် လုံး ဆောက်လုပ်ထားခဲ့သည်။

ဒေါက်တာမင်းထင်ကျော်၏ မိဘများမှာ မန္တလေးဘက် မှ ဖြစ်သောကြောင့် ထိုအိမ်ကြီးမှာတော့ အမြဲမနေကြပေ။ ရန်ကုန်ရောက်သည့် အခိုက်အတန့်မှာပင် လာရောက်နေထိုင်ကြ ပြီး ကျန်အချိန်များမှာ တံခါးပိတ်ကာ ခြံစောင့်များနှင့်သာ ထား လေသည်။

နောက်ပိုင်း ဒေါက်တာမင်းထင်ကျော် ဘွဲ့ရပြီးသောအ ခါ ထိုအိမ်ကြီးမှာ လာရောက်နေထိုင်ခဲ့ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ အပြင် နိုင်ငံခြားတက္ကသိုလ်မှ ဒေါက်တာဘွဲ့ရသည်အထိ ပညာ သင်ကြားခဲ့ပြီးနောက် အစိုးရဌာနများတွင် ဝင်ရောက်လုပ် ကိုင်ခြင်းမပြုခဲ့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

တိုင်းတစ်ပါးသားများ လက်အောက်တွင် ထားရာနေ စေရာသွား ဘဝမျိုးဖြင့် မနေလိုသောကြောင့်ဖြစ်သည်။

သူဝါသနာပါသောလုပ်ငန်းက လွတ်လွတ်လပ်လပ် သွားလာပြီး လှုပ်ရှားရသော အလုပ်မျိုးဖြစ်သည်။

ခရီးသွားလာခြင်း၊ ရှေးဟောင်းအမွေအနှစ်များကို သု တေသနပြုခြင်း၊ ပျောက်ကွယ်နေသော ရတနာသိုက်များ၊ မြို့ ဟောင်းကြီးများကို ရှာဖွေခြင်း၊ ရှေးဟောင်းပစ္စည်းများကို ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း စသောအလုပ်များကို ဝါသနာပါသူဖြစ်သည်။

သို့ကြောင့် ဘွဲ့ရပြီးသောအချိန်တွင် မိဘများ ဆောက်ထားသောအိမ်ကြီးတွင် တပည့်အချို့နှင့်အတူ လာရောက်နေထိုင်ကာ ဝါသနာပါသော အလုပ်များကို လုပ်ကိုင်နေသူဖြစ်သည်။

ယခုအခါ ဒေါက်တာမင်းထင်ကျော်မှာ အသက်(၃၀) အရွယ်ခန့်သာ ရှိသေးသောကြောင့် ခရီးသွားလာ၍ အကောင်းဆုံးအရွယ်မျိုးလည်းဖြစ်သည်။

သူသည် ခရီးသွားသော ရည်ရွယ်ချက်ကို နှစ်မျိုးထားသူဖြစ်သည်။

တစ်ခုက ဒေသန္တရ ဗဟုသုတရရှိစေရန်ဖြစ်ပြီး၊ အခြားတစ်ခုက ခရီးသွားလာခြင်းဖြင့် သူဝါသနာပါသော လုပ်ငန်းများကို တစ်ပါတည်း လုပ်သွားခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် မြန်မာတစ်နိုင်ငံလုံး သူမရောက်ဖူးသေးသော အရပ်ဒေသမရှိသလောက် လှည့်လည်သွားလာခဲ့သည့်အပြင် ပြည်ပနိုင်ငံများကိုလည်း မကြာခဏ သွားလာလေ့ရှိသည်။

ဂမ္ဘီရဆန်သော နေရာများနှင့် ၎င်းတို့နှင့် ဆက်စပ်နေသော လုပ်ငန်းများကိုလည်း များစွာစိတ်ဝင်စားသောကြောင့် အိန္ဒိယ၊ တရုတ်၊ ဘူတန်၊ တိဗက်၊ အီဂျစ် စသောနေရာများသို့ မကြာခဏဆိုသလို သွားရောက်လေ့ရှိသည်။

ကမ္ဘာပေါ်တွင် ဂမ္ဘီရဆန်သော နေရာအချို့ ရှိသော





လည်း ပြောပလောက်သည်အထိတော့ များများမရှိလှပေ။

ဟိမဝန္တာ၊ ခွန်လွန်တောင်တန်း၊ တိဗက်နှင့် အီဂျစ်နယ်မြေတို့သည်သာ ဂန္ဓာရီပင်ရင်း၏ ဇစ်မြစ်ဌာနများ ဖြစ်ကြလေသည်။

မဟာဂန္ဓာရီပညာနှင့် ပတ်သက်သည့် ဇစ်မြစ်တို့ကို လေ့လာမည်ဆိုလျှင်တော့ ထိုအရပ်ဒေသများသို့ မဖြစ်မနေ သွားရောက်ကြရသည်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်သည် မဟာဂန္ဓာရီပညာ၏ ဇစ်မြစ်တို့ကို စိတ်ဝင်စားသူဖြစ်ရာ အထက်ပါရေးသားဖော်ပြပေးခဲ့သော နေရာများသို့လည်း မကြာခဏ သွားရောက်လေ့ရှိပေသည်။

သူ့အတွက် ခရီးသွားလာခြင်းမှာ အကျိုးမယုတ်ပေ။ များစွာသော ဒေသန္တရဗဟုသုတများရခြင်းအပြင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်းများ၊ ပညာရပ်များအပြင် ပျောက်ဆုံးနေသော ရွှေငွေရတနာသိုက်များကိုလည်း ရှာဖွေတွေ့ရှိရသည်မျိုးလည်း ရှိပေသည်။

ထိုကဲ့သို့သော အခွင့်အရေးမျိုးတစ်ကြိမ်ရသည်နှင့်ပင် သူ့တစ်သက်မဆိုထားနှင့် ဆယ်သက်စားသောက်၍ မကုန်သော ရတနာပစ္စည်းတို့ကိုလည်း ရရှိခဲ့ဖူးပေပြီ။

သို့ကြောင့်လည်း ဒေါက်တာမင်းထင်ကျော်အနေဖြင့် အခြားအလုပ်လုပ်ရန် စိတ်ကူးမရှိတော့ဘဲ၊ သူဝါသနာပါသော အလုပ်များထဲ၌သာ သူ့ဘဝကို မြှုပ်နှံထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘများဆောက်လုပ်ထားသောအိမ်မှာ နှစ်ထပ်တိုက် အမျိုးအစားဖြစ်သည်။

အိမ်ကကျယ်ဝန်းလှပြီး နေထိုင်မည့်သူနည်းသော ကြောင့် အပေါ်ထပ်တစ်ထပ်လုံး စာကြည့်တိုက်သဖွယ်၊ ရှေးဟောင်းပစ္စည်းများထားသော အခန်းသဖွယ် အသုံးပြုထားခဲ့ လေသည်။

နံရံများတွင် စာအုပ်စင်ကြီးများ ထောင်ထားပြီး ဘာသာရပ်မျိုးစုံတို့နှင့် သက်ဆိုင်သော စာအုပ်များ၊ ကျမ်းများ၊ ပေစာ၊ ပုရပိုဒ်တို့ကို သူ့နေရာနှင့်သူ သူ့အကန့်နှင့်သူ ပြုလုပ်ထားလေ သည်။

နိုင်ငံခြားဘာသာ၊ သက္ကတဘာသာဖြင့် ရေးထားသော ကျမ်းများလည်းရှိသည်။

ဒေါက်တာမင်းထင်ကျော်မှာ ဆရာကြီး သူရဋ္ဌနှင့်အတူ မဟာဝန္ဓာရီတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့ဖူးသူ ဖြစ်သဖြင့် ဘာသာဗေဒအတော်များများတို့ကို သိကျွမ်းနားလည် မှုရှိလေသည်။

(မဟာဝန္ဓာရီ တက္ကသိုလ်အကြောင်းကို 'မြောက်ကျွန်းသူ သုန္ဒရီ' ဝတ္ထုရှည်တွင် ပြည့်စုံစွာ ရေးသားဖော်ပြပေးခဲ့ပြီး ဖြစ်ပါကြောင်း. . . )

သူသည် ခရီးသွားလာရန် အကြောင်းမပေါ်ပေါက်ပါက အပြင်သွားလာခြင်းမရှိပဲ စုဆောင်းထားသော စာအုပ်ဟောင်းများ ဖတ်ရှုခြင်းဖြင့်သာ အချိန်ကုန်လေ့ရှိရာ ယခုလည်း အပေါ်





ထပ်သို့ရောက်နေပြီး သိမ်းထားသော ဂျာနယ်အဟောင်း၊ သတင်းစာအဟောင်းများကို တစ်ရွက်ချင်းလှန်လှော၍ဖတ်ရှုနေလေ သည်။

ထိုသို့ဖတ်ရှုနေစဉ် လွန်ခဲ့သောလပိုင်းအတွင်း၌ ထွက်ခဲ့သော သတင်းစာဂျာနယ်အချို့တွင် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးကြသော စိတ်ဝင်စားဖွယ် သတင်းတစ်ပုဒ်ကို တွေ့ရ လေသည်။

အခြားမဟုတ်ပေ. . . ။

သူနေသောနေရာနှင့် လမ်းတစ်လမ်းသာခြားသော နေရာ၌ရှိသော အိမ်နီကြီးနှင့် ပတ်သက်သည့် သတင်းဖော်ပြ ချက်များပင်ဖြစ်သည်။

အချို့သတင်းစာများမှာတော့. . .

"သရဲခြောက်သော အိမ်နီကြီး"

ဟူသော ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြကြသည်။

အချို့သတင်းစာများကတော့. . .

"ပုဏ္ဏကတိုက်သော အိမ်နီကြီး"

ဟု ခေါင်းစဉ်တပ်ကာ ထိုအိမ်ကြီးနှင့်ပတ်သက်သော အကြောင်းအရာများကို အကျယ်တဝံ့ ရေးသားဖော်ပြကြလေ သည်။

ခေါင်းစဉ်ရေးသားပုံချင်း မတူစေကာမူ ရေးသားသော အကြောင်းအရာများကတော့ သဘောသဘာဝ အတူတူပင်ဖြစ် ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



. . . ထိုအိမ်နီကြီးမှာ သရဲအလွန်ကြမ်းကြောင်း၊ လူသူမရှိပါဘဲ ညအချိန်ရောက်သောအခါ မီးရောင်များ မြင်တွေ့ရခြင်း၊ သွားလာလှုပ်ရှားနေသော လူရိပ်လူခြည်များ မြင်တွေ့ရခြင်း၊

အိမ်တွင်းမှာရှိသောပစ္စည်းများ ပြိုလဲကျကွဲသံများနှင့် မိန်းမများ၏ ရှုံ့ရှုံ့ဝါးဝါး အော်ဟစ်သံ၊ အကူအညီတောင်းသံများကို ထိုနေရာမှ ဖြတ်သွားကြသော လမ်းသွားလမ်းလာများ ကြားကြရကြောင်း၊

ထိုအိမ်ကြီးမှာ နေထိုင်ဝံ့သူမရှိဘဲ ဒီအတိုင်းပင်ထားခဲ့ကြရကြောင်း၊

ထိုကဲ့သို့ ဖြစ်ပျက်နေသော အကြောင်းများမှာ မည်ကဲ့သို့သောအကြောင်းကြောင့် ဖြစ်ပျက်နေသည်ကို မသိရပါသဖြင့် များစွာစိတ်ဝင်စားဖွယ်ရာ ဖြစ်ပါကြောင်း”

စသည်ဖြင့် သတင်းရေးသားသူတို့က စာဖတ်သူများ စိတ်ဝင်စားဖွယ်ရာဖြစ်အောင် စီကာပတ်ကုံး ရေးသားဖော်ပြထားသည်ကို ဖတ်ရှုရလေသည်။

ထိုအိမ်နီကြီးရှိသောနေရာမှာ သူနေသောနေရာနှင့် မဝေးလှပေ. . .။

ဘောင်ဒရီလမ်းဟိုဘက်၊ ဒီဘက်လောက်သာခြားသည်။ အိမ်နီကြီးရှိသောနေရာက ရွှေခုံတိုင်လမ်းဘက်လောက်၌ရှိပြီး၊ သူနေသောနေရာဘက်က ဘောင်ဒရီလမ်း မြောက်ဘက်၌ဖြစ်သောကြောင့် ဝေးလှသည်တော့ မဟုတ်ပေ။





ဒေါက်တာမင်းထင်ကျော်အနေဖြင့် ထိုနေရာဘက်တွင် ကုလားသူဌေးတစ်ဦးပိုင်ဆိုင်သော အိမ်နီကြီးတစ်လုံးရှိသည် ဆိုတာလောက်သာသိပြီး အခြားတော့ မသိပေ။

ယခုသတင်းစာများ၊ ဂျာနယ်များတွင် ရေးထားသော အကြောင်းများကို ဖတ်ရတော့မှ ထိုအိမ်ကြီးအကြောင်းကို သိရတော့ခြင်းဖြစ်သည်။

တစ်နေ့တော့ အချိန်ရလျှင် ထိုနေရာဘက်သွားကြည့်ရန်လည်း စိတ်ကူးမိလေသည်။

သို့သော်လည်း နောက်ပိုင်းရောက်တော့ ခရီးထွက်ရန်ကိစ္စတစ်ခု ပေါ်လာသဖြင့် ခရီးထွက်သွားရာ တစ်လလောက်အချိန်ကြာသွားခဲ့လေသည်။

သူပြန်ရောက်လာတော့ တပည့်တစ်ယောက်ကပြောသည်။

“ဆရာခရီးထွက်နေတုန်းက ဧည့်သည်နှစ်ဦးလာတယ်”

“ဘယ်သူတွေများလဲ”

“တစ်ယောက်ကတော့ ဆံပင်ရှည်ရှည်နဲ့ အမျိုးသမီးတစ်ယောက်ပဲ၊ သူ့နာမည်က ခင်ခင်ကြီးလို့ပြောသွားတယ်”

“ခင်ခင်ကြီး. . .”

ဒေါက်တာမင်းထင်ကျော်က သူနှင့် ခင်မင်ရင်းနှီးသော အသိမိတ်ဆွေများထဲတွင် ‘ခင်ခင်ကြီး’ ဆိုသော နာမည်မျိုးဖြင့် အမျိုးသမီးမိတ်ဆွေရှိသလားဟု စဉ်းစားကြည့်တော့လည်း ထိုနာမည်မျိုးတော့ မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ယောက်က ဘယ်သူလဲ"

"ဗဟန်းဂါတ်တဲက စုံထောက်ကျော်စွာလို့ ပြောတယ်၊ ဆရာပြန်ရောက်လာရင် သူ့ကိုအကြောင်းကြားပါလို့လည်း မှာသွားတယ်"

ဟုပြောပြသည်။

စုံထောက်ကျော်စွာကတော့ သူနှင့်ခင်မင်ရင်းနှီးသော မိတ်ဆွေဖြစ်သည်။

အသက်(၃၀)ဝန်းကျင်အရွယ်ခန့်ပင်ရှိသေးပြီး တက်ကြွသော လူရွယ်တစ်ဦးလည်းဖြစ်သည်။

အမှုအခင်းအတော်များများတွင် ဒေါက်တာမင်းထင်ကျော်ကို လာရောက်အကူအညီတောင်းသဖြင့် အတူလက်တွဲပြီး အလုပ်လုပ်ကိုင်ခဲ့ဖူးသူလည်းဖြစ်သည်။

တပည့်ဖြစ်သူက ထိုသို့ပြောသည်နှင့် ရေမိုးချိုး အဝတ်အစားလဲပြီးသည်နှင့် စုံထောက်ကျော်စွာထံသို့ တယ်လီဖုန်းဆက်ပြီး အကြောင်းကြားလိုက်သည်။

နောက်ထပ် တစ်နာရီခန့်ကြာသောအခါမှတော့ ဂါတ်၌အသုံးပြုနေသော လင့်ရိုဘာကားနှင့် စုံထောက်ကျော်စွာ ရောက်လာလေသည်။

"ဆရာ ဘယ်တုန်းကပြန်ရောက်တာလဲ"

"မကြာသေးဘူး ကိုကျော်စွာ၊ ဒါထက်. . ဘယ်လိုအကြောင်းရှိလို့လည်း ပြောပါဦး"

ဧည့်ခန်းမှာထိုင်မိသည်နှင့် မေးလိုက်သည်။





"ဆရာက ဒီရပ်ကွက်မှာနေတော့ အိမ်နီကြီးအကြောင်း ဘာသိသလဲ"

"ရွှေခုံတိုင်လမ်းက ကုလားသူဌေးပိုင်တဲ့ အိမ်နီကြီးကို ပြောတာလား"

"ဟုတ်ပါတယ်"

"သေသေချာချာတော့ ဘာမှမသိပါဘူး၊ ဒါပေမယ့် အဲ့ဒီအိမ်ကြီးမှာ သရဲကြမ်းတယ်လို့ စာစောင်တွေမှာ ရေးထားတာတော့ ဖတ်ဖူးတယ်"

"ဟုတ်တယ်ဆရာ၊ ကြမ်းတာမှ လူသေအောင်ကို ကြမ်းတဲ့အိမ်ပဲ. ."

"ဘယ်တုန်းကသေတာလဲ"

"မကြာသေးဘူး. . ၊ ဆရာခရီးထွက်နေတဲ့ ရက်ပိုင်းလောက်မှာပဲ ဖြစ်မှာပေါ့၊ တစ်ယောက်တောင် မဟုတ်ဘူး၊ နှစ်လောင်းပြိုင် တစ်ညတည်းသေတာ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ စိတ်ဝင်စားသွားလေသည်။

သို့ကြောင့် စားပွဲပေါ်မှာချထားသော ကော်ဖီပန်းကန်ကို ယူပြီး တစ်ငုံသောက်လိုက်ရင်း မေးလိုက်သည်။

"စိတ်ဝင်စားစရာပဲ ပြည့်စုံအောင်ပြောပြပါဦး"

ဟုမေးသဖြင့် စုံထောက်ကျော်စွာက သူစုံစမ်းသိရှိသမျှ အကြောင်းများကို အောက်ပါအတိုင်း ပြောပြလေသည်။

မကြာသေးမီ ရက်ပိုင်းအတွင်းက မန္တလေးဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



မိသားစုတစ်စု ရောက်လာပြီး ထိုအိမ်ကြီးကို လပြတ်ဖြင့် ငှားရမ်းကာ လာရောက်နေထိုင်ကြလေသည်။

မိသားစုကတော့ မများပေ။

အိမ်ရှင်လင်မယားနှင့် သားသမီးနှစ်ယောက်တို့အပြင် အိမ်ဖော်နှစ်ယောက်တို့သာ ပါလာလေသည်။

၄င်းတို့မိသားစုမှာ အတော်အသင့် ချမ်းသာကြွယ်ဝသူများဖြစ်သဖြင့်. . လူသူရှုပ်ထွေးသော မြို့လယ်တွင် ရနိုင်သော တိုက်ခန်းနှင့် လုံးချင်းတိုက်များအား ငှားရမ်းနေထိုင်ခြင်းမပြုဘဲ မြို့စွန်ဘက်၌ သီးခြားနေ၍ရသော ထိုအိမ်ကြီးသို့ လာရောက်ငှားရမ်းကာ နေထိုင်ကြခြင်းဖြစ်လေသည်။

သို့သော်လည်း ထိုအိမ်ကြီးသို့ ရောက်လာကြပြီး ရက်ပိုင်းအတွင်းမှာ ခြောက်လှန့်မှုများ စတင်ခံကြရသည်။ သို့သော် အိမ်ရှင်ဖြစ်သူက ထိုကိစ္စကို အယုံအကြည်မရှိသောကြောင့် အလေးအနက်မထားပေ။

သို့သော်. . နောက်တစ်ညမှာတော့ အမျိုးသမီးတစ်ယောက်ရောက်လာပြီး ပြောသည်။

"ရှင်တို့က ဒီမှာဘာလာလုပ်နေကြတာလဲ"

"မင်းကဘယ်သူလဲ၊ ဘယ်ကနေ ရောက်လာတာလဲ"

"ဒီအိမ်က ကျွန်မရဲ့အိမ်ပဲ၊ ဝင်ချင်တဲ့အချိန်ဝင်၊ ထွက်ချင်တဲ့အချိန် ထွက်နိုင်တာပဲ"

"မင်းကို ငါတို့မသိဘူး၊ ဒီအိမ်ကို လပြတ်နဲ့ စာချုပ်ချုပ်ပြီး ငှားထားပြီးပြီ"





ယောက်ျားဖြစ်သူက လေသံမာမာဖြင့်ပင် ပြန်ပြောလိုက်လေသည်။

"ပိုင်ရှင်ရှိတဲ့အိမ်မှာ ပိုင်ရှင်ကခွင့်မပေးဘဲနဲ့ နေလို့မရဘူးဆိုတာ မသိဘူးလား"

"ငါတို့ ဒါတွေမသိဘူး၊ မင်းမကျေနပ်ရင် သက်ဆိုင်သူတွေဆီမှာသာ သွားပြောပေတော့"

ဟု နှင်ထုတ်လိုက်သည်။

"ကျွန်မက ဝတ္တရားရှိလို့ လာသတိပေးတာပဲ၊ ဒါကို သက်မခံပဲ ဆက်နေမယ်ဆိုရင်လည်း ရှင်တို့သဘောပဲပေါ့၊ ဒါပေမယ့် တစ်ခုတော့ ထပ်ပြီးသတိပေးခဲ့ရဦးမယ်၊ ဒီအိမ်မှာ ဆက်နေရင်တော့ သေကြလိမ့်မယ်"

ထိုသို့ပြောပြီး အမျိုးသမီးက အိမ်အပြင်ဘက်သို့ ပြန်ထွက်သွားလေရာ ယောက်ျားဖြစ်သူမှာ မကျေမနပ်ဖြစ်ကာ ကျန်ခဲ့လေသည်။

ထိုအမျိုးသမီးပြောသွားသောစကားများကို ကြားရသဖြင့် မိသားစုများက ထိတ်လန့်ကြောက်ရွံ့နေကြလေသည်။

"ဘာမှကြောက်စရာမလိုဘူး၊ သူပြောသွားတဲ့အတိုင်း အိမ်ရှင်ဖြစ်နေရင်တောင် ငါတို့က စာချုပ်နဲ့ငှားပြီးနေတာပဲ၊ ဘာဖြစ်ဖြစ် ဆက်နေရမှာပဲ"

ဟု အားပေးပြောဆိုလိုက်သည်။

ညအချိန်ရောက်တော့ ခြောက်လှန့်မှုများနှင့် တွေ့ရသဖြင့် တစ်အိမ်လုံး မအိပ်ဝံ့ကြဘဲ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်းယံအချိန်ရောက်တော့ ပိုကြမ်းလာသည်။ အိမ်အသုံးအဆောင်ပစ္စည်းများကို ရိုက်ပုတ်ခြင်း၊ တစ်နေရာမှ တစ်နေရာ တွန်းရွှေ့ခြင်း၊ တွန်းလှဲခြင်း၊ အချို့ပစ္စည်းများဖြင့် ပစ်ပေါက်ခြင်းများ ပြုလုပ်လာရာ ထိုအခါမှ နေစရာမရှိအောင် ထိတ်လန့်ကြောက်ရွံ့ကြလေသည်။

ထိုအချိန်မှ လွန်သောအခါ. . . အစေခံများနေသော အခန်းဘက်မှ စူးစူးဝါးဝါး အော်သံကြားသဖြင့် သွားကြည့်ရာ ထမင်းချက်မိန်းမဖြစ်သူမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံး နေသည်ကို တွေ့ကြရသည်။

ထိုမျှနှင့် မပြီးသေးပေ. . ။

နောက်တစ်နေ့ နံနက်လင်းသောအခါမှာတော့ အိမ် ငှားသူမိသားစုမှ ယောက်ျားဖြစ်သူမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးနေသည်ကို ထပ်မံတွေ့ကြရလေသည်။

"အဲဒီလို တစ်ညတဲမှာ နှစ်လောင်းသေပြီးတော့မှ ကျွန် တော့်ဆီ တိုင်ချက်လာဖွင့်လို့ သွားပြီးစစ်ဆေးကြည့်ကြရတယ်"

စုံထောက်ကျော်စွာက ကော်ဖီပန်းကန်ကို ယူ၍ တစ်ငုံ သောက်လိုက်လေသည်။

"ကိုကျော်စွာတို့ သွားစစ်တော့ ဘယ်လို ထူးခြားမှု တွေ တွေ့ရသလဲ"

"ထူးတော့ထူးတယ်ဆရာ၊ တစ်အိမ်လုံး ပစ္စည်းတွေ သမျှ ပြိုလဲပြီး ရှုပ်ပွနေတာ တွေ့ခဲ့ရတယ်၊ အလောင်းတွေ စစ်ဆေးကြည့်တော့လည်း ကြောက်လန့်စရာတွေ့ပြီး နှလုံးခုန်





ရပ်ပြီး သေရတာကို တွေ့ရတယ်၊ ဆရာကော ဘယ်လိုသဘော ရသလဲ"

ဟုမေးလေသည်။

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီး ညှိဖွာလိုက်ပြီးပြောပြသည်။

"ပုဏ္ဏကတိုက်တာပဲ ဖြစ်မှာပေါ့"

"ပုဏ္ဏကတိုက်တယ်ဆိုတော့ တစ္ဆေသရဲတွေ ခြောက် လှန့်နှောင့်ယှက်တာမျိုးပဲမဟုတ်လား"

"အင်း. . . သဘောကတော့ တူသလိုရှိပေမယ်၊ မတူ တော့မတူဘူး"

"ဘယ်လိုမတူတာလည်းဆရာ၊ ရှင်းပြပါဦး"

"ပရလောကသားတွေဆိုတာတော့ ခြောက်လှန့်နှောင့် ယှက်တတ်ကြတာပါပဲ၊ ဒါပေမယ့် သဘောသဘာဝချင်းတော့ မတူကြဘူး၊ သရဲတစ္ဆေလောကသားတွေက ခြောက်လှန့်ရင် တောင်မှ အရိပ်အယောင်ပြပြီး ခြောက်လှန့်တာကများတယ်"

"ဟုတ်ပါတယ်"

"ဘာကြောင့်လည်းဆိုတော့ သူတို့မှာ ရုပ်ခန္ဓာမရှိကြပဲ နာမ်ခန္ဓာပဲ ရှိကြတော့ တစ်စုံတစ်ခုကို ရွှေ့လျားခြင်ရင်တောင်မှ ပါဝါစွမ်းအားကို အသုံးပြုကြရတယ်"

"ဟုတ်ကဲ့"

"ပရလောကသားတိုင်းမှာ ပါဝါစွမ်းအားမရှိကြတော့ အလောက်ကြီးတဲ့ စားပွဲ၊ ကုလားထိုင်လို ထုထည်ကြီးတဲ့ ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေကို ရွှေ့အောင်ရွှေ့ဖို့ မဆိုထားနဲ့၊ ပေါ့ပါးတဲ့ အရာဝတ္ထု လေးတွေတောင် ရွှေ့လျားအောင် မတတ်နိုင်ကြဘူး”

“ဒါဖြင့် တစ်အိမ်လုံးပစ္စည်းတွေ ပြောင်းဆန်အောင် လုပ်နိုင်တာ ဘယ်သူ့လက်ချက်လဲဆရာ. . ”

“စောစောက ပြောသလိုပေါ့၊ ပုဏ္ဏကတိုက်တာပဲ ဖြစ်မှာပေါ့၊ ပုဏ္ဏကတိုက်တယ်ဆိုတာ ဆရာ ဒါမှမဟုတ် အစီအရင် တတ်ကျွမ်းသူက ပရလောကသားတွေကို အစီအရင်နဲ့ ပါဝါ အသက်သွင်းထားပြီး စေခိုင်းတာမျိုးပေါ့၊ အစီအရင်နဲ့လုပ်ထားတဲ့ ပရလောကသားတွေက ပါဝါစွမ်းအားရှိတယ်၊ ဗီရို၊ ကုလားထိုင်တွေ မဆိုထားနဲ့ အိမ်တစ်အိမ်လုံးကိုတောင် ဖောက်ထိုးလုပ်ထားနိုင်ကြတယ်”

“ကြောက်စရာပဲ. . ”

“ဒီကိစ္စတွေက ဒီမှာတင်ရှိတာမဟုတ်ဘူး၊ နိုင်ငံခြားတိုင်းပြည်တွေမှာဆိုရင် အများကြီးရှိတာပဲ၊ သိပ်တော့ ထူးဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူး”

“ဆရာက မထူးဆန်းဘူးဆိုပေမယ့်၊ ကျွန်တော်တို့အတွက်ကတော့ ခေါင်းကိုတင်းပုတ်နဲ့ အထုခံရသလိုဖြစ်နေတယ်၊ ပုလိပ်မင်းကြီးရော၊ စုံထောက်မင်းကြီးကပါ နှစ်လောင်းပြိုင်လူသတ်မှုကို စိတ်ဝင်စားနေတယ်၊ တရားခံကို အမြန်ဆုံးဖော်ထုတ်ပေးဖို့လည်း ညွှန်ကြားထားတယ်”

“တရားခံက ထွေထွေထူးထူး ရှာစရာမှမလိုတာ သရဲတစ္ဆေတွေလက်ချက်ကြောင့် သေရတယ်လို့ပဲ အစီရင်ခံစာ ရေးတင်လိုက်ပေါ့ ကိုကျော်စွာရယ်”

ဒေါက်တာမင်းထင်ကျော်က ရယ်ရယ်မောမောပြောလိုက်သော်လည်း စုံထောက်ကျော်စွာကတော့ ဦးခေါင်းကိုသာ တွင်တွင်ကုပ်နေလေသည်။

“အစီရင်ခံစာကို အဲဒီလိုသာ ရေးတင်လို့ကတော့ ချက်ချင်းအလုပ်ဖြုတ်ပစ်မှာ အသေချာပါပဲ၊ ကျွန်တော်က ဒီလိုကိစ္စမျိုးတွေလည်း မကျွမ်းကျင်တော့ အကူအညီပေးပါဦး ဆရာရယ်”

“ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ ဒီရက်ထဲမှာပဲ ကိုကျော်စွာနဲ့အတူတူ အဲ့ဒီအိမ်ကြီးကို သွားပြီးလေ့လာကြည့်ကြတာပေါ့”

ဟုပြောလိုက်တော့မှ စုံထောက်ကျော်စွာလည်း အတန်ငယ် စိတ်သက်သာရာ ရသွားဟန်ဖြင့် နှုတ်ဆက်ကာ ထပြန်သွားလေတော့သည်။








www.burmeseclassic.com

www.burmeseclassic.com







# အခန်း [ ၄ ]

# ဆန်းကြယ်သော ပုဏ္ဏကတိုက်ခြင်းများ

ပုဏ္ဏကတိုက်ခြင်းနှင့်ပတ်သက်ပြီး တစ်နေရာနှင့် တစ်နေရာ ဖြစ်ပျက်ပုံခြင်း၊ အကြောင်းအရာချင်း မတူညီကြသော်လည်း ယေဘုယျဖြစ်ပျက်ပုံ အကြောင်းအရာချင်းကတော့ အတော်ပင်ဆင်တူလှသည်။

ပြုလုပ်သူကို မမြင်ရဘဲ အသံများကြားရခြင်း၊ အရာဝတ္ထုပစ္စည်းများ သူ့အလိုအလျောက် ရွေ့လျားခြင်း၊ အပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ကျလာခြင်း၊ အလိုအလျောက် မီးတောက်များထလာခြင်း၊ တစ်နေရာမှ စူးစူးဝါးဝါးအော်သံကြားရခြင်း စသောအကြောင်းအချက်များမှာ တူညီမှုရှိကြလေသည်။

ထိုအကြောင်းများကို ယခုအချိန်အထိ သုတေသနပြုလုပ်နေကြဆဲပင် ရှိသေး၏။

စိတ်ဝိညာဉ်နှင့်ပတ်သက်ပြီး သုတေသနပညာရှင်များပင် တိတိကျကျ အဖြေရှာမရသေးသော အကြောင်းတစ်ရပ်လည်း ဖြစ်ပေသည်။

ပုဏ္ဏကတိုက်ခြင်း (Poltergeist Phenomena)မှာ မြန်မာတို့ယူဆသော အယူအဆမျိုးဖြင့် အတော်ပင် နီးစပ်မှုရှိလေသည်။

သုတေသီအတော်များများ လက်ခံထားသော အချက်မှာ "ပုဏ္ဏကတိုက်ခြင်းဟူသည် တစ္ဆေသရဲများလက်ချက်ကြောင့် မဟုတ်နိုင်" ဟူသော အချက်လည်း တူညီမှုရှိသည်။

အချို့ကတော့ အစီအရင်ကျွမ်းကျင်သူတစ်ဦးက ၎င်းတတ်ကျွမ်းသော အစီအရင်ဖြင့် တစ်စုံတစ်ခုကို ပါဝါစွမ်းအားသွင်းပြီး လိုသလို အမိန့်ပေး စေခိုင်းထားခဲ့ခြင်း ဖြစ်နိုင်ကြောင်း မှတ်ချက်ချကြလေသည်။

"ပုဏ္ဏကတိုက်ခြင်း"ကို သိရှိသူ၊ ကြားဖူးသူ၊ တွေ့ကြုံဖူးသူများ မြန်မာပြည်တွင် များစွာရှိပါသည်။

ပုဏ္ဏကတိုက်ခြင်းသည် မြန်မာပြည်တွင်သာမက ပြည်ပနိုင်ငံများတွင်လည်း ဖြစ်ပွားတတ်ပါသည်။





"ပုဏ္ဏကတိုက်ခြင်း" ၏ အင်္ဂလိပ်ဘာသာ ဝေါဟာရမှာ ပိုး(လ)တာဂိုက်(စ) (Poltergeist) ဖြစ်သည်။

သို့သော် ယင်းဝေါဟာရသည် အင်္ဂလိပ်ဝေါဟာရအစစ် မဟုတ်ပါ။ ဂျာမန်ဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်သည်။

ဂျာမန်စကား (Poltern) ၏အဓိပ္ပါယ်မှာ "အသံပြုခြင်း၊ အသံပြုလုပ်ခြင်း" ဖြစ်သည်။ (Geist) ၏ အဓိပ္ပါယ်မှာ "တစ္ဆေ" ဖြစ်သည်။

သို့ဖြစ်၍ (Poltergeist) ၏ အဓိပ္ပါယ်မှာ "အသံထွက်နေသောတစ္ဆေ" (သို့မဟုတ်) "ဆူညံသောတစ္ဆေ" ဟု အဓိပ္ပါယ်ဖွင့်ဆိုရပါမည်။

ပုဏ္ဏကတိုက်သည့် ဖြစ်ရပ်များကို လေ့လာကြည့်မည်ဆိုပါက ဖြစ်ရပ်တိုင်းတွင် အသံများ ဆူညံနေတတ်ခြင်း၊ ပြုသူကိုမတွေ့မြင်ရဘဲ ပစ္စည်းများ အပျက်အစီးများဖြစ်ပေါ်စေခြင်းများ ရှိတတ်သည်။

အချို့သောဖြစ်ရပ်များတွင် သက်မဲ့အရာဝတ္ထုများကို မမြင်တွေ့ရသော တစ်စုံတစ်ယောက်က ကောက်ယူပစ်ခတ်လိုက်သကဲ့သို့ လွင့်စင်သွားမှုမျိုးများ ပါဝင်ကြောင်း တွေ့ရှိရသည်။

ထို့ပြင် တစ်စုံတစ်ခု၊ တစ်နေရာရာကို ထပ်တလဲလဲ တီးခေါက်ခြင်း၊ လက်ဖြင့်ပုတ်သကဲ့သို့ ပုတ်ခတ်ခြင်းများနှင့် တစ်ခါတစ်ရံတွင် ပြောဆိုသူကို မတွေ့မြင်ရသော်လည်း သူ၏ စကားပြောသံများကို ကြားရခြင်းများလည်း ပါဝင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတွင် ပြင်းထန်သည်ဟု မဆိုသာသော်လည်း ယင်းအဖြစ်အပျက်တွင် ပါဝင်သောသူတစ်ဦး တစ်ယောက်အား ဆွဲလိမ်ခြင်း၊ ရိုက်နှက်ခြင်း၊ တွန်းထိုးမြောက်တင်ခြင်း၊ တိုက်ခိုက်ရန်ပြုခြင်းများလည်း ဖြစ်ပျက်တတ်သည်။

သို့သော် တစ္ဆေ၊ သရဲခြောက်သကဲ့သို့ နေရာတစ်ခုတွင် ဖြစ်ပျက်ခြင်းမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အစွဲပြု ဖြစ်ပေါ်ခြင်းဖြစ်သည်။

ယင်းကဲ့သို့သော အပြုအမူများပါဝင်သည့် ပုဏ္ဏကတိုက်ခြင်းအဖြစ်အပျက်များကို အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဘရာဇီး၊ ဩစတေးလျ၊ ဥရောပနိုင်ငံများပါဝင်သည့် ကမ္ဘာ့နိုင်ငံအများအပြားတွင် မှတ်တမ်းတင်မှုများကို တွေ့ရှိရသည်။

ပုဏ္ဏကတိုက်ခြင်းအဖြစ်ပျက်များအား အစောဆုံး မှတ်တမ်းတင်မှုကို အေဒီ(၁)ရာစုမှ စတင်တွေ့ရှိရသည်။

ကမ္ဘာတစ်လွှား ပုဏ္ဏကတိုက်သည့် အဖြစ်အပျက်များကို မှတ်တမ်းတင်မှုများရှိခဲ့သည်။

မြန်မာပြည်တွင်လည်း ပုဏ္ဏကတိုက်သည့် အဖြစ်အပျက်များ မကြာခဏ ဖြစ်ပေါ်ခဲ့သည်။

အလွန်ရှေးကျသော အခါကာလများက ဖြစ်ပျက်ခဲ့သော ပုဏ္ဏကတိုက်သည့် အဖြစ်အပျက်များပင်လျှင် မှတ်တမ်းမှတ်ရာများတွင် ပါဝင်သည်။

ရှေးခေတ်ကာလများမှာသာမက အလွန်တိုးတက်ခေတ်မီလာသော (၂၀)ရာစုနှစ်အတွင်းတွင် ပုဏ္ဏကတိုက်သည့်





အဖြစ်အပျက်များသည် ပေါ်ပေါက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပေသည်။

သာဓကအားဖြင့် အင်္ဂလန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် "သွန်းတန်ဟိ(သ)ပုဏ္ဏကတိုက်ခြင်း" (The Thornton Heath Poltergeist Case) ကို ဖော်ပြပါမည်။

ယင်းအဖြစ်အပျက်သည် (၁၉၇၀) ပြည့်နှစ်တွင် ဖြစ်ပေါ် ခဲ့ခြင်းဖြစ်သည်။

ဖြစ်ပွားခြင်းကို ကြုံကြိုက်ရသော မိသားစုမှာ အင်္ဂလန်နိုင်ငံရှိ သွန်းတန်ဟိ(သ) (Thornton Heath) မိသားစုဖြစ်သည်။

(၁၉၇၀)ပြည့်နှစ်၊ ဩဂုတ်လ၏ ညတစ်ညတွင်ဖြစ်သည်။

ထိုညက ဟိ(သ)မိသားစုတို့သည် အိပ်မောကျနေရာမှ အိပ်ရာဘေးတွင် ချထားသော ရေဒီယိုမှ ကျယ်လောင်သော မြည်သံများ အလိုအလျောက် ထွက်ပေါ်လာခြင်းကြောင့် လန့်နိုးလာခဲ့ကြသည်။

ရေဒီယိုမှ နိုင်ငံခြားလိုင်းတစ်ခု၏ အသံလွှင့်ချက်များကို ကြားနေရသော်လည်း ဖွင့်သူကိုမူ ရှာမတွေ့ခဲ့ပေ။

ယင်းအဖြစ်အပျက်သည် လေးနှစ်နီးပါးကြာအောင် ထူးဆန်းသောအဖြစ်အပျက်များ ဖြစ်ပေါ်ခဲ့ခြင်း၏ အစပထမ ဖြစ်စဉ်ပင်ဖြစ်သည်။

ယင်းနှစ် ခရစ္စမတ်အချိန်အခါတွင်ဖြစ်သည်။

ဧည့်ခန်းတွင်ရှိ စားပွဲပေါ်မှ မီးအုပ်ဆောင်းသည် ပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ်သူမမြင်ရဘဲ ကြမ်းပြင်ပေါ်သို့ ကြိမ်ဖန်များစွာ ပြုတ်ကျနေခဲ့သည်။

တစ်ခါက မိသားစုပိုင် အလှဆင်ပစ္စည်းတစ်ခုသည် ပစ်သူကိုမတွေ့မြင်လိုက်ရဘဲ ဟိ(သ)၏ နဖူးသို လာရောက်ထိမှန်ခဲ့သည့်အတွက် ဟိ(သ)နဖူးကွဲခါ လက်တင်ကုလားထိုင်ပေါ်သို့ ထိုင်လျက်ကျသွားခဲ့သည်။

တစ်ကြိမ်မှာမူ ဧည့်ခန်းအတွင်း ပြင်ဆင်ထားသော ခရစ္စမတ်သစ်ပင် (Christmas tree) မှာလည်း ပြုလုပ်သူမရှိဘဲ ပြင်းထန်စွာ ခါရမ်းလျက်ရှိသည်။

နှစ်သစ်သို့ကျရောက်လာချိန်တွင်ကား အိပ်ခန်းအတွင်းတွင် မည်သူမျှရှိမနေဘဲ ခြေသံများ စတင်ကြားလိုက်ရတော့သည်။

အဖြစ်အပျက်များက တဖြည်းဖြည်း ပို၍ဆိုးလာသည်။

တစ်ညတွင် ဟိ(သ)၏သားဖြစ်သူသည် သန်းခေါင်ယံအချိန်တွင် ကျယ်လောင်သော အထိတ်တလန့်အော်ဟစ်သံနှင့်အတူ အိပ်ရာမှ လန့်နိုးလာခဲ့သည်။

သူက ရှေးခေတ်အဝတ်အစားများနှင့် လူကြီးတစ်ဦးသည် သူ၏အိပ်ရာဘေးတွင်ရပ်၍ သူ့ကို စားမတတ်ဝါးမတတ်မျက်လုံးကြီးများဖြင့် ကြည့်နေခဲ့သည်ဟု ဆိုသည်။

သို့ဖြစ်၍ အိမ်သူအိမ်သားများတွင် ကြောက်လန့်မှုများတဖြည်းဖြည်း ပိုမိုကြီးထွားလာခဲ့သည်။

ထိုသို့သော အဖြစ်အပျက်များသည် တိုး၍သာဖြစ်ပေါ်လာခဲ့သည်။





ထိုနေ့က ဟိ(သ)မိသားစုသည် အပေါင်းအသင်း မိတ်ဆွေများကို ဖိတ်ခေါ်ကာ အိမ်တွင် ဆုတောင်းပွဲပြုလုပ်နေချိန်ဖြစ်သည်။

ထိုအချိန်တွင် အိမ်ရှေ့ရှိ တံခါးမကြီးအား အပြင်းအထန် ခေါက်နေသံများ ထွက်ပေါ်လာတော့သည်။

ဧည့်သည်များအပါအဝင် မိသားစုများသည် အိမ်ရှေ့တံခါးမကြီးသို့ သွားရောက်ကြည့်သောအခါတွင် မည်သူ့ကိုမျှမတွေ့ရပေ။

တစ်ချိန်တည်းမှာပင် ဧည့်ခန်းထဲရှိ တံခါးတစ်ချပ်သည် ဖွင့်သူကိုမမြင်ရဘဲ ရုတ်ခြည်းပွင့်ထွက်သွားခဲ့သည်။

ထို့မျှသာမက အိမ်ရှိလျှပ်စစ်မီးများအားလုံး အလိုအလျောက် လင်းလာခဲ့ကြသည်။

ယင်းထူးခြားသော အဖြစ်အပျက်များကြောင့် ဆုတောင်းပွဲလည်း ပျက်ခဲ့တော့သည်။

နောက်ပိုင်းတွင် အိမ်သူအိမ်သားများမှာ တစ်ချိန်လုံးဆိုးရွားသော အတွေ့အကြုံများနှင့် ကြုံတွေ့ခဲ့ရသည်။

အရာဝတ္ထုများသည် ပြုလုပ်သူမရှိဘဲ လေတွင်ဝဲပျံလျက်ရှိကြပြီး ဆူညံလှသောအသံများအား မိသားစုတစ်စုလုံးကြားနေခဲ့ရသည်။

တစ်ခါတစ်ရံတွင် အိမ်၏မျက်ကွယ်ရာ တစ်နေရာရာမှ ကြီးမားသော အိမ်အသုံးအဆောင်ကြီးတစ်ခု ကျကွဲသံကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



သော အသံကြီးမျိုးကို ကြားရတတ်သည်။

ထိုအခါတွင် မိသားစုတစ်ခုလုံး ကြားရသည့် နေရာသို့ သွားရောက်ကြည့်သောအခါတွင် မည်သည့်အရာကိုမျှ မတွေ့ကြရပေ။

သို့ဖြစ်၍ နောက်ဆုံးတွင် နတ်ဝင်သည် (Medium) တစ်ယောက်ကို ခေါ်ယူမေးမြန်းခဲ့ကြသည်။

ထိုနတ်ဝင်သည်က ဟိ(သ)တို့အိမ်အား ချက်တာတွန် (Chatterton)အမည်ရှိ သရဲတစ်ကောင်က ခြောက်လှန့်နေခြင်း ဖြစ်သည်ဟုဆိုခဲ့သည်။

ယင်းသရဲသည် လူ့ဘဝက လယ်သမားတစ်ယောက် ဖြစ်ခဲ့ပြီး ဟိ(သ)တို့နေထိုင်သည့်နေရာကို ပိုင်ဆိုင်သူဖြစ်သည် ဟုလည်း ပြောပြခဲ့သည်။

အဆိုပါသရဲသည် မိမိ၏ပိုင်နက်မြေကို သိမ်းပိုက်ထားသည်ဟု ယူဆသည့်အတွက် မနေနိုင်အောင် ခြောက်လှန့်နေခြင်း ဖြစ်သည်ဟု ပြောပြခဲ့သည်။

အိမ်ရှင်များက ထိုအိမ်၏နောက်ခံသမိုင်းကြောင်းကို စုံစမ်းကြည့်ရာတွင် ယင်းအိမ်အား (၁၈)ရာစုအလယ်ပိုင်းလောက်တွင် နတ်ဝင်သည်ပြောပြခဲ့သည့် လယ်သမားမိသားစု ပိုင်ဆိုင်ခဲ့ပြီး နေထိုင်ခဲ့ကြောင်း သိခဲ့ရသည်။

နောက်ပိုင်းတွင် အထက်ဖော်ပြပါ ခြောက်လှန့်မှုများတွင် ယင်းအိမ်၌နေထိုင်ခဲ့သည့် လယ်သမား၏ ဇနီးဖြစ်သူလည်း ပါဝင်လာခဲ့သည်။





ဟိ(သ)၏ ဇနီးဖြစ်သူသည် အိမ်ရှိလှေခါးကို တက်သွားတိုင်း သူမ၏နောက်တွင် မွဲပြာရောင်ဆံပင်များနှင့် ချိုင်းပြတ် ရင်ဖုံးအင်္ကျီဝတ်ထားပြီး ဆံထုံးထုံးကာ ဆံမြိတ်ချထားသော မိန်းမတစ်ယောက် တက်လိုက်လာသည်ကို မထင်မရှား အမြဲမြင်တွေ့နေရသည်။

သို့သော် ထိုပုံရိပ်ကို သေသေချာချာ စိုက်ကြည့်သောအခါတွင် ယင်းအမျိုးသမီးသည် အရိပ်များအောက်တွင် ပျောက်ကွယ်သွားတော့သည်။

နောက်ပိုင်းတွင် ယင်းမိသားစုသည် အနက်ရောင်ဂျာကင်အင်္ကျီ၊ အပျောက်ပါသော ကော်လာနှင့် အနက်ရောင်လည်စီးတို့ ဝတ်ဆင်ထားသော လယ်သမား၏ပုံကို ယင်းတို့ တယ်လီဗီးရှင်းတွင် တွေ့မြင်ခဲ့ကြသည်။ ထိုလယ်သမားသည် ထိုအိမ်ရှင် ဖြစ်နိုင်သည်ဟု ယုံကြည်ခဲ့ကြသည်။

နောက်ဆုံးတွင် ယင်းမိသားစုတို့သည် ထိုအိမ်တွင် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် အခြားအိမ်တစ်အိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။

ထိုအခါတွင်မှ အဆိုပါအိမ်တွင် အထက်ဖော်ပြပါ ပုဏ္ဏကတိုက်ခြင်း အဖြစ်အပျက်တို့သည်လည်း ကွယ်ပျောက်သွားခဲ့လေသည်။

ထပ်မံ၍ ဖော်ပြမည့် အကြောင်းအရာမှာ အင်း(န)ဖီး ပုဏ္ဏကတိုက်ခြင်းအဖြစ်အပျက်ဖြစ်ပေသည်။

ယင်းအဖြစ်အပျက်မှာ (၁၉၇၇)ခုနှစ်တွင် အင်္ဂလန်ပြည်



www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည်။ ထိုခေတ်က ယင်းအဖြစ်အပျက်သည် သတင်းစာများတွင် ခေါင်းစီးအဖြစ် အတော်ကြာကြာ နေရာယူခဲ့သည့် ဖြစ်ရပ်ဆန်းတစ်ခုဖြစ်သည်။

ယင်းအဖြစ်အပျက်အားလုံးကို ခြုံငုံကြည့်လျှင် အသက်လေးဆယ်ကျော်အရွယ် အိမ်ထောင်ကွာရှင်းထားသော ပက်ဂီဟာပါ (Peggy Harper) ခေါ် အမျိုးသမီး၏ သမီးကို အခြေတည်ဖြစ်ပျက်ခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။

ထူးခြားသော ထိုအဖြစ်အပျက်သည် (၁၉၇၇)ခုနှစ်၊ ဩဂုတ်လ၏ တစ်ခုသောညတစ်ညတွင် စတင်ဖြစ်ပျက်ခဲ့သည်။

ထိုည၌ဦးတွင် ပက်ဂီဟာပါသည် ဒေသတွင်း ပြောလေ့ရှိသော တစ္ဆေပုံပြင်အချို့အား ကလေးများကို ပြောပြနေခဲ့သည်။

ထိုညအိပ်ရာဝင်ပြီး ညဉ့်နက်ပိုင်းတွင် ပက်ဂီဟာပါ၏ ကလေးများဖြစ်သော အသက်(၁၁)နှစ်ရှိ ဂျက်နက် (Janet)နှင့် ပက်တီ (Pete)တို့သည် အိပ်နေစဉ် သူတို့၏ ခုတင်များအား တစ်စုံတစ်ယောက် အထက်အောက်လှုပ်ပေးနေသည်မှာ ပျော်စရာကောင်းလှကြောင်း ပြောကြားခဲ့ကြသည်။

မစ္စစ်ဟာပါသည် အခန်းတွင်းသို့ အလျင်အမြန်ဝင်ရောက်ကြည့်သည့်အခါတွင်မူ ကလေးတို့၏ ကုတင်များသည် ပုံမှန်ဖြစ်နေပြီး လှုပ်ယမ်းနေသည်ကို မတွေ့ခဲ့ရပေ။

သို့ဖြစ်၍ မစ္စစ်ဟာပါသည် ယင်းအဖြစ်အပျက်သည် ကလေးများ နောက်ပြောင်ပြောဆိုခြင်းသာဖြစ်သည်ဟု ယူဆထားလိုက်သည်။





သို့သော် နောက်ပိုင်းတွင် အဖြစ်အပျက်တို့သည် တစ်စတစ်စ ဆိုးရွားလာပေသည်။

အခန်းတွင်းတွင် ရုပ်တိုက်သွားနေသည့် ခြေသံများ၊ နံရံများအား တဒေါက်ဒေါက်ခေါက်သံများ၊ အိမ်အတွင်းခန်းရှိ ဘီရိုကြီးမှ အံဆွဲများ အလိုအလျောက် ထွက်ကျလာခြင်းများစသည့် ကသောင်းကနင်းအဖြစ်အပျက်များ ဖြစ်ပေါ်လာခဲ့သည်။

မစ္စစ်ဟာပါသည် အိမ်တွင်းရှိ ကလေးများကို အိမ်ပြင်ဖက်သို့အမြန်ထွက်ခိုင်းခဲ့ပြီး အိမ်နီးချင်းများ၏ အကူအညီဖြင့် ဖြစ်ပေါ်နေသော အဖြစ်အပျက်များအတွက် လက်သည်ရှာဖွေခဲ့သည်။

ထိုအခါ လက်သည်ကို ရှာဖွေမတွေ့ခဲ့သည့်အပြင် ဆိုးဝါးသည့် အဖြစ်အပျက်များက ရုပ်နားလိုက် ပြန်ဖြစ်လိုက်နှင့် အဆက်မပြတ်ဖြစ်နေခဲ့သည်။

မတတ်နိုင်သည့်အဆုံးတွင် အိမ်သားများသည် ဌာနေရဲဌာနအား နှိမ်နင်းပေးပါရန် အကြောင်းကြားခဲ့ရလေသည်။

ရဲများရောက်ရှိလာသော်လည်း ထိုအိမ်တွင် ဖြစ်မြဲအသံများက ဆက်လက်ထွက်ပေါ်နေခဲ့ပြီး ရဲများရှေ့တွင်ပင် ကုလားထိုင်တစ်လုံးသည် ကြမ်းပြင်ပေါ်တွင် ရုပ်တိုက်ပြေးနေသည်ကို ထူးဆန်းစွာ မြင်တွေ့ခဲ့ကြရသည်။

ယင်းအဖြစ်အပျက်မှာ လူတစ်ယောက်နှစ်ယောက် ရှေ့တွင်သာ ဖြစ်ပေါ်ခဲ့သည်မဟုတ်ပေ။ ရဲများအပါအဝင် မျက်မြင်သက်သေအမြောက်အများရှေ့တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်သူကို မတွေ့မြင်ကြရပဲ အုတ်ခဲများ၊ ကျောက်ခဲများ အများအပြားဖြင့် အိမ်ကို ပစ်ပေါက်ခဲ့ကြသည်။

ထူးဆန်းသည်မှာ ပစ်ပေါက်ခဲ့သည့်အရာသည် အလွန်ပူလောင်နေပြီး ကောက်ယူ၍ မဖြစ်နိုင်ခြင်းဖြစ်သည်။

ယင်းနှစ် စက်တင်ဘာလတွင် မောရိုက်(ခ)ဂရော့စ် (Maurice Grosse) အမည်ရှိ ရူပဗေဒသုတေသနပညာရှင် လာရောက်လေ့လာခဲ့သည်။

သို့သော် ယင်းဖြစ်ရပ်များအတွက် အဖြေအတိအကျ မရရှိသည့်အပြင် မည်သည့်နေရာမှ ပစ်လွှတ်လိုက်သည်ဟု မသိရသည့် ကျောက်ခဲတစ်လုံးပင် ထိမှန်ခြင်း ခံခဲ့ရသည်။

နောက်ပိုင်းတွင် ဂရော့စီ၏ ဖော်ပြချက်တွင် . . .

"အဖြစ်အပျက်များက ထူးဆန်းလွန်းလှသည်။ မမြင်နိုင်သောလက်များဖြင့် ကျွန်ုပ်အား ခဲတစ်လုံးဖြင့် ပစ်ခတ်ခဲ့သည်။ တံခါးများသည်လည်း ဖွင့်သူပိတ်သူမရှိဘဲ ဖွင့်လိုက်ပိတ်လိုက် ကြိမ်ဖန်များစွာ ဖြစ်ပေါ်လျက်ရှိသည်။ ထူးဆန်းသည်မှာ တစ်ခါတစ်ရံတွင် အေးမြနေသောလေသည် ခြေထောက်ဖြားမှ ဦးခေါင်းအထိ **ရုတ်ခြည်းတိုက်ခတ်သွားခြင်းဖြစ်သည်။"**

ဟူ၍ပါရှိသည်။

ယင်းသို့ ဖော်ပြထားသော်လည်း အကြောင်းရင်းမှန်ကို တိကျစွာ မဖော်ထုတ်နိုင်ခဲ့ပေ။

နောက်ပိုင်းတွင် ဂရော့စီသည် စာရေးဆရာ ဂိုင်းလိုင်ယွန်ပလေးဖဲ (Guy Lyon Playfair)နှင့် ဆက်သွယ်ကာ အထက်ဖော်ပြပါဖြစ်ရပ်အား (၂)နှစ်ကြာမျှ လေ့လာခဲ့သည်။





လေ့လာမှုများပြုပြီးနောက် စာရေးဆရာ ပလေးဖဲသည် "ဤအိမ်ကြီး သရဲခြောက်နေသည်" (This House is Haunted) အမည်ဖြင့် စာတစ်အုပ်ရေးသားခဲ့သည်။

ယင်းစာအုပ်ထဲတွင် ဖော်ပြထားသည့် အဖြစ်အပျက်များမှာ. . .

"နံရံပေါ်နဲ့ ကြမ်းပြင်ပေါ်က တံခါးခေါက်သလို အသံမျိုးတွေက ညဘက်တွင် အဖြစ်များသည်။ ပရိဘောဂများသည် ကြမ်းပြင်ပေါ်တွင် ရှောတိုက်ရွေ့လျားနေပြီး အချို့သည် လှေခါးပေါ်မှ ပြုတ်ကျလျက်ရှိသည်။ မှန်တင်ခုံမှ အံဆွဲများသည် အံချော်ခါ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျနေသည်။ ကစားစရာများနှင့် အခြားအရာဝတ္ထုတို့သည် အခန်းတွင်း၌ ပျံသန်းနေကြသည်။ အိပ်ရာခင်းများမှာကား အိပ်ရာပေါ်မှ ဆွဲချခံရကာ ကြမ်းပြင်ပေါ်သို့ပြုတ်ကျ ပုံ့ကျဲနေသည်။ အကြောင်းရင်းရှာမရဘဲ ရေကွက်တို့သည် ကြမ်းပြင်ပေါ်တွင် ဟိုတစ်ကွက် ဒီတစ်ကွက်နှင့် အိုင်ထွန်းလျက်ရှိသည်။ အချို့နေရာတို့တွင် မီးတောက်များ ထွက်ပေါ်လာပြီး ပျောက်ကွယ်သွားကြသည်မှာလည်း ထူးဆန်းလှသည်" ဟူ၍ဖြစ်သည်။

ထိုသို့သော ထူးဆန်းသည့် အဖြစ်အပျက်များစွာ ဖြစ်ပွားပြီးသည့်နောက်ပိုင်းတွင် ဂျက်နက်အား ပူးကပ်ကာ ယခုခြောက်လှန့်နေသည်မှာ ဘီ(လ) (Bill) **အမည်ရှိ သရဲဖြစ်ကြောင်း** မှုတတ အသံကြီးဖြင့် **ထုတ်ဖော်**ပြောကြားလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှေးအခါက ယခုအိမ်တွင် နေထိုင်ခဲ့ပြီး ယခုအိမ်တွင်ပင် သေဆုံးခဲ့ကြောင်းလည်း ထုတ်ဖော်ပြောဆိုခဲ့သည်။

အိမ်ရှင်ဖြစ်သူ ပက်ဂီဟာပါသည် ထိုအိမ်၏ သမိုင်းကြောင်းကို လေ့လာစုံစမ်းကြည့်သောအခါ ယင်းအိမ်တွင် တစ်ချိန်က ဘီ(လ)အမည်ရှိလူတစ်ဦး နေထိုင်ခဲ့ဖူးကြောင်း သိရှိခဲ့ရသည်။

သို့သော် မယုံကြည်သူများကမူ ယင်းကိစ္စသည် အိမ်ရှင်၏သမီးငယ် ဂျက်နက်၏ လိမ္မာပါးနပ်စွာ လှည့်စားမှုသာဖြစ်သည်ဟု ယူဆခဲ့ကြသည်။

ထူးဆန်းသည်မှာလည်း ဂျက်နက်အား အနီးကပ်လေ့လာ စူးစမ်းမှုပြုနေချိန်တွင် ယင်းအဖြစ်အပျက်များ ပျောက်ကွယ်နေခြင်းပင်ဖြစ်သည်။

ထို့ပြင် ဂျက်နက်အား ရုပ်ပိုင်းနှင့် စိတ်ပိုင်းချို့ယွင်းမှုများ ရှိမရှိ စစ်ဆေးရန် ဆေးရုံသို့ ခေါ်သွားပြီး ရက်အတော်ကြာထားရှိစဉ်ကလည်း ယင်းအဖြစ်အပျက်များ ရပ်စဲနေခဲ့ပြန်သည်။

သူမအိမ်သို့ ပြန်လည်ရောက်ရှိလာချိန်တွင် အထက်ပါ အဖြစ်အပျက်များက တိုက်ဆိုင်စွာ ပြန်လည်ဖြစ်ပေါ်ခဲ့ပြန်သည်။

သို့အတွက် မယုံကြည်သူများက ဂျက်နက်သည် မိမိဘာသာ အသံသြကြီးထွက်အောင်လုပ်ကာ သရဲဘီ(လ)ဖြစ်သည်ဟု ဆိုခဲ့ပြီး မိမိဘာသာပင် အိပ်ရာထက်မှ ခုန်ထကာ ဓာတ်ပုံရိုက်ကူးခြင်းဖြင့် လေထဲတွင် ပျံဝဲနေသည့် ပုံစံမျိုးဖြစ်အောင် လုပ်ကြံဖန်တီးခဲ့သည်ဟု ယူဆခဲ့ကြသည်။





သို့သော် အခြားသူများကမူ အထက်ဖော်ပြပါ ပုဏ္ဏကတိုက်သည် ဖြစ်ရပ်သည် အသက်(၁၁)နှစ်သာရှိသေးသည့် ကလေးငယ် ဂျက်နက်နှင့် လုံးဝမသက်ဆိုင်၊ လုပ်ကြံဖန်တီးခြင်း မဖြစ်နိုင်ဟု ယူဆခဲ့ကြသည်။

နောက်ဆုံးတွင် ယင်းကိစ္စသည်လည်း အဖြေအတိအကျမထွက်ဘဲ ပြီးဆုံးခဲ့သည်။

အထက်ဖော်ပြပါ အဖြစ်အပျက်များသည်ကား များပြားလှသော ပုဏ္ဏကတိုက်သည့် အဖြစ်အပျက်များစွာတို့မှ (၂၀)ရာစုအတွင်းဖြစ်ပျက်ခဲ့သည့် ထင်ရှားသည့် အဖြစ်အပျက်နှစ်ခုပင်ဖြစ်သည်။

ဖော်ပြထားသည့် အဖြစ်အပျက်များအပြင် အခြား ပုဏ္ဏကတိုက်သည့် အဖြစ်တို့မှာလည်း ရှားပါးဖြစ်စဉ်မဟုတ်ဟု ဆိုရလောက်အောင်ပင် မှတ်တမ်းတင်ထားသော အဖြစ်အပျက်များက များလှသည်။

ထို့အတူ ယင်းထူးဆန်းသည့် အဖြစ်အပျက်တို့အပေါ်တွင် ရှုထောင့်အမျိုးမျိုးအပေါ် အခြေခံကာ အယူအဆအမျိုးမျိုးလည်း ဖြစ်တည်လျက်ရှိသည်။

ပုဏ္ဏကတိုက်သည့် ဖြစ်ရပ်ဖြစ်စဉ်များနှင့် ပတ်သက်၍ အမျိုးမျိုးသော အယူအဆများရှိခဲ့သည်။

ပြင်သစ်လူမျိုး ပညာတတ် အလန်ကားဒက်(ခ) (Allan Kardec) သည် ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် ဆက်သွယ်ရေး (Spiritism) အဖွဲ့ကို တည်ထောင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်း၏အယူအဆမှာ "ပူဂ္ဂာကတိုက်ခြင်း ဖြစ်ရပ်တို့သည် အငြိုးထားတတ်သော အဆင့်နိမ့် တစ္ဆေတစ်ကောင်ကြောင့်ဖြစ်သည်။ ယင်းတစ္ဆေသည် မဟာဘူတဓာတ်ကြီးလေးပါးဖြစ်သော ရေ၊ မြေ၊ လေ၊ မီး တို့နှင့် ပေါင်းစပ်ကာ ယင်းဖြစ်ရပ်မျိုး ဖြစ်ပေါ်စေသည်" ဟု ယူဆခဲ့သည်။

ယင်းသည်ကား နာမ်ဝိညာဉ်ဆိုင်ရာဘက်မှ သုံးသပ်ချက်ဖြစ်သည်။

သို့သော် ဆိုင်ကိုကိုင်နီးစစ်၏ (Psychokinesis) ခေါ် စိတ်စွမ်းအင်သက်သက်ဖြင့် အရာဝတ္ထုများကို ရွှေ့ပြောင်းနိုင်ခြင်း၊ ပစ်လွှတ်နိုင်ခြင်းဟူသော စွမ်းအင်ကို ယုံကြည်ကြသူများဘက်မှမူ တစ်မျိုးသုံးသပ်ကြသည်။

နန်ဒေါ်ဖိုဒေါ (Nandor Fodor) သည် အမေရိကန်စိတ်နယ်လွန် ပညာရပ်များကို လေ့လာသူ (Parapsychologist)တစ်ဦးဖြစ်ပြီး စာရေးဆရာနှင့် ဂျာနယ်လစ်တစ်ဦးလည်း ဖြစ်သည်။

သူက "ပူဂ္ဂာကတိုက်ခြင်းသည် ပြင်းပြသော စိတ်ပိုင်းဆိုင်ရာ ဖိစီးမှု (သို့မဟုတ်) ပြင်းပြသောစိတ်ပင်ပန်းမှုကို ခံစားနေရသော လူသားများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်" ဟု သုံးသပ်ခဲ့သည်။

ဝီလီယံဂျီရိုး(လ) (William G. Roll) သည် အမေရိကန်ပြည်ထောင်စု အနောက်ကျော်ဂျီယာတက္ကသိုလ်မှ စိတ်နယ်လွန်ပညာရှင် (Parapsychologist) တစ်ဦးဖြစ်သည်။

သူသည် ပူဂ္ဂာကတိုက်သည့်ဖြစ်ရပ် (၁၁၆)ခုကို လေ့





လာပြီးနောက် အဖြေထုတ်ယူခဲ့သည်။

သူက "ပူဂ္ဂာကတိုက်ခြင်းတွင် ပါဝင်လျက်ရှိသူများမှာ တလေးငယ်များနှင့် ဆယ်ကျော်သက်များ ဖြစ်ကြပြီး အများစုမှာ ဝက်ရူးပြန်ခြင်း လက္ခဏာများကဲ့သို့သော အာရုံကြောဆိုင်ရာ ပြဿနာရှိသူများ ဖြစ်ကြသည်။ ယင်းရောဂါလက္ခဏာကြောင့် စိတ်အတွင်း အလိုအလျောက် အဖန်တလဲလဲ ဖြစ်ပေါ်နေသော အရာဝတ္ထုများအား စိတ်စွမ်းအင်ဖြင့် ရွှေ့ပြောင်းနိုင်သော စွမ်းရည် [Recurrent Spontaneous PsychoKinesis. (RSPK)] သည် ပတ်ဝန်းကျင်အား ထိခိုက်သဖြင့် ပူဂ္ဂာကတိုက်ခြင်းဖြစ်ရပ်တို့ ဖြစ်ပေါ်လာခြင်းဖြစ်သည်။" ဟုဆိုခဲ့သည်။

အချို့ကမူ "ယင်းအဖြစ်အပျက်များသည် မည်သည့်ဖြစ်ရပ်ဆန်းကြယ်မှု မဟုတ်ပေ၊ တစ်စုံတစ်ယောက်သောသူမှ နောက်ပြောင်ကျီစယ်မှု တစ်ခုသာဖြစ်သည်" ဟု ယူဆကြပြန်သည်။

အင်္ဂလိပ်အစိုးရအရာရှိတစ်ဦးဖြစ်သကဲ့သို့ စိတ်နယ်လွန်ဖြစ်ရပ်များကို စိတ်ဝင်စားသော ဂိုင်းဝီလီယမ်လမ်းဘတ် (Guy William Lambert) ဆိုသူကမူ "ပူဂ္ဂာကတိုက်ခြင်းဖြစ်ရပ်တို့သည် အာရုံကြောဆိုင်ရာ ပြဿနာလည်းမဟုတ်၊ တစ္ဆေသရဲတို့၏ အရာလည်းမဟုတ်ဘဲ မြေအောက်ရေ (Underground water)နှင့် အခြားသော အကြောင်းအရာများ ပေါင်းစပ်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်" ဟုဆိုခဲ့သည်။

သူက "ပူဂ္ဂာကတိုက်ခြင်းဖြစ်ရပ်တို့တွင် ဖြစ်ပေါ်သော



www.burmeseclassic.com

www.burmeseclassic.com



အိမ်များတွင် မြေအောက်မြစ် (Subterranean river) တည်ရှိနေတတ်ပြီး အခြားသော ဘူမိဗေဒဆိုင်ရာ အချက်အလက်များ ပေါင်းစပ်ကာ ဖြစ်ပေါ်လာခြင်းဖြစ်သည်” ဟုဆိုသည်။

“ထို့ပြင် သည်းထန်သော မိုးရွာသွန်းခြင်းများနှင့် မြေအောက်စမ်းချောင်းတို့သည်လည်း ပုဏ္ဏကတိုက်သည့် အိမ်၏ အုတ်မြစ်များအား ရွေ့လျားလှုပ်ရှားစေကာ ပုဏ္ဏကတိုက်ခြင်း ဖြစ်ရပ်တို့ ဖြစ်ပေါ်လာခြင်းဖြစ်သည်” ဟုဆိုခဲ့သည်။

ဒေးဗစ်တာနာဆိုသူ ရူပဗေဒပညာရှင်ကမူ “လေထုအတွင်းဖြစ်ပေါ်သည့် လျှပ်စီးလက်မှု (Ball Lighting) ဖြစ်ရပ်တို့သည် အရာဝတ္ထုများအား လေတွင်ပျံဝဲသော အစွမ်းသတ္တိကို ဖြစ်ပေါ်စေနိုင်သည်” ဟု ဖော်ပြခဲ့သည်။

မိုက်ကယ်(လ)ပါဆင်ဂျာ (Michael Persinger) ဆိုသူကလည်း “မြေငလျင်လှုပ်ရှားမှုများသည်လည်း ပုဏ္ဏကတိုက်ခြင်းဖြစ်ရပ်များ ဖြစ်ပေါ်နိုင်သည်” ဟု ဆိုခဲ့သည်။

သူက “ဘူမိသံလိုက်လှိုင်းများ (geomagnetism) အိမ်တွင်းသုံး လျှပ်စစ်ကိရိယာများ (electrical equipment)နှင့် လူသားဦးနှောက်အတွင်း ဇီဝကမ္မဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာသော လျှပ်စစ်လှိုင်းများ ပေါင်းစပ်မှုကြောင့် ပုဏ္ဏကတိုက်ခြင်းဖြစ်ရပ်များ ဖြစ်ပေါ်လာသည်” ဟု သီအိုရီတစ်ရပ် ထုတ်ဖော်ခဲ့သည်။

ဖော်ပြထားသကဲ့သို့ ပုဏ္ဏကတိုက်ခြင်း အကြောင်းရင်းအား လေ့လာစူးစမ်းကြခြင်းသည် ပုဏ္ဏာများ ဆင်ကောင်ကြီး





အား စမ်းသပ်ကြသကဲ့သို့ တစ်ယောက်တစ်မျိုးစီ အဖြေများ ထွက်လာခဲ့သည်။

စူးစမ်းမှုများအားလုံးက တစ်မျိုးတည်းသော အဖြေကို ကွက်တိထုတ်ဖော်ခြင်း မပြုနိုင်ခဲ့သော ပဟေဠိဖြစ်ရပ်တစ်ခု ဖြစ်ပေသည်။

အချို့သုတေသီများကတော့ မနောစိတ်စွမ်းအား ကောင်းသူတစ်ယောက်ကြောင့်လည်း ထိုကဲ့သို့ ပုဏ္ဏကတိုက်သကဲ့သို့ဖြစ်သော အဖြစ်အပျက်များ ဖြစ်စေနိုင်သည်ဟု မှတ်ချက်ချကြသည်။

မည်သို့ပင်ရှိစေ. . .

သုတေသီတို့၏ အယူအဆများ တစ်ဦးနှင့်တစ်ဦး မတူညီကြစေကာမူ ကမ္ဘာတစ်ဝှမ်းမှာသာမက မြန်မာပြည်၏ နေရာအချို့မှာပါ ပုဏ္ဏကတိုက်သော အဖြစ်အပျက်များ ဖြစ်ပေါ်နေလျက် ရှိကြလေသည်။

ယခု ရေးသားသော တိုက်နီကြီးမှာလည်း ပုဏ္ဏကကြမ်းသော အိမ်များထဲတွင် တစ်နေရာပါဝင်လျက်ရှိပေသည်။

ဒေါက်တာမင်းထင်ကျော်တို့အနေဖြင့် အဖြေရှာကြရန်သာ ရှိပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၅ ]

# အိမ်နီကြီးမှ သွေးပျက်ဖွယ်ရာမြင်ကွင်း

ထိုအဖြစ်အပျက်များဖြစ်ပျက်ခဲ့ပြီးနောက် သင့်တော်သော တစ်နေ့မှာတော့ ဒေါက်တာမင်းထင်ကျော်မှာ ပုဏ္ဏကကြမ်းသော အိမ်နီကြီးရှိရာသို့ သွားရန်ပြင်လေသည်။

သို့သော် သူတစ်ယောက်တည်းတော့ မဟုတ်ပေ။

ထိုတိုက်အိမ်ကြီးမှာ လောလောဆယ် ပုလိပ်များမှ ထိန်းသိမ်းထားသောကြောင့် ကိုယ့်သဘောနှင့်ကိုယ် သွားလာ၍ မရပေ. . ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် စုံထောက်ကျော်စွာနှင့် အချိန်းအချက်ပြုပြီးမှ သွားကြရန်ပြင်လေသည်။

စုံထောက်ကျော်စွာက ၄င်း ဂျူတီချိန်ပြီးတော့မှ ထွက်လာခြင်းဖြစ်ရာ သူ့ဆီရောက်တော့ နေဝင်ကာနီးအချိန်ပင်ဖြစ်နေချေပြီ။

"သွားဖို့အဆင်သင့်ဖြစ်ပြီလားဆရာ၊ ကျွန်တော်ကတော့ ဒီလိုအတွေ့အကြုံမျိုး တစ်ခါမှမတွေ့ကြုံဖူးသေးတော့ စိတ်ထဲမှာ အတော်ကလေး လှုပ်ရှားနေတယ်"

"ဟိုရောက်တော့၊ ဒီထက်ပိုပြီး စိတ်လှုပ်ရှားစရာတွေ တွေ့ရဦးမယ် ထင်ပါတယ်"

ထိုစကားကြောင့် ပခုံးနှစ်ဖက် တွန့်ပြလိုက်သည်။

"လူဆိုးလူမိုက်တွေနဲ့တွေ့ပြီး ယှဉ်ပြိုင်တိုက်ခိုက်ရတာထက်၊ တစ်ခါမှမမြင်ရတဲ့ တစ္ဆေသရဲတွေနဲ့ တွေ့ရတာတော့ စိတ်ထဲက ခတ်လန့်လန့်ပဲ၊ လိုရမယ်ရ သေနတ်တစ်လက်တော့ ယူလာခဲ့တယ်"

စုံထောက်ကျော်စွာက ဘောင်းဘီနံဘေးအိတ်ထဲတွင် ထည့်လာသော သေနတ်ကို လက်ဖြင့်ပုတ်ပြလေသည်။

"လူဆိုးလူမိုက်တွေ ဖမ်းရင်သာ သေနတ်လိုတာပါ၊ သူရဲတစ္ဆေတွေနဲ့ တွေ့ဖို့ကတော့ သေနတ်မလိုပါဘူး"

"ဘယ်လိုကြောင့်လဲဆရာ"

"လူဆိုးလူမိုက်တွေက မသေရသေးတော့ အသက်သေမှာတော့ ကြောက်ကြတယ်၊ တစ္ဆေသရဲတွေကတော့ သေပြီးလို့





တမလွန်ဘဝ တောင်ရောက်နေကြရပြီဆိုတော့ သေရမှာ မကြောက်ကြဘူး၊ ကိုကျော်စွာ သေနတ်နဲ့ပစ်လည်း ဘာမှဖြစ်မှာမဟုတ်ဘူး"

ဟုပြောတော့ အနည်းငယ် စိတ်ပျက်သွားဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်လည်း ဂျာကင်အိတ်ထဲတွင် လိုအပ်သောပစ္စည်းများ ထည့်ယူပြီးနောက်၊ နှစ်ယောက်သား အိမ်နီကြီးရှိရာဘက်သို့ လျှောက်လာကြလေသည်။

ညဉ့်ဦးပိုင်းအချိန် မရောက်သေးသော်လည်း အမှောင်ရိပ်များ လွှမ်းစပြုနေပြီဖြစ်သောကြောင့် လမ်းပေါ်မှာ လူသွားလူလာ မရှိသလောက် ရှင်းနေသည်။

တစ်ခါတစ်ရံ လမ်းပေါ်မှ ဖြတ်မောင်းသွားသော ကိုယ်ပိုင်ကားတစ်စီးတလေလောက်သာ တွေ့မြင်ကြရသည်။

ထိုအချိန်က ဘောင်ဒရီလမ်းတလျှောက်၊ လမ်းဘေး၌ နေထိုင်သူ သိပ်မရှိဘဲ သစ်ပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများ စွာတို့သာ ရှိလေသည်။

အများအားဖြင့်တော့ လမ်းဘေးတလျှောက်တွင် ကုက္ကိုပင်ကြီးများရှိလေရာ လမ်းတလျှောက်လုံး အမှောင်ရိပ်ကပိုများနေခြင်း ဖြစ်လေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာပြီး လင့်လမ်းရောက်တော့ ချိုးကွေ့ဝင်လိုက်ကြသည်။ လင့်လမ်းမှာ ဘောင်ဒရီလမ်းနှင့် ရွှေခုံတိုင်လမ်းနှစ်လမ်းကို ဖြတ်သွားရန် ဖောက်ထားသော လမ်းတိုလေးဖြစ်သည်။ ထိုလမ်းမှ ကျော်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရွှေခုံတိုင်လမ်းမဘက် ရောက်လာသောအခါ အမှောင်ရိပ်များ ဖုံးစပြုနေသော သစ်ပင်ရိပ်များကြားမှ အိမ်နီကြီးကို တစွန်းတစ လှမ်းမြင်ကြရလေသည်။

အိမ်နီကြီးရှိသောနေရာမှာ ရွှေခုံတိုင်လမ်းမြောက်ဘက် လင့်လမ်းရှိသောနေရာနှင့် မဝေးလှပေ. . .။

နှစ်ယောက်သား တဖြည်းဖြည်းနှင့် လျှောက်သွားကြရာ အိမ်နီကြီးရှိသော ခြံဝန်းတံခါးပေါက်ရှေ့သို့ ရောက်သွားကြသည်။ စုံထောက်ကျော်စွာထံ၌ ခြံတံခါးသော့နှင့် အိမ်တံခါးခတ်ထားသောသော့များ ပါလာရာ အလွယ်တကူဖွင့်ပြီး အတွင်းသို့ ဝင်သွားကြလေသည်။

မကြာသေးခင်က လူနှစ်ယောက် တစ်ပြိုင်နက်တည်း သေဆုံးသွားသောနေရာဖြစ်ရာ တော်ရုံသတ္တိမျိုးဖြင့်တော့ ယခုကဲ့သို့ လာဝံ့ကြမည် မဟုတ်ပေ။

ခြံဝန်းတစ်ခုလုံးမှာ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သစ်ပင်ရိပ်များ ဖုံးလွှမ်းထားသော ပတ်ဝန်းကျင် တစ်ခုလုံး အသက်မရှိတော့သကဲ့သို့ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေခြင်းမျိုးဖြစ်သည်။

တခြားအသံမဆိုထားနှင့်. . ဖားတစ်ကောင်၊ ပုရစ်တစ်ကောင်ပင် အော်သံမကြားရပေ။ အသံမကြားရသော်လည်း အမှောင်ရိပ်များ ဖုံးနေသောနေရာများမှ တစ်စုံတစ်ယောက်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်ဟုတော့ စိတ်ထဲမှ ခံစားကြရလေသည်။





ထိုသို့ တိတ်ဆိတ်ငြိမ်သက်နေပြီးမှ တစ်နေရာရောက်သောအခါ လေပြင်းတစ်ချက် ဝှေ့သွားသကဲ့သို့ ‘ဝေါ’ခနဲ မြည်သံကြီးတစ်ချက် ပေါ်ထွက်လာသဖြင့် အမှတ်တမဲ့မို့ လန့်သွားကြလေသည်။

လေတိုက်သည်ဆိုသော်လည်း သာမန်လေမျိုးတော့ မဟုတ်ပေ။ ကျောထဲမှာ စိမ့်ခနဲဖြစ်သွားလောက်အောင် အေးလှသော လေမျိုးဖြစ်သည်။

ပြီးတော့ ချက်ခြင်းဆိုသလို ပြန်ငြိမ်သွားသည်။

“ဘာဖြစ်တာလဲဆရာ”

“သူတို့ရှိကြောင်း နှုတ်ဆက်ကြတာနဲ့တူပါတယ်”

စုံထောက်ကျော်စွာက ပခုံးနှစ်ဘက်တွန့်ကာ မဲ့ပြလိုက်လေသည်။

နှစ်ယောက်သား တံခါးရှိရာသို့ လျှောက်သွားကြပြီးနောက် တံခါးသော့ကို ဖွင့်လိုက်သည်။

ထိုအခိုက်မှာ စုံထောက်ကျော်စွာနားအနီးသို့ တစ်စုံတစ်ယောက်ကကပ်လာပြီး စကားပြောလိုက်သောအသံမျိုး ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်တော့လည်း ဘာမှမတွေ့ရပေ. . .။

ဒေါက်တာမင်းထင်ကျော်က မနီးမဝေးမှာရပ်နေပြီး ထိုသို့ပြုလုပ်လိမ့်မည်မဟုတ်ပေ။

“ဘာဖြစ်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နားကပ်ပြီး တစ်စုံတစ်ယောက်က စကားပြောသွားသလိုပဲ"

"ကိုကျော်စွာ ကြောက်နေပြီလား"

"ဆရာပါနေတာပဲ၊ ဘာကြောက်စရာရှိပါ့မလဲ"

ထိုသို့ပြန်ပြောသောအသံကပင် မူမမှန်သောအသံမျိုးဖြစ်နေလေသည်။

နှစ်ယောက်သား အိမ်ထဲရောက်တော့ ဝင်ပေါက်တံခါးကို ဂျက်မထိုးပဲ စေ့ရုံပြန်စေ့ထားလိုက်သည်။

ထို့နောက် လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သည်။

အိမ်ငှားစာချုပ်ဖြင့် လာရောက်နေထိုင်သူများမှာ တစ်ညတည်းမှာပင် လူနှစ်ယောက် တစ်ပြိုင်နက် သေသွားသောကြောင့် ဖရိုဖရဲဖြစ်နေသော ပစ္စည်းများကိုပင် နေသားတကျမထားနိုင်ခဲ့ကြသဖြင့် တစ်အိမ်လုံး အပြိုပြိုအလဲလဲ ဖြစ်နေသည်ကို တွေ့ရလေသည်။

အိမ်ထဲရောက်တော့မှ . . .

"ကိုကျော်စွာ မီးအိမ်ရှာပြီး ထွန်းထားနှင့်၊ ကျွန်တော်အိမ်နံဘေးပတ်လည်ကို ဆင်းပြီးအကဲခတ်ကြည့်လိုက်ဦးမယ်"

ဟုပြောကာ လက်နှိပ်ဓာတ်မီးကိုကိုင်ကာ အပြင်သို့ ပြန်ထွက်လာလေသည်။

အပြင်ဘက်ရောက်တော့ လက်နှိပ်မီးရောင်ဖြင့် ပတ်ဝန်းကျင်ကို ထိုးကြည့်လိုက်သည်။

အိမ်ရှိသောနေရာနှင့် အုတ်တံတိုင်းခတ်ထားသောနေရာမှာ အတော်လေးလှမ်းသည်။

အုတ်တံတိုင်းမှာ အတော်ပင်မြင့်ပြီး အပေါ်မှာ သံဆူးကြိုးများ တန်းထားလေသည်။

ထို့ပြင် အုတ်တံတိုင်းနံရံများမှာ ရေညှိရေမှော်များ တက်နေသဖြင့် အမည်းကွက်များပေါ်နေသည်။

ထိုနေရာဘက်မှာတော့ အပြင်ဘက်မှ ဝင်လာနိုင်သောလွယ်ပေါက်မျိုးမရှိပေ။

အိမ်ကြီး၏ နံဘေးပတ်လည်မှာတော့ ကျောက်ပြားချပ်များခင်းထားပြီး အပေါ်မှာ ရေညှိပင်တိုကလေးများ ပြည့်နေသည်။

ထိုအခိုက်မှာပင် သူ့နံဘေးမှ လူတစ်ယောက် ဖြတ်လျှောက်သွားလေရာ လေဟပ်သွားသဖြင့် မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။ မြူမှုံကဲ့သို့ ဝေ့ဝေ့ဝါးဝါးဖြစ်နေသော ပုံရိပ်သဏ္ဍာန်တစ်ခုမှာ သူ့နံဘေးမှဖြတ်ကာ အိမ်အနောက်ဘက်သို့ လျှောက်သွားသည်ကို ဝိုးတဝါးတွေ့လိုက်ရသည်။

အမျိုးသမီးတစ်ယောက်၏ ပုံရိပ်ပင်ဖြစ်သည်။

ဆံပင်ရှည်များကို တစ်ပတ်လျှိုထုံးပြီး နောက်သို့ချထားကာ မြန်မာအမျိုးသမီးများ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် သူ့ရှေ့မှ ဖြတ်လျှောက်သွားခြင်းဖြစ်သည်။

မနီးမဝေးရောက်သွားတော့ ပုံရိပ်ကို မမြင်ရသော်လည်း ရေညှိပင်များပေါ်မှာ နင်းလျှောက်သွားသော ခြေရာတို့ကိုတော့ အတိုင်းသား လှမ်းမြင်နေရသည်။





www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်မပါဘဲ ခြေတစ်လှမ်းချင်း နင်းချသွားသောခြေရာများမှာ မျက်နှာပြင်ညီနေသော ရေညှိပင်များပေါ်မှာ တစ်ခုပြီး တစ်ခု ပေါ်လာလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကလည်း လူကို သဲသဲကွဲကွဲ မမြင်ရသော်လည်း လောလောဆယ် နင်းချသွားသော ခြေရာများကို တွေ့နေရသဖြင့် စိတ်ဝင်စားသောကြောင့် နောက်မှ ဆက်လိုက်သွားလေသည်။

တစ်လှမ်းချင်းလျှောက်သွားရာ အိမ်အနောက်ဘက်ရောက်တော့ ရှေ့မှလျှောက်သွားသော ခြေရာများမှာ ပျောက်သွားလေသည်။

ဟိုဟိုဒီဒီ မီးရောင်ဖြင့်ထိုးကြည့်တော့လည်း ဘာမှ မတွေ့ရတော့မှ အိမ်ရှေ့ဘက် ပြန်လျှောက်လာသည်။

သူပြန်လျှောက်လာတော့ နောက်မှ ခြေရာက မပါလာတော့ပေ. . .။

အိမ်ထဲမှာတော့ စုံထောက်ကျော်စွာက မီးအိမ်တစ်လုံးကို မီးထွန်းထားပြီးသောကြောင့် အလင်းရောင်ရနေပေပြီ။ သို့ဖြင့် ဧည့်ခန်းမှာ ဖရိုဖရဲဖြစ်နေသော စားပွဲကုလားထိုင်စသော ပရိဘောဂတို့ကို နေသားတကျ ပြန်ချထားလိုက်ပြီး ကုလားထိုင်တစ်လုံးစီပေါ်တွင် ထိုင်လိုက်ကြသည်။

"ဘာထူးသလဲဆရာ. ."

"အိမ်ဘေးမှာတော့ မိန်းမတစ်ယောက် တွေ့ခဲ့တယ်"

"ကျွန်တော်ကတော့ မီးထွန်းနေရင်းနဲ့ ကြောက်စရာကောင်းတာ တွေ့လိုက်ရတယ်"

"ဘယ်လိုကြောက်စရာမျိုးလဲ"

"ကုလားတစ်ယောက်ပဲ. .၊ အသက်လေးဆယ်ကျော်လောက်ပဲရှိဦးမယ်၊ တစ်ကိုယ်လုံး ရုပ်ပျက်ဆင်းပျက်ပုံသဏ္ဌာန်မျိုးနဲ့ တွေ့လိုက်ရတယ်"

"ဒီအိမ်ကြီးက ကုလားသူဌေးတစ်ယောက်ပိုင်တဲ့အိမ်ပဲ၊ အိမ်ပိုင်ရှင်ကုလားပဲဖြစ်မှာပေါ့၊ ကုလားတစ်ကောင်ရဲ့အိမ်မှာ မြန်မာအမျိုးသမီးတစ်ယောက်က ဘယ်လိုပတ်သက်နေတာလဲ မသိဘူး"

ထိုသို့ပြောနေစဉ်မှာ အတွင်းဘက်မှ လျှောက်သွားသော ခြေသံကြားရသဖြင့် လှမ်းကြည့်လိုက်ကြရာ. . လှေခါးမှ အပေါ်ထပ်သို့ တက်သွားသော အမျိုးသမီးတစ်ယောက်ကို ဝိုးတဝါးလှမ်းမြင်လိုက်ကြရသည်။

"အိမ်နံဘေးမှာတွေ့ခဲ့တာ သူပဲ. .၊ သူကဒီအိမ်ကြီးနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေတဲ့သူပဲဖြစ်ရမယ်၊ သူနဲ့စကားပြောခွင့်ရရင်တော့ အကြောင်းစုံသိရနိုင်တယ်. . ."

ထိုသို့ပြောနေကြစဉ် စားပွဲပေါ်မှာထွန်းထားသော မီးအိမ်က လေမတိုက်ပါဘဲနှင့် သူ့အလိုအလျှောက် ဟုပ်ခနဲ မီးငြိမ်းသွားရာ တစ်အိမ်လုံး မှောင်ကျသွားလေသည်။ ထိုအချိန်မှာပင် ရှေ့ဦးချထားသော ကုလားထိုင်မှာ တစ်စုံတစ်ယောက်က ရွေ့လိုက်သဖြင့် မြည်သွားသောအသံမျိုး ကြားလိုက်ရသည်။

ကြည့်လိုက်တော့ ပထမ ဘာမှမမြင်ရပေ. . .။






www.burmeseclassic.com

www.burmeseclassic.com



နောက်မှ တဖြည်းဖြည်းနှင့် ကုလားထိုင်ပေါ်မှာ ထိုင်နေသော ပုံရိပ်သဏ္ဍာန်ကို မြင်လာရသည်။

ကုလားလူမျိုးတစ်ယောက်ပင်ဖြစ်သည်။

အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး တစ်ကိုယ်လုံးသွေးများစွန်းပေနေသည်။

လည်ပင်းမှာ ဓားဖြင့်လှီးဖြတ်ထားသကဲ့သို့ ထက်ဝက်ခန့်ပြတ်နေရာ တလှုပ်လှုပ်နှင့် ဖြစ်နေသည်။

မတည်မငြိမ်ဖြစ်နေသော ဦးခေါင်းကို ပြုတ်ကျမည် စိုးသဖြင့် လက်ဖြင့်ကိုင်ကာ ဒေါက်တာမင်းထင်ကျော်တို့ကို လှည့်ပြသည်။

မျက်နှာတစ်ခုလုံးမှာလည်း ဓားဖြင့်လှီးဖြတ်ထားဟန်ဖြင့် အစိပ်စိပ်အမွှာမွှာ ကွဲပြနေသည်။

သူ့အမူအရာကြည့်ရသည်မှာ တစ်စုံတစ်ခုကို ပြောချင်နေပုံရသည်။

သို့သော် တစ်စုံတစ်ယောက်က ချုပ်ကိုင်ထိန်းချုပ်ထားဟန်ဖြင့် ပြောခွင့်မသာသော အခြေအနေမျိုး ဖြစ်နေလေသည်။

"ခင်ဗျားဘယ်သူလဲ"

ဒေါက်တာမင်းထင်ကျော်က လေသံခတ်တိုးတိုးဖြင့် မေးလိုက်လေသည်။

ပါးစပ်မှ ပြောခွင့်မရသဖြင့် လည်ပင်းမှ စီးကျနေသော သွေးများကို လက်ညှိုးဖြင့်တို့ကာ စားပွဲပေါ်သို့ စာရေးပြသည်။

"မတ်စတီး"





ဆိုသောစာလုံးပင် ဖြစ်လေသည်။

ထိုသို့ရေးပြပြီးနောက် ဘာမှဆက်မေး၍ မရတော့ဘဲ တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားလေသည်။

ထိုအခါမှ စုံထောက်ကျော်စွာက ပြောသည်။

"မတ်စတီးဆိုတာ တခြားမဟုတ်ဘူးဆရာ၊ ဒီအိမ်ကြီးကို ဆောက်သွားတဲ့ ကုလားသူဌေးပဲ"

"သူဘာဖြစ်လို့ သေတာလဲ"

"အဲဒါလည်း မသိရသေးဘူးဆရာ"

"ဘာပဲဖြစ်ဖြစ် . . ဒီအိမ်နီကြီးမှာတော့ စိတ်ဝင်စားဖို့ကောင်းတဲ့ အဖြစ်အပျက်တွေ ရှိနေပုံရတယ်"

ဟု မှတ်ချက်ချလိုက်ပြီး၊ မီးအိမ်ကို မီးပြန်ထွန်းလိုက်လေသည်။

ထိုအခါ စားပွဲပေါ်မှ သွေးဖြင့်ရေးပြထားသော စာလုံးများမှာလည်း တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားလေသည်။

"ဆန်းတာတော့ အတော်ထူးဆန်းတယ်"

"ပရလောကသားတွေက လူတွေကို အကြောင်းမဲ့တော့ ခြောက်မပေးကြပါဘူး၊ အစားအသောက်လိုချင်လို့ပဲဖြစ်ဖြစ်၊ အမျှအတန်းလိုချင်လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် မှာစရာ ပြောစရာတစ်ခုခု ရှိရင်တော့ အခုလိုပဲ လူတွေနဲ့ လာပြီးဆက်သွယ်လေ့ ရှိကြတယ်"

ဒေါက်တာမင်းထင်ကျော်က စီးကရက်ဗူးကို ထုတ်ယူပြီး တစ်လိပ်ယူပြီးနောက် စုံထောက်ကျော်စွာကို လှမ်းပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာ တစ်လိပ်နှိုက်ယူသည်။ ပြီးမှ စီးကရက်ကို မီးညှိပြီး ဖွာလိုက်ကြသည်။

တကယ်တော့ ဒေါက်တာမင်းထင်ကျော်မှာ စီးကရက်ကြိုက်သူတော့မဟုတ်ပေ။

သို့သော် စဉ်းစားတွေးခေါ်သောနေရာမှာတော့ စီးကရက်ကို ဖွာပြီး စဉ်းစားလျှင် ပိုပြီး ဦးနှောက်သွက်လက်သည်ဟု ယုံကြည်သောကြောင့် အမြဲဆောင်ထားခြင်းဖြစ်ပေသည်။

"ဒါပေမယ့် ဆရာရယ် သူတို့ပုံပန်းသဏ္ဌာန်မြင်ရင်တော့ ကြောက်စရာတွေချည်းပါပဲ"

"ဒါကလည်း ကမ္မဇတ္တိ နည်းနေသေးလို့ပါ၊ ကမ္မဇိတ္တိရှိတဲ့ ပရလောကသားတွေကျတော့လည်း လူတွေနဲ့တွေ့တော့မယ်ဆိုရင် ချောမောလှပအောင် ပြုပြင်လာကြတော့ မြင်တဲ့သူတွေကတောင် သဘောကျကြသေးတယ် မဟုတ်လား"

"ဥစ္စာစောင့်တွေကို ပြောတာမဟုတ်လား ဆရာ"

"ဥစ္စာစောင့်တွေအပါအဝင် ကာမဇိတ္တိရှိတဲ့ ဝေမာနိကပြိတ္တာလောကသားတွေဆိုရင် ဒီလိုပဲ ဖန်ဆင်းနိုင်ကြတယ်. ."

နှစ်ယောက်သား ဧည့်ခန်းမှာထိုင်ပြီး စကားပြောနေကြစဉ် နောက်ထပ်ထူးထူးခြားခြား အခြေအနေမျိုးတော့ မတွေ့ကြရဘဲ အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။

ထိုအခိုက်မှာပင် အပေါ်ထပ်မှ ရှူးရှူးဝါးဝါးအော်သံကို ကြားရလေသည်။





"အား. . . ."

"ကယ်ကြပါဦးရှင်. . ကယ်တော်မူကြပါ. ."

ထိုအသံကြားသည်နှင့် နှစ်ယောက်သား လက်နှိပ်မီးများကိုင်ပြီး အပေါ်ထပ်သို့ ခတ်သုတ်သုတ်တက်သွားကြလေသည်။ အပေါ်ထပ်ရောက်တော့ အခန်းတစ်ခန်းလုံး မှောင်မည်းနေသဖြင့် လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သည်။

အပေါ်ထပ်မှာတော့ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

"အား. . . သေပါပြီရှင်. ."

"ကယ်တော်မူကြပါ. . ကယ်တော်မူကြပါ. ."

ရူးရူးဝါးဝါး အော်သံကိုတော့ ထပ်ကြားရသည်။

အသံကြားရသောအခန်းမှာ တံခါးပိတ်ထားသော အခန်းတစ်ခန်းအတွင်းမှ ဖြစ်သောကြောင့် ထိုနေရာသို့ သွားကြလေသည်။

တံခါးပေါက်ဝရောက်တော့ အထဲမှ အော်သံပျောက်သွားလေသည်။

"သတိထား. . ."

ထိုသို့ပြောပြီး ပိတ်ထားသော တံခါးချပ်ကို တွန်းဖွင့်လိုက်သည်။

အတွင်းမှ ဂျက်မထိုးထားသောကြောင့် တံခါးချပ်က အလွယ်တကူပင် ပွင့်သွားလေသည်။

တံခါးပွင့်သွားတော့ မှန်ချပ်တံခါးမှ ဝင်လာသော အလင်းရောင်ကြောင့် အခန်းတွင်းမှ အခြေအနေကို ဝိုးတဝါး လှမ်း



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်။

မြင်ကွင်းက မကောင်းလှပေ။

ကုတင်ပေါ်မှာ လဲကျနေသော လူတစ်ယောက်ရှိနေသည်။ အသက်(၄၀)ကျော်အရွယ်ခန့်ရှိပြီး မှောက်လျက်အနေအထားမျိုးဖြင့် လဲနေခြင်းဖြစ်သည်။

လည်ပင်းမှာ မားဒဏ်ရာတစ်ခုကြောင့် တဝက်လောက်ပြတ်နေပြီး သွေးများက အိပ်ယာပေါ်သို့ စီးကျနေသည်။ ဖြူဖွေးသော အိပ်ယာခင်းတစ်ခုလုံး သွေးများဖြင့် နစ်နေလေသည်။

ဦးခေါင်းက ဘေးဘက်သို့ လည်ထွက်နေသည်။ ကုတင်နှင့် မနီးမဝေးမှာလည်း သွေးစွန်းနေသော သင်မုန်းဓားတစ်လက်ကို တွေ့ရသည်။

ဆံပင်ရိတ်သော သင်မုန်းဓားဖြင့် လည်ပင်းကိုလှီးချထားခြင်း ဖြစ်ဟန်ရှိသည်။

သို့ကြောင့် ထိုမျှလောက် တိတိရိရိပြတ်ထွက်နေခြင်းဖြစ်ပေမည်။

မြင်ရသောမြင်ကွင်းကတော့ မကောင်းလှပေ။

သို့သော် အခန်းထဲတွင် ထို့ထက်ဆိုးဝါးသော အခြေအနေတစ်ခု ရှိနေသေးသည်။

ကြိုးဆွဲချလျက် သေဆုံးနေသည့် အမျိုးသမီးအလောင်းတစ်လောင်း ရှိနေခြင်းပင်ဖြစ်သည်။

မီးဆိုင်းချိတ်သောချိတ်တွင် ကြိုးတစ်ချောင်းဖြင့်ချိတ်ကာ ကြိုးကွင်းတပ်လျက် ရှုပ်ပျက်ဆင်းပျက် သေဆုံးနေခြင်းဖြစ်





သည်။

ဖက်ကျိုးကာ ဦးခေါင်းငိုက်စိုက် ကျနေသောကြောင့် ဖရိုဖရဲဖြစ်နေသော ဆံပင်ရှည်များက ကိုယ်ခန္ဓာပေါ်သို့ကျနေလေသည်။

တကယ်တော့ သူမကိုယ်ပေါ်မှာရှိသော အဝတ်အစားများမှာ စုတ်ပြဲလျက် ဖရိုဖရဲဖြစ်နေသည်။ တစ်ကိုယ်လုံး ဆံပင်ရှည်များဖုံးထား၍သာ တော်ရော့သည်။

ကြမ်းပြင်ပေါ်တွင် ကုလားထိုင်တစ်လုံးက လဲကျနေပြီး အလောင်းက လေထဲတွင် ဟိုရမ်းဒီရမ်းဖြင့် တွဲလောင်းကြီး ဖြစ်နေလေသည်။

ကြိုးတန်းလန်းဖြစ်နေသော အလောင်းက မကြာသေးခင်ကပင် တစ်ခုခုနှင့် ထိမိသောကြောင့် လှုပ်ယမ်းနေဆဲပင်ရှိနေပြီး သံချိတ်မှာချိတ်ထားသော ကြိုးကွင်းက တကျွိကျွိဖြင့် အသံမြည်နေသည်။

ကုတင်ပေါ်မှာ လဲကျနေသူမှာ သူတို့ကို သွေးဖြင့်နာမည်ရေးပြခဲ့သော မတ်စတီးဆိုသူဖြစ်ပြီး၊ အမျိုးသမီးကတော့ ဒေါက်တာမင်းထင်ကျော် အပြင်ဘက်၌ တွေ့မြင်ခဲ့ရသည့် ဆံပင်ရှည်ဖြင့် အမျိုးသမီးပင်ဖြစ်လေသည်။

"ဒါတွေက ဘာတွေလဲဆရာ"

"သူတို့တတွေ ဒီအိမ်ကြီးပေါ်မှာ ဖြစ်ပျက်ခဲ့ကြတာတွေကို သိစေချင်၊ မြင်စေချင်လို့ ပြတာနေမှာပေါ့"

"ဒါဖြင့် ဒီအိမ်ကြီးပေါ်မှာ အရင်ကတည်းက လူသတ်မှု



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ခဲ့တာပဲပေါ့”

“ဒီလိုပဲဖြစ်မှာပေါ့၊ ကိုကျော်စွာအတွက်တော့ ခေါင်းရှုပ်စရာတွေ ထပ်တိုးလာပြန်ပြီထင်ပါရဲ့”

“ဒါတွေကရော တကယ်ဟုတ်ပဲ့မလားဆရာ”

“ဓာတ်ပုံရိုက်ထားရင်တော့ ဖလင်ပျက်လို့၊ အလင်းအမှောင်မကောင်းလို့ ပုံပျက်ချင်ပျက်ဦးမယ်၊ ပရလောကသားတွေပြတဲ့ မြင်ကွင်းကတော့ ရုပ်ရှင်တွေထဲမှာ မြင်ရတာထက်တောင် ပိုပြီးပီပြင်ဦးမယ်. . .”

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်က တံခါးချပ်ကိုပြန်စေ့ထားလိုက်ပြီးနောက် နှစ်ယောက်သား အောက်ထပ်သို့ပြန်ဆင်းလာကြလေသည်။

အချိန်က ညဉ့်နက်ပိုင်းသို့ ရောက်နေလပြီ။

အပြင်ဘက်မှာတော့ အမှောင်ထုများ ဖုံးလွှမ်းနေကာတိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ထိုအချိန်တွင် အချိန်အခါမဟုတ် မိုးက တဖွဲဖွဲရွာသွန်းလျက် ရှိနေလေတော့သည်။









## အခန်း [ ၆ ]

# ရင်ပြင်တော်ပေါ်မှ လျှို့ဝှက်သောနေရာများ

တစ်နေ့သည် နံနက်ပိုင်းအချိန်တွင် ရွှေတိဂုံစေတီတော်ကြီးမြောက်ဘက် တောင်ကုန်းများ၌ရှိသော အုတ်လှေခါးထစ်များအတိုင်း ဖိုးသူတော်ကြီးတစ်ယောက် ခြေလှမ်းမှန်မှန်ဖြင့်တက်လာလေသည်။

ထမ်းပိုးကိုထမ်းလျက်ဖြင့် တောင်းတစ်လုံးနှင့် လွယ်အိတ်ဟောင်းကြီးတစ်လုံးကို ရှေ့နောက်ချိတ်ဆွဲထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတပ်ထားသော ခံတောင်းထဲမှာတော့ ဆန်၊ ပေါက်ပေါက်ဆုပ်၊ မုန့် စသော အလှူခံ၍ရသော ပစ္စည်းအချို့ ပါလာလေသည်။ ဖိုးသူတော်ကြီးမှာ ကိုယ်ခန္ဓာက ပဖိုင့်လှသဖြင့် သာမန်မြေညီလမ်းများ လျှောက်သွားနေသောအခါမှ မသိသာလှသော်လည်း တောင်တက်လမ်းများ တက်သောအခါမှာတော့ များစွာမောပန်းမှု ဖြစ်လေသည်။

ဂဝံအုတ်ခဲများဖြင့် စီစဉ်ထားသော တောင်တက်လမ်းအတိုင်း ဖြေးဖြေးမှန်မှန်ဖြင့် တက်လာရာ အုတ်ရေတွင်းဟောင်းတစ်လုံးရှိသောနေရာသို့ ရောက်သောအခါ ခဏထိုင်နားရသေးသည်။

ထိုရေတွင်းမှ ရေသည် သိဒ္ဓိရှိသည်ဟု ယူဆသူများက လာရောက်ခပ်ယူကာ ဆေးဝါးအဖြစ် အသုံးပြုကြသောရေတွင်းဖြစ်သည်။

ထိုနေရာမှ ခဏထိုင်နားရင်းနှင့် ပါလာသော ကွမ်းယာတစ်ယာကို ပါးစပ်ထဲထည့်ပြီး ဝါးလိုက်တော့မှ မောပန်းနေမှုများ ပြေပျောက်သလောက် ဖြစ်သွားလေတော့သည်။

အတန်ကြာတော့မှ ရှေ့သို့ဆက်တက်သွားသည်။

ဤသို့ဖြင့် တဖြည်းဖြည်းချင်း တက်သွားရာ နေအတော်မြင့်သည့်အချိန် ရောက်သောအခါ စေတီတော်ကြီး၏ မြောက်ဘက်စောင်းတန်းရှိသော နေရာဘက်သို့ ရောက်သွားခဲ့လေသည်။

(၁၉၃၀)ခုနှစ်ဝန်းကျင်လောက်က မြောက်ဘက်စောင်း





တန်းရှိသော နေရာဘက်မှာ လူသွားလူလာ သိပ်မများဘဲ ကျဲကျဲပါးပါးသာ ရှိလေသည်။

ဘာသာရေးနှင့် သက်ဆိုင်သောနေရာများတွင် လူသူအသွားအလာ နည်းပါးရခြင်းအကြောင်းရင်းမှာ တိုင်းပြည်အခြေအနေ မငြိမ်မသက်ဖြစ်နေသည့် အကြောင်းအချက်လည်း ပါဝင်လေသည်။

ထိုအကြောင်းအရာဖြင့် (၁၉၃၀)ပြည့်နှစ်၊ မေလ(၅) ရက်နေ့တွင် လှုပ်သော မြေငလျင်ကြီးဒဏ်ကြောင့် ရန်ကုန်နှင့် ပဲခူးမြို့တို့တွင် တိုက်အိမ်အတော်များများ ပြိုပျက်ခဲ့ရပြီး . လူပေါင်း (၅၀၀)ကျော် သေကြေပျက်စီးခဲ့ရသည်။

ရွှေတိဂုံစေတီတော်ကြီး စိန်ဖူးကျိုးကာ တပ်ဆင်ထားသော ရွှေငွေရတနာပစ္စည်းများက နေရာအနှံ့သို့ ပြုတ်ကျခဲ့လေသည်။

ကောက်ရသူများက အချို့လည်း ပြန်ပေးကြသည်။

အချို့လည်း ကိုယ်ကံကြောင့်ရသည်ဟုဆိုကာ ပြန်မပေးဘဲနှင့် ယူသွားကြသူများလည်းရှိသည်။

သို့ကြောင့် သက်ဆိုင်ရာ ဂေါပကလူကြီးမင်းများအပြင် အင်္ဂလိပ်တို့ စေလွှတ်ထားသော စီမံအုပ်ချုပ်သူများနှင့် ရုပ်ဖျက်ထားသော စုံထောက်နှင့် ပုလိပ်အချို့လည်း ရင်ပြင်တော် နေရာအနှံ့အပြားတို့တွင် ရှိနေကြသည်။

ထိုသူများရှိနေကြခြင်း အကြောင်းရင်းကတော့ ရွှေတိဂုံစေတီတော် စိန်ဖူးတော်ကျိုးသော အကြောင်းကိစ္စနှင့်တော့ မ



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်လှပေ. . ။

(၁၉၃၀)ပြည့်နှစ်၊ ဇွန်လ(၂၄)ရက်နေ့တွင် ရန်ကုန်ဗဟို ထောင်ကြီး အုံကြွမှုဖြစ်ရာ စစ်ပုလိပ်များက ရက်စက်စွာနှိပ်နင်း ခဲ့သဖြင့် အကျဉ်းသား(၃၆)ဦး သေဆုံးပြီး၊ (၆၀)ဦးခန့် ဒဏ်ရာ အပြင်းအထန် ရခဲ့လေသည်။

ထို့ကြောင့်ရန်ကုန်တစ်မြို့လုံး စစ်ပုလိပ်တို့က ဘုရား ပေါ်မှာပါမကျန် မျက်စိဒေါက်ထောက် ကြည့်နေခဲ့ကြခြင်း ဖြစ် ပေသည်။

(၁၉၃၀)ခု ဇူလိုင်လ (၁၉)ရက်နေ့မှာတော့ ဝိုင်အမ်ဘီ ရေးစပ်သည့် 'တို့ဗမာ'သီချင်းကို ရန်ကုန်တက္ကသိုလ် သထုံ ဆောင် သဟာယနှင့် စာဖတ်ခန်းတွင် ပထမဆုံး သီဆိုခဲ့ကြပြီး နောက်၊ ဇူလိုင်လ (၃၀)ရက်နေ့တွင် ရွှေတိဂုံစေတီတော် ရာဟု ထောင့် ဇရပ်တွင် သီဆိုကြပြန်သဖြင့် အင်္ဂလိပ်တို့၏ စစ်ပုလိပ် များ ရင်ပြင်တော်ပေါ်တွင် ခြေရှုပ်နေကြခြင်းဖြစ်သည်။

သူတို့အနေဖြင့် ရွှေတိဂုံရင်ပြင်တော်ပေါ်သို့ ဘုရားဖူး များတက်လာကြသည်ကိုပင် မနှစ်သက်ကြပေ။

လူစုလူဝေးဖြင့်လာလျှင်တော့ မျက်စိဒေါက်ထောက် ကြည့်နေပြီး လိုအပ်ပါက ဖမ်းဆီးထိန်းသိမ်းရန်လည်း အဆင် သင့်ပြင်ဆင်ထားကြလေသည်။

ရင်ပြင်တော်ပေါ်မှာတော့ ပြည်သူလူထု သဘောကျ ရွှေးချယ်တင်မြှောက်ထားသော ဂေါပကလူကြီးများအပြင် ဂေါပ ကအယောင်ဆောင်ထားသော အခြားသူအချို့လည်း ရှိနေကြ





သည်။

'ကြက်တူရွေးကတော်တော်၊ မယ်တော်ကကဲကဲ' ဆိုသ ကဲ့သို့ ဗုဒ္ဓဘာသာဝင်မဟုတ်သော တိုင်းတစ်ပါးသားများထက်၊ ၎င်းတို့ကို အမှီပြုပြီး အာဏာရရန်၊ ကြီးပွားချမ်းသာရန် ကြိုးစား အားထုတ်နေကြသော တိုင်းရင်းသားအချို့နှင့်၊ အမေကိုကျော် ပြီး ဒွေးဒေါ်လွမ်းတတ်သော ဗမာလူမျိုးအချို့က ပိုဆိုးနေကြ လေသည်။

ဖိုးသူတော်ကြီးသည် ဘုရားရင်ပြင်ပေါ်ရောက်သော အခါ ခေတ္တနားပြီးမှ သင့်တော်သောနေရာတွင် ပစ္စည်းများချပြီး ဘုရားရှိခိုးရန် ပြင်လေသည်။

ဖိုးသူတော်ကြီး အနေဖြင့် ရွှေတိဂုံရင်ပြင်ပေါ်သို့ တက် လာသောအကြောင်းမှာ 'နဝင်းသုံးစုံအဓိဋ္ဌာန်' ဝင်ရန်အတွက် ဝင်ဖြစ်လေသည်။

ထိုအဓိဋ္ဌာန်ဝင်လျှင်တော့ တစ်ရက်နှင့်မပြီးနိုင်ပေ. . ၊ အနည်းဆုံး သုံးရက်လောက်တော့ အချိန်ယူရပေမည်။ သို့သော် အဓိဋ္ဌာန် မဝင်ခင်မှာပင် အနှောင့်အယှက်က အရင်ဝင်လာလေ တော့သည်။

တိုက်ပုံအကျီ၊ ပုဆိုးနှင့် ခေါင်းပေါင်းတို့ကို ဝတ်ဆင် ထားသော အသားမည်းမည်းနှင့် လူကြီးတစ်ယောက် ရောက် လာလေသည်။

စူထွက်နေသော ဗိုက်တွင်ဝတ်ထားသောပုဆိုးကို ကျွတ် မကျစေရန် ခါးပတ်ဖြင့်ပတ်ထားပြီး၊ ရွှေကြိုးတပ်ထားသော နာရီ



www.burmeseclassic.com

www.burmeseclassic.com



ကို တိုက်ပုံအင်္ကျီအိတ်ထဲ ထည့်ထားလေသည်။

ညာဘက်တွင် တောင်ဝှေးတစ်ချောင်း ကိုင်ထားပြီး ဘယ်ဘက်မှာတော့ ဆေးပြင်းလိပ်တစ်လိပ်ကို ဟန်ပါပါ ညှပ်ထားလေသည်။

အနားရောက်သည်နှင့် ထိုလူကြီးက လေသံမာမာဖြင့် ပြောလေသည်။

"ဖိုးသူတော်ကြီး ဘုရားပေါ်မှာ အလှူခံလို့မရဘူး"

ထိုအသံကြောင့် ဘုရားရှိခိုးနေခြင်းကိုရပ်ပြီး တစ်ချက် မော့ကြည့်သည်။

"ဘယ်မှာအလှူခံနေလို့လဲ. . ဘုရားရှိခိုးနေတာ မမြင် ဘူးလား"

"မြင်တော့မြင်တာပေါ့။ ဒါပေမယ့်. . ပြီးတာနဲ့ ရင်ပြင် တော်လှည့်ပြီး အလှူခံမှာ မဟုတ်လား"

"အဲဒါ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ ကျုပ်က ဒီဘုရားပေါ်မှာ စောင့်ရှောက်ဖို့ သခင်ကြီးတွေက တာဝန်နဲ့စေလွှတ်ထားတဲ့သူပဲ"

ထိုလူကြီးက လွန်စွာဂုဏ်ယူသော လေသံမျိုးဖြင့်ပြော လိုက်လေသည်။

"ဒါဖြင့် ခင်ဗျားက အင်္ဂလိပ်တွေရဲ့ကျွန်ပေါ့၊ အင်္ဂလိပ် တွေခိုင်းတဲ့အတိုင်း ဘုရားပေါ်လာပြီး စောင့်ရှောက်ပေးနေရ တာဆိုတော့ ဘုရားကျွန်ပေါ့"

"ဘာစကားပြောတာလဲ"





'ဘုရားကျွန်'ဆိုသော စကားကြောင့် ထိုလူကြီးမှာ မျက် နှာပျက်သွားပြီး ရှုံ့ရှုံ့ရှားရှားနှင့် ဒေါသဖြစ်သွားဟန်လည်းရှိ လေသည်။ ဖိုးသူတော်ကြီးကတော့ ထိုလူကြီးကို တစ်ချက်က လေးမှ ဂရုမစိုက်ပဲ အေးအေးဆေးဆေး အမူအရာပင် ရှိနေလေ သည်။

"ဘုရားကျွန်ဆိုတာ အခုမှ ပေါ်တာမှမဟုတ်တာ၊ ဘာ များစိတ်ဆိုးစရာရှိလို့လဲ၊ ဟိုလွန်ခဲ့တဲ့နှစ်ပေါင်း (၈၀၀)လောက် တတည်းက ပုဂံပြည်မှာရှိခဲ့တာပဲ"

'ပုဂံမင်းသား'ဆိုတာ ဘုရားကျွန်တွေရဲ့ အကြီးအမှူး တိုခေါ်တာ. . ."

ထိုလူကြီးက မျက်လုံးပြူးကြီးဖြင့် ကြည့်နေလေသည်။

"ခင်ဗျားက ဘုရားကျွန်ဆိုတာနဲ့ အတော်ကလေး ဒေါ သဖြစ်နေပုံရတယ်၊ ဘုရားကျွန်ဆိုတာ ဘုရားမှာနေပြီး တောင်း ရမ်းစားသောက်နေတဲ့ ကယ်ပါတွေ၊ နူနာရောဂါသည်တွေကို ပြောတာမဟုတ်ပါဘူးဗျာ၊ ပုဂံခေတ်က တစ်ရွာလုံး၊ တစ်ဆွေလုံး တစ်မျိုးလုံး ဘုရားကျွန်အဖြစ် လှူတာတွေ ရှိခဲ့ပါတယ်၊ အဲဒါတွေ ရော ကြားဖူးရဲ့လား"

"အို ဒီအကြောင်းတွေကို သိလည်းမသိဘူး၊ သိလည်း မသိချင်ပါဘူး"

"မိတ်ဆွေကြီးက ဘုရားပေါ်လာပြီး သူတစ်ပါးခိုင်းတဲ့ အတိုင်း ဘုရားကျွန်လုပ်နေပြီးမှ ဒီအကြောင်းပြောတော့လည်း မကြိုက်ဘူး၊ ဘုရားကျွန်လို့ပြောတာနဲ့ ခင်ဗျားဂုဏ်မငယ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ နရပတိစည်သူမင်းလက်ထက်က အဘိနန္ဒသူအမတ်ဆိုရင် တိုင်ချွတ်ဘုရားကို ရွှေချပြီး၊ သူကိုယ်တိုင်သာမကဘူး မယားနဲ့ သားနှစ်ယောက်ကိုပါ ဘုရားကျွန်အဖြစ် ကိုယ်တိုင်လှူတာတွေ တောင်ရှိပါတယ်၊ ဒါကြောင့် ဘုရားကျွန်ဖြစ်ရတာ ဂုဏ်ငယ် တယ်လို့ မထင်ပါနဲ့"

ထိုသို့ပြောလေရာ အနားမှာရပ်နေသောလူကြီးမှာ မီးမ ရှိသော ဆေးပြင်းလိပ်ကိုဖွာလိုက်၊ လက်ထဲမှာ ကိုင်ထားသော တုတ်ကောက်ကို တဆဆလုပ်လိုက်နှင့် ဒေါသအကြီးအကျယ် ဖြစ်နေလေသည်။

ဘယ်လောက်ဒေါသဖြစ်နေသလဲဆိုလျှင် နှာခေါင်းမှ တရှုးရှုးတရှဲရှဲနှင့် အသက်ရှူသံပြင်းပြင်းကိုပင် အတိုင်းသား ကြားနေရသည်။

"ခင်ဗျားအနေနဲ့ အင်္ဂလိပ်ကျွန်ဖြစ်နေတာထက်၊ ဘုရား ကျွန်ဖြစ်ရတာ ပိုမကောင်းပေဘူးလား"

"တော်ဗျာ. . ."

သို့သော်လည်း ဖိုးသူတော်ကြီးကိုတော့ ဘာမှမလုပ်ဝံ့ ပေ၊ သာမန်လူတစ်ယောက်ဆိုလျှင်တော့ ယခုလောက်ဆိုပါက တုတ်ကောက်ဖြင့် ရိုက်ပြီးနေလောက်ပြီ။

ဗမာလူမျိုးတို့သည် ဘာသာတရားကို အလေးထားသူ များဖြစ်ရာ တခြားကိစ္စမျိုး၌သာ ခေါင်းငုံ့ပြီး သည်းခံတတ်သော် လည်း ဘာသာတရားနှင့် ပတ်သက်လာလျှင်တော့ သည်းမခံ တတ်ကြပေ။





သို့ကြောင့် ဖိုးသူတော်ကြီးကို မထိဝံ့ခြင်းဖြစ်လေသည်။

"ဘုရားကျွန်တွေနဲ့ ပတ်သက်ပြီး နောက်ထပ်သိချင်တာ တွေရှိသေးရင်တော့ နောက်မှပြောပြတော့မယ်"

"တော်ပြီ. . တော်ပြီ၊ သိလည်းမသိချင်တော့ဘူး၊ ကြား လည်းမကြားချင်တော့ဘူး၊ ခင်ဗျားကိုလည်း နောက်ထပ်မတွေ့ ချင်တော့ဘူး၊ ဘုရားရှိခိုးပြီးရင် မြန်မြန်သာ ပြန်ဆင်းသွားပေ တော့၊ ကျုပ်နာမည်က ဦးကျောက်လုံးတဲ့၊ နောက်တစ်ခါ ကျုပ်နဲ့ ထပ်တွေ့လို့ကတော့ မလွယ်ဘူးသာမှတ်ပေတော့"

ဟု ဒေါသတကြီးဖြင့်ပြောဆိုကာ ဦးကျောက်လုံးဆို သော လူကြီးက ထိုနေရာမှ ထွက်သွားလေတော့သည်။

ဖိုးသူတော်ကြီးလည်း ထိုအခါမှပင် ဘုရားကို ဖြောင့်စွာ ရှိခိုးနိုင်လေသည်။

သူ့အနေဖြင့် နဝင်းသုံးစုံ အဓိဋ္ဌာန်စဝင်ရန်အတွက် ဘုရားရှိခိုးနေရာ ဦးကျောက်လုံးဆိုသောလူကြီး ရောက်လာပြီး အနှောင့်အယှက်ပေးနေသောကြောင့် မပြီးနိုင်ပဲရှိနေလေသည်။

အတန်ကြာတော့မှ ဘုရားရှိခိုးခြင်းပြီးသွားရာ ထိုအ ခိုက်မှာပင် သူ့အနားသို့ လူတစ်ယောက် ရောက်လာပြန်လေ သည်။ အသားညိုညို၊ ကိုယ်လုံးကိုယ်ထည်ဝင်တိုတိုနှင့် ကတုံး ပြောင်အောင် တုံးထားလေသည်။

အညိုရောင်အင်္ကျီနှင့် ပုဆိုးကို ဝတ်ဆင်ထားပြီး ပုတီး တစ်ကုံးကို လည်ပင်းမှာဆွဲထားလေသည်။

ထိုလူကြီးက ဖိုးသူတော်အနားမှာ ဝင်ထိုင်ရင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကျုပ်တို့တိုင်းပြည်လည်း တစ်ပါးကျွန်ဘဝ ရောက်နေရတာထက်၊ အမေကျော် ဒွေးတော်လွမ်းနေတဲ့သူတွေကြောင့် ပိုဆိုးနေတယ်၊ သူတို့ကြောင့် ဘုရားတောင် ဖြောင့်ဖြောင့် မရှိခိုးရဘူးဖြစ်နေတယ်"

ဖိုးသူတော်ကြီးက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"အမှန်ပေါ့၊ သူတို့က ပထွေးအဖေခေါ်ပြီး ကြီးပွားချမ်းသာချင်နေကြတော့ ကြက်တူရွေးကတော်တော် မယ်ဘော်ကပိုကဲနေကြတာပေါ့ဗျာ. .၊ ဒါထက် မိတ်ဆွေကြီးလည်း ဘုရားပေါ်မှာ အမိဋ္ဌာန်ဝင်မလို့ ရောက်နေတယ်ထင်ပါရဲ့"

"ဟုတ်ပါတယ်၊ ကျုပ်နာမည်က ဦးဗန်ကောင်းလို့ ခေါ်ပါတယ်၊ ဘုရားပေါ်မှာ အမိဋ္ဌာန်ဝင်မယ့်အရေး ဟိုနေရာမှာ မနေရဘူး၊ ဒီနေရာမှာ မဝင်ရဘူးနဲ့ အမျိုးမျိုးနှောင့်ယှက်နေကြလို့ဗျာ. . ."

ဦးဗန်ကောင်းက စိတ်ပျက်ပျက်ဖြစ်နေသော အသံဖြင့် ပြောလိုက်သည်။

"ဒီလိုပေါ့၊ ဘယ်နေရာမဆို ဘယ်အလုပ်မဆို အနှောင့်အယှက်ကတော့ ရှိတာပေါ့၊ ကိုယ့်အလုပ်ကိုယ် ဖြစ်အောင်လုပ်ဖို့ကသာ အရေးကြီးတယ်"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြပြီး လွယ်အိတ်ထဲမှ ကွမ်းထုပ်ကိုထုတ်ယူပြီး သွပါးစပ်ထဲသို့ ကွမ်းတစ်ယာထည့်ပြီး ဖိုးသူတော်ကြီးကို ကွမ်းတစ်ယာလှမ်းပေးရာ ယူပြီးစားလေ





သည်။

"ဒါထက် မေးပါရစေဦး၊ ဦးသူတော်လည်း အမိဋ္ဌာန်ဝင်ဖို့ လာတာမဟုတ်လား၊ ဘယ်လိုအမိဋ္ဌာန်မျိုး ဝင်မှာလဲ. . တဆိတ်လောက်သိပါရစေ. . ."

ဟုမေးလိုက်သည်။

"နဝင်သုံးစုံ ရွှေတိဂုံ အမိဋ္ဌာန်ဝင်မှာ. ."

"စိတ်ဝင်စားစရာပဲ ကျုပ်လည်းသိပါရစေ. . ."

"နောက်တော့ ပြောပြရတာပေါ့၊ ခင်ဗျားလည်း အမိဋ္ဌာန်ဝင်နေတဲ့သူဆိုတော့ ဒီဘုရားရင်ပြင်တော်ပေါ်မှာရှိတဲ့ ထူးထူးခြားခြားနေရာလေးတွေတော့ သိမှာပေါ့"

"ကျုပ်က ကြားတောရလမ်းက ဘုန်းကြီးကျောင်းဝန်းတစ်ခုထဲမှာ နေတာပါ၊ ဘုရားပေါ်လည်း နေ့တိုင်းလိုလိုရောက်ပါတယ်၊ ဒါကြောင့် အတော်များများတော့ သိတန်သရွေ့ သိပါတယ်"

"ပြောပါဦး၊ ဒီကုန်းတော်ပေါ်မှာ ဘာသာရေးဆောင်ရွက်ဖို့ ဖွဲ့ထားတဲ့အသင်းအဖွဲ့တွေ ဘယ်လောက်ရှိသလဲ"

"အခုထိတော့ (၅၀)ကျော်လောက်ရှိတယ်၊ ထပ်ပြီးလျှောက်ထားတာတွေလည်း ရှိသေးတယ်၊ အသင်းအဖွဲ့တွေတန်ဆောင်းတွေထဲမှာ ပထမဆုံး တည်ထောင်တဲ့ တန်ဆောင်းက ပုညကုသလ ဗဟုကုရအသင်းလို့ခေါ်တဲ့ စီအမ်အေ တန်ဆောင်းပေါ့ဗျာ. .၊ (၁၈၉၈)ခုနှစ်မှာ အစောဆုံး ပေါ်လာတဲ့ အသင်းအဖွဲ့ပေါ့၊ တန်ဆောင်းက ရွှေတိဂုံစေတီ စနေထောင့်မှာ

www.burmeseclassic.com



ရှိတယ်"

ဖိုးသူတော်ကြီးက ကွမ်းဝါးနေရင်းမှ ခေါင်းညိတ်ပြ သည်။

"ဒါအပြင် ရွှေတိဂုံစေတီတော်ကြီးရဲ့ ပထမဆုံး ကုသိုလ် အကျိုးဆောင်တွေကိုတောင် မှတ်သားထားပါသေးတယ်၊ အခု အခေါ် အဝေါ် အရဆိုရင်တော့ ဂေါပကအဖွဲ့လို့ ခေါ် ရမှာပေါ့"

သက္ကရာဇ် (၁၂၁၄)ခုနှစ်တွင် ရွှေတိဂုံစေတီတော်ကြီးရှိ ရာ ရန်ကုန်မြို့တစ်မြို့လုံး အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ ကြရသည်။

ထိုအခါ စေတီတော်ကြီးကို ထိမ်းသိမ်းစောင့်ရှောက်ရန် စစ်ကဲဦးထော်လေးက ဦးဆောင်ပြီး စီမံဆောင်ရွက်လေသည်။ တောရဆရာတော်ကြီး ဦးပြားအပါအဝင် ကုသိုလ်အကျိုးဆောင် များကို ခေါ် ယူဖွဲ့စည်းခဲ့ပေသည်။

(၁) ဦးမောင်ကလေး — ရန်ကုန်မြို့ ကုန်သေးတန်းရပ်နေ အငှားတိုက်တန်ဆောင်ဒါယကာကြီး

(၂) ဦးဖူး — ကျောက်တံတားရပ်နေ ကျောင်းဒါ ယကာကြီး၊

(၃) ဦးရွှေသွယ် — စာဆိုတန်းရပ်နေ ကုန်တော်တောင် ဘက်စောင်းတန်း ဒါယကာကြီး၊

(၄) ဦးတိုးညှင်း — ကုန်းသေးတန်းရပ်နေ တန်ဆောင်း ဒါယကာကြီး၊

(၅) ဦးဘိုကြီး — ပုဆိုးတန်းရပ်နေ အငှားတိုက်ကျောင်း





ဒါယကာကြီး၊

(၆) ဦးဖော့ကြီး — ကုန်သေးတန်းရပ်နေ သိမ်ကြီးဒါယကာကြီး၊

တို့အပြင် နောက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ကြီးအား တန်ဆောင်းကြီးနှင့် ဥယျာဉ်ခြံမြေလှူဒါန်းသော ဦးကွယ်အိုး နှင့် ပုဇွန်တောင်ရပ်နေ ကျောင်းဒကာကြီး ဦးရောင်းတို့အား ဘဏ္ဍာတော်ထိန်းလူကြီးများအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြ လေသည်။

ဦးဇန်ကောင်းက မှတ်သားထားသော အချက်အချို့ကို ပြန်ပြောပြလေရာ ဖိုးသူတော်ကြီးက များစွာသဘောကျသွား တန် ရှိလေသည်။

"တယ်လည်း အမှတ်အသားကောင်းတဲ့လူပါလား၊ တ ဆက်တည်း ရင်ပြင်တော်ပေါ် မှာရှိတဲ့ ထူးထူးခြားခြား နေရာ လေးတွေ သိတာရှိရင် ပြောပြပါဦး"

"ဦးသူတော်ကြီး အဓိဋ္ဌာန်ဝင်မယ့် နဝင်းသုံးစုံ ရွှေတိဂုံ နေရာတွေက ဘယ်နေရာတွေဆိုတာ မသိသေးပေမယ့် ဒီကုန်း တော်ပေါ် မှာ ထူးခြားတဲ့(၉)နေရာတော့ ရှိသေးတယ်ဗျ၊ မဟာ ဗန္ဓာရီလမ်းစဉ် လိုက်စားတဲ့သူတွေ စိတ်ဝင်စားတဲ့ နေရာတွေ ပေါ့"

"ပြောပါဦး မှတ်သားထားပါရစေ"

ဦးဇန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးနေရာမှ သူမှတ်သား ထားသည့် ထူးထူးခြားခြား (၉)နေရာကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာများမှာ. . .

(၁) စနေထောင့် အထက်ပစ္စယံထောင့်စွန်းတစ်နေရာ၌ တပ်ဆင်ထားသော ဥက္ကလာပမင်းကြီး၏ မိဘနှစ်ပါး ဖြစ်ကြသည့် သိကြားမင်းနှင့် မယ်လမုရုပ်တု၊

(၂) ရာဟုထောင့်အထက်ပစ္စယံထောင့်စွန်း၌ တပ်ဆင်ထားသော ဘုရားဒါယကာ ဥက္ကလာပမင်းကြီး၏ ရုပ်တု၊

(၃) ရွှေတိဂုံရင်ပြင်တော် အရှေ့ဘက်၌ရှိသော ရှင်မထီးရု

(၄) အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက် အာရုံခံတန်ဆောင်ထဲမှာရှိသော ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပ၊ ဂေါတမမြတ်စွာဘုရား ရုပ်ပွားတော်လေးဆူ၊

(၅) တောင်ဘက်မုခ် အင်္ဂါထောင့်ကြားမှာရှိသော ဗြဟ္မာ သားပိုက်ရုပ်တု၊ ကြာပိုက်ထားသော ဗြဟ္မာနှင့် သားပိုက်ထားသော ဗြဟ္မာရုပ်ရှိသဖြင့် 'ကြာပိုက် သားပိုက်' ဟုလည်း ခေါ်သည်။

(၆) တောင်ဘက်မုခ် ခြေသေ့်ကြီးများ အနောက်၌ရှိသော ဘီလူးရုပ်တု၊

(၇) ၄င်းနေရာတစ်ဝိုက်မှာပင်ရှိသော ဇောဂျီနှင့် သူယောင်မယ်ရုပ်တု၊

(၈) တနင်္ဂနွေထောင့်၌ရှိသော နှစ်ကျိပ်ရှစ်ဆူသိမ်တော်

(၉) အထက်ပစ္စယံစနေထောင့်၌ရှိသော တောက်တဲ့ရုပ်စသောနေရာ ၉ နေရာပင်ဖြစ်သည်။





"ဒီလိုထူးထူးဆန်းဆန်းလေးတွေ မှတ်သားထားတော့လည်း နောက်လူတွေ ရှာချင်တော့ လွယ်ကူသွားတာပေါ့ဗျာ"

"ဒါထက် ဦးသူတော်ကြီးကရော နဝင်းသုံးစုံ အဓိဋ္ဌာန်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ ဝင်မှာလဲ"

"ကျုပ်က ဘုရားရောက်တိုင်း ဝင်တာပါပဲ၊ ဒါပေမယ့် ဒီတစ်ခေါက်တော့ သိဒ္ဓိရှိတဲ့ အစီအရင်မျိုး ဝင်ရမယ်ထင်တယ်"

"ဘယ်လို အစီအရင်မျိုးလဲ"

"အကြောင်းရှိရင် သုံးလို့ရနိုင်တဲ့ ဆေးဝါး၊ ရုပ်တုနဲ့ အင်းအစီအရင်တွေပေါ့ဗျာ၊ ပထမတော့ စိတ်ကူးမရှိပါဘူး၊ ဒီရောက်တော့မှ အိမ်ကြီးတစ်အိမ်မှာ တစ်ညတည်းမိလိုက်တာ၊ ဒီအစီအရင်တွေ လိုလာတယ်လို့ သဘောပေါက်တာနဲ့ အဓိဋ္ဌာန်ဝင်းရင်းနဲ့ပဲ တစ်ခါတည်းလုပ်လိုက်တော့မယ်လေ. ."

"ဒီလိုဆိုရင်တော့ အဆင်ပြေပြီ၊ ကျုပ်လည်း ဆေးဝါးအစီအရင်တွေ ဝါသနာပါတော့ ဦးသူတော်ကြီးနဲ့အတူတူ အဓိဋ္ဌာန်ဝင်ပါစေ. . ."

"ဝင်ကြတာပေ့ါ၊ ဒါပေမယ့် ဒီအဓိဋ္ဌာန်က တစ်ရက်နဲ့မရဘူး၊ သုံးရက်လောက်တော့ကြာမယ်၊ ဒီဘုရားပေါ်မှာ ညအိပ်ညဉ့်နေ မနေရဘူးဆိုတော့ ဘယ်လိုလုပ်မလဲ"

"စိတ်မပူပါနဲ့ ကျုပ်က တစ်ယောက်တည်းနေတာဆိုတော့ အိမ်မှာသာ လိုက်တည်းပါ၊ ကြိုက်သလောက်နေထိုင်နိုင်ပါတယ်"

ဟု ပြောရာ ဖိုးသူတော်ကြီးလည်း များစွာကျေနပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ဟန် ရှိလေသည်။

ထို့နောက်. . . အမိဌာန်စတင်ဝင်ရန်အတွက် ပြင်ဆင်ကြလေသည်။









## အခန်း [ ၇ ]

# နဝင်းသုံးစုံရွှေတိဂုံ အမိဌာန်ကျင့်စဉ်

ရွှေတိဂုံစေတီတော်ကြီးပေါ်သို့ လူတိုင်းရောက်ဖူးကြပေလိမ့်မည်။ အချို့က သာမန်ဘုရားဖူးရန်အတွက် သွားရောက်ကြသည်။ အချို့ကတော့ အမိဌာန်ဝင်ရန်အတွက် သွားရောက်ကြခြင်း ဖြစ်ပေသည်။

အမိဌာန်ဝင်ကြသည့် နေရာမှာလည်း သာမန်အမိဌာန်ဝင်သူများရှိသလို အမိဌာန်ကြီး ဝင်သူများလည်း ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမိဌာန်ကြီးဝင်သူများမှာ (၉)နေရာ၊ (၁၈)နေရာ၊ (၂၇)နေရာ ဆို၍ နေရာစွဲပြီး အမိဌာန်ဝင်ကြသည်။

ယခုရေးသားဖော်ပြသော နဝင်းသုံးစုံ (၂၇)နေရာပြည့် အောင် အမိဌာန်ဝင်ပါက များစွာအကျိုးကျေးဇူး ရရှိနိုင်ပေသည်။

အမိဌာန်အောင်မြင်ပြီးမြောက်နေ့ အချိန်တွင် မိမိအ လိုရှိသော ဆု(၃)ဆုကို တောင်းယူနိုင်ပါက ပြည့်စုံရရှိနိုင်ပေ သည်။

သို့သော် ဆုတောင်းယူသောနေရာမှာတော့ မထိုက် တန်သောဆု၊ မတောင်းယူအပ်သောဆုနှင့် အပြစ်မကင်းသော ဆုမျိုး တောင်းယူခြင်းမှ ရှောင်ကြဉ်ကြရပေသည်။

ထိုဆုမျိုး တောင်းယူလျှင်တော့ ရမည်မဟုတ်ပေ။ နဝင်း သုံးစုံအမိဌာန်တွင် ဂုဏ်တော်ကိုးပါးနှင့် (၂၄)ပစ္စည်းပဋ္ဌာန်း တရားတော်တို့ဖြင့် ပုတီးစိပ်ခြင်း၊ ရွတ်ဆိုပူဇော်ခြင်းများ ပြုပါက များစွာအကျိုးကျေးဇူး ရနိုင်ပေသည်။

နဝင်းသုံးစုံအမိဌာန်ဝင်ရမည့်နေရာတို့ကို ပြည့်စုံစွာ ဖော်ပြပေးလိုက်ပါသည်။

ရွှေတိဂုံစေတီတော်သည် ရန်ကုန်မြို့၊ သိင်္ဂုတ္တရကုန်း တော်ပေါ်တွင် တည်ရှိပါသည်။

သိင်္ဂုတ္တရကုန်းတော်သည် ဟိမဝန္တာတောင်မှ တောင် ဘက်သို့ ဖြာထွက်သွယ်တန်းဆင်းလာသော တောင်ကြော၏ အစွန်းဆုံး (၉၉)လုံးမြောက် တောင်ကုန်းဖြစ်သည်။

နဝင်းကြော၊ တြင်းကြောဖြစ်သော သိင်္ဂုတ္တရမည်ခေါ်





တောင်ကုန်းပေါ်တွင် တောင်ထွက်သုံးလုံးတို့သည် ကုန်းတော် မြတ်ကို ဖိုခနောက်ဆိုင် ဆင်ဦးကင်းကဲ့သို့ ဦးညွှတ်ဖူးခိုက် ဦး တိုက်နေသည့်အသွင် ရှိပေသည်။

မြတ်ဘုရား ရွှေတိဂုံကုန်းတော်ပေါ်တွင် လောကီ ယသ မထ ပညာစခန်းစဉ်နှင့် ဆိုင်သော အဋ္ဌာရသနဝင်း အမျိုးမျိုးရှိ သည်ကို စာဖတ်သူများ သိကြပြီးဖြစ်သည်။

ဤဝတ္ထုတွင် နဝင်းသုံးစုံပြည့်စုံသော မြတ်ရွှေတိဂုံ အကြောင်းကို အဓိကဖော်ပြပါမည်။

သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ မြတ်ရွှေတိဂုံစေတီတော်ကြီး တည်ရှိသည့် နဝင်းသုံးစုံ ဟူသည်မှာ . . .

၁။ နဝင်းစေတီတော်ကြီး (၉)ဆူ
၂။ နဝင်းရုပ်ပွားတော်ကြီး (၉)ဆူ
၃။ နဝင်းဗုဒ္ဓအောင်မြေတော်ကြီး (၉)ဌာန တို့ဖြစ်သည်။

**၁။ နဝင်းစေတီတော်ကြီး (၉)ဆူမှာ**

(၁) ရွှေတိဂုံ စေတီတော်ကြီး
(၂) နောင်တော်ကြီး စေတီတော်ကြီး
(၃) နောင်တော်လတ် စေတီတော်ကြီး
(၄) ဆံတော်တွင်း စေတီတော်
(၅) ရှင်စောပုဆုတောင်းပြည့် စေတီတော်
(၆) ဓမ္မစေတီမင်း၏ အင်းစေတီတော်
(၇) သီဟရာဇာ စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



(၈) ဝိဇ္ဇာဇော်ဂျီ (ခေါ်) ဝိဇ္ဇာညီနောင် စေတီတော်
(၉) နေစကြာ၊ လစကြာ စေတီတော်တို့ ဖြစ်ကြသည်။

သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ ထူးခြားသော နဝင်းစေတီတော်ကြီး (၉)ဆူ၏အကြောင်းကို အကျဉ်းမျှ ဖော်ပြလိုပါသည်။

**(၁) ရွှေတိဂုံစေတီတော်ကြီး**

ဂေါတမ မြတ်စွာဘုရားရှင်သည် (၁၀၃)ခုနှစ်၊ ဝါဆိုလဆန်း(၅)ရက် ဗုဒ္ဓဟူးနေ့တွင် လင်းလွန်းပင်ရင်း၌ ဆံတော်မြတ်(၈)ဆူကို တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့အား ချီးမြှင့်ပေးသနားတော်မူခဲ့၏။

မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့ နေတက်ရေတက်ချိန်တွင် သိင်္ဂုတ္တရကုန်း၏ အနောက်တောင်ထောင့်တွင်ရှိသော အစွန်ဆုံး တတိယတောင့်ထွတ်၊ ဟိမဝန္တာတောင်မကြီးမှ တောင်ဘက်သို့ သွယ်တန်းလာသည့် (၉၉)လုံးမြောက် တောင်ထွတ်၌ အဆိုပါ ဂေါတမဗုဒ္ဓ၏ ဆံတော်မြတ်(၈)ဆူကို ပထမဆုံး ဌာပနာ၍ စေတီတည်ထားကိုးကွယ်တော်မူခဲ့၏။

ရွှေတိဂုံစေတီတော်ကြီး၏ အတွင်း၌ ဌာပနာထားပုံမှာ အလျားအနံ (၄၄)တောင်စီရှိသော စတုရန်းပုံ တွင်းနက်ကြီး အတွင်းတွင် အောက်ဆုံး၌ အတောင်တစ်ရာကျော်ခန့်ရှိသည့် ရေပြင်ကျယ်ကြီးရှိသည်။

ထိုနေရာတွင် ပင်လယ်ဒီရေ အတက်အကျ အဝင်အထွက်ရှိသည်။





ပင်လယ်ရေသည် ရွှေတိဂုံဘုရား စနေထောင့်အောက်မှ ကန်တော်မင်ပန်းခြံဘေးဖြတ်၍သွားသော မြေအောက်ရေဝင်ပေါက်မှ ဝင်ခြင်းဖြစ်သည်။

ရေပြင်ပေါ်တွင် အတောင်(၉၀)ခန့်ရှည်လျားသော ရွှေသင်္ဘောထက်ရှိ ပတ္တမြားပြဿဒ်ပေါ်တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်မြတ်(၈)ဆူ ကိန်းဝပ်စံပယ်တော်မူသည်။

လက်ရှစ်သစ် အလျားပမာဏရှိတော်မူထသော ရွှေအဆင်းကဲ့သို့ ဝင်းလက်နေသည့် ဗုဒ္ဓဆံတော်မြတ်(၈)ဆူကို ပတ္တမြားရွှေကြုတ်အတွင်းတွင် ထည့်သွင်းပူဇော်ထားသည်။

ဆံတော်မြတ်ရှစ်ဆူနှင့် ဓာတ်တော်မွေတော်များ ဌာပနာထားရာ ဥမင်၏ မျက်နှာလေးဘက်လေးတန်းတို့တွင် ရေစက်၊ မီးစက်၊ ဓားစက်၊ လှံစက် စသည့် စက်ယန္တရားများနှင့် စကြ္ကာမအတတ်ပညာ စက်ခလုတ် မောင်းခလုတ်များ အထပ်ထပ် တပ်ဆင်ထားပြီး သံကွန်ချာ ခုနှစ်ထပ်ဖြင့် ကာရံအုပ်ထားသည်။

ဌာပနာတွင်းပေါက်ကြီးကို အလွန်ကြီးမားသော ကျောက်ဖျာကြီးတစ်ချပ်ဖြင့် ဖုံးအုပ်ထား၏။

ထိုကျောက်ဖျာထက်ဝယ် ရွှေစေတီကို တည်ထားသည်။ ရွှေစေတီကို ငုံ၍ အပေါ်မှ ရွှေဖြူစေတီတော်ကို တည်ထား၏။

ယင်းရွှေဖြူစေတီကို အပေါ်မှတဖန် ငွေစေတီကို တည်ထားပြန်သည်။ ထိုငွေစေတီပေါ်မှတစ်ဖန် ကြေးဖြူစေတီကို တည်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြေးဖြူ စေတီပေါ်မှ ကြေးနီစေတီ၊ ကြေးနီစေတီပေါ်မှ သံလွှဲစေတီ၊ သံလွှဲစေတီပေါ်မှ ကျောက်ဖြူစေတီ၊ ကျောက်ဖြူစေတီပေါ်မှ အုတ်စေတီတော်ကြီးကို အဆင့်ဆင့်ငုံ၍ တည်တော်မူ၏။

အုတ်စေတီတော်ကြီးတွင် ရွှေအုတ်ချပ်၊ ရွှေဖြူအုတ်ချပ်၊ ငွေအုတ်ချပ်၊ ကြေးဖြူအုတ်ချပ်၊ ကြေးနီအုတ်ချပ်၊ သံလွှဲအုတ်ချပ်၊ သံအုတ်ချပ်၊ ကျောက်ဖြူအုတ်ချပ်၊ မြေအုတ်ချပ်၊ သဲအုတ်ချပ်များ စီ၍ ထည့်ထားတော်မူ၏။

မူလပထမ ရွှေတိဂုံစေတီတော်၏ ဉာဏ်တော်အမြင့်မှာ (၄၄)တောင်၊ ပေ(၆၀)အမြင့်ရှိခဲ့သည်။ သို့သော် ယခုအခါ စေတီတော်မြတ်ကြီး၏ အမြင့်သည် (၃၂၆) ပေရှိပေသည်။

ရွှေတိဂုံစေတီရှိ ဘုရားငါးဆူကို ဖူးဖြစ်အောင် ဖူးနိုင်ရန် ဖော်ပြပါဦးမည်။

ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာရှိ မုခ်လေးမုခ် ရုပ်ပွားတော် ဆင်းတုတော်ကြီးလေးဆူ တည်ထားတော်မူသည်။

အရှေ့ဘက်တန်ဆောင်း လိုဏ်ဂူမုခ်ဝအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မှာ ကကုသန်မြတ်စွာဘုရားဖြစ်သည်။

ဤရုပ်ပွားတော်မြတ်သည် ဂမုန်းပေါင်းစုံဖြင့် ထုလုပ်ထားသော ယာဘက်လက်ပက်လက်လာဘမုဒ္ဒိ ဂမုန်းဘုရားဖြစ်သည်။

ဤရုပ်ပွားတော်မြတ်သည် စီးပွားလာဘ်လာဘအတွက်





လောကီကြောင်းဆန်စွာ စူဠဂန္ဓရီသမထပညာစခန်းစဉ်အရ ထုလုပ်ထားသော "လာဘမုဒ္ဒိဂမုန်း ရုပ်ပွားတော်" ဖြစ်သည်။

လက်တော်ပက်လက်ဖြန့်ချထားသည့် ယာဘက်လက်ဝါးတော်၏ လက်ခလယ် လက်ချောင်းအောက်တည့်တည့်၌ သော့ခတ်ထားခဲ့ဖူးသော သော့ကွင်းပေါက်နေရာ ရှိ၏။

အင်္ဂလိပ်တို့ အုပ်ချုပ်စဉ်အခါက ထိုသော့ကို အမြဲသော့ခတ်ထား၏။

ဤကကုသန် လက်ပက်လက်လာဘမုဒ္ဒိ ရုပ်ပွားတော်၏စည်းမှာ "မနသိဒ္ဓိစည်း၊ ဥစ္စာလာဘသိဒ္ဓိစည်း" ဖြစ်သည်။

(ဗြိတိသျှခေတ်က ဤဂမုန်းဘုရား ရုပ်ပွားတော်အနီးတွင် ကပ်၍ ဆီမီးပူဇော်ခဲ့သောကြောင့် ဒူးတော်တစ်ခြမ်း မီးခဲ၍ လောင်ကျွမ်းပျက်စီးခဲ့ဖူး၏။ ယခုအခါ လက်ချောင်းအောက်တည့်တည့်ရှိ သော့ကွင်း၌ သော့မခတ်တော့ပေ။)

ရွှေတိဂုံစေတီတော်မြတ်၏ တောင်ဘက်မုခ် လိုဏ်ဂူအတွင်းရှိ ရုပ်ပွားတော်မှာ "ကောဏာဂုံ မြတ်စွာဘုရား" ဖြစ်သည်။

ဤဆင်းတုတောင်သည် ကြေးဖြင့် သွန်းလောင်းထားသော ကြေးဆင်းတု ရုပ်ပွားတော်ဖြစ်သည်။

ကောဏာဂုံမြတ်စွာဘုရား၏ စည်းမှာ "အဂ္ဂိရတ်စည်း၊ မြဒါးရှင်လုံး မာတ်လုံးစည်း" ဖြစ်သည်။

အနောက်ဘက်မုခ် လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မှာ "ကဿပမြတ်စွာဘုရား" ဖြစ်သည်။

ဤရုပ်ပွားတော်၏ နောက်ကျောဘက် အောက်တည့်



www.burmeseclassic.com

www.burmeseclassic.com



တည့်၌ အလျားအနံ(၄၄)တောင်စီရှိသော စတုရန်းပုံ ကျော
ဖြူတွင်းနက်ကြီးရှိပြီးလျှင် အတောင်(၉၀)ရှိ ရွှေသဘော်ထက်
ဆံတော် (၈)ဆူ ကိန်းဝပ်စံပယ်တော်မူ၏။

ဤကဿပမြတ်စွာဘုရား၏ စည်းမှာ "ပညာစည်း
သိပ္ပဝိဇ္ဇာစည်း၊ ပုဒိအာစည်း" ဖြစ်သည်။

မြောက်ဘက်မုခ်လိုဏ်ဂူအတွင်းရှိ ဘုရားရုပ်ပွားတော်
သည် နောက်ဆုံးပွင့်တော်မူခဲ့သော "ဂေါတမ မြတ်စွာဘုရား
ဖြစ်၏။

ဗုဒ္ဓရုပ်ပွားတော် လေးဆူအနက် ဂေါတမမြတ်စွာဘုရား
ရုပ်ပွားတော်သည် ဉာဏ်တော်နှင့် ကိုယ်လုံးတော် အကြီးဆုံး
ရုပ်ပွားတော်ဖြစ်သည်။

ဤရုပ်ပွားတော်၏ ဝဲယာဘေးနှစ်ဖက် နှစ်လံကျော်
အကွာ တစ်ဖက်တစ်ချက်စီ ဝါးတစ်ပြန်ကျော်ကျော် မြေအောက်
အနက်၌ ဆံတော်တိုက်၊ ဌာပနာတိုက်သို့သွားရာ မြေအောက်
လိုဏ်လမ်း တစ်လမ်းစီရှိကြသည်။

သို့ဖြစ်၍ ဂေါတမမြတ်စွာဘုရား ရုပ်ပွားတော်ကြီးသည်
ဆံတော်တိုက်သို့သွားသည့် မြေအောက်ဥမင်လိုဏ်လမ်းနှစ်လ
တို့၏ အပေါ်တည့်တည့် အလယ်ကြား၌ ကိန်းဝပ်စံပယ်တော်
မူလျက်ရှိသည်။

ဤဂေါတမမြတ်စွာဘုရား၏ စည်းမှာ "ပီယစည်း
မေတ္တာစည်း" ဖြစ်သည်။

ရွှေတိဂုံစေတီတော်ကြီး၏ အထက်ပစ္စယာတွင် "တာ





ဂူ ပတ္တမြားမျက်ရှင်တော်ဘုရား" ရှိသည်။

ဗဒိုမင်းလက်ထက်၊ ပထမ်ဘိုးဘိုးအောင် အန္တိမပညာ
အဆုံး အသက်(၄၅)နှစ်တွင် ဤရုပ်ပွားတော်ကို ကိုယ်တော်တိုင်
တည်ထားတော်မူခဲ့သည်။

ဤဗုဒ္ဓရုပ်ပွားတော်တွင် ပတ္တမြားမျက်ရှင် ကိန်းဝပ်ကွန့်
မြူးတော်မူသည်ဟု အဆိုရှိကြသည်။

ပတ္တမြားမျက်ရှင် ဘုရား၏ စည်းမှာ "ပတ္တမြားမျက်ရှင်
တော်စည်း၊ ပြဒါးရှင်လုံးစည်း" ဖြစ်သည်။

ဤဘုရားရှေ့ရှိနေရာမှာ အောင်မြေဖြစ်၏။

ယင်းအောင်မြေကို "ရန်အောင်မြင်မဟာဝိဇယ ဗုဒ္ဓ
အောင်မြေ" ဟုခေါ်သည်။

ရွှေတိဂုံစေတီတော်ကြီးသည် သိင်္ဂုတ္တရကုန်းတော်၏
အနောက်တောင်ဘက်အစွန်းရှိ တတိယတောင်ထွတ်တွင်
ပထမဦးဆုံး စတည်သော စေတီတော်ကြီး ဖြစ်သော်လည်း
တတိယမြောက်ပြီးစီးသည့် စေတီဖြစ်သည်။

သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ဒုတိယတည်သော်လည်း
ပထမဦးဆုံး ပြီးစီးသော စေတီတော်မှာ "နောင်တော်ကြီးစေတီ"
ဖြစ်သည်။ အရင်ဆုံးပြီးစီးသော ဘုရားစေတီဖြစ်သောကြောင့်
နောင်တော်ကြီးစေတီဟု ခေါ်ခြင်းဖြစ်သည်။

နောင်တော်ကြီးစေတီတော်ပြီးစီးမှ တတိယတည်သော်
လည်း ဒုတိယမြောက်ပြီးစီးသော စေတီတော်ကို "နောင်တော်
လတ်စေတီ" ဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤစေတီနှစ်ဆူပြီးစီးသွားမှသာ ပထမဆုံးတည်တော်မူသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး ပြီးစီးသောကြောင့် ရွှေတိဂုံ စေတီတော်ကို "နောင်တော်ငယ်စေတီတော်" ဟု တင်စားခေါ် ဆိုကြောင်း ရှေးပညာရှင်ကြီးများ၊ ဆရာတော်ဘုရားကြီးများ မိန့်ကြားတော်မူခဲ့သည်။

## (၂) နောင်တော်ကြီးစေတီတော်ကြီး

နောင်တော်ကြီးစေတီတော် တည်ထားတော်မူသည့် နေရာမှာ ဂေါတမမြတ်စွာဘုရား၏ ဆံတော်(၈)ဆူ ပင့်တော်မူစဉ်က ထိုနေရာတွင် ခေတ္တကိန်းဝပ်တော်မူခဲ့သော ယာယီ ကျောင်းတော်နေရာ ဖြစ်သည်။

ထိုနေရာသည် သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ တောင်ထွတ် သုံးလုံးအနက် မြောက်ဘက်ဆုံးကျသည့် အကြီးဆုံးသော ပထမ တောင်ထွတ်ကြီး ဖြစ်သည်။

မူလပထမ စေတီတော်သည် ဆံတော်(၈)ဆူ ခေတ္တ ကိန်းဝပ်တော်မူခဲ့သည်ကို အကြောင်းပြုပြီး စေတီတည်တော် မူခဲ့ခြင်းကြောင့် ဉာဏ်တော်ရှစ်တောင်တိတိသာ ရှိသည်။

သာသနာသက္ကရာဇ် (၂၀၁၄)ခုနှစ်၊ ကောဇာသက္ကရာဇ် (၈၃၂)ခုနှစ်၊ ခရစ်သက္ကရာဇ် (၁၄၇၀)ပြည့်တွင် ဟံသာဝတီကော ဘုရင်မကြီး ရှင်စောပုသည် ရွှေတိဂုံစေတီတော်ကြီးအား အစ အရာရာ ပြုပြင်လှူဒါန်းပြီးနောက်၊ နောင်တော်ကြီးစေတီတော် ၏ မူလစေတီကိုငုံ၍ ပြုပြင်တည်ဆောက်တော်မူခဲ့၏။

သာသနာသက္ကရာဇ် (၂၁၀၈) ခုနှစ်၊ ကောဇာသက္ကရာဇ် (၉၂၆)ခုနှစ်၊ ခရစ်သက္ကရာဇ် (၁၅၆၄)ခုနှစ်၌ ငလျင်ကြီး လှုပ် သဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ငလျင်ဒဏ်ခံရပြီး မြေ ခပြိုကျခဲ့သည်။

ဟံသာဝတီဘုရင်၊ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတ ရားကြီးသည် မြေခပြိုကျပျက်စီးခဲ့သော ရွှေတိဂုံစေတီတော်ကြီး ကို (၈)နှစ်တိုင်တိုင် ပြုပြင်တည်တော်မူခဲ့သည်။

သာသနာသက္ကရာဇ် (၂၁၁၆) ခုနှစ်၊ ကောဇာသက္ကရာဇ် (၉၃၄)ခုနှစ်၊ ခရစ်သက္ကရာဇ် (၁၅၇၂) ခုနှစ်တွင် ရွှေတိဂုံစေတီ တော်ကြီးကို ပြုပြင်မွမ်းမံတော်မူပြီးသောအခါ ပြိုကျပျက်စီး တော်မူသော နောင်တော်ကြီး စေတီတော်ကိုပါ ဒုတိယအကြိမ် မူလစေတီတော်ကိုငုံ၍ ထပ်မံပြုပြင်တည်တော်မူခဲ့သည်။

နောင်တော်ကြီးစေတီတော်ကြီးကို တတိယအကြိမ် ပြုပြင်မွမ်းမံတည်တော်မူသည့် ဒါယိကာမှာ မော်လမြိုင်မြို့နယ်၊ ဘတိုးရွာ၊ မှိုင်းလုံးကြီးသစ်တောအုပ်မင်း မွန်လူမျိုး ဦးမွန်ထော် နှင့် ဇနီးဒေါ်ဖွားတို့ဖြစ်သည်။

တတိယအကြိမ် မွမ်းမံပြုပြင်တည်တော်မူသည့် သာသ နာသက္ကရာဇ် (၂၄၁၉)ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၂၃၇)ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄)ရက်၊ ခရစ်သက္ကရာဇ် (၁၈၇၆)ခုနှစ် ဖေဖော်ဝါရီလ (၂၇)ရက်၊ တနင်္ဂနွေနေ့၌ ဘုရားဒါယိကာ ဦးမွန် ထော် မိသားစုတို့သည် နောင်တော်ကြီးစေတီ၏ ထီးတော်မြတ် တို့ပါ တင်ဆက်လှူဒါန်းတော်မူခဲ့သည်။

နောင်တော်ကြီးစေတီတော်၏ စည်းမှာ "မိဘဆရာ







www.burmeseclassic.com

www.burmeseclassic.com



စည်း၊ အနန္တေအနန္တ ငါးပါးစည်း” ဖြစ်သည်။

## (၃) နောင်တော်လတ်စေတီတော်

နောင်တော်လတ်စေတီသည် ရွှေတိဂုံစေတီတော်ကြီး၏ တနင်္ဂနွေထောင့် (အရှေ့မြောက်အရပ်)နှင့် နောင်တော်ကြီးစေတီတော်၏ စနေထောင့် (အနောက်တောင်အရပ်) စေတီနှစ်ဆူအကြား မျဉ်းတစ်ဖြောင့်တည်းပေါ်တွင် တည်ရှိသည်။

ဤစေတီတော်သည် သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ တောင်ထွတ်သုံးလုံးအနက် အလယ်တွင်ရှိသည့် ဒုတိယတောင်ထွတ်ပေါ်၌ တည်ထားသော စေတီတော်ဖြစ်သည်။

သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် တတိယမြောက်တည်၍ ဒုတိယမြောက်ပြီးစီးသည့် စေတီတော်ဖြစ်သဖြင့် “နောင်တော်လတ်စေတီတော်” ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင် ဥက္ကလာပမင်းကြီးသည် ရွှေတိဂုံစေတီတော်ကို တည်တော်မူစဉ်ကာလ၌ “ဂေါတမမြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များကို ဌာပနာရပါလို၏” ဟု အဓိဋ္ဌာန်ပြု ဆုတောင်းလျှောက်ထားသည်တွင် ဘုရားရှင်ကိုယ်တော်တိုင် ထင်ရှားပြသ၍ “လိုရာဆန္ဒ ပြည့်ဝစေ” ဟု ဆုတော်မြတ် ပေးသနားတော်မူခဲ့သည်ကို အကြောင်းပြုပြီး “နောင်တော်လတ် စေတီတော်”ကို တည်ထားတော်မူခဲ့ခြင်းဖြစ်သည်။

ဤစေတီတော်သည် ဒေါ်ဒဂုံခင်ခင်လေး၏ မဟာဗောဓိပုထိုး၏ အရှေ့နှင့် ပထမံဘိုးဘိုးအောင်၏ တစ်ဝဂူဆူ





တောင်းပြည့်ဘုရား ရုပ်ပွားတော်တည်ရှိရာ ကမ်းနားဈေး အာရုံခံဆန်ဆောင်း အနောက်ဖက်ကြားတွင် တည်ရှိသည်။

နောင်တော်လတ်စေတီတော်၏ ခေါင်းလောင်းမှောက်ပတ်ပတ်လည် ခေါင်းရစ်တစ်ပတ်လုံးတွင် အစွယ်ကားကားဘီလူးရုပ်များ လက်ရုံးနှစ်ဖက်ကွေး၍ တစ်ပတ်ပြည့်ပါရှိသည်။

ဤစေတီတော်၏ စည်းမှာ “ယက္ခစည်း၊ ကုမ္ဘဏ်စည်း” ဖြစ်သည်။

ဤစေတီတော်၏ အနောက်ဘက်ခြေရင်းသည် အောင်မြေဖြစ်၏။ ယင်းအောင်မြေနေရာကို “ယက္ခကုမ္ဘဏ်အောင်မြေ၊ ယက္ခကုမ္ဘဏ်နဝင်း ဗုဒ္ဓအောင်မြေ” ဟုခေါ်သည်။

ရွှေတိဂုံစေတီရင်ပြင်ပေါ်ရှိ နဝင်းဗုဒ္ဓအောင်မြေ (၉) ဌာနတွင် ဤအောင်မြေသည် တစ်ဌာနအဖြစ်ပါဝင်တော်မူသည်။

ဤစေတီတော်၏ အောက်တည့်တည့်တွင် မားစက်၊ လှံစက်များ ထားရှိရာ ရွှေသင်္ဘောရှိသည့် ဆံတော်တိုက်အတွင်းသို့ဝင်သော မြေအောက်ဥမင်လိုဏ်လမ်းရှိသည်ဟု အဆိုရှိကြသည်။

နောင်တော်ကြီးစေတီတော်၊ နောင်တော်လတ် စေတီတော်နှင့် နောင်တော်ငယ်စေတီတော်ခေါ် ရွှေတိဂုံစေတီတော်ကြီး သုံးဆူတို့၏ ထူးခြားချက်များကို ဖော်ပြပါဦးမည်။

သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ စေတီများစွာအနက် နောင်တော်ကြီးစေတီတော်၊ နောင်တော်လတ်စေတီတော်နှင့် နောင်



www.burmeseclassic.com

www.burmeseclassic.com



တော်ငယ်စေတီတော်ခေါ် ရွှေတိဂုံစေတီတော်ကြီး သုံးဆူတို့သည်. . . .

(၁) အနော်မာတတ် မိစ္ဆာ အရှေ့မြောက်ထောင့် (တနင်္ဂနွေ)မှသည် အနောက်တောင်ထောင့် (စနေ)ဆီသို့ မျဉ်းတစ်ဖြောင့်တစ်တန်းတည်း တည်ရှိကြခြင်း။

(၂) ထီးတော်

(၃) ငှက်ပျောဖူး

(၄) ဖေါင်းရစ်

(၅) ကြာမှောက်ကြာလန်

(၆) ရွှဲ

(၇) ခေါင်းလောင်းမှောက်

(၈) ပစ္စယာ . . .

စသည်တို့မှာ စေတီသုံးဆူတွင် အားလုံး တစ်ပုံစံတည်း အချိုးညီမှု ရှိနေကြပါသည်။

သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် တည်ရှိနေကြသော ရွှေတိဂုံစေတီ (နောင်တော်လေးစေတီ) နောင်တော်ကြီးစေတီနှင့် နောင်တော်လတ်စေတီတို့သည် ထူးခြားဆန်းကြယ်မှုများ ရှိသည်နှင့်အမျှ သိဒ္ဓိအမြောက်ဆုံး၊ ပညာစခန်းလျှို့ဝှက်မှုအရှိဆုံး လောကီယ သမထ ပညာစခန်းစဉ် သင်္ကေတအပြဆုံး၊ ဆုတောင်းအပြည့်ဆုံးသော ညီတော်နောင်တော် စေတီများဖြစ်၍ ရွှေတိဂုံစေတီတော်မြတ်ကို ဖူးပါက ကျန်နောင်တော်စေတီများကို ဖူးသင့်ပါသည်။





ရွှေတိဂုံစေတီတော်ကြီးသည် မြန်မာနိုင်ငံရှိ "နဝင်းဆံတော်ရှင်စေတီတော်ကြီး (၉)ဆူ"တွင် တစ်ဆူအဖြစ်ပါဝင်သည်။

သိင်္ဂုတ္တရကုန်းသည်လည်း "နဝင်းတောင်ကြီး(၉)တောင်"၌ တစ်တောင်အဖြစ် ပါဝင်သည်။

သို့ဖြစ်၍ သိင်္ဂုတ္တရကုန်းတော်နှင့် ရွှေတိဂုံစေတီတော်တို့သည် စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီ စခန်းစဉ်၊ ပညာစဉ်တို့၏ မနောမယသော့ချက်ဖြစ်သည်။

### (၄) ဆံတော်တွင်းစေတီတော်

ဆံတော်တွင်းစေတီတော်သည် ရွှေတိဂုံစေတီတော်ကြီး၏မြောက်ဘက် ဆံတော်တွင်း တန်ဆောင်းအတွင်းတွင် ရှိသည်။

ဤစေတီသည် ဒေါ်ဒဂုန်ခင်ခင်လေး၏ ကောင်းမှုတော် မဟာဗောဓိပုထိုး အနောက်ဘက်တွင် တည်ရှိသည်။

အစိမ်းရင့်ရောင် မှန်စီရွှေချ နဂါးရုပ်၊ နရားရုပ်များဖြင့် အုတ်ပြဿဒ် တည်ဆောက်ထား၏။

အတွင်းတွင် ငုံစေတီရှိသည့်ပြင် ယင်းငုံစေတီ၌ ဆံတော်ရှစ်ဆူကို အကြောင်းပြု၍ ရွှေစေတီရှစ်ဆူ ဌာပနာထား၏။

ရွှေတိဂုံစေတီတော်တွင် ဆံတော်များ ဌာပနာစဉ်က ဆံတော်မြတ်ရှစ်ဆူ ဆေးကြောသန့်စင်တော်မူခဲ့ရာ နေရာတွင် တွင်းပေါက်ကြီးဖြစ်ခဲ့၏။

ဆံတော်ဆေးကြောသန့်စင်ခဲ့ရာနေရာကို အထိမ်းအမှတ်ပြုပြီး နောက်နှောင်းလူတို့ သိရှိစေရန် "ဆံတော်တွင်း စေတီတော်"ကို တည်ထားခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံတော်တွင်းအောက်ရှိ ရေသည် ရန်ကုန်မြစ်မှ ဒီရေ အတက်အကျ အဝင်အထွက်ရှိသည်။

ဆံတော်တွင်းမြေအောက် ဥမင်းလိုဏ်လမ်းမှာ အောက်သို့နိမ့်ဆင်းသွား၏။ ဆက်ဆင်းသွားလျှင် ပိုနိမ့်လာပြီး ခါးစက်၊ လှံစက်များ အထပ်ထပ်တပ်ဆင်၍ သံကွန်ချာခုနစ်ထပ်အုပ်၍ထားသော ရွှေသဘော်ရှိရာ ဌာပနာတိုက်သို့ ရောက်သည်ဟု အဆိုရှိကြသည်။

လမ်းခုလတ်တွင် မွန်လူစွမ်းကောင်း မောင်ကံ၏ ကျောက်ရုပ်အား ကျစ်ဆံမြီးတန်းလန်း၊ တရုတ်ခမောက်ပြား ဆောင်းလျက်နှင့် မတ်တပ်ရပ်နေသည်ကို တွေ့နိုင်သည်ဟု အဆိုရှိကြသည်။

ဆံတော်တွင်းစေတီသည် သိင်္ဂုတ္တရကုန်းတော်ပေါ်၌ ရွှေတိဂုံစေတီတော် တည်ဆောက်ပြီးစီးသွားမှ ဆက်လက်၍ ပထမဦးဆုံးတည်သော စေတီဖြစ်သည်။

သိင်္ဂုတ္တရကုန်းတော်ပေါ်၌ စတုတ္ထမြောက် တည်ဆောက်ပြီးစီးသော စေတီတော်ဖြစ်သည်။

ဤစေတီ၏ စည်းမှာ "ဌာပနာစည်း၊ ဌာပနာစေတီတည်သောစည်း" ဖြစ်၏။

သို့ဖြစ်၍ စေတီဘုရား၊ ကျောင်းကန်၊ ဇရပ်များ တည်လိုလျှင် ဗောဓိပင်နှင့် ရွှေပလ္လင်မာတကိုင်သကဲ့သို့ ဤအောင်မြေကိုနင်း၍သော်လည်းကောင်း၊ အမိဌာန်ဝင် ပုတီးစိပ်၍သော်လည်းကောင်း ဆောင်ရွက်မှုပြုလုပ်ကြသည်။





## (၅)ရှင်စောပုဆုတောင်းပြည့်စေတီတော်

ရှင်စောပုဆုတောင်းပြည့် စေတီတော်သည် ရွှေတိဂုံစေတီတော်ကြီး၏ ရာဟုထောင့် (အနောက်မြောက်အရပ်)တွင် ရာဟုထောင့် သံတန်ဆောင်းကြီး၏ အနောက်ဘက်၌ တည်ရှိသည်။

ဟံသာဝတီဧကရီ ဘုရင်မကြီး ရှင်စောပုသည် ရွှေတိဂုံစေတီတော်ကြီးနှင့် နောင်တော်ကြီးစေတီတော်တို့ကို ပြုပြင်မွမ်းမံတည်ဆောက်တော်မူပြီး တစ်နှစ်အကြာ သာသနာသက္ကရာဇ် (၂၀၁၅)ခုနှစ်တွင် ရှင်စောပု ဆုတောင်းပြည့်စေတီတော်ကို တည်ထားတော်မူခဲ့သည်။

ထိုစေတီတော်သည် သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ပဉ္စမမြောက် တည်ထားတော်မူခဲ့သည့် စေတီတော်ဖြစ်သည်။

ပေါက္ကံရာမ ပုဂံနေပြည်တော်ရှိ ဆရာတော် ရှင်မထီး (ခေါ်) ဗားထီးငယ် ရှင်ရသေ့ (ခေါ်) ဗားထီးဆရာတော် (မွန်ဆရာတော်)အား ဦးစွာပထမ ဦးထိပ်ပန်ဆင်သ၍ ဆရာတော်ဗားထီး၊ ဗားမွဲ၊ ဗားတမော့၊ ဗားမြိုက်စသည့် "ဗားလေးဗား ဆရာတော်"များအား ရည်စူးလျက် တည်ထားတော်မူခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဤဘုရားကို "ဗားလေးဗားဘုရား" ဟူ၍သည်းကောင်း၊ "ရှင်စောပု ဆုတောင်းပြည့် စေတီတော်" ဟူ၍သည်းကောင်း ခေါ်ကြသည်။

စေတီတော်အနီးတွင် ယခင်က စကားစိမ်း၊ စကားဝါသော စကားပင်လေးပင်နှင့် ခရေပင်များ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤစေတီနှင့် ရွှေတိဂုံစေတီတော် အောက်တည့်တည့် မျဉ်းတဖြောင့်တည်းရှိ မြေအနက် ဝါးတစ်ပြန်ကျော်ကျော်တွင် ရေထွက်ပေါက်နှင့် မြေအောက်ဥမင်လိုဏ်လမ်း ရှိသည်ဟု အဆိုရှိကြသည်။

စေတီတော်၏ ခေါင်းလောင်းမှောက်ပတ်ပတ်လည် တစ်ပတ်လုံးတွင် ဘီလူးရုပ်များ၊ အစွယ်ကားကား၊ လက်ရုံးထွားထွားနှစ်ဖက်ကွေး၍ ပါရှိသည်။

ဤစေတီတော်၏ စည်းမှာ "ယက္ခစည်း၊ ကုမ္ဘဏ်စည်း" ဖြစ်သည်။

အလွန်ဆုတောင်းပြည့်သည့် စေတီဖြစ်သည်။

စေတီတော် မုခ်ဝရှေ့ရှိ နေရာမြေသည် "ဗားလေးဗား နဝင်း ဗုဒ္ဓအောင်မြေ" နေရာဖြစ်သည်။

ထိုအောင်မြေသည် သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်း ဗုဒ္ဓအောင်မြေ (၉)ဌာနတွင် တတိယ အရေးပါ၊ အရာရောက်ဆုံးသော အောင်မြေဖြစ်သည်။

### (၆) ဓမ္မစေတီမင်း၏အင်းစေတီတော်

ဓမ္မစေတီမင်း၏ အင်းစေတီတော်သည် ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်တွင် တည်ရှိသည်။

ဘိုးဘိုးအောင်၏ ကောင်းမှုတော်ဖြစ်သော ဘိုးဘိုးအောင် ဗုဒ္ဓရုပ်ပွားတော်ကြီးရှိရာ အာရုံခံတန်ဆောင်း၏ ကျောဘက်တွင် ကပ်လျက်တည်ရှိသည်။

ထိုအင်းစေတီတော်သည် အရှေ့ဘက်သို့ မျက်နှာပြု





ထားသော စေတီဖြစ်သည်။

သာသနာသက္ကရာဇ် (၂၀၁၆)ခုနှစ်၊ ကောဇာသက္ကရာဇ် (၈၃၄)ခုနှစ်၊ ခရစ်သက္ကရာဇ် (၁၄၇၂)ခုနှစ်တွင် ဟံသာဝတီ ဘုရင်မကြီး ရှင်စောပု၏ သမက်တော် ဓမ္မစေတီမင်း တည်ထားခဲ့သော အင်းစေတီ၊ စမစေတီဖြစ်သည်။

ဓမ္မစေတီမင်းသည် ရှင်ဓမ္မဉာဏခေါ် ရှင်ဓမ္မပါလ ရဟန်းတော်မြတ်နှင့်အတူ ရွှေပြားငွေပြားများပေါ်၌ စမများ၊ အင်းများကို ရေးချပြီး ဌာပနာထားခဲ့သည်။

ထို့ပြင် အင်းတက်စဉ်များ၊ အင်းပုရပိုက်အဆူဆူ၊ ပေစာအစောင်စောင်နှင့် အင်းကျမ်းအသွယ်သွယ်တို့ကို ဌာပနာထားသည်။

စေတီတော်၏ ရှေ့မုခ်ဝဘေးတစ်ဘက်တစ်ချက်စီတွင် ကျားရုပ်နှင့် ခြင်္သေ့ရုပ်တို့ အသီးသီးရှိကြသည်။

ဤစေတီ၏စည်းမှာ "အင်းစည်း၊ စမစည်း၊ ဏမ ပထမံစည်း" ဖြစ်၏။

ဤစေတီရှေ့မုခ်ဝ ကျားရုပ်နှင့် ခြင်္သေ့ရုပ်ကြားနေရာသည် အောင်မြေဖြစ်သည်။

ဤအောင်မြေကို အင်းအောင်မြေ၊ စမအောင်မြေ၊ စမပထမံ အောင်မြေ၊ နဝင်းဗုဒ္ဓအောင်မြေ" ဟုခေါ်သည်။

ဤအောင်မြေသည် သိင်္ဂုတ္တရ ကုန်းတော်ပေါ်ရှိ နဝင်း ဗုဒ္ဓအောင်မြေ (၉)ဌာနတွင် တစ်နေရာတစ်ဌာနအဖြစ် ပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၇) သီဟာရာဇာစေတီတော်

သီဟာရာဇာစေတီတော်သည် ရွှေတိဂုံစေတီတော်ကြီး၏ အလယ်ပစ္စယာ အဂ္ဂိထောင့် (အရှေ့တောင်အရပ်)တွင် တည်ရှိသည်။

အဂ္ဂိထောင့် ကဆုန်ညောင်ရေသွန်းလောင်းရာ ဗောဓိပင်ကြီးသို့ သွားရာလမ်းတွင် ရှိသည်။

စေတီတော်၏ မုခ်ဝသည် အရှေ့ဘက်သို့ မျက်နှာပြုထားသည်။

စေတီတော၏ ပြသာဒ်ဆောင်ပေါ်၌ တစ်ဘက်လျှင် ခြင်္သေ့ရုပ် သုံးရုပ်စီ၊ ခြောက်ရုပ်နှင့် ဝိဇ္ဇာရုပ်များ၊ ဇော်ဂျီရုပ်များ ပါရှိသည်။

သာသနာသက္ကရာဇ် (၂၁၀၈)ခုနှစ်၊ ကောဇာသက္ကရာဇ် (၉၂၆)ခုနှစ်၊ ခရစ်သက္ကရာဇ် (၁၅၆၄)ခုနှစ်၌ ရွှေတိဂုံစေတီတော်ကြီးသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည်။

ဟံသာဝတီဘုရင် ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးသည် ဦးရီးတော် မင်းဒေဝပလကျော်ထင်၊ ဗညားအိန္ဒြ ဗညားရံနှင့် ဘယသကြိန်စသော မှူးကြီးမတ်ရာတို့ အမှူးပြုကြီးကြပ်၍ ရွှေတိဂုံစေတီတော်ကြီးကို မွမ်းမံပြုပြင်တော်မူခဲ့သည်။

ရွှေတိဂုံစေတီတော် မြတ်ကြီးကို (၈)နှစ်ကြာ ပြုပြင်မွမ်းမံပြီးမှ သီဟာရာဇာစေတီတော်ကို တည်ထားတော်မူခဲ့သည်။

သာသနာသက္ကရာဇ် (၂၁၁၆)ခုနှစ်၊ ကောဇာသက္ကရာဇ် (၉၃၄)ခုနှစ်၊ ခရစ်သက္ကရာဇ် (၁၅၇၂)ခုနှစ်တွင် ဟံသာဝတီပြည့်





ရှင်၊ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးသည် သီဟရာဇာစေတီတော်ကို တည်ထားပြီးစီးတော်မူခဲ့သည်။

မင်းကြီးသည် "နောင်သံသရာတစ်ကွေ့တွင် ပြန်လည်၍ လူအဖြစ်နှင့်တွေ့ဆုံရသော် အမျိုးဘာသာသာသနာအတွက် သက်စွန့်ကြိုးပမ်း သာသနာ့ဝန်ထမ်းရသူ ဇာနည်ယောကျ်ား သာသနာပြုပုဂ္ဂိုလ်ကောင်း ဖြစ်ရပါလို၏" ဟု ဆုတောင်း၍ သီဟရာဇာခြင်္သေ့မင်းအသွင် သိင်္ဂုတ္တရကုန်းပေါ်တွင် "သီဟရာဇာစေတီ"ကို တည်ထားခဲ့ခြင်းဖြစ်သည်။

သာသနာပြုရန်နှင့် သတ္တဝါကယ်ရန်အတွက် အလွန်လူသိနည်းသော ရှေးဟောင်းဆုတောင်းပြည့် နဝင်းစေတီတော် (၉)ဆူတွင် တစ်ဆူပါဝင်တော်မူသည်။

ဤစေတီတော်၏ စည်းမှာ "သီဟရာဇာမင်းစည်း၊ သာသနာပြုမင်းယောကျ်ားစည်း"ဖြစ်သည်။

ဤစေတီတော်၏ ဌာပနာတိုက်တွင်းတွင် ဘုရင့်နောင်မင်းတရားကြီး၏ ဦးသျှောင်တော်နှင့် သံလျက်တော်ကို ဌာပနာထားသည်။

## (၈) ဝိဇ္ဇာဇော်ဂျီဒေါ်ဝိဇ္ဇာညီနောင်စေတီ

ဤစေတီသည် ရွှေတိဂုံစေတီတော်ကြီး၏ စနေထောင့် (အနောက်တောင်အရပ်)တွင် တည်ရှိသည်။

စေတီတော်၏ ပြသာဒ်ဆောင်ပေါ်၌ ဝိဇ္ဇာရုပ်များ၊ ဇော်ဂျီရုပ်များ အဆင့်ဆင့်ထုလုပ်ထားသည်။

ရှေးအခါက ညီအစ်ကိုသုံးယောက်သည် ထွက်ရပ်စခန်း



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာလမ်း၊ အန္တိမလမ်း၊ ပညာစဉ်၊ စခန်းစဉ်၊ ကျင့်စဉ်ပါသော ငွေသားပုရပိုက် သုံးဆူကို တစ်ဦးလျှင် တစ်ဆူစီရရှိသွားကြသည်။

ထိုညီအစ်ကိုသုံးဦးသည် ပုရပိုက်ပါ ကျင့်စဉ်များကို ကြိုးစားအားထုတ်၍ ကျင့်ကြံသွားကြသောအခါ အန္တိမပညာဆုံး၍ ထွက်ရပ်စခန်းသို့ တစ်ပါးစီ အရှင်ထွက်ကြွလှမ်းတော်မူသွားကြသည်။

ထိုအရှင်သုံးဦးသည် ငွေပုရပိုက် သုံးဆူကို ဌာပနာထားတော်မူခဲ့ရာ ထွက်ရပ်ပေါက် ဝိဇ္ဇာစေတီတစ်ဆူ ဖြစ်သည်ဟု အဆိုရှိကြသည်။

ဤစေတီတော်၏ လက်ဝဲဘက် ဘေးအောက်တည့်တည့် ဝါးတစ်ပြန်ကျော် မြေအောက်တွင် ဌာပနတိုက်သို့ ဝင်ရာမြစ်ရေအတက်အကျ ဥမင်လိုဏ်လမ်းရှိသည်။

ဤစေတီတော်၏ စည်းမှာ "ပုရပိုက်စည်း ထွက်ရပ်ပေါက် ပုရပိုက်စည်း" ဖြစ်၏။

ဤစေတီရှေ့ရှိ ရုပ်ပွားတော်ကြီး၏ ရှေ့မျက်နှာစာနေရာမှာ အောင်မြေဖြစ်သည်။

ယင်းအောင်မြေကို "ဝိဇ္ဇာညီနောင် နဝင်းအောင်မြေ" ဟု ခေါ်သည်။

## (၉) နေစကြာလစကြာစေတီတော်

နေစကြာ လစကြာ စေတီသည် ရွှေတိဂုံစေတီတော်၏ အလယ်ပစ္စယာ စနေထောင့်၊ ဝိဇ္ဇာဇော်ဂျီခေါ် ဝိဇ္ဇာညီနောင်





စေတီ၏ အနောက်ဘက် ရွှေတောင်ငွေတောင် တန်းဆောင်းဘေးတွင် တည်ရှိသည်။

စေတီတော်သည် အရှေ့ဘက်တွင် မုခ်ပေါက်ဝအတွင်း ရုပ်ပွားတော်ရှိပြီး သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်းစေတီတော်ကြီး (၉) ဆူအနက် ဉာဏ်တော်အနိမ့်ဆုံး စေတီတော်ဖြစ်သည်။

စေတီတောင်၏ အရှေ့ဘက် လိုဏ်ဂူမုခ်ဝပေါ်တွင် နေနဝင်း ဒေါင်းစကြာနှင့် ကဒေါင်းရုပ်ကို စနေနံနဂါး ရစ်ပတ်ထား၍လည်းကောင်း၊ လနဝင်းစကြာကို ယုန်ရုပ်အား စနေနံနဂါးက အပြင်မှ ရစ်ပတ်ထားလျက်လည်းကောင်း အမြင်ခြားစေကာ ထင်ရှားစွာ နဝင်စကြာသိဒ္ဓိနှစ်ပါးကို ရုပ်လုံးဖော်ပြထားသည်။

ဤနေစကြာ လစကြာ စေတီ၏ ကောင်းမှုတော်အလှူရှင်မှာ စနေသားသာလျှင် ဧကန်ဖြစ်ပေမည်။

ရွှေတိဂုံရင်ပြင်တော်၊ စနေထောင့်မှ စနေနေ့တွင် အန္တိမစခန်းအပြီး ပေါက်မြောက်ခရီးရောက်သွားသောကြောင့်သာလျှင် နေစကြာ လစကြာ နဝင်းစကြာနှစ်ဆူလုံးကို စနေနံ "နဂါး" ကူသုံး၍ ဖော်ပြထားခြင်းဖြစ်သည်ဟု ဆရာတော်ကြီးများနှင့် ပညာရှင်များက အဆိုပြုကြသည်။

ဤစေတီတော်သည် နေစကြာ၊ လစကြာ နဝင်းစကြာသိဒ္ဓိနှစ်ပါး တောင်းခံရယူရာ စေတီဖြစ်သည်။

ဤစေတီတော်၏ စည်းသည် "နေစကြာ လစကြာစည်း၊ နေလစကြာသိဒ္ဓိနှစ်ပါးစည်း" ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤစေတီတော်လိုဏ်ဂူမုခ်ဝ ရှေ့ရှိနေရာသည် အောင်
မြေဖြစ်၏။

ဤအောင်မြေကို "နေစကြာ လစကြာအောင်မြေ၊ ထေ
စကြာသိဒ္ဓိနှစ်ပါး နဝင်းဗုဒ္ဓအောင်မြေ" ဟုခေါ်သည်။

သိင်္ဂုတ္တရကုန်းပေါ်ရှိ နဝင်းဗုဒ္ဓအောင်မြေ (၉)ဌာနတွင်
တစ်နေရာတစ်ဌာနဖြစ်သော ဤအောင်မြေမှ နေစကြာ ထ
စကြာဘုရားကို ရှိခိုး၍ ဆုတောင်းမှုပြုနိုင်ကြပါသည်။

ယခုဖော်ပြမည့် နဝင်းရုပ်ပွားတော်ကြီး (၉)ဆူမှ
သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် တည်ရှိသဖြင့် ဘုရားဖူးသူမျာ
မပျက်မကွက် ဖူးမြော်ကြစေလိုပါသည်။

## ၂။ နဝင်းရုပ်ပွားတော်ကြီး (၉)ဆူ

သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်းရုပ်ပွားတော်ကြီး
(၉)ဆူမှာ. . .

၁။ တစ်ဝဂူ ပတ္တမြားမျက်ရှင်ဘုရား
၂။ ကကုသန်လက်ပက်လက်လာဘမုနိဘုရား
၃။ တစ်ဝဂူ သိဒ္ဓိအောင်ဘုရား
၄။ ပြဒါးရှင် မဟာမြတ်မုနိဘုရား
၅။ ဘိုးဘိုးအောင်ဘုရားကြီး
၆။ ပထမံဘိုးဘိုးအောင် တစ်ဝဂူဆုတောင်းပြည့်ဘုရား
၇။ ရှင်အဋ္ဌဂေါဏဘုရား
၈။ ရှင်မထီးဘုရား





၉။ ဆုတောင်းပြည့် ရာဇမုနိဘုရား. . . တို့ဖြစ်ကြသည်။

### (၁) တစ်ဝဂူ ပတ္တမြားမျက်ရှင်ဘုရား

ရွှေတိဂုံဘုရား အထက်ပစ္စယာပေါ်တွင် အရှေ့ဘက်၌
တည်ရှိသည်။

ဤရုပ်ပွားတော်ကို သာသနာသက္ကရာဇ်(၂၃၃၆)ခုနှစ်၊
ကောဇာသက္ကရာဇ်(၁၁၅၄)ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ခရစ်
သက္ကရာဇ် (၁၇၉၂)ခုနှစ် အောက်တိုဘာလ(၁)ရက်၊ တနင်္ဂနွေ
နေ့ ပထမကုန်းဘောင်မင်းဆက်၊ အမရပူရ ရွှေနန်းမြို့တည်
ဘိုးတော်ဘုရား ဗဒုံမင်းလက်ထက်တွင် ပြည်မြို့ ပထမံဘိုးဘိုး
အောင်သည် အန္တိမပညာ အဆုံးဓာတ်လမ်း၊ ဓာတ်စခန်းဖြစ်
မြောက်အောင်မြင်ပြီးမှ အသက်(၄၅)နှစ်အရွယ်တွင် ကိုယ်တိုင်
တည်ထားတော်မူခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်ဖြစ်သည်။

ထိုဗုဒ္ဓရုပ်ပွားတော်၏ နဖူးတော်နှင့် မျက်လုံးတော်တို့
တွင် ပတ္တမြားမျက်ရှင် ကိန်းဝပ်တော်မူသောအခါ မျက်တောင်
တော်ခတ်တော်မူခြင်းနှင့် မျက်လုံးတော်နှစ်ဖက်လုံး နီရဲတောက်
ပလာသည်ဟု အဆိုရှိကြသည်။

ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်သည် ကဆုန်လပြည့်၊
သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်နှင့် တပေါင်းလ
ပြည့်နေ့တို့တွင် တစ်နှစ်လျှင် အနည်းဆုံး (၂)ကြိမ် မျက်တောင်
ခတ်ပြီး နီရဲတောက်ပလာသည်။

ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်သည် ရွှေတိဂုံရင်ပြင်
တော်ပေါ်ရှိ မျက်တောင်တော်ခတ် မျက်ရှင်တော်ဘုရား ရုပ်ပွား



www.burmeseclassic.com

www.burmeseclassic.com



တော်သုံးဆူတွင် တစ်ဆူပါဝင်သည်။

ထိုဗုဒ္ဓရုပ်ပွားတော်သည် မျက်တောင်တော်ခတ်သည့် ဗုဒ္ဓရုပ်ပွားတော်သုံးဆူ၌ တန်ခိုးအကြီးဆုံး၊ သိဒ္ဓိအရဆုံး၊ ဆု တောင်းအပြည့်ဆုံးနှင့် ထင်ရှားကျော်ကြား လူသိအများဆုံး ဖြစ် သည်။

ဟံသာဝတီမင်း ရာဇာဓိရာဇ်လက်ထက်တွင် သားတော် ဗောလောကျွန်းတောသည် အမိဌာန်ဝင်သီလဆောက်တည်ကာ လှူဒါန်းမှုပြုပြီးနောက် အဆိပ်သောက်သေခဲ့သည်။

ဆုတောင်းပြည့်လွန်းသောကြောင့် သားတော် ဗော လောကျွန်းတော အဆိပ်သောက်သေဆုံးပြီးသည့်နောက်တွင် မင်းညီမင်းသား၊ ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော်မှ အစ မည်သူ့ကိုမျှ ပတ္တမြားမျက်ရှင်ဗုဒ္ဓရုပ်ပွားတော်ကို ဖူးခွင့်မရတော့ ချေ။

ဤရွှေတိဂုံစေတီတော်၏ အထက်ပစ္စယာ တစ်ဝ ပတ္တမြားမျက်ရှင်ဘုရားသို့ အမျိုးသမီးများ လုံးဝဖူးခွင့် မရ

ဤဗုဒ္ဓရုပ်ပွားတော်ကြီး၏ စည်းမှာ "ပတ္တမြားမျက်ရှင် တော်စည်း၊ ပြဒါးရှင်လုံးစည်း" ဖြစ်သည်။

ဤဗုဒ္ဓရုပ်ပွားတော်ကြီး၏ရှေ့၌ ရင်ပြင်တော်နေရာ အောင်မြေဖြစ်၏။

ဤအောင်မြေကို "ပတ္တမြားမျက်ရှင်အောင်မြေ၊ အောင်မြင်မဟာဝိဇယနဝင်းဗုဒ္ဓအောင်မြေ"ဟုခေါ်သည်။

ဤအောင်မြေသည် သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ န





ဗုဒ္ဓအောင်မြေ (၉)ဌာနတွင် တစ်နေရာ တစ်ဌာနပါသည့်ပြင် ပထမဆုံး အရေးပါအရာရောက်သော အောင်မြေဌာနကြီးတစ်ခု ဖြစ်သည်။

**(၂) ကကုသန်လက်ပက်လက်လာဘမုနိဘုရား**

ကကုသန်လက်ပက်လက် လာဘမုနိဗုဒ္ဓရုပ်ပွားတော် ကြီးသည် ရွှေတိဂုံစေတီတော်၏ အရှေ့ဘက် တန်ဆောင်းတွင်း ရှိ အရှေ့မုခ်လိုဏ်ဂူတွင်း၌ တည်ရှိသည်။

ဤဗုဒ္ဓရုပ်ပွားတော်သည် ဂမုန်းပေါင်းစုံဖြင့် စီရင်ထုလုပ် ထားသော ဂမုန်းဘုရားဖြစ်သည်။ စီးပွားလာဘ်လာဘအတွက် လောကီကြောင်းဆန်စွာ ထုလုပ်ပူဇော်ထားသော လာဘမုနိ ဘုရားဖြစ်သည်။

လာဘမုနိဘုရား၏ ညာဘက်လက်ဝါးတော်သည် လက်တော်ပက်လက် ဖြန့်ချထားသည်။ ယင်းလက်တော်၏ လက်ခလယ်အောက်တည့်တည့်တွင် သော့ခတ်ထားခဲ့ထူးသော သော့ကွင်းပေါက်တစ်ပေါက်ရှိသည်။ ဗြိတိသျှ ကိုလိုနီခေတ်က ထိုသော့ကို အမြဲသော့ခတ်ထားခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် မှ သော့ဖြုတ်ထားခဲ့ကြသည်။

ဤအရှေ့ဘက်တန်ဆောင်းအတွင်းတွင် နောက်ထပ် ဘက်တော်အမြင့် (၁၀)ပေခန့်ရှိ အလွန်ကြီးမားသည့် လက်ပက် လက် လာဘမုနိရုပ်ပွားတော်ကြီး သုံးဆူရှိသေးသည်။

ရုပ်ပွားတော်ကြီး လေးဆူအနက် . . တောင်ဘက်မှ မြောက်ဘက်သို့ ရေတွက်သွားသောအခါ ပထမအဆူ၊ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



အဆူနှင့် စတုတ္ထအဆူ သုံးဆူမှာ လက်ပက်လက် လာဘမုနိ ရုပ်ပွားတော်များဖြစ်ကြသည်။

ကကုသန်မြတ်စွာဘုရားအပါအဝင် အရှေ့ဘက် တန်ဆောင်းအတွင်းတွင် လက်ပက်လက် လာဘမုနိဗုဒ္ဓရုပ်ပွားတော်ကြီး လေးဆူတိတိ ရှိတော်မူသည်။

ကကုသန်မြတ်စွာဘုရားရှေ့နှင့် ထိုတန်ဆောင်းတစ်ခုလုံး၏စည်းမှာ "ဓနသိဒ္ဓိစည်း၊ ဥစ္စာလာဘသိဒ္ဓိစည်း" ဖြစ်သည်။

၎င်းဗုဒ္ဓရုပ်ပွားတော်၏ရှေ့တွင် အောင်မြေနေရာ ရှိသည်။ ထိုအောင်မြေမှာ "ဓနသိဒ္ဓိအောင်မြေ၊ ဥစ္စာလာဘသိဒ္ဓိအောင်မြေ" ဖြစ်သည်။

### (၃) တစ်ဝဂ္ဂ သိဒ္ဓိအောင်ဘုရား

တစ်ဝဂ္ဂ သိဒ္ဓိအောင် ဗုဒ္ဓရုပ်ပွားတော်မြတ်သည် ရွှေတိဂုံဘုရား၏ အရှေ့ဘက်တန်ဆောင်းအတွင်းတွင် ရှိသည်။

သိင်္ဂုတ္တရကုန်းပေါ်ရှိ နဝင်းရုပ်ပွားတော်ကြီး (၉)ဆူတွင် ဉာဏ်တော်အသေးဆုံးဖြစ်၏။ ဉာဏ်တော်အမြင့်မှာ တစ်တောင်ကျော်ကျော်မျှရှိသည်။

အထူးခြားဆုံးမှာ အရည်လည်နေသော မျက်လုံးတော် အစုံဖြစ်သည်။

ထိုဗုဒ္ဓရုပ်ပွားတော်၏ ပလ္လင်တော်အောက်ဘောင်တွင် "သိဒ္ဓိအောင်"ဟု ကမ္ပည်းတင် ရေးထိုးထားသည်။

သိဒ္ဓိအောင်ဘုရား ကိန်းဝပ်စံပယ်သောနေရာသည် အရှေ့ဘက်တန်ဆောင်း ကကုသန်လက်ပက်လက် လာဘမုနိ





ဘုရားမုခ်ဝမှ ဝဲဘက်ကြားထဲသို့ ချိုးဝင်ပြီး နှစ်လှမ်းစာအကွာတွင် အရှေ့ဘက်သို့ မျက်နှာပြုထားသည့် လိုဏ်ဂူအတွင်းဖြစ်သည်။

၎င်းသိဒ္ဓိအောင်ဘုရားတွင် ဦးအောင်၊ ဘိုးဘိုးအောင်၊ ထမံတိုးဘိုးအောင်၊ မင်းအောင်၊ ရသေ့အောင်၊ ပညာအောင်၊ မှယာပင်အဘိုးအောင်၊ တောင်သာအံဘိုးအုန်းစသော အောင်ဝိဇ္ဇာလိုပညာရှင် သူတော်စင် သူတော်မြတ်လောင်းတို့ ပညာတောင်း သိဒ္ဓိဆောင်း စခန်းဝင်၍ အောင်မြင်သွားသည့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ဖြစ်တော်မူသည်ဟု အဆိုရှိကြသည်။

တစ်ဝဂ္ဂ သိဒ္ဓိအောင်ဘုရား၏ စည်းမှာ "ပညာစည်း၊ ပညာအောင်စည်း" ဖြစ်၏။

ဂူဝရှေ့ တစ်ထိုင်စာနေရာလေးမှာ အောင်မြေဖြစ်သည်။ ထိုအောင်မြေကို "သိဒ္ဓိအောင် အောင်မြေ၊ ပညာအောင် အောင်မြေ" ဟုခေါ်သည်။

### (၄) မြသီချွင်မဟာမြတ်မုနိဘုရား

ရွှေတိဂုံရင်ပြင်တော် အလယ်ပစ္စယာ၊ အင်္ဂါထောင့် အလောင်းတော်ကဿပရုပ်ပွားတော် အနီးတွင်ရှိပြီး မှန်ကာအတွင်းတောင်ဘက်သို့ မျက်နှာပြုထားတော်မူသည်။

အရှေ့ဘက်ရှိ စေတီတော်ကြီးတစ်ဆူ၏ တောင်ဘက်မုခ်ဝအတွင်းရှိ မဟာမြတ်မုနိ ပုံတော်မျိုးဖြစ်၏။

ရွှေတိဂုံရင်ပြင်တော်ပေါ်ရှိ မဟာမြတ်မုနိ ရုပ်ပွားတော် (၉)ဆူတိတိ ရှိသည့်အနက် အသပ္ပါယ်ဆုံး၊ အချိုးအစားအကျနန



www.burmeseclassic.com

www.burmeseclassic.com



အပြေပြစ်ဆုံးသော ကြေးဆင်းတုတော်တစ်ဆူ ဖြစ်သည်။

ဗုဒ္ဓရုပ်ပွားတော်၏ နဖူးတော်တည့်တည့်တွင် ပြဒါးရှင်လုံး ဌာပနာထားသောကြောင့် ဆီးဖြူသီးအလုံးလေး ပမာဏခန့် လုံးဝန်းမို့မောက်နေခြင်းဖြစ်သည်ဟု အဆိုရှိကြ၏။

တစ်ခါတရံတွင် ထိုကြေးဆင်းတု နဖူးပြင်မှ စိမ်းနုဖြူရောင် ဝင်းခနဲ၊ လက်ခနဲ ဖြာထွက်ခြင်း၊ အထက်ပစ္စယာ တစ်ဝှပတ္တမြားမျက်ရှင်ဘုရားမှ ဖြူဝင်းတောက်ပနေသော ပြဒါးရှင်လုံးသည် ကူးချိပ်ပျံသန်းနေတတ်သည်ဟု အဆိုရှိကြကုန်သည်။

ဤဗုဒ္ဓရုပ်ပွားတော်၏ စည်းမှာ "ပြဒါးရှင်စည်း"ဖြစ်၏။

## (၅) ဘိုးဘိုးအောင်ဘုရားကြီး

ရွှေတိဂုံရင်ပြင်တော်၏ အရှေ့ဘက်တွင် အနောက်ဘက် ရွှေတိဂုံစေတီတော်ကြီးရှိရာသို့ မျက်နှာပြုထားပြီး ဘိုးဘိုးအောင်တန်ဆောင်း ကျဉ်းကျဉ်းနိမ့်နိမ့်အတွင်း၌ တည်ရှိသည်။

ယင်းတန်ဆောင်းမှာ ဟံသာဝတီဘုရင် ဓမ္မစေတီမင်း၏ ကောင်းမှုတော်ဖြစ်သော ကျားရုပ်နှင့် ခြင်္သေ့ရုပ်တစ်ဘက်တစ်ချက်စီပါသည့် အင်းစေတီ၏ အနောက်ဘက်၌ ကျောခင်းကပ်လျက်တည်ရှိသည်။

တန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကို ဘိုးဘိုးအောင်ပညာစခန်းအပြီးတွင် ကုသိုလ်ပြု တည်ထားခဲ့ခြင်းဖြစ်သည်။

ဘိုးဘိုးအောင် ဘုရားကြီး၏ စည်းမှာ "ဝိဇ္ဇာစည်း၊ ထွက်ရပ်ပေါက်စည်း" ဖြစ်သည်။





## (၆) ပထမံဘိုးဘိုးအောင် တစ်ဝဂူဆုတောင်းပြည့်ဘုရား။

ရွှေတိဂုံစေတီတော်၏ မြောက်ဘက်၊ နောင်တော်လတ်စေတီ၏ အရှေ့ဘက်၊ ကမ်းနားဈေးတန်ဆောင်းအတွင်းတွင် ရှိသည်။

ယင်းတန်ဆောင်း၏ အလယ်တည့်တည့် မုခ်ဝမှ တစ်ဝဂူအတွင်းသို့ ဝင်သွားရ၏။

အမှန်စင်စစ်အားဖြင့် ပထမံဘိုးဘိုးအောင် တစ်ဝဂူဆုတောင်းပြည့်ဘုရားသည် နောင်တော်လတ်စေတီ အရှေ့မုခ်ဝ တစ်ဝဂူအတွင်းရှိ ဗုဒ္ဓဆင်းတုတော်တစ်ဆူဖြစ်သည်။

ပထမံဘိုးဘိုးအောင် ထွက်ရပ်မပေါက်မီ ရွှေတိဂုံဘုရား၏ မြေအောက်ဥမင်လိုဏ်လမ်းမှ ဆံတော်တိုက်သို့သွားသည့်အခါ ဤဆင်းတုတော်အောက်ရှိ လှေကားမှ ဆင်းသွားလေ့ရှိ၏။

ဤအောက်တည့်တည့်တွင် ဆံတော်တိုက်တွင်းသို့ဆင်းသွားရာ လှေကားထစ်များနှင့် ဥမင်လိုဏ်လမ်းရှိသည်ဟု အဆိုရှိကြသည်။

ဤပထမံဘိုးဘိုးအောင် တစ်ဝဂူ ဆုတောင်းပြည့်ဘုရားသည် ကမ်းနားဈေးတန်ဆောင်းအတွင်းတွင် ရှိသော်လည်း နောင်တော်လတ်စေတီ၏ အရှေ့ဘက် တစ်ဝဂူအတွင်းတွင် တည်ရှိသည်။

သို့ဖြစ်၍ နောင်တော်လတ်စေတီနှင့်သာ သက်ဆိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်တော်လက်စေတီ၏ သပိတ်မှောက် ပတ်ပတ်လည် တစ်ပတ်လုံးတွင် ဘီလူးရုပ်များ လက်ရုံးနှစ်ဖက်ကွေး၍ ပါရှိသောကြောင့် ဤစည်းကို "ယက္ခစည်း၊ ကုမ္ဘဏ်စည်း" ဟုခေါ်သည်။

### (၇) ရှင်အဇ္ဇဂေါဏဘုရား

ရှင်အဇ္ဇဂေါဏရုပ်ပွားတော်ကြီးသည် နောင်တော်ကြီးစေတီ၏ တောင်ဘက်၊ ကမ်းနားဈေးတန်ဆောင်း၏ အရှေ့မြောက်ဘက်၊ ရှင်အဇ္ဇဂေါဏတန်းဆောင်းအတွင်းတွင်ရှိသည်။

တောင်ဘက်သို့ မျက်နှာမူနေသည့် ဝဲဘက်အစွန်ဆုံးမှ ရုပ်ပွားတော်ကြီးတစ်ဆူဖြစ်သည်။

ဗုဒ္ဓရုပ်ပွားတော်၏ မျက်လုံးတော်များမှာ တစ်ဖက်ကျဉ်း တစ်ဖက်ကျယ်သည့် အနေအထား ထုလုပ်ထားသည်။

ဆိတ်မျက်လုံးတစ်ဖက်နှင့် နွားမျက်လုံးတစ်ဖက်တို့ကို မျက်လုံးများတွင် အစားထိုးထည့်သွင်းပြီးမှ အန္တိမလမ်း ထွက်ရပ်စခန်း ကြွမြန်းခဲ့သည့် ရှင်အဇ္ဇဂေါဏကို အကြောင်းပြု၍ တည်ထားသည့် ဗုဒ္ဓရုပ်ပွားတော်ဖြစ်သည်။

ရှင်အဇ္ဇဂေါဏဘုရား၏ အလှူရှင်တို့မှာ ဦးကျော်စွာ၊ အမိဒေါ်သော်တာနှင့် တစ်ဦးတည်းသောသား မောင်စည်သူတို့ ဖြစ်ကြသည်။

ရှင်အဇ္ဇဂေါဏ၏ မူလပဌမဘွဲ့တော်မှာ ရှင်ရသေ့ဝေဒိဿရ ဖြစ်တော်မူ၏။

သာသနာသက္ကရာဇ် (၆၅၁)ခုနှစ်၊ ကောဇာသက္ကရာဇ် (၂၉)ခုနှစ်၊ ခရစ်သက္ကရာဇ် (အေဒီ) (၁၀၇)ခုနှစ်တွင် ပေါက္ကံရာမ ထေမပုဂံ သမုဒ္ဒရာဇ်မင်း၏ ဆရာတော်ဖြစ်သည်။





သာသနာသက္ကရာဇ် (၆၉၅)ခုနှစ်၊ ကောဇာသက္ကရာဇ် (၇၃)ခုနှစ်၊ ခရစ်သက္ကရာဇ် (အေဒီ)(၁၅၁)ခုနှစ်၊ နတ်တော်လဆန်း (၅)ရက်၊ ကြာသပတေးနေ့ မွန်းတိမ်းပြီးချိန်ရောက်မှ ပြဒါးရှင်ဓာတ်လုံး အပြီးစခန်းဆုံးသို့ ရောက်တော်မူခဲ့၏။

ရှင်အဇ္ဇဂေါဏဆရာတော်သည် ပြဒါးရှင်ဓာတ်လုံး အန္တိမစခန်းဆုံးကြောင်း သိတော်မူလေမှ ညနေဈေးကွဲချိန်ဝယ်ယူခဲ့ရသော ဆိတ်မျက်လုံးတစ်လုံးနှင့် နွားမျက်လုံးတစ်လုံးစီကို မျက်လုံးအိမ်တွင်းသို့သွင်း၍ ပြဒါးရှင်ဓာတ်လုံးနှင့် ကုထုံးတင်လိုက်မှ စက္ခုနှစ်ကွင်း အလင်းပြန်ရတော်မူခဲ့သည်။

ဆရာတော်သည် ပေါက္ကံရာမ ပုဂံနေပြည်တော်သူ၊ နေပြည်တော်သားများအား ရွှေမိုးငွေမိုးရွာသည့်အလား ချီးမြှင့်မစတော်မူခဲ့သည်။

မုဆိုးမကအစ ပြည်သူပြည်သားများသည် စေတီပုထိုး၊ ကျောင်းကန်များကို တည်နိုင်ခဲ့ကြသည်။

သို့ဖြစ်၍ ပုဂံနေပြည်တော်တွင် "လှည်းဝင်းရိုးသံ တည်ညံ ပုဂံဘုရားပေါင်း" ဟူသည့် အရေအတွက်အထိ ဘုရားများ တည်ထားလှူဒါန်း၍ ကုသိုလ်ပြုနိုင်ခဲ့ကြသည်။

ရှင်အဇ္ဇဂေါဏ ဆရာတော်သည် သာသနာသက္ကရာဇ် (၆၉၆)ခုနှစ်၊ ကောဇာသက္ကရာဇ် (၇၄)ခုနှစ်၊ ခရစ်သက္ကရာဇ် (အေဒီ) (၁၅၂)ခုနှစ်၊ ကဆုန်လပြည့်၊ တနင်္ဂနွေနေ့ အောင်သာ



www.burmeseclassic.com

www.burmeseclassic.com



နေမွန်းတည့်ချိန်တိတိတွင် ကျေးဇူးရှင် တကာတော် ပေါက္ကံရာမ ပထမပုဂံပြည့်ရှင် သမုဒ္ဒရာဇ်မင်းကြီးနှင့်အတူ ထွက်ရပ်အောင် စခန်းသို့ အပြီးတိုင် လှမ်းကြွတော်မူခဲ့သည်ဟူ၍ ကျမ်းအစောင်စောင်၊ ပေအဆူဆူတို့တွင် အဆိုရှိ ကမ္ပည်းတင်ခဲ့ကြသည်။

ရှင်အဇ္ဇဂေါဏဘုရား၏ စည်းမှာ "ပြဒါးဝိဇ္ဇာစည်း၊ ပြဒါးရှင်ထွက်ရပ်ပေါက်ဝိဇ္ဇာစည်း" ဖြစ်သည်။

## (ဂ) ရှင်မထီးဘုရား

ရှင်မထီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်သည် နောင်တော်ကြီးစေတီတော်၏ မြောက်ဘက်အာရုံခံတန်ဆောင်းအတွင်း အလယ်တည့်တည့်တွင်ရှိသော ရုပ်ပွားတော်ကြီးတစ်ဆူ ဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း (၁၀၀၀)ခန့်က ရှင်အဇ္ဇဂေါဏဘုရားတည်ခဲ့ပြီးနောက်တွင် ရှင်မထီးဆရာတော် တည်သွားခဲ့သည်ဟု အဆိုရှိကြသည်။

အဂ္ဂိရတ်ဓာတ်ကျမ်း၊ ပေစာပုရပိုက် တစ်ဆူထားတော်မူခဲ့သည်ဟု အလွန်လူပြောများလှသော ဆင်းတုတော်တစ်ဆူဖြစ်သည်။

ရှင်မထီးဆရာတော်နှင့် ရှင်အဇ္ဇဂေါဏဆရာတော်တို့မှာ တစ်ပါးစီဖြစ်တော်မူကြသည်။

ရှင်မထီးဆရာတော်သည် ရှင်အဇ္ဇဂေါဏ၏ ညီတော်နောင်တော် အနွယ်တို့၏ တပည့်ဖြစ်သည်။

ထွက်ရပ်ပေါက်ဆရာတော် ရှင်အဇ္ဇဂေါဏတွင် ညီ





တော်နောင်တော် ရသေ့(၃)ပါး ရှိတော်မူသည်။ ၎င်းတို့မှာ . . .

- ဝေဒိဿရ ရှင်ရသေ့ (ရှင်အဇ္ဇဂေါဏ)
- နေက္ကဿရ ရှင်ရသေ့
- မေဒိဿရ ရှင်ရသေ့တို့ဖြစ်သည်။

ဝေဒိဿရ ရှင်ရသေ့ (ရှင်အဇ္ဇဂေါဏ)၏ တပည့်ရင်းသည်ကား ညီတော်လတ် နေက္ကဿရ ရှင်ရသေ့ဖြစ်သည်။

နေက္ကဿရ ရှင်ရသေ့၏ တပည့်မှာ သရဘင္ဂ ရှင်ရသေ့ဖြစ်သည်။

ယင်း သရဘင္ဂ ရှင်ရသေ့၏ တပည့်ရင်းသည် ရှင်မထီးဆရာတော်ဖြစ်သည်။

ရှင်မထီးဆရာတော်သည် သာသနာသက္ကရာဇ်(၆၉၇)ခုနှစ်၊ ကောဇာသက္ကရာဇ် (၇၅)ခုနှစ်၊ ခရစ်သက္ကရာဇ် (အေဒီ) (၁၅၃)ခုနှစ်၊ တပေါင်းလဆန်း (၁)ရက်နေ့တွင် စာပေကျမ်းဂန်နှင့် အဂ္ဂိရတ်ကျမ်းသင်ယူရန် အောက်ပြည်အောက်ရွာ သုဝဏ္ဏဘူမိသထုံပြည်မှ ပေါက္ကံရာမ ပုဂံနေပြည်တော်သို့ ကြွရောက်လာခဲ့ခြင်းဖြစ်သည်။ ငယ်ဘွဲ့တော်မှာ ဗားထီးဖြစ်သည်။

အရိမဒ္ဒနာ ပုဂံပြည် ပျူစောထီးမင်း လက်ထက်တွင် မင်းဆရာတော်ဖြစ်လာသောအခါ ရှင်မထီးဆရာတော်ဘွဲ့ကို ခံယူတော်မူခဲ့သည်။

ရှင်မထီး ဆရာတော်သည် မင်းဆရာမဖြစ်မီ ရှင်အဇ္ဇဂေါဏ၏ တပည့်ရင်း ရှင်သရဘင္ဂ၏နည်းအတိုင်း အဂ္ဂိရတ်ပညာကို ဆည်းပူးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါက္ကံရာမ သရဘာဂုရှင်ရသေ့သည် သာသနာသက္ကရာဇ် (၇၁၀)ခုနှစ်၊ ကောဇာသက္ကရာဇ် (၈၈)ခုနှစ်၊ ခရစ်သက္ကရာဇ်(အေဒီ)(၁၆၆)ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်၊ သောကြာနေ့ နေ့မွန်းတည့်နှစ်ဖဝါး၊ အောင်သာနေမွန်းတည့်အချိန်တွင် အင်္ဂရတ်ဇာတ်လမ်း ရှင်အဇ္ဇဂေါဏဆရာတော်၏ မာတ်စခန်းစဉ်ဖြင့် အန္တိမပဝိဇ္ဇအဆုံးသို့ ရောက်တော်မူခဲ့၏။

သရဘာဂုရှင်ရသေ့ ထွက်ရပ်လမ်း ကြွမြန်းတော်မူပြီးမှ သာသနာသက္ကရာဇ် (၇၁၁)ခုနှစ်၊ ကောဇာသက္ကရာဇ် (၈၉)ခုနှစ်၊ ခရစ်သက္ကရာဇ် (အေဒီ) (၁၆၇)ခုနှစ်တွင် ရှင်မထီးသည် ပုဂံပြည်သို့ရောက်ပြီး (၁၄)နှစ်ကြာသောအခါမှ ပေါက္ကံရာမအမည်မှ အရိမဒ္ဒနာအမည်သို့ ပြောင်းစေခဲ့သူ ပုဂံပြူမင်းကြီး (ခေါ်) ပြူစောထီး (ခေါ်) ပြူမင်းထီး၏ မင်းဆရာတော် ဖြစ်လာခဲ့သည်။

ရှင်မထီးဆရာတော်သည် ရှင်အဇ္ဇဂေါဏနှင့် သရဘာဂုရှင်ရသေ့တို့၏ အင်္ဂရတ်ကျမ်းအစောင်စောင်ကို နှုတ်ငုံအာဂုံဆောင်ထားသူဖြစ်သောကြောင့် စခန်းမထွက်မီ "ရှင်မထီးမာတ်ကျမ်း"ကို ပြုစုခဲ့၏။

ရှင်မထီးဆရာတော်သည် သာသနာသက္ကရာဇ် (၇၁၅)ခုနှစ်၊ ကောဇာသက္ကရာဇ် (၉၃)ခုနှစ်၊ ခရစ်သက္ကရာဇ် (အေဒီ) (၁၇၁)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ ကြာသပတေးနေ့ ညဉ့်သန်းခေါင်ယံ လမွန်းတည့်ချိန်တိတိအချိန်တွင် အင်္ဂရတ်မာတ်လမ်း ပြဒါးရှင်လုံးစခန်းဖြင့် ထွက်ရပ်မြန်း ကြွလှမ်းတော်မူခဲ့၏။

ပုဂံပြည်တွင်း ရှင်အဇ္ဇဂေါဏသည် သမုဒ္ဒရာဇ်မင်းကြီး





နှင့်လည်းကောင်း

- ညီတော်လတ် နေကြသရ ရှင်ရသေ့
- ညီတော်ငယ် မေဒိသရ ရှင်ရသေ့
- လက်ရင်းတပည့် သရဘာဂု ရှင်ရသေ့
- ရှင်မထီးဆရာတော် (ဗားထီးဆရာတော်) တို့သည်

ပြဒါးရှင်လုံး၊ မာတ်လုံးကိုယ်စီဖြင့် အရှင်ထွက် ထွက်တော်မူခဲ့ကြ၏။

## (၉) ဆုတောင်းပြည့်ရာဇမုနိဘုရား

ဤဘုရားသည် ရွှေတိဂုံစေတီတော်၏ မြောက်၊ နောင်တော်ကြီးစေတီ၏ ရာဟုထောင့်တွင်ရှိသည့် ဦးထူး၊ ဒေါ်ဖြောကြီး ကောင်းမှုတော် ပြဿဒ်စေတီအတွင်း ကိန်းဝပ်စံပယ်နေသော မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးတစ်ဆူ ဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင်ရှိသည့် မဟာမြတ်မုနိ ရုပ်ပွားတော်ကြီး (၉)ဆူအနက် ဉာဏ်တော်အကြီးဆုံးနှင့် ဆုတောင်းအပြည့်ဆုံး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော်ကြီးသည် ဆုတောင်းပြည့်ကြောင်း အင်္ဂလိပ်လူမျိုးများပင် အနောက်တိုင်း အင်္ဂလိပ်မဂ္ဂဇင်းများ၌ ရေးသားဖော်ပြခဲ့ကြသည်။

ပြဿဒ်၊ စေတီ၏နှဖူးစီးတွင် ဗြိတိသျှမျက်နှာဖြူတို့၏ တံဆိပ်ကို ခုနှစ်သက္ကရာဇ်နှင့်တကွ ရေးထိုးထားခဲ့သော်လည်း ထိန်းသိမ်းမှု ကြာရှည်လာသည့်အခါတွင် အင်္ဂလိပ်အမှတ်အသား တံဆိပ်တခုတည်းသာ ကျန်ရစ်ခဲ့ပြီး ခုနှစ်အမှတ်အသား



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ပျက်သွားခဲ့သည်။

ယခင်က ဤစေတီအပေါ်တွင် ညောင်ပင်ကြီးတစ်ပင်နှင့် ပိန္နဲပင်တစ်ပင် မိုးနေခဲ့ဖူး၏။

ထိုနေရာသည် အလွန်မြေကြမ်းသောနေရာ၊ အမှားမခံသောနေရာအဖြစ်ဖြင့် နာမည်အလွန်ကြီးသည်။ ညအခါတွင် ပို၍ကြမ်းတမ်းမှုများကို တွေ့ရသည်။

ယခုဖော်ပြပေးမည့်အကြောင်းအရာမှာ သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်းဗုဒ္ဓအောင်မြေ (၉)ဌာနအကြောင်း ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်သူများသည် သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်းဗုဒ္ဓအောင်မြေ (၉)ဌာနတွင် အောင်ဓါတ်ရယူနိုင်ပါရန် ဖော်ပြပါသည်။

### ၃။ နဝင်းဗုဒ္ဓအောင်မြေ (၉)ဌာန

သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်း ဗုဒ္ဓအောင်မြေ (၉)ဌာနတို့မှာ. . .

၁။ ရွှေတိဂုံစေတီတော်အထက်ပစ္စယာ အရှေ့ဘက်၊ တစ်ဝဂူ ပတ္တမြားမျက်ရှင်ဘုရား ရှေ့တည့်တည့်ရှိ "ပတ္တမြားမျက်ရှင်အောင်မြေ (ခေါ်) ရန်အောင်မြင် မဟာဝိဇယ နဝင်းဗုဒ္ဓအောင်မြေ" ။

၂။ အရှေ့ဘက် တန်ဆောင်းမုခ်ဝရှိ ကကုသန်လက်ဝဲလာဘမုနိရှေ့တည့်တည့်ရှိ "နေသိဒ္ဓိ အောင်မြေ(ခေါ်)





ဥစ္စာလာဘသိဒ္ဓိ နဝင်းဗုဒ္ဓအောင်မြေ"။

၃။ အရှေ့ဘက် တန်ဆောင်းအတွင်းရှိ သိဒ္ဓိအောင်ဘုရားရှေ့တစ်တိုင်စာတွင်ရှိ "သိဒ္ဓိအောင်(ခေါ်)ပညာအောင် နဝင်း ဗုဒ္ဓအောင်မြေ"။

၄။ အနောက်မြောက်အရပ် (ရာဟုထောင့်) ရှင်စောပု ဆုတောင်းပြည့်စေတီတော်၏ တောင်ဘက်ရှိ စကားဝါ၊ စကားစိမ်း၊ စကားပင်လေးပင်ရှိခဲ့ဖူးသော "ဗားလေးဗားအောင်မြေ" ။

၅။ ဆံတော်တွင်း တန်ဆောင်းရှိ ရုပ်ပွားတော်၊ ဆင်းတုတော်ရှေ့ရှိ "ဆံတော်တွင်း အောင်မြေ"။

၆။ ပဲခူးဓမ္မစေတီမင်း၏ ကောင်းမှုတော် အင်းစေတီရှေ့၊ ခြင်္သေ့ရုပ်နှင့် ကျားရုပ်နှစ်ရုပ်အကြားတွင်ရှိသည့် "အင်းအောင်မြေ၊ စမ အောင်မြေ၊ စမပထမံ နဝင်း ဗုဒ္ဓအောင်မြေ" ။

၇။ စနေထောင့်ရှိ ဝိဇ္ဇာဇော်ဂျီ (ခေါ်) ဝိဇ္ဇာညီနောင်စေတီတော်ကြီးရှေ့တည့်တည့်ရှိ "ဝိဇ္ဇာညီနောင် နဝင်းဗုဒ္ဓအောင်မြေ"။

၈။ ဒေါ်ဒဂုန်ခင်ခင်လေး၏ မဟာဗောဓိတန်ဆောင်းကြီးနောက်ကျောဘက်နှင့် နောင်တော်လတ်စေတီခြေရင်းအကြားရှိ "ယက္ခကမ္ဘာက်အောင်မြေ၊ ယက္ခကမ္ဘာက် နဝင်းဗုဒ္ဓအောင်မြေ"။

၉။ စနေထောင့်၊ နေစကြာ လစကြာ စေတီတော် ထိုးကိုဂူ



www.burmeseclassic.com

www.burmeseclassic.com



မုခ်ဝရုပ်ပွားတော်ရှေ့ရှိ "နေစကြာ လစကြာ အောင်မြေ၊ နေလစကြာ သိဒ္ဓိနှစ်ပါး နဝင်းဗုဒ္ဓအောင်မြေ"။ ဟူ၍ အသီးသီးရှိတော်မူ၏။

အောင်ဓာတ်ရယူလိုသူများသည် မိမိတို့၏ အဓိဋ္ဌာန်ဆောင်ရွက်မှုများကို အောင်မြေနင်း၍ သစ္စာအဓိဋ္ဌာန်ပြုခြင်းဖြင့် ပေါက်မြောက်အောင်မြင်နိုင်ပါသည်။

## ရက္ခမူ ဘူမိယ အောင်မြေ(၉)ဌာန

ဖော်ပြခဲ့သည့် နဝင်းဗုဒ္ဓအောင်မြေအပြင် သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ရက္ခမူဘူမိယ အောင်မြေ (၉)ဌာနလည်း ရှိပေသည်။

၁။ အင်္ဂါထောင့် မက်ဒက်ဆရာတော်ဘုရား စိုက်ထားခဲ့သည့် ကဆုန်ညောင်ရေသွန်းလောင်းရာ ညောင်ပင်ဖြစ်သော ဗောဓိညောင်ပင်ရင်းရှိ "ဗောဓိပင်နှင့် ရွှေပလ္လင်ဓါတ်အောင်မြေ"။

၂။ နောင်တော်ကြီးစေတီတော် အရှေ့တောင်အရပ်၊ အင်္ဂါထောင့်အောက်ရင်ပြင်တွင် ထန်းပင်များ စုဝေးပေါက်ရာနေရာ၏ အနောက်ဘက် ကပ်နေသောနေရာ"ထန်းညီနောင်အောင်မြေ" (ယခု ထန်းပင်(၃)ပင်သာ ရှိတော့သည်။)

၃။ နောင်တော်ကြီးစေတီတော်၏ အရှေ့မြောက်အရပ် တနင်္ဂနွေထောင့် ရင်ပြင်တွင် အုန်းပင်များ စုဝေးပေါက်ခဲ့ရာ နေရာတပိုက်၊ "အောင်အုန်းညီအောင်အောင်မြေ"။ (ယခု အုန်းပင်တစ်ပင်မျှ မရှိတော့ပေ။)

၄။ ရွှေတိဂုံစေတီတော်၏ မြောက်ဘက်၊ နောင်တော်ကြီးစေတီ၏ အနောက်မြောက်အရပ်၊ ရာဟုထောင့်တွင်ရှိသော လင်းလွန်းပင်အောက်ရှိ "လင့်လွန်းအောင်မြေ" (လင်းလွန်းပင်တွင် မိန္တာဇာဂါထာတော်ကို ရေးချိတ်ဆွဲထားသည်)

၅။ ရွှေတိဂုံစေတီတော်၏ တောင်ဘက်၊ ရေစင်ကြီး၏ အရှေ့ဘက်တွင်ရှိသော လင်းလွန်းပင်အောက်ရှိ "ဗုဒ္ဓဟူးလင်းလွန်းအောင်မြေ"။

၆။ ရွှေတိဂုံအလယ်ပစ္စယာ၊ ရာဟုထောင့်၊ အနောက်မြောက်အရပ်၊ ဗောဓိညောင်ပင်အောက်ရှိ "ဗောဓိပင်နှင့် ရွှေပလ္လင်မာတ်အောင်မြေ"။
(ရာဟုထောင့်ရှိ ဗောဓိညောင်ပင်ကို ရသေ့ကြီး ဦးခန္တီပူဇော် စိုက်ပျိုးထားခဲ့ခြင်းဖြစ်သည်။ အောင်မြေမှန်းသိ၍ ဗောဓိညောင်ပင် စိုက်ထားခဲ့ခြင်းဖြစ်သည်။)

၇။ ဝိဇ္ဇာဇော်ဂျီ (ခေါ်) ဝိဇ္ဇာညီနောင်စေတီ အနောက်မြောက်ရာဟုထောင့်အရပ်၊ သိကြားမင်းနှင့် ရွှေတိဂုံဘိုးဘိုးကြီး ရုပ်တုဘေးတိုက် အရှေ့အရပ်တွင်ရှိ. . . "စကားဝါအောင်မြေ"
(ဤစကားဝါပင် အောက်တည့်တည့် ဝါးတစ်ပြန်ကျော်ကျော် မြေအောက်အနက်တွင် ဌာပနာတိုက်သို့ ဓါးဝင်




☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



ရာ မြစ်ရေအတက်အကျ ဥမင်လိုဏ်လမ်းပေါက်ရှိ သည်။)

၈။ စနေထောင့် အနောက်တောင်အရပ်၊ ဗောဓိညောင်ပင် အောက်ရှိ "ဗောဓိပင်နှင့် ရွှေပလ္လင်အောင်မြေ"။

(မူလပထမ ဗောဓိညောင်ပင်ကြီးသည် မိုးကြီးလေကြီး ကျ၍ ပျက်စီးသွားသဖြင့် ယခု တစ်ဖန်အသစ်စိုက်ပျိုး ထားသော အပင်ဖြစ်သည်။)

၉။ နောင်တော်ကြီးစေတီ၏ အရှေ့မြောက်အရပ် အ ထောင့်တွင်ရှိသော "ခရေအောင်မြေ" ။

(ယခင်က အရိုးအိုးစေတီဘေး ရွှေပြဿဒ်အောက် စေတီတော်ရှေ့၌ ခရေပင်တစ်ပင်ရှိခဲ့ဖူး၏။ ယင်းခရေ ပင်မှာ ယခုမရှိတော့ဘဲ ခရေပင်ရှိခဲ့ဖူးရာ အနီးအနား တွင် ဗောဓိညောင်ပင် စိုက်ထားသည်။)

. . . အထက်ဖော်ပြပေးသော နေရာ(၂၇)နေရာများ နဝင်းသုံးစုံ ရွှေတိဂုံ အဓိဋ္ဌာန်ကျင့်စဥ်ဝင်ရောက်ရမည့် နေရာများ ပင် ဖြစ်ပေသည်။

(၉)နေရာဝင်လျှင်လည်း အကျိုးရှိပါသည်။

(၁၈)နေရာဝင်လျှင် ပိုပြီးအကျိုးကျေးဇူးရနိုင်ပါသည်။ ထို့ထက် နဝင်းသုံးစုံပြည့်အောင် (၂၇)နေရာပြည့်အောင် အဓိ ဋ္ဌာန်ဝင်လျှင်တော့ မိမိအလိုဆန္ဒရှိသမျှ ပြည့်စုံအောင်မြင်ခြင်း ရရှိစေနိုင်မည် ဖြစ်ပါသည်။

(၂၇)နေရာ အဓိဋ္ဌာန်ပြည့်သည်နှင့် ထိုနေရာမှာပင်





ကုသိုလ်ကောင်းမှုတို့ကို မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သော ပုဂ္ဂိုလ်တို့အား မေတ္တာပို့ အမျှအတန်းဝေပြီးသည်နှင့် လိုအပ် သော ဆု(၃)ဆုတောင်းယူရန်လည်း မမေ့အပ်ပေ။

ထိုသို့ဆုတောင်းပါက . . ရက်ပိုင်းအတွင်း ပြည့်စုံနိုင် ကြောင်းလည်း အသိပေးလိုပါသည်။

ကျွန်တော်အနေဖြင့် ဂမ္ဘီရဆန်းကြယ် ဇာတ်လမ်းများကို ရေးသားရာတွင် စာဖတ်ပရိသတ်အတွက် အကျိုးရှိစေနိုင်သော သုတရသများကို အနည်းနှင့်အများဆိုသလို ထည့်သွင်းရေးသား ခဲ့ပေသည်။

ယခု 'နဝင်းသုံးစုံ ရွှေတိဂုံ' အဓိဋ္ဌာန်ကျင့်စဥ်နေရာများ ကို ပြည့်စုံစွာရေးသားဖော်ပြပေးခြင်းမှာ စာဖတ်သူများအတွက် အကျိုးရှိစေရန်အတွက်ဖြစ်သောကြောင့် နဝင်း (၉)နေရာ၊ (၁၈) နေရာ၊ (၂၇)နေရာတို့ကို ပြည့်စုံအောင် အဓိဋ္ဌာန်ဝင်နိုင်ကြပါစေ။

ရှေ့အခန်းမှာတော့ ပုဏ္ဏကကြမ်းသော အိမ်နီကြီးအ ကြောင်းကို ဆက်လက်ရေးသားမည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com







### အခန်း [ ၈ ]

# ဆာဒူးမိစ္ဆာနှင့် ဝိဉာဉ်အကျဉ်းသား

ဒေါက်တာမင်းထင်ကျော်အနေဖြင့် ပုဏ္ဏကကြမ်းသော အိမ်နီကြီးအတွင်းသို့ တစ်ခေါက်ရောက်ခဲ့ဖူးပေပြီ။

စုံထောက်ကျော်စွာနှင့် အတူတူသွားကြခြင်းဖြစ်သည်။

ယခုအခါမှာတော့ စုံထောက်ကျော်စွာကိုပင် မခေါ်တော့ဘဲ သူတစ်ယောက်တည်း သွားရန်ပြင်လေသည်။

ဒီတစ်ကြိမ်မှာတော့. . တစ်ယောက်တည်းဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လိုအပ်သောပစ္စည်းတို့ကို လိုလေသေးမရှိအောင် ထည့်ယူသွားသည့်အပြင် ဆရာကြီးသူရဋ္ဌ အစီအရင်ပြုလုပ်ပေးထားသော ပုတီးနှင့် ပရိတ်ချည်ကြိုးတို့ကိုပါ လိုရမယ်ရ ထည့်ယူလာလေသည်။

ညနေစောင်းအချိန်ရောက်တော့ ယခင်သွားနေကျလမ်းဘက်မှမသွားဘဲ အချိန်ရှိသေးသောကြောင့် ရွှေခုံတိုင်လမ်းဘက်မှသွားရန် စိတ်ကူးပေါ်ပြီး ထိုနေရာဘက်မှ လှည့်လာခဲ့လေသည်။

ကမ္ဘာအေးဘုရားလမ်းရောက်တော့ မော်တော်ကားနှင့်လူသွားလူလာအချို့ တွေ့ရလေသည်။

ကမ္ဘာအေးဘုရားလမ်းဘက်မှပတ်ပြီး လမ်းဆုံသို့ရောက်သောအခါ ရွှေခုံတိုင်လမ်းအတိုင်း အနောက်ဘက်သို့ချိုးကွေ့ဝင်လာလေသည်။

သူသည် ဘောင်းဘီရှည်နှင့် လောင်းကွပ်အင်္ကျီရှည်တို့ကို ဝတ်ဆင်ထားသည့်အပြင် သက္ကလပ်ဦးထုပ်ကိုပါ ဆောင်းထားလေသည်။

လောင်းကွပ်အင်္ကျီ၏ အတွင်းအိတ်၊ အပြင်အိတ်များထဲမှာတော့ သေနတ်တစ်လက် အပါအဝင် လိုအပ်သောပစ္စည်းများထည့်ယူလာလေသည်။

ရွှေခုံတိုင်လမ်းတစ်လျှောက်မှာ ဒီလုံးအုတ်တုခေါ်သောမီးဖုတ်ထားသော အုတ်လုံး၊ အုတ်ခဲများ စီခင်းထားသဖြင့် လမ်းမကောင်းလှပေ. . .။





ထို့ကြောင့် အချို့မော်တော်ကားများက ထိုလမ်းမျိုးမှ အသုံးမပြုဘဲ ကတ္တရာခင်းထားသော လမ်းချောများမှသာ အသွားအလာများကြလေသည်။

ထို့ပြင် ထိုလမ်းထဲမှာ နေထိုင်သူဦးရေ မများလှသောကြောင့် ယခုကဲ့သို့ နေဝင်ရီတရောအချိန် ရောက်သောအခါ အသွားအလာ နည်းပါးသွားဖြင်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ တစ်ယောက်တည်း အတွေးကောင်းကောင်းဖြင့် လျှောက်လာရာ အိမ်နီကြီးရှိသောနေရာသို့မရောက်ခင် ဖြတ်လမ်းတစ်ခုရှိရာသို့ ရောက်သောအခါထိုလမ်းအတွင်းမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်ကိုသတိပြုမိလိုက်သည်။

ထိုအမျိုးသမီးက လမ်းထဲမှထွက်လာပြီး လမ်းဘေးမှာရပ်နေလေရာ. . ထိုနေရာရောက်တော့ ရပ်ပြီးကြည့်လိုက်လေသည်။

နက်မှောင်ရှည်လျားသော ဆံပင်ရှည်ကို တစ်ပတ်လျှိုထုံးပြီး နောက်သို့ချထားသည်။

ဖြူဝင်းသောအသားအရေနှင့် မျက်နှာမှာ ရိုးသားဖြူစင်သော ရုပ်ရည်လက္ခဏာမျိုးရှိပြီး ချောမောလှပသူတစ်ဦးဖြစ်မှန်းမြင်ရုံနှင့်ပင် သိနိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်က သူမရပ်နေသော နေရာနှင့် မနီးမဝေးမှာရပ်ပြီး မေးလိုက်လေသည်။

"အကူအညီတစ်ခုခု လိုနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မေးတော့ ချက်ချင်းခေါင်းညိတ်ပြလေသည်။

"ဟုတ်. . ဟုတ်ပါတယ်ရှင်၊ ဒါ. . ဒါထက်. . ဆရာ နာမည်က"

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ် ပါတယ်"

"ဒီလိုဆိုရင်တော့ တွေ့ချင်နေတာနဲ့ အတော်ပါပဲ"

"ဒါထက် ခင်ဗျားက ဘယ်သူလဲ"

"ကျွန်မနာမည် ခင်ခင်ကြီးလို့ ခေါ်ပါတယ်ရှင်. . ဒီ အတွင်းဘက်မှာတင် နေတာပါ"

နောက်ဘက်သို့ လက်ညှိုးထိုးပြသည်။

သူသိရသလောက်တော့ ရွှေခုံတိုင်လမ်းနှင့် ဘောင်ဒရီ လမ်းကြား ကုန်းဘက်တွင် လူနေအိမ်ခြေ သိပ်မရှိလှပေ။

ဘုန်းတော်ကြီးကျောင်းအချို့နှင့် သီးနှံစိုက်သူများသာ ရှိပေသည်။

"ဒါထက် ခင်ခင်ကြီးက ကျွန်တော်ကို သိနေလို့လား"

သူမခေါင်းညိတ်ပြသည်။

"ကျွန်မ ဆရာနေတဲ့အိမ်ကို တစ်ခေါက်ရောက်ခဲ့ပါသေး တယ်၊ ဆရာခရီးထွက်နေတာကြောင့် မတွေ့ခဲ့ရတာပါ"

သည်တော့မှ သူမအမည်ကို ပြန်လည်သတိရမိလေ သည်။ သူမကပင် ဆက်ပြောလေသည်။

"ကျွန်မကတော့ ဆရာနဲ့ မသိပါဘူး၊ ဒါပေမယ့် ကျွန်မ ညီမလေးကတော့ ဆရာကိုသိနေပါတယ်"





"ခင်ဗျားညီမလေးက ဘယ်သူလဲ"

"ခင်ခင်လေးလို့ ခေါ်ပါတယ်"

"ခင်ခင်လေး. ."

ဒေါက်တာမင်းထင်ကျော်မှာ ဇဝေဇဝါဖြစ်သွားပြန် သည်။

"ဆရာ အခုဘယ်သွားမှာလဲ. ."

"အိမ်နီကြီးဘက် သွားမလို့ပါ"

"အဲ့ဒီအိမ်ကြီးရောက်တဲ့အခါ သူနဲ့တွေ့ရပါလိမ့်မယ်"

ထိုသို့ပြောတော့မှ စိတ်ထဲမှာ သဘောပေါက်သလိုဖြစ် လာလေသည်။

အိမ်နီကြီးမှာ အမှတ်တမဲ့တွေ့ခဲ့ရသော အမျိုးသမီး၏ ပုံပန်းသဏ္ဌာန်မှာလည်း ခင်ခင်ကြီး၏ ပုံပန်းသဏ္ဌာန်နှင့် အ တော်ပင်ဆင်တူသည်ကို သတိပြုမိလေသည်။

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်ပြ လိုက်သည်။

"သူနဲ့တွေ့ရင် ဘာများပြောပေးရမလဲ"

"မပြောပါနဲ့ဆရာ၊ သူပြောပြတာကိုပဲ နားထောင်လာ ပေးပါ၊ နောက်ပြီး ကျွန်မ ဆရာနဲ့ အေးအေးဆေးဆေး တွေ့ချင် ပါသေးတယ်"

"ကောင်းပါပြီ၊ ကျွန်တော်အားတဲ့တစ်နေ့ ခင်ခင်ကြီး နေတဲ့နေရာကို လာခဲ့ပါ့မယ်"

ဟုပြောလိုက်သောအခါ သူမက ခေါင်းညိတ်ပြပြီး လာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းအတိုင်း ပြန်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက်ချ လိုက်ကာ ထိုနေရာမှ ဆက်လျှောက်လာလေသည်။

အချိန်က နေဝင်သွားပြီဖြစ်သောကြောင့် ပတ်ဝန်းကျင် တစ်ဝိုက်မှာ မှောင်ရိပ်များသမ်းစ ပြုလာလေသည်။

အိမ်နီကြီးရှိသောနေရာသို့ ရောက်သောအခါ ခြံတံခါး ကို တွန်းဖွင့်ပြီး အတွင်းသို့ ဝင်လာလေသည်။

အိမ်တံခါးသော့ကတော့ သူဆီမှာ အဆင်သင့်ပင် ပါ လာလေသည်။ သို့ကြောင့် တံခါးသော့ဖွင့်ပြီး အတွင်းသို့ဝင်လိုက် သည်။

အတွင်းရောက်တော့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့် လိုက်သည်။ ထူးထူးခြားခြား ဘာမှတော့ မတွေ့ရပေ။

သို့ကြောင့် တံခါးချပ်ကို ပြန်စေ့ထားလိုက်ပြီး ဖယောင်း တိုင်မီးထွန်းရန် ပြင်နေစဉ် အတွင်းဘက်မှ ထွက်လာသော ခြေ သံတရှပ်ရှပ်ကို ကြားရသည်။

အသံကြားရာဘက်သို့ ကြည့်လိုက်တော့ အမှောင်ရိပ် ထဲမှ ထွက်လာသော ပုံရိပ်သဏ္ဌာန်တစ်ခုကို ဝိုးတဝါးလှမ်းမြင် ရသည်။

သူမှတ်မိနေသော ဆံပင်ရှည်ရှည် အမျိုးသမီး၏ ပုံရိပ် ပင်ဖြစ်လေသည်။

သို့ကြောင့် မီးထွန်းရန်ပြင်နေသော မီးခြစ်နှင့် ဖယောင်း တိုင်ကို ပြန်ထည့်ထားလိုက်သည်။





မနီးမဝေးရောက်တော့ ထိုအမျိုးသမီးက ရပ်လိုက် သည်။

"ခင်ခင်လေး မဟုတ်လား"

"ဟုတ်ပါတယ်"

သူမထံမှ တိုးညှင်းသောအသံကြားရသည်။

"မင်း ပတ်ဝန်းကျင်မှာ အနှောင့်အယှက်ပေးမယ့်သူ ရှိနေသလား"

"အခု သူမရှိဘူး၊ အပြင်ရောက်နေတယ်"

"ငါလာတာ တခြားမဟုတ်ဘူး၊ မင်းအကြောင်းတွေကို သိချင်လို့ပါ၊ နောက်ပြီး မင်းကို ဒီဘဝဆိုးကလွတ်မြောက်အောင် အကူအညီပေးချင်ပါတယ်"

"သူရှိနေသရွေ့တော့ ကျွန်မဒီဘဝက လွတ်မြောက်ခွင့် ရမယ်မထင်ဘူး"

"သူဆိုတာ ဘယ်သူလဲ"

"မတ်စတီးဆိုတဲ့ လူယုတ်မာကြီးကို ပြောတာပါ"

"သူလည်း သေခဲ့ပြီမဟုတ်လား"

"ဒါပေမယ့် ဝိညာဉ်ဘဝကနေ ကျွန်မကို ဒီနေရာက ဘယ်မှသွားခွင့်မရအောင် ချုပ်နှောင်ထားတယ်၊ သူမရှိတော့မှ ကျွန်မဒီနေရာကနေ သွားခွင့်ရမှာ. . ."

"ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်၊ မင်းကို ဒီဘဝကလွတ်မြောက် အောင် ငါအကူအညီပေးပါ့မယ်"

"သူနဲ့ရင်ဆိုင်ရင်တော့ အန္တရာယ်များလိမ့်မယ်၊ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အကူအညီပေးနေတဲ့သူရှိတယ်”

“ဘယ်သူလဲ”

“ဆာဒူးမိစ္ဆာတစ်ယောက်ပဲ၊ အဲဒီဆာဒူးမိစ္ဆာက အရင်ကတည်းက သူ့ကိုအကူအညီပေးနေတဲ့သူပဲ၊ အခုသေပြီး ဝိညာဉ်ဘဝရောက်တော့လည်း ဒီနေရာက သွားလို့မရအောင် လုပ်ထားတယ်”

“ဘယ်လိုလုပ်ထားတာလဲ”

“ကျွန်မ မပြောဝံ့ဘူး”

ဒေါက်တာမင်းထင်ကျော်က သဘောပေါက်သွားသဖြင့် ဆက်မေး၍ မရတော့ပေ. . ။

ထိုအကြောင်းကို မမေးတော့ဘဲ အခြားအကြောင်းကိုသာ ဆက်မေးလေသည်။

“သူမရှိတော့တဲ့အချိန်မှာ မင်းဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ငါ့ကိုပြောပြပါလား”

ထိုသို့ပြောလိုက်သောအခါ ခင်ခင်လေး၏ ဝိညာဉ်ထံမှ ဘာမှ ထပ်မကြားရတော့ပေ။

ထိုအချိန်မှာ. . အပြင်ဘက်၌ မိုးတဖွဲဖွဲနှင့် ရွာသွန်းချလာသည်။ ဒေါက်တာမင်းထင်ကျော်က ကုလားထိုင်ပေါ်မှာ အေးအေးဆေးဆေးပင် ဝင်ထိုင်လိုက်သည်။

ထိုသို့ထိုင်လိုက်တော့မှ သူ့ရှေ့မှာထိုင်နေသော ပုံရိပ်တစ်ခုကို ဝိုးတဝါးဝါးမြင်လာရသည်။

ပထမတော့ မီးခိုးငွေ့များကဲ့သို့ ဝေ့ဝေ့ဝါးဝါးမြင်ရသည်။





နောက်တော့ တဖြည်းဖြည်းနှင့် ပုံပန်းသဏ္ဍာန်ပီပြင်လာသည်။ နောက်တဖြည်းဖြည်းကြာလာတော့ လူတစ်ယောက်ကို အမှောင်ထဲမှာ မြင်နေရသည့်အတိုင်း ဝိုးတဝါးမြင်လာရသည်။

ထိုအခါမှ. . ခင်ခင်လေးဆိုသော အမျိုးသမီးမှာ လမ်း၌တွေ့ခဲ့ရသော ခင်ခင်ကြီးဆိုသော အမျိုးသမီးနှင့် မျက်နှာရောကိုယ်လုံးကိုယ်ထည်ပါ တစ်ထေရာတည်း တူနေပေတော့သည်။

အပြင်ဘက်၌ မိုးတဖွဲဖွဲရွာနေသောအချိန်တွင် ခင်ခင်လေးက ကံကြမ္မာမကောင်းခဲ့သော သူမအကြောင်းများကို ပြန်ပြောပြလေသည်။

ခင်ခင်လေးတို့ မိသားစုမှာ ရန်ကုန်မြို့ ဇာတိတော့ မဟုတ်ကြပေ. . . ။

နယ်မြို့လေးတစ်မြို့တွင် နေထိုင်ခဲ့ကြပြီး ဆန်စပါးလုပ်ငန်းဖြင့် အသင့်အတင့် ချောင်လည်ကြသူများ ဖြစ်သည်။ စပါးမပေါ်ခင် လယ်ယာလုပ်ကိုင်သူတို့ထံမှ စပါးများကို ဈေးသက်သာစွာဖြင့် ဝယ်ယူထားပြီး စပါးပေါ်သောအခါ သိမ်းယူပြီး ထိုစပါးတို့ကို ဆန်အဖြစ် ကြိတ်ခွဲကာ လှေကြီးများဖြင့် ရန်ကုန်မြို့သို့ လာရောက်ရောင်းချခြင်းဖြင့် အတော်အသင့် စီးပွားရေးအဆင်ပြေစွာ နေနိုင်ခဲ့ကြလေသည်။

၄င်းတို့မိသားစုမှာ များများတော့မရှိကြပေ။ ဖခင်ဖြစ်သူ ဦးရွှေမောင်နှင့် မိခင်ဖြစ်သူ ဒေါ်ငွေမှုံတို့အပြင် ခင်ခင်ကြီးနှင့် ခင်ခင်လေးတို့ ညီအစ်မနှစ်ယောက်ရှိသည်။

ထို့ပြင် ဘကြီးတော်သူ ဦးဒီပနှင့် ဆွေမျိုးသားချင်းခ



www.burmeseclassic.com

www.burmeseclassic.com



ကင်းသော ဘိုးနက်ကျော်တို့သာ ရှိကြလေသည်။

ဦးဒီပနှင့် ဘိုးနက်ကျော်တို့က ဖခင်ဖြစ်သူ၏ စီးပွားရေးလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ကိုင်ပေးကြလေသည်။

ခင်ခင်ကြီးနှင့် ခင်ခင်လေးတို့မှာ အမွှာညီအစ်မတော့ မဟုတ်ကြပေ. . .။

သို့သော် အသက်တစ်နှစ်ကျော်ခန့်သာ ကွာခြားပြီး ကြည့်လိုက်လျှင် အမွှာညီအစ်မကဲ့သို့ ရုပ်ရော ကိုယ်လုံးကိုယ်ထည်ပါ ခွဲခြားမရအောင် တူကြသူများဖြစ်သည်။

သူတို့ ငယ်ရွယ်စဉ်အချိန်က အသက်(၂၀)ကျော်အရွယ်ရောက်သည့်အချိန်အထိတော့ နယ်မြို့ကလေးမှာပင် နေခဲ့ကြပြီး၊ စီးပွားရေးကလည်း အသင့်အတင့်ချောင်လည်သောကြောင့် သူတို့ဘဝလေးမှာ အေးအေးချမ်းချမ်းပင် ရှိခဲ့ကြလေသည်။

ခင်ခင်ကြီးက အသက်(၂၅)နှစ်ကျော် အရွယ်ရှိလာပြီး ခင်ခင်လေးက အသက်(၂၄)နှစ်အရွယ် ရောက်သည်အထိတော့ ညီအစ်မနှစ်ယောက်စလုံး အပူအပင်မရှာဘဲ မိဘအရိပ်အောက်မှာပင် အေးအေးချမ်းချမ်း နေခဲ့ကြလေသည်။

သို့သော် တစ်ချိန်မှာတော့ အေးအေးချမ်းချမ်းရှိနေသော သူတို့မိသားစုဘဝလေးထဲသို့ မမျှော်လင့်ဘဲ ကံကြမ္မာဆိုးတစ်ခုက ဝင်ရောက်လာလေတော့သည်။

အခြားတော့မဟုတ်ပေ။

တစ်နေ့တော့ ဆန်စပါးကိစ္စနှင့် ရန်ကုန်သွားရင်း မတ်စတီးဆိုသော ကုလားသူဌေးတစ်ယောက်နှင့် အဆက်အသွယ်





ရလာလေသည်။

မတ်စတီးမှာ သစ်လုပ်ငန်းနှင့် ဆန်စပါးလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်နေသူဖြစ်ရာ ဦးရွှေမောင်နှင့် အဆက်အသွယ်ဖြစ်ကြသည်ကတော့ အဆန်းမဟုတ်ပေ။

လုပ်ငန်းတိုးချဲ့ချင်သော်လည်း ငွေအရင်းအနှီးများများ မရှိသဖြင့် စိတ်ဆန္ဒမပြည့်သော ဦးရွှေမောင်နှင့် စီးပွားရေးလုပ်ငန်းများတွင် ဂျင်ချေလည်အောင် လုပ်ကိုင်တတ်သူ မတ်စတီးတို့တွေ့ပြီး အဆက်အသွယ်ဖြစ်ကြသည်ကတော့ မထူးဆန်းပါပေ။

မတ်စတီးကလည်း ဦးရွှေမောင်တို့နေရပ်သို့ ရောက်လာပြီး အကဲခတ်ကြည့်ရင်းနှင့် ဦးရွှေမောင်၏ သမီးချောနှစ်ယောက်ကို မြင်သောအခါ စိတ်ထဲမှကြိတ်ပြီး သဘောကျနေမိလေသည်။

တစ်နေ့တော့ မတ်စတီးကပြောသည်။

“ဦးရွှေမောင်၊ ခင်ဗျားနဲ့ အလုပ်လုပ်ရတာ အတော်ကလေးအဆင်ပြေတယ်၊ အလုပ်ကြိုးစားပြီး ရိုးသားတာကိုလည်း သဘောကျတယ်၊ ခင်ဗျား ဆန်စက်လုပ်ငန်းမျိုး မလုပ်ချင်ဘူးလား”

“လုပ်ချင်ပေမယ့် ငွေအရင်းအနှီး မရှိသေးပါဘူး သူဌေးရာ”

“စိတ်မပူပါနဲ့၊ ရန်ကုန်မှာ ကျုပ်ပိုင်တဲ့ ဆန်စက်နှစ်လုံးသုံးလုံးရှိတယ်၊ ဆန်စက်တစ်လုံးမှာ ခင်ဗျားကို စက်ပိုင်ကိုယ်စားလှယ် ရာထူးပေးထားမယ်၊ လုပ်မလား”



www.burmeseclassic.com

www.burmeseclassic.com



ဆန်စက်လုပ်ရင်းနဲ့ ဆန်စပါးအရောင်းအဝယ်လည်း ဆက်လုပ်နိုင်တာပဲ၊ ကိုယ့်စပါး ကိုယ့်ဆန်စက်မှာ ကြိတ်တော့ ပိုပြီးအမြတ်ကျန်တာပေါ့ဗျာ. . ”

“ဟန်ကျတာပေါ့၊ သူဌေးက ဒီလိုကြည့်ရှုစောင်မမယ် ဆိုရင်တော့ ကျုပ်လုပ်ပါ့မယ်”

ထိုသို့ပြောပြီးနောက် နယ်မှာ အခြေတည်ထားသော လုပ်ငန်းအချို့ကိုရပ်ကာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရန် ပြင်ဆင်လေသည်။ ထိုသို့ရွှေ့ပြောင်းမည့် ကိစ္စကို ဇနီးဖြစ်သူ ဒေါ်ငွေမှုံက မနှစ်သက်သလို. . သမီးနှစ်ယောက်ကလည်း သဘောမကျကြပေ. . ။

“နင်တို့ဘယ်လောက် စီးပွားရေးလာဘ်မြင်လို့လဲ၊ လူဆိုတာ အခွင့်အရေးပေးတဲ့အခိုက် ရအောင်လုပ်မှ ကြီးပွားချမ်းသာမှာပေါ့၊ ဒီမှာနေရင် ဒီအတိုင်းပဲရှိမှာပေါ့၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့စကား မကြားဖူးဘူးလား”

“ကြားဖူးပါတယ် ကိုရွှေမောင်ရယ်၊ ကျွန်မတို့က ‘သေချင်တဲ့ကျား တောပြောင်း’ဆိုတာမျိုး ဖြစ်မှာစိုးလို့ သတိပေးရတာပါ”

“အတိတ်နိမိတ်မရှိကွာ. . .”

ထိုအခါ အနားမှာရှိနေသော ခင်ခင်ကြီးကပါ ဝင်ပြောသည်။

“အဖေနဲ့ အလုပ်အတူလုပ်မယ့်သူက စီးပွားရေးသမားလည်းဖြစ်၊ လူမျိုးကွဲလည်းဖြစ်တော့ ရေရှည်မှာ အဆင်ပြေပါ့





မလားအဖေ. . ”

“ပြေပါတယ် သမီးရယ်၊ ဒီလောက်လည်း စိတ်ပူမနေစမ်းပါနဲ့၊ ဒီသူဌေးက တခြားသူတွေနဲ့ မတူဘူး၊ သဘောမနောကောင်းတဲ့ပုံ ပေါ်ပါတယ်”

ဦးရွှေမောင်က စိတ်ဝင်စားစွာဖြင့် တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်နေသဖြင့် မိသားစုများကလည်း နောက်ထပ် ဘာမှမပြောသာတော့ပေ။

ဤသို့ဖြင့် ရက်အတန်ကြာတော့ ဦးရွှေမောင်တို့ မိသားစုမှာ ရန်ကုန်သို့ ရွှေ့ပြောင်းလာခဲ့ကြသည်။

သူတို့ရောက်လာတော့ သူဌေးမတ်စတီးက ၎င်းပိုင်ဆိုင်သော ကမာကဆစ်ဘက်၌ရှိသော ဆန်စက်တစ်လုံး၌ နေရာချပေးလေသည်။

ဆန်စက်ဝင်းထဲမှာ စက်ပိုင်ကိုယ်စားလှယ် နေရန် ဆောက်ပေးထားသော တိုက်ခံနှစ်ထပ်အိမ်တစ်လုံးရှိသည်။ ထိုအိမ်မှာ နေကြရသည်။

ရောက်စကတော့ အဆင်ပြေကြသည်။

နယ်မှာကျန်ခဲ့သော ဆန်စပါးလုပ်ငန်းများကို ဦးဒီပနှင့် ဦးနက်ကျော်တို့က တစ်ယောက်တစ်လှည့်စီ တာဝန်ယူလုပ်ကိုင်ကြပြီး ဆန်စက်လုပ်ငန်းများကိုတော့ ဦးရွှေမောင်က ကြီးကြပ်လုပ်ကိုင်လေသည်။

ဦးရွှေမောင်မှာ နယ်မှာနေစဉ်ကပင် ဆန်စပါးကြိတ်ခွဲသောအလုပ်လုပ်ခဲ့သူဖြစ်ရာ ဆန်စက်အလုပ်အတော်များများကို



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာမ်းနားလည်သူဖြစ်သည်။

သို့ကြောင့် အလုပ်လုပ်ရတာ အခက်အခဲမရှိပဲ အဆင်ပြေစွာ လုပ်ကိုင်နိုင်ပေသည်။

မတ်စတီးကလည်း မကြာခဏဆိုသလို တစ်ဖက်ကမ်းသို့ ကူးလာပြီး လာရောက်ကြည့်ရှုလေသည်။

၄င်းတွင် ကိုယ်ပိုင် ဂျွန်ဆင်သင်္ဘောငယ်တစ်စီး ရှိသဖြင့် ရေထဲမှာဖြစ်လင့်ကစားကုန်းပေါ်မှာ မော်တော်ကားရှိသကဲ့သို့ သွားချင်သောနေရာသို့ အလွယ်တကူ သွားလာနိုင်လေသည်။ တကယ်တော့ မတ်စတီးက မိန်းမလိုက်စားသူဖြစ်ရာ ဦးရွှေမောင်၏ သမီးဖြစ်သူ ခင်ခင်ကြီးကို များစွာနှစ်သက်သဘောကျနေလေသည်။

ခင်ခင်ကြီးကတော့ ဖခင်နှင့်ပတ်သက်နေသူ ဖြစ်သဖြင့် မလွှဲမကင်းသာ ဆက်ဆံနေရသော်လည်း မတ်စတီးပြုမူပြောဆိုပုံများကို တစ်ချက်ကလေးမှ သဘောမကျပေ။

တစ်နေ့တော့ ကံကြမ္မာအပြောင်းအလဲတစ်ခု ဖြစ်လာလေတော့သည်။

ဦးရွှေမောင် စီမံအုပ်ချုပ်နေသော ဆန်စက်ဝင်းထဲမှာရှိသည့် ဂိုဒေါင်တစ်လုံး မီးလောင်ပျက်စီးသွားလေတော့သည်။ ဂိုဒေါင်ထဲမှာလည်း စပါးများအပြည့် ထည့်ထားလေသည်။

ဆုံးရှုံးသောတန်ဖိုးမှာ များသဖြင့် ထိုတာဝန်မှာ စက်ပိုင်ကိုယ်စားလှယ် ဦးရွှေမောင်ခေါင်းပေါ် ကျလာလေတော့သည်။

ဘယ်လိုမှ မဖြေရှင်းနိုင်တော့သည့် အခြေအနေ





ရောက်သောအခါ မတ်စတီးဘက်မှ အလိုရှိသော ခင်ခင်ကြီးနှင့်လက်ထပ်ပေးရန် သဘောတူရလေတော့သည်။

ထိုအခါ ခင်ခင်ကြီးအနေဖြင့် ဘယ်လိုမှ လက်မခံနိုင်သောကိစ္စ ဖြစ်နေသောကြောင့် စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် ငိုကြွေးနေရတော့သည်။

ထိုအခြေအနေကိုမြင်တော့ ညီမဖြစ်သူ ခင်ခင်လေးမှာ မနေသာတော့ပေ။

"ဒီလောက်လည်း စိတ်ဆင်းရဲမနေပါနဲ့ မမရယ်. . ပြဿနာတစ်ခုရှိလာရင် ထွက်ပေါက်တစ်ခုတော့ ရှိမှာပါ။ အခုကိစ္စက ကျွန်မတို့ မိသားစု တစ်ခုလုံးနဲ့ သက်ဆိုင်နေတာဆိုတော့ ရှောင်လွှဲလို့မရဘူး၊ သူပြောတဲ့ကိစ္စကို သဘောမတူရင် အဖေကိုဖမ်းပြီးထောင်ချလိမ့်မယ်၊ အဲ့ဒီအခါကျရင် ကျွန်မတို့ အခြေအနေ ပိုဆိုးသွားလိမ့်မယ်"

"ငါတော့ သေသာသေလိုက်ချင်ပါတော့တယ် ညီမလေးရယ်၊ ဒီကုလားကိုလည်း ဘယ်လိုနည်းနဲ့မှ မယူနိုင်ပါဘူး၊ ဘယ်လိုလုပ်ရမလဲဟင်"

"အခုဖြစ်ပုံကြည့်ရတာ မမကိုလိုချင်လို့ ဒီကုလားသူဌေး အကြံအစည်နဲ့ လုပ်တာပဲဖြစ်ရမယ်၊ ဒီတော့ မမ မယူချင်နေ ကျွန်မပဲယူလိုက်မယ်၊ ကျွန်မတို့ မိသားစုကို ဒုက္ခပေးတဲ့သူကို ကျွန်မကိုယ်တိုင် လက်စားချေပြမယ်"

ခင်ခင်လေးက အစ်မဖြစ်သူနှင့် ရုပ်ချင်းသာတူသော်လည်း စိတ်သဘောထားချင်းမတူပေ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ကြံ့ခိုင်ပြီး မည်သည့်အရာမဆို လုပ်ဝံ့သူ ဖြစ်ပေသည်။

"ဖြစ်ပါ့မလား ခင်လေးရယ်"

"ဘာကြောင့် မဖြစ်ရမှာလဲ မမနဲ့ကျွန်မက အထက်အောက်ဆိုပေမယ့် ရုပ်ချင်းအရွယ်ချင်းက ခွဲမရအောင် တူတာပဲ။ သူက ကျမတို့ကို ယူချင်တယ်ဆိုတာ တကယ်ချစ်လို့ အတည်တကျ ပေါင်းသင်းချင်လို့ ယူတာမှမဟုတ်တာ၊ ဘာမှစိတ်ပူမနေနဲ့၊ အဖေနဲ့အမေပြောပြီးတော့ မမကိုယ်စား ကျွန်မလိုက်သွားမယ်"

ဟုပြောရာ ခင်ခင်ကြီးမှာ ညီမဖြစ်သူကို ဖက်ပြီးငိုကြွေးလေတော့သည်။

သို့မှတပါး ဘာမှမတတ်နိုင်တော့ပါချေ. . .။

နောက်ထပ်တစ်လခန့်ကြာတော့ ခင်ခင်လေးမှာ သူဌေးမတ်စတီးခေါ်ရာနောက်သို့ လိုက်ပါသွားရလေတော့သည်။

မတ်စတီးကတော့ သူမကို ခင်ခင်ကြီးဟုပင် ထင်ကာ အိမ်နီကြီးသို့ခေါ်သွားကာ ထိုမှာထားလေသည်။

ထိုရက်များအတွင်းမှာတော့ ခင်ခင်လေးအတွက် အရှင်လတ်လတ်နှင့် ငရဲတွင်းကျသကဲ့သို့ ရှိလေသည်။

တစ်နေ့မှ မျက်ရည်နှင့်မျက်နှာ ပြတ်သည်မရှိပေ။ ထိုအိမ်ကြီးကိုရောက်သည့်အချိန်မှစပြီး အပြင်ထွက်ခွင့်လည်း မရှိတော့. . .။

မည်သူနှင့်မှလည်း တွေ့ဆုံစကားပြောခွင့်မရတော့ပေ။





တကယ်တော့ မတ်စတီးမှာ တရားဝင်ယူထားသော မယားများလည်းရှိသည်။

အချို့ လုံးချင်းအိမ်များနှင့်ထားပြီး အချို့တော့ အခန်းဖြင့်ထားကာ စရိတ်စက ထောက်ပံ့ပေးထားသည်။

ခင်ခင်လေးကိုလည်း တရားဝင်လက်ထပ်ထိမ်းမြားပြီး ယူထားခြင်းမဟုတ်ဘဲ အပျော်မယားအဖြစ်သာ ထားခြင်းဖြစ်ပေသည်။

ခင်ခင်လေးကတော့ သူမဘဝကို ပျက်ဆီးသော လူယုတ်မာကို အသက်ဖြင့်လဲပြီး ကလဲ့စားချေရန်သာ စိတ်ကူးထားလေသည်။

တစ်နေ့တော့ အခွင့်အရေးရလေသည်။

ထိုနေ့က အပြင်ဘက်၌ မိုးတဖွဲဖွဲရွာသွန်းနေလေသည်။ မတ်စတီးတစ်ယောက် အိပ်ယာပေါ်မှာ ခြေပစ်လက်ပစ် အိပ်ပျော်နေစဉ် အိပ်ယာနံဘေးမှာ အသင့်ဝှက်ထားသော သင်ခုန်းဓားဖြင့် ငယ်ပါကို အရင်ဖြတ်သည်။

"အမျိုးကောင်းသားသမီးတွေကို တစ်ယောက်ပြီးတစ်ယောက် ဖျက်ဆီးခဲ့တဲ့ နင့်အတွက် ဒီဘဝရော နောက်ဘဝပါ မဖျက်ဆီးနိုင်အောင် လုပ်ပစ်ရမယ်"

ဟုပြောပြီး သင်ခုန်းဓားဖြင့် ဖြတ်ချရာ ပြတ်ကျသွားလေတော့သည်။

"အား. . . "

မတ်စတီးမှာ ထိုသို့အဖြတ်ခံလိုက်ရသဖြင့် ကယောင်



www.burmeseclassic.com

www.burmeseclassic.com



ကတန်း ကျုံးထလာသည်။

ထိုအခါမှ နောက်တစ်ချက် လည်ပင်းကို ဖြတ်ချလိုက်သည်။

"ဒါက ငါမိသားစုနဲ့ ငါ့ဘဝကို ဖျက်ဆီးခဲ့တဲ့အတွက်ပဲ လျော်ကြေးကတော့ နင့်အသက်ပဲ"

ပြောပြောဆိုဆိုဖြင့် သင်မုန်းဓားဖြင့် လည်ပင်းကိုလှီးဖြတ်လေရာ ဓားကပြတ်လှသောကြောင့် လည်ပင်းထက်ဝက်ခန့်ပြတ်ကာ အော်ပင်မအော်နိုင်တော့ဘဲ အိပ်ယာပေါ် ပြန်လဲကျသွားလေသည်။

ပထမတစ်ချက်ကြောင့် မတ်စတီးအော်သံကြားသဖြင့် အောက်ထပ်မှာရှိသော တပည့်တပန်းများ ပြေးတက်လာကြသည်။

ခင်ခင်လေးက အခန်းတံခါးကို ဂျက်ထိုးထားလိုက်ပြီး မိမိပြုလုပ်ရမည့် ကိစ္စများကို အလျင်အမြန်ပြုလုပ်လေသည်။ အပြင်ဘက်မှာ ရောက်နေကြသူများက တံခါးဖွင့်ရန် ကြိုးစားသော်လည်း မရသဖြင့် အတင်းတွန်းဖွင့်ရန် ပြင်နေကြစဉ်မှာ အခန်းထဲမှ အသံအချို့ ထပ်ကြားလိုက်ရလေသည်။ ကုလားထိုင်တစ်လုံး ပြိုလဲသံနှင့် 'ဒုန်း'ဆိုသော အသံပင်ဖြစ်လေသည်။

နောက်တော့ တံခါးကိုအတင်းတွန်းဖွင့်ပြီး ဝင်သွားရာ အခန်းထဲရောက်တော့ သွေးပျက်ဖွယ်ရာ မြင်ကွင်းကို တွေ့ကြရလေသည်။

ကုတင်ပေါ်မှာ သွေးများနီရဲနေပြီး လည်ပင်းဒဏ်ရာ





ကြီးဖြင့် သေဆုံးနေသော မတ်စတီးနှင့် မီးဆိုင်းချိတ်တွင် ကြိုးတွဲလောင်းဖြင့် ဆွဲကြိုးချကာ သေဆုံးနေသော ခင်ခင်လေးအလောင်းကို တွေ့ကြရလေတော့သည်။

"အဲ့ဒီအဖြစ်အပျက်တွေ ဖြစ်ခဲ့တာ သိပ်တောင်မကြာသေးပါဘူး၊ အဖြစ်ဆိုးတွေနဲ့ ကြုံခဲ့ရတဲ့ညက အခုလိုပဲ အပြင်ဘက်မှာ မိုးတဖွဲဖွဲရွာနေတယ်"

ရှေ့မှာရောက်နေသော ခင်ခင်လေးဝိညာဉ်က စကားကို အဆုံးသတ်သွားတော့ ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ယခုလည်း အပြင်ဘက်မှာ မိုးတဖွဲဖွဲရွာသွန်းနေလေသည်။ အချိန်ကလည်း ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာချေပြီ။

"မင်းတို့ မိသားစုတွေအတွက်ရော မင်းဘဝအတွက်ပါ စိတ်မကောင်းပါဘူး၊ နောက်တော့ ဘာတွေဆက်ဖြစ်သေးသလဲ"

"မတ်စတီးနဲ့ ကျွန်မသေသွားပြီးတဲ့နောက်မှာ ကျွန်မမိဘတွေကို ဆန်စက်ထဲက နှင်ထုတ်လိုက်ကြတယ်၊ အဖေနဲ့အမေက ရှက်တာနဲ့ နယ်ကိုမပြန်ကြတော့ဘဲ ဒီမှာပဲ ဖြစ်သလိုနေခဲ့ကြရတယ်"

"အခုဘယ်မှာနေကြသလဲ"

"ဒီနေရာနဲ့ သိပ်မဝေးတဲ့ နေရာမှာပါပဲ၊ ကျွန်မအစ်မထွက်လာတဲ့ နေရာမှာပါ။ အဖေရဲ့ အသိမိတ်ဆွေ ဘုန်းကြီးတစ်ပါးက ကျောင်းဝန်းထဲမှာရှိတဲ့ အိမ်ဟောင်းတစ်လုံးမှာ နေခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတယ်”

“ဒါထက် မင်းအစ်မက ငါ့ကိုဘယ်လိုသိတာလဲ”

“သူကတော့ မသိပါဘူး၊ ကျွန်မပြောပြလို့ သိတာပါ။ ကျွန်မကို ဒီဒုက္ခတွင်းကလွတ်အောင် ရှင်အကူအညီပေးနိုင်မယ် ထင်လို့ လမ်းညွှန်ပေးလိုက်တာပါ”

“မင်းကို ဒီဘဝကလွတ်အောင် ငါတတ်နိုင်သမျှ ကူညီ ဆောင်ရွက်ပေးပါ့မယ်”

ထိုသို့ပြောနေစဉ် တိတ်ဆိတ်နေသော အပြင်ဘက်မှ လေပြင်းတိုက်သကဲ့သို့သော အသံများကြားရလေသည်။

ထိုအသံများပေါ်လာသောအခါ ခင်ခင်လေးက နေရာမှထရင်း ပြောလိုက်သည်။

“သူပြန်လာပြီထင်တယ်၊ သူနဲ့တွေ့ရင်တော့ ရှင်သတိထားပါ”

ဟုပြောပြီးနောက် အမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ထိုအခိုက်မှာပင် ပိတ်ထားသော ဝင်ပေါက်တံခါးချပ်မှာ တစ်စုံတစ်ယောက်က တွန်းလိုက်သကဲ့သို့ ‘ဝုန်း’ခနဲပွင့်ထွက်သွားလေသည်။

တံခါးပွင့်သွားသဖြင့် အပြင်ဘက်မှ လေအေးများက အတွင်းသို့ တိုးဝင်လာသည်။

လှမ်းကြည့်လိုက်တော့ အခန်းပေါက်ဝမှာ မားမားကြီး ရပ်နေသော သဏ္ဌာန်တစ်ခုကို အရင်မြင်ရသည်။





အပေါက်ဝမှာ ရပ်နေသောကြောင့် အပြင်ဘက်မှ အလင်းရောင် တစွန်းတစရသဖြင့် အရိပ်မည်းကြီးက အခန်းထဲသို့ ထိုးကျနေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ နေရာမှထရပ်ကာ အခြေအနေကို ကြည့်နေလေသည်။

ထိုအချိန်မှာပင် အရိပ်မည်းကြီးက ဒေါသတကြီးဖြင့် အတွင်းသို့ ဝင်လာလေသည်။

ဒေါက်တာမင်းထင်ကျော်ထံမှာ သေနတ်ပါလာသော်လည်း ပရလောကရောက်နေသူများကို သေနတ်ဖြင့်ပစ်၍ မရပေ။

သူ့ဆီမှာတော့ ဆရာကြီး သူရဇ္ဇစီစဉ်ပေးထားသော ဆေးနှင့် သိဒ္ဓိပေါက် အင်းတစ်ချပ်တော့ အိတ်ထဲမှာပါလာလေသည်။

မြတ်စွာဘုရားလေးဆူတို့၏ သက်နိုးတော်တွင်ပေါ်သည့် စ၊ ခ၊ ဗ၊ ဝ စမလေးလုံးအင်းတော်ပင် ဖြစ်သည်။ ထိုအင်းတော်ပါလာသဖြင့် အပြင်မှဝင်လာသော မကောင်းဆိုးဝါးဝိညာဉ်က သူ့အနားသို့ ရောက်လာသည်အထိ ကပ်လာ၍ မရပေ။

မနီးမဝေးနေရာမှသာရပ်ပြီး ဒေါသတကြီး အမူအရာဖြင့် အိမ်ထဲမှထွက်သွားရန် နှင်ထုတ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်လည်း သူသိချင်တာ သိခဲ့ပြီဖြစ်သောကြောင့် အိမ်ထဲမှ ပြန်ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြန်ထွက်လာသည့်တိုင် မတ်စတီး၏ဝိညာဉ်က နောက်မှလိုက်လာပြီး ရန်မူရန် ကြိုးစားနေသေးသည်။

အပြင်ရောက်လာတော့ မိုးက စဲစပြုနေချေပြီ။

ထိုအခါ အိမ်ပေါက်ဝနှင့် မနီးမဝေးမှာရှိသော သစ်ပင်တစ်ပင်အောက်၌ ရပ်နေသော မည်းမည်းသဏ္ဌာန်ကို ထပ်တွေ့ရသည်။

ဒီတစ်ခါတွေ့ရသည်ကတော့ ဝိညာဉ်မဖြစ်နိုင်ပေ။ တောင်ဝှေးတစ်ချောင်းကို ထောက်ပြီး ရပ်ကာ သူ့ကိုကြည့်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ထည့်ထားသော အိတ်ကိုင်ပြီး ထိုနေရာသို့ လျှောက်သွားလေသည်။

မနီးအဝေးရောက်တော့မှ သစ်ပင်အောက်မှာ ရပ်နေသူမှာ ဆာဒူးတစ်ယောက်ဖြစ်မှန်း သိရလေသည်။

ခင်ခင်လေးပြောလိုက်သည့် ဆာဒူးမိစ္ဆာ ဖြစ်မည်ဟုလည်း စိတ်ထဲမှ ထင်လိုက်မိသည်။

"ခင်ဗျားဘယ်သူလဲ"

"ငါ ဆာဒူးတစ်ယောက်ပဲ၊ သင် ဒီနေရာကို ဘာလာလုပ်တာလဲ"

"သိချင်တာတွေရှိလို့ လာတာပါ"

"ဒီနေရာက သင်လာရမယ့်နေရာ မဟုတ်ဘူး၊ သင်နဲ့လည်း ဘာမှမသက်ဆိုင်ပါဘူး၊ ဒါကြောင့်. . နောက်တစ်ကြိမ် မလာပါနဲ့၊ ဒီမှာရှိတဲ့ ဝိညာဉ်တွေကို လာပြီးမနှောက်ယှက်ပါနဲ့





သူတို့အေးအေးနေကြပါစေ. ."

"အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဝိညာဉ်ကို ဘာကြောင့် မတရားချုပ်နှောင်ထားတာလဲ၊ သူ့ရဲ့ဝိညာဉ်ကို ပြန်လွှတ်ပေးပါ၊ သူ့ကိုလွှတ်လပ်ခွင့်ပေးပါ"

"ဒါလည်း သင်နဲ့မဆိုင်ပါဘူး၊ သူကျူးလွန်ခဲ့တဲ့အပြစ်ကြောင့်ဒီမှာနေရတာပဲ၊ ဒါ တို့နဲ့ဘာမှမဆိုင်ပါဘူး"

"ဘာပဲဖြစ်ဖြစ်. . . သူ့ရဲ့ဝိညာဉ်ကို လွတ်မြောက်ခွင့်ရအောင်တော့ ဆောင်ရွက်ပေးရမှာပဲ"

"ဒါကတော့ သင့်သဘောပါပဲ၊ ဒီကနေ့ အထိတော့ ငါရဲ့အစီအရင်တွေကို ဘယ်သူမှ နှောင့်ယှက်ဖျက်ဆီးလို့မရသေးဘူး၊ သင့်အနေနဲ့ ငါပြောတဲ့စကားကို နားမထောင်ပဲ ဇွတ်တိုးလာရင်တော့ သေမှာပဲ. ."

ဟုပြောပြီး အမှောင်ရိပ်ထဲသို့ လှည့်ဝင်သွားလေတော့သည်။ ဒေါက်တာမင်းထင်ကျော်မှာ နေရာမှာရပ်ရင်းနှင့် ဆာဒူးမိစ္ဆာပြောသွားသော စကားများကို ပြန်စဉ်းစားရင်းနှင့် မမျှော်လင့်ဘဲ သဲလွန်စတစ်ခု ရလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၉ ]

# နဝင်းသုံးစုံအင်း

ဒေါက်တာမင်းထင်ကျော်မှာ အိမ်နီကြီးတွင် ခင်ခင်လေး၏ ဝိညာဉ်နှင့် တွေ့ခဲ့ရပြီးနောက် ထိုအကြောင်းများကိုသာ တွေးနေမိလေသည်။

ကံဆိုးလှသော သူမတို့အကြောင်းကိုသာ တွေးနေမိသည်။ အထူးသဖြင့်တော့ မိသားစုအတွက် ဘဝရေးအသက်ကို ပါစွန့်လွှတ်ပြီး အကာအကွယ်ပေးသွားခဲ့သော ခင်ခင်လေး၏ စိတ်ဓာတ်ကို ချီးကျူးမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ယခုအချိန်မှာ ဝိညာဉ်အကျဉ်းသားဘဝ ရောက်နေသောသူမအတွက် လွတ်မြောက်ခွင့်ရစေရန် အကူအညီပေးသွားရန်လည်း ဆုံးဖြတ်ချက်ချထားလေသည်။

တစ်နေ့သ၌ ညနေပိုင်းအချိန်တွင် ၄င်းနေအိမ်မှ ခင်ခင်ကြီးတို့နေသည်ဆိုသော ကုန်းဘက်သို့ လမ်းလျှောက်လာလေသည်။ ၄င်းနေသောလမ်းထဲမှ ထွက်လာပြီး ဘောင်ဒရီလမ်းတစ်ဘက်သို့ ကူးလာလိုက်သည်နှင့် ထိုကုန်းဘက်သို့ရောက်လာလေသည်။

ထိုနေရာတစ်ဝိုက်မှာတော့ လူနေအိမ်ခြေသိပ်မများလှဘဲ ဘုန်းကြီးကျောင်းအချို့သာရှိသည်။

အချို့နေရာများတွင် သစ်ပင်များဖြင့် အုံ့ဆိုင်းနေပြီးအချို့နေရာများမှာတော့ လူနေအိမ်အချို့နှင့် သီးနှံစိုက်ခင်း ပြုလုပ်သောမြေကွက်များ ရှိလေသည်။

ထိုကုန်းဘက်မှာတော့ လမ်းဟူ၍ သီးခြားမရှိပဲ တစ်နေရာမှတစ်နေရာသို့ သွားလာရာတွင် အသုံးပြုသည့် လူသွားလမ်းကလေးများသာ ရှိသည်။

တဖြည်းဖြည်းနှင့် လျှောက်လာရာ သစ်ပင်ရိပ်များဖြင့် ကျယ်ဝန်းသော ခြံကျယ်တစ်ခုအနီးသို့ ရောက်လာလေသည်။ ထိုခြံဝန်းကျယ်အတွင်းမှာတော့ သစ်ပင်ဝါးပင်များရှိပြီး ဘုန်းတော်ကြီးကျောင်း၊ သီလရှင်များနေသော ကျောင်းငယ်ကလေးများအပြင် ဇရပ်နှင့်တူသော အဆောက်အဦးဟောင်း အချို့လည်း ရှိလေသည်။





ထိုခြံဝန်းသို့ရောက်သောအခါ သူသိသော 'ခင်ခင်ကြီး' နာမည်ကို မေးမြန်းစုံစမ်းကြည့်ရသည်။ အချို့ကမသိကြပေ. . ။

ရေတွင်းပျက်ကြီးတစ်လုံးရှိသော နေရာရောက်တော့ အသားမည်းမည်း အရုပ်ဆိုးဆိုးဖြင့် ထိုင်နေသော လူကြီးတစ်ယောက်ကို တွေ့သဖြင့် ဝင်မေးကြည့်ရသည်။

"ဒီနားမှာ ခင်ခင်ကြီးဆိုတဲ့ အမျိုးသမီးတစ်ယောက်များ ရှိပါသလားဗျာ"

"မင်းကဘယ်သူလဲ"

"ကျွန်တော်က သူ့ရဲ့အသိမိတ်ဆွေပါ"

"အံ့ဩစရာပဲ၊ ငါတို့ဒီနေရာရောက်တာ အတော်ကလေးကြာပြီ၊ အခုလိုတကူးတက လာတွေ့တဲ့ညှော်သည်ဆိုလို့ ဒီတစ်ယောက်ပဲ ရှိပါသေးလား၊ ခင်ခင်ကြီးဆိုတာ တခြားမဟုတ်ဘူး ငါတူမပဲ၊ သူဟောဟိုက အိမ်ထဲမှာရှိတယ်"

ဟုပြောကာ အဆောက်အဦးဟောင်းတစ်လုံးကို လက်ညှိုးထိုးပြသဖြင့် ဒေါက်တာမင်းထင်ကျော်က ထိုနေရာဘက်သို့ လျှောက်လာလေသည်။

အိမ်နှင့်မနီးမဝေးနေရာရောက်တော့ အိမ်ထဲမှ ခင်ခင်ကြီးထွက်လာလေသည်။

"ဆရာပါလား အိမ်ထဲကိုကြွပါရှင်. . "

ဟု ဖိတ်ခေါ်သဖြင့် အိမ်ထဲသို့ဝင်ထိုင်လေသည်။ အိမ်ထဲမှာတော့ အခြားသူများ မတွေ့ရပေ။

ခင်ခင်ကြီးက သူရောက်လာတာမြင်တော့ မျှားပုံအံ့



www.burmeseclassic.com

www.burmeseclassic.com



ဩနေဟန်ရှိပြီး ကွမ်းဆေးလက်ဖက်ဖြင့် ဧည့်ခံလေသည်။

"ဒီမှာ ဘယ်သူတွေနဲ့ နေတာလဲ"

"အဖေနဲ့အမေရော ဘကြီးရောရှိပါတယ်၊ သူတို့ . . . ကျောင်းဘက်သွားနေကြလို့ပါ"

ဟုပြောသည်။

သူတို့နေသောအိမ်နှင့် မနီးမဝေးနေရာလောက်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိသည်။

ကျောင်းထိုင်ဘုန်းကြီးမှာ သားချင်းမကင်းသောကြောင့် ဒုက္ခရောက်နေသော သူတို့မိသားစုအား ခေါ်ယူစောင့်ရှောက်ထားခြင်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က ဘာမှထပ်မမေးတော့ဘဲ လက်ဖက်ရည်တစ်ပန်းကန်ငှဲ့ပြီး သောက်နေစဉ် ခင်ခင်ကြီးက တိုးတိုးမေးသည်။

"ဆရာသွားတော့ သူနဲ့တွေ့ခဲ့ရသလား"

ခေါင်းညိတ်ပြလိုက်သည်။

"တွေ့ခဲ့ရပါတယ်၊ ဖြစ်ပျက်ခဲ့တဲ့အကြောင်းတွေလည်း ပြောပြလိုက်ပါတယ်၊ သူ့အတွက်ရော ကံဆိုးခဲ့တဲ့ ခင်ခင်ကြီးတို့ မိသားစုအတွက်ပါ စိတ်မကောင်းပါဘူး"

ထိုစကားကြားသောအခါ ခင်ခင်ကြီးမှာ ဝဲလာသော မျက်ရည်စများကို ပုဝါဖြင့်သုပ်နေလေသည်။

"ညီမလေးက အားလုံးအတွက် အနစ်နာခံသွားခဲ့တာပါ၊ ကျွန်မဖြင့် ဒီကနေ့အထိ သူ့အကြောင်းတွေးမိရင် ရင်ထဲမှာ





မချိအောင် ခံစားနေရပါတယ်"

ဟု အသံကလေးကတုံကရင်ဖြင့် ပြောလေသည်။

"ဖြစ်ပြီးတာတွေလည်း ဖြစ်ပြီးခဲ့ပြီဆိုတော့ ကံတရားလို့ပဲ သဘောထားပါ။ ဒါထက် ခင်ခင်ကြီးတို့ရော ဒီမှာနေရတာ အဆင်ပြေရဲ့လား"

"အဆင်ပြေတယ်လို့တော့ မဟုတ်ဘူးပေါ့ ဆရာရယ်၊ ဒါပေမယ့် သူဒီမှာရှိနေသမျှတော့ ကျွန်မတို့လည်း ဒီနေရာမှာပဲ နေကြရမှာပါ"

"ဒါထက် သူနဲ့တွေ့တော့ ဘာတွေပြောပြသေးသလဲ"

"သူ့ကို ဝိညာဉ်ဘဝနဲ့ပဲ ဒီအိမ်ကြီးထဲကနေ ထွက်သွားလို့မရအောင် အစီအရင်တွေနဲ့ ချုပ်နှောင်ထားကြတယ်လို့ ပြောတယ်၊ အဲ့ဒီအိမ်ကြီးထဲမှာ မတ်စတီးရဲ့ ဝိညာဉ်လည်း ရှိနေတယ်လို့ပြောတယ်၊ လူယုတ်မာက ဝိညာဉ်ဘဝရောက်နေတာတောင် လူ့ဘဝတုန်းကလိုပဲ သူ့ကိုနှိပ်စက်နေတယ်လို့ ပြောဖူးတယ်"

"စိတ်မကောင်းစရာပဲ၊ ကျွန်တော်အခုလာတာ တခြားအကြောင်းမဟုတ်ပါဘူး၊ ခင်ခင်ကြီး အကူအညီတောင်းတဲ့ ကိစ္စတွေကို အကူအညီပေးပါ့မယ်၊ နောက်ပြီး ခင်ခင်လေးကိုလည်း ဒီဘဝဆိုးကလွတ်အောင် ကူညီဆောင်ရွက်ပေးပါမယ့်လို့ လာပြောတာပါ"

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ တကယ်တော့ ကျွန်မတို့ မိသားစုမှာ ဘယ်သူမှအားကိုးစရာ မရှိပါဘူး"

"ဒီလောက်လည်း အားငယ်မနေပါနဲ့၊ အခုကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေဖြစ်သွားပြီဆိုတော့ လိုတဲ့အကူအညီရှိရင်ပြောပါ၊ တတ်နိုင်သလောက် အကူအညီပေးပါ့မယ်”

ထိုစကားကြားသောအခါ သူမက ခေါင်းတစ်ချက်ညိတ်ပြလေရာ မျက်ရည်များက ပါးပြင်ပေါ်သို့ စီးကျလာလေတော့သည်။

“ခင်ခင်လေးက ကျွန်တော်နဲ့ ပတ်သက်တဲ့အကြောင်းကို ဘယ်လိုလာပြောတာလဲ”

“သူ့အတွက် အကူအညီပေးနိုင်တဲ့သူက ဒီအနီးတစ်ဝိုက်မှာ ဆရာပဲရှိတယ်လို့ ပြောပါတယ်၊ ဆရာနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေက ပရလောကသားတွေနဲ့ ပတ်သက်ပြီး ကျွမ်းကျင်ကြတယ်လို့ လာပြောပါတယ်”

“ကျွန်တော်က ဒီလောက်မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ ခင်တဲ့ မိတ်ဆွေတွေကတော့ ကျွမ်းကျင်ကြပါတယ်၊ အခုလည်း သူတို့နဲ့တိုင်ပင်ပြီး လုပ်ရမှာပါပဲ”

“ကျွန်မတော့ ဆရာနဲ့တွေ့ရတာ သိပ်ပြီးအားရှိတာပဲ၊ အားကိုးရမယ့် အသိအကျွမ်း မိတ်ဆွေတစ်ဦးတစ်ယောက်မှ မရှိတဲ့ အခြေအနေမျိုးမှာ အားကိုးရမယ့် မိတ်ဆွေတစ်ယောက်တွေ့ရသလိုပါပဲ”

“ကျွန်တော် တတ်နိုင်သမျှ အကူအညီပေးပါ့မယ်၊ ဒါပေမယ့် ကျွန်တော်ကို ဆရာလို့မခေါ်ဘဲ နာမည်ကိုပဲခေါ်ပါ”

“ဟုတ်. . . ဟုတ်ကဲ့. . .”

ထို့နောက် ခင်ခင်ကြီးကို နှုတ်ဆက်ပြီး အပြင်သို့ပြန်





ထွက်လာလေသည်။ သူပြန်ထွက်လာတော့ စောစောက ရေတွင်းပျက်ကြီး နားမှာ ထိုင်နေသော အဘိုးကြီးကို မတွေ့ရတော့ပေ။ တစ်ခုတော့ သတိပြုမိလိုက်သည်။

စောစောက သူဝင်လာစဉ်က ရေတွင်းပျက်ကြီးပေါ်မှာ အဖုံးမတွေ့ရပေ။

ယခုပြန်ထွက်လာတော့မှ ပျဉ်ပြားချပ်ဖြင့် ပြုလုပ်ထားသော အဖုံးဖြင့်ဖုံးထားသည်ကို တွေ့ရခြင်းဖြစ်သည်။

သို့သော်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ သူ့မိတ်ဆွေတစ်ဦးရှိရာသို့ ထွက်ခဲ့လေသည်။ အခြားမဟုတ်ပေ။

ဦးဖန်ကောင်းရှိသော နေရာသို့ပင်ဖြစ်သည်။

ဦးဖန်ကောင်းနေသောနေရာမှာ ကြားတောရလမ်း၌ရှိသော ဘုန်းကြီးကျောင်းဝန်းထဲ၌ဖြစ်သည်။

သို့ကြောင့် ရွှေခုံတိုင်လမ်းဘက်မှ ရေတာရှည်လမ်းဟောင်းဘက်မှဖြတ်ကာ ဆင်းလာခဲ့ရာ ကြားတောရလမ်းသို့ ရောက်လာခဲ့လေသည်။

ဦးဖန်ကောင်းနေသော နေရာရောက်တော့ ဦးဖန်ကောင်းကိုသာမကဘဲ ဖိုးသူတော်ကြီးတစ်ဦးကိုပါ တွေ့ရလေသည်။

“မောင်ထင်ကျော် ရောက်လာတာနဲ့အတော်ပဲ၊ ဦးသူတော်ကြီးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက ငါနဲ့အတူ သူ့ နဝင်းသုံးစုံရွှေတိဂုံအမိဌာန်ဝင်နေတဲ့ ဦးသူတော်ကြီးပဲ”

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်ပြီး သူ



www.burmeseclassic.com

www.burmeseclassic.com



တို့အနီးမှာ ဝင်ထိုင်လိုက်သည်။

"နဝင်းသုံးစုံဆိုတာ ဘယ်နေရာတွေလည်း ကျွန်တော့်ကိုလည်းပြောပြပါဦး"

ထိုအခါ ဦးဖန်ကောင်းက သူတို့အမိဋ္ဌာန်ဝင်ခဲ့သော နေရာများအကြောင်းကို ပြောပြလေသည်။

"အခုတော့ နဝင်းသုံးစုံစလုံးပြည့်အောင် အမိဋ္ဌာန်ဝင်ပြီးပြီ၊ ဦးသူတော်ကြီးကလည်း သူစီရင်တဲ့ နဝင်းသုံးစုံအင်းချပ်စီရင်လို့ပြီးသွားပြီ"

ဟုပြောပြလေသည်။

"နဝင်းသုံးစုံအင်းချပ်က ဘယ်လိုနေရာမျိုးတွေမှာ အသုံးချလို့ရသလဲ"

ထိုအခါ ဖိုးသူတော်ကြီးက ပြောပြသည်။

"နဝင်းသုံးစုံအင်းဆိုတာ သိဒ္ဓိဆယ်ပါးစလုံးမှာ ဉာဏ်ရှိသလို အသုံးချလို့ရတယ်၊ အထူးသဖြင့်တော့ မိစ္ဆာအစီအရင်တွေမှန်သမျှ ကာကွယ်တားဆီးနိုင်တယ်၊ ပယ်ဖျက်နိုင်တယ်"

ဟုပြောကာ ၄င်းအစီအရင်ပြုလုပ်ထားသော အင်းချပ်ကို ထုတ်ပြလေသည်။

အင်းချပ်မှာ (၃)လက်မပတ်လည်ခန့်ရှိပြီး ရွှေပြားချပ်ဖြင့် ပြုလုပ်ထားလေသည်။

ထောင့်လေးထောင့်တွင် ပွင့်တော်မူခဲ့ပြီးသော မြတ်စွာဘုရားလေးဆူတို့၏ ဓမအက္ခရာလေးလုံးဖြစ်သော 'စ. ဓ. ပ. ဝ' ကို ရေးထည့်ထားပြီး အတွင်းမှာတော့ နဝင်းသုံးစုံအက္ခရာများကို သူနေရာနှင့်သူ ထည့်သွင်းထားလေသည်။

(နဝင်းသုံးစုံအကြောင်း ပြည့်စုံစွာ ရေးသားဖော်ပြပေးခဲ့ပြီးဖြစ်သောကြောင့် အင်းချပ်စီရင်ပုံအကြောင်းတော့ မရေးတော့ပြီ. . .)

ဒေါက်တာမင်းထင်ကျော်မှာ ထိုအင်းချပ်ကို ယူကြည့်ရင်းနှင့် စိတ်ထဲမှာ တစ်စုံတစ်ခု သတိရလိုက်မိသည်။ ထိုသို့စဉ်းစားနေစဉ် ဖိုးသူတော်ကြီးက မေးလိုက်သည်။

"ဘာတွေစိတ်ကူးနေတာလဲ ဒီအင်းချပ်ကို တစ်နေရာမှာ အသုံးပြုဖို့ စိတ်ကူးနေတာမဟုတ်လား"

"ဟင်. . ဦးသူတော်ကြီးက ဘယ်လိုများသိနေတာလဲ"

"အမူအရာကြည့်ရင် သိတာပဲ၊ မင်းအသုံးချမယ့်နေရာကလည်း ပုဏ္ဏကကြမ်းတဲ့ အိမ်နီကြီးမှာပဲ မဟုတ်လား"

ဟုထပ်မေးသောအခါ မအံ့သြဘဲ မနေနိုင်တော့ပေ။

"ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

"ငါလည်း အမိဋ္ဌာန်တွေဝင်နေတာပဲ၊ ဒီလောက်တော့ သိနိုင်ပါတယ်၊ ဒီအင်းချပ်ကလည်း မင်းကိုပေးဖို့အတွက်ပဲ ရည်စူးပြီး စီရင်ထားခဲ့တာပါပဲ"

"ကျွန်တော်သဘောပေါက်အောင်လည်း ပြောပြပါဦး"

ထိုအခါ ဦးသူတော်က အိမ်နီကြီးထဲမှာ တစ်ညအိပ်ခဲ့ရပြီး ခင်ခင်လေးဝိညာဉ်နှင့် တွေ့ခဲ့ရပုံ၊ ထိုအိမ်ကြီးတစ်နေရာတွင် မိစ္ဆာအစီအရင်ဖြင့် ပြုလုပ်ထားသော နေရာရှိကြောင်း၊

ထိုမိစ္ဆာအစီအရင်ကို ပယ်ဖျက်ပစ်မှ. . ထိုအိမ်ကြီးမှ







www.burmeseclassic.com

www.burmeseclassic.com



ဝိညာဥ်များ လွတ်မြောက်ခွင့်ရပြီး လူနေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုအစီအရင်ကို ဖျက်ဆီးရန် "နဝင်းသုံးစုံ ရွှေတိုင် "အမိဌာန်ဝင်ပြီး ထိုအင်းချပ်ကို စီရင်ခဲ့ကြောင်း ပြောပြလေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်လည်း သဘောပေါက်ရပေတော့သည်။

"ဦးသူတော်ကြီးက အိမ်နီကြီးထဲမှာ ခင်ခင်လေးရဲ့ ဝိညာဉ်နဲ့ တွေ့ခဲ့ပြီးမှကိုး"

"တွေ့ချင်လို့ တွေ့ခဲ့ရတာမဟုတ်ပါဘူး၊ သူ့အစ်မတော်တဲ့သူက အဲဒီနေရာကို လမ်းညွှန်ပေးလိုက်လို့ ရောက်သွားခဲ့တာပါ၊ အဲ့ဒီမှာ တစ်ညဝင်တည်း လိုက်တော့လည်း အကျိုးအကြောင်းတွေ သိသင့်သလောက် သိလာခဲ့ရတာပါ၊ ဒါကြောင့် ဟောဒီက ဦးဗန်ကောင်းနဲ့အတူတူ နဝင်းသုံးစုံအမိဌာန်ဝင်ပြီး နဝင်းသုံးစုံအင်းချပ်ကို စီရင်ထားခဲ့တာပေါ့"

"မှန်ပါတယ်၊ ကျွန်တော်ဒီကိုရောက်လာတာလည်း ဦးဗန်ကောင်းနဲ့ ဒီကိစ္စအတွက် တိုင်ပင်ဖို့အတွက် လာခဲ့တာပါပဲ၊ ဦးသူတော်ကြီးနဲ့တွေ့ရတော့ ပိုပြီးအဆင်ပြေသွားတာပေါ့"

ဦးဗန်ကောင်းက လက်ဖက်ရည်တစ်ပန်းကန် ငှဲ့ပေးသဖြင့် လှမ်းယူပြီးသောက်ကာ အိမ်ကြီးထဲမှာ ဖြစ်ပျက်ခဲ့သောအကြောင်းများကို ပြောပြလိုက်သည်။

"မောင်ထင်ကျော်ရောက်လာတော့ ပိုပြီးပြည့်စုံသွားတာပေါ့၊ ဒီအိမ်ကြီးမှာ ပြုလုပ်ထားတဲ့ အစီအရင်က တစ်ခုတော့





ဟုတ်ပုံမရဘူး၊ ဘာကြောင့်လည်းဆိုတော့ အစီအရင်ပြုလုပ်ထားတာက ဝိညာဉ်တွေကို ချုပ်နှောင်ထားဖို့အတွက် ဖြစ်တယ်ဆိုရင် အဲ့ဒီအိမ်မှာလာနေတဲ့လူတွေ သေရတာ ဘယ်သူ့လက်ချက်ဖြစ်မလဲ"

"အဲ့ဒီမှာရှိတဲ့ ဝိညာဉ်တွေလက်ချက်ပဲ ဖြစ်မှာပေါ့"

"ငါတော့ အဲသည်လိုမထင်ဘူး၊ စုံစမ်းသိရသလောက်တော့ နောက်ဆုံးလာနေတဲ့ မိသားစုတွေထဲက နှစ်ယောက်သေသွားခဲ့တယ်"

"ဟုတ်ပါတယ်"

ဦးဗန်ကောင်းက ဆက်ပြောသည်။

"မတ်စတီးသေဆုံးသွားခဲ့ပြီးနောက်မှာ သူနဲ့သက်ဆိုင်တဲ့ဆွေမျိုးတွေ တစ်စုပြီးတစ်စု လာနေကြသေးတယ်၊ နေတဲ့လူတိုင်း သေတာပဲ၊ သတင်းကြားရသလောက်တော့ လေးငါးဦးထက်နည်းမယ် မထင်ဘူး"

"ဆက်ပြောပါဦး"

"နောက် သေပါများလာတော့မှ သူတို့ဆွေမျိုးတွေထဲက နေဝံ့တဲ့သူ မရှိတော့တာ၊ နောက်တော့ လချုပ်နဲ့အိမ်ငှားတင်တော့လည်း သေတာပဲ၊ ဒါကြောင့် နောက်ပိုင်း ဘယ်သူမှ မနေဝံ့တော့ပဲ ဒီအတိုင်းပိတ်ထားခဲ့ရတာ၊ သိချင်တာက အဲ့ဒီလူတွေကို ဘယ်သူသတ်တာလဲ၊ အိမ်ထဲမှာရှိတဲ့ ဝိညာဉ်တွေသတ်တာရော ဟုတ်ရဲ့လားလို့ တွေးမိတယ်"

ဦးဗန်ကောင်းစကားကြားသောအခါ ဒေါက်တာမင်း



www.burmeseclassic.com

www.burmeseclassic.com



ထင်ကျော်ကလည်း လေးလေးနက်နက် စဉ်းစားနေလေသည်။ တကယ်တော့ ပုဏ္ဏကကြွမ်းသော အိမ်ကြီးအကြောင်းကို သူ့အနေနှင့် သိတာမကြာလှသေးပေ။

သို့ကြောင့် ထိုအိမ်ကြီးနှင့်ပတ်သက်သော အကြောင်းအရာများကို ပြည့်ပြည့်စုံစုံ မသိရသေးပေ။

ယခု ဦးဗန်ကောင်းပြောပြတော့မှသာ နောက်ဆုံးနေသွားသော အိမ်ငှားနှစ်ယောက် သေခဲ့ပြီး ရှေ့ပိုင်းမှာပင် လူအတော်များများ သေခဲ့ပြီးဖြစ်ကြောင်း သိရပေတော့သည်။

"အခု မောင်ထင်ကျော်လုပ်မယ့် အစီအစဉ်ကဘာလဲ"

"ဒီည အဘကိုခေါ်ပြီး အိမ်ကြီးထဲတစ်ခေါက်ဝင်ပြီး သေသေချာချာ ရှာကြည့်ချင်တာပဲ"

"ခေါ်တော့လည်း လိုက်ရမှာပေါ့။ အိမ်ထဲရောက်တော့မှ ပုဏ္ဏကဘယ်လောက်ကြွမ်းတယ်ဆိုတာ သိရတော့မှာပဲ၊ ဒါပေမယ့် သွားရင်တော့ နဝင်းသုံးစုံအင်းချပ်အပြင် လိုအပ်တဲ့ဆေးဝါးအစီအစဉ်တွေပါ ထည့်ယူရမယ်၊ ပရလောကသားတွေနဲ့တွေ့ရင် သေနတ်က ဒီလောက်အသုံးမဝင်လှဘူး၊ ဆေးဝါးအစီအရင်တွေနဲ့မှ ရနိုင်မယ်"

"အိမ်ကြီးထဲမှာ ပရလောကသားတွေအပြင် နောက်ထပ်အန္တရာယ်တစ်ခုလည်း ရှိသေးတယ်"

"ဘယ်လိုအန္တရာယ်မျိုးလဲ"

"ဆာဒူးမိစ္ဆာ"

"သူကဘယ်လိုပတ်သက်ပြီး ရောက်နေတာလဲ"





"မတ်စတီးရှိတုန်းကတည်းက ယုံကြည်ကိုးကွယ်ထားတာလို့တော့ သိရတယ်"

"ဆာဒူးမိစ္ဆာတွေက ပြုစားနိုင်တဲ့ မှော်ပညာနဲ့ သိဒ္ဓိစွမ်းအားလည်းရှိကြတယ်၊ သူတို့ပါလာရင်တော့ ပိုပြီးဂရုစိုက်ရတော့မှာပေါ့"

"ဘာပဲဖြစ်ဖြစ်၊ အဘပါလာရင်တော့ ဒီကိစ္စတွေက သိပ်ပြီး စိုးရိမ်စရာမရှိပါဘူး"

"ဒီလောက်လည်း အထင်ကြီးမနေပါနဲ့ မောင်ထင်ကျော်ရယ်၊ ရွှေနားကပ်အရောင်ကြောင့် ပါးပြောင်နေတာပါ"

"ဘယ်လိုအဓိပ္ပာယ်လဲ"

"ကိုယ့်အစွမ်းအစ ဒီလောက်ရှိလို့တော့ မဟုတ်လှပါဘူး၊ ဆရာကောင်း သမားကောင်းတွေနဲ့တွေ့ပြီး သူတို့ရဲ့ အကူအညီစောင့်ရှောက်ပေးမှုတွေနဲ့ ဒီအခြေအနေမျိုး ရောက်နေရတာပါ. . "

"ဘာပဲဖြစ်ဖြစ်ပေါ့၊ အရေးအကြောင်းရှိလို့ အသုံးချလို့ရရင်ပြီးတာပဲ မဟုတ်လား"

ထို့နောက် စကားတပြောပြောနှင့် လိုအပ်သောပစ္စည်းများ စုဆောင်းပြင်ဆင်ကြလေသည်။

အချိန်က ညနေစောင်းပေပြီ. . . .။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၀ ]

# မြေအောက်ခန်းတွင်းမှ ဝိညာဉ်လှောင်အိမ်

မိုးကတဖွဲဖွဲရွာသွန်းနေသည်။

အချိန်က ညအချိန်ပင်ဖြစ်ရာ အမှောင်ထုများက ပို၍များနေလေသည်။

ထိုအချိန်မျိုးတွင် ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး လမ်းများပေါ်မှာ လူသွားလူလာ ရှင်းလင်းလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏကတိုက်သော အိမ်နီကြီးရှိရာဘက် ပတ်ဝန်းကျင်တစ်ဝိုက်မှ ခွေးအူသံ၊ ခွေးဟောင်သံများ ပေါ်ထွက်နေသည်။

ထိုကဲ့သို့ ရာသီဥတုဆိုးဝါးသော အချိန်မျိုးတွင် အိမ်နီကြီးရှိသောဘက်သို့ လူနှစ်ယောက်လျှောက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်ပင်ဖြစ်သည်။

မိုးကာအင်္ကျီဝတ်ပြီး ဦးထုပ်ကြီးများဆောင်းကာ အိမ်နီကြီးရှိရာဘက်သို့ တစိုက်စိုက်နှင့် လာနေကြသည်။

"အချိန်အခါမဟုတ်၊ ရာသီဥတုကလည်း ဆိုးလိုက်တာ"

"ဒီလိုရာသီမျိုးက သရဲတစ္ဆေတွေ နှစ်သက်သဘောကျတဲ့ရာသီမျိုးပေါ့အဘရယ်"

"အိမ်နီကြီးမှာရှိနေကြတဲ့ တစ္ဆေသရဲတွေက ဒီလိုရာသီဥတုမျိုးကိုတော့ ကြိုက်ချင်ကြိုက်မယ်၊ ငါတို့နှစ်ယောက်ကိုတော့ နှစ်သက်မယ့်ပုံမပေါ်ဘူး"

ဟု ဦးဗန်ကောင်းက တိုးတိုးပြောလေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာရာ ခြံတံခါးပေါက်ဝသို့ ရောက်လာကြသည်။

တံခါးနှစ်ချပ်က သော့ခတ်မထားသောကြောင့် လေတိုက်သောအခါ တကျွီကျွီဖြင့် အသံမြည်နေလေသည်။

သို့ကြောင့် တံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ဝင်လာကြသည်။

သူတို့နှစ်ယောက် ခြံဝန်းထဲရောက်လာသောအခါ အ





လင်းရောင်မရှိသောအိမ်ကြီးအတွင်းမှ ပြေးလွှားလှုပ်ရှားနေသောအသံများကို ကြားကြရသည်။

ဒေါက်တာမင်းထင်ကျော်က လှမ်းကြည့်လိုက်သောအခါ အိမ်အတွင်းဘက်မှာ လှုပ်ရှားသွားလာနေသော ဝိုးတဝါးပုံရိပ်အချို့ကို မြင်ရသည်။

တံခါးဝရောက်တော့ သော့ဖွင့်ပြီး တံခါးနှစ်ချပ်ကို ဖွင့်လိုက်သည်။

လေတိုက်နေသောကြောင့် တံခါးကအလွယ်တကူပင် ပွင့်သွားလေသည်။

သူတို့နှစ်ယောက်အတွင်းရောက်တော့ ဝင်ပေါက်တံခါးချပ်ကို ပြန်စေ့ထားလိုက်သည်။

ထိုအခါ ပိုမှောင်သွားသည်။

အတွင်းဘက်သို့ မီးရောင်ဖြင့်လှမ်းထိုးကြည့်လိုက်သောအခါ မီးခိုးငွေ့များလှုပ်ရှားနေသကဲ့သို့ လှုပ်ရှားသွားလာနေသည့် ပုံရိပ်အချို့ကို လှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှာ အသင့်တွေ့ရသော ရေနံဆီမီးအိမ်ကို မီးထွန်းလိုက်သောအခါ အခန်းတွင်းမှာ အလင်းရောင်ရလာလေသည်။

"အတွင်းဘက် အခြေအနေ ဝင်ကြည့်ကြရအောင်"

ဟုပြောပြီး နှစ်ယောက်သားအတွင်းဘက်သို့ ဝင်လာကြသည်။ သူတို့သည် အောက်ထပ်တွင်ရှိသော အခန်းများကို တစ်ခန်းဝင်တစ်ခန်းထွက်ဖြင့် လိုက်လံကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းများမှာတော့ ဖုံများတက်နေပြီး ပစ္စည်းများမှာလည်း ဖရိုဖရဲဖြစ်နေလေသည်။

သူတို့နှစ်ယောက် အခန်းတစ်ခန်းထဲသို့ ဝင်လိုက်သောအချိန်တွင် ဟထားသောတံခါးက သူ့အလိုအလျောက် 'ဂုန်း'ခနဲပိတ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က ပိတ်သွားသောတံခါးကိုလက်ဖြင့်တွန်းကြည့်ရာ တုတ်တုတ်မှ မလှုပ်တော့ပေ။

သူတို့ရောက်နေသောအခန်းမှ ပြတင်းပေါက်နှစ်ပေါက်ရှိသော်လည်း သံတိုင်ကြီးများ စိုက်နေသောကြောင့် ထွက်၍မရပေ။

ဝင်ပေါက်တံခါးမှ ထုထည်ကြီးသော ကျွန်းတံခါးချပ်များတပ်ဆင်ထားပြီး ထိုသောဂျက်ကြီးများကလည်း အတော်ရှည်လျားလေသည်။

သို့ကြောင့် အပြင်ဘက်မှသော်လည်းကောင်း၊ အတွင်းမှသော်လည်းကောင်း ဂျက်ထိုးထားပါက ဖွင့်ရန် မလွယ်လှပေ။ သူတို့နှစ်ယောက်ရောက်နေသော အခန်းတံခါးကိုအပြင်မှ ဂျက်ထိုးထားလိုက်သောကြောင့် တွန်းကြည့်သော်လည်း တုပ်တုပ်မျှမလှုပ်တော့ပေ။

"အပြင်က ဂျက်ထိုးသွားတာ"

"အိမ်ထဲမှာရှိတဲ့ သရဲတစ္ဆေတွေက လာပိတ်သွားတာလား"

"သရဲတွေကတော့ တံခါးပိတ်ရင်တောင် ဂျက်တော့





ထိုးမှာမဟုတ်ဘူး၊ အပြင်ဘက်ကတစ်ယောက်ယောက် ထိုးသွားတာဖြစ်မယ်"

"ဘယ်လိုထွက်မလဲ"

"နှစ်ယောက်ပြိုင်တူ ကိုယ်လုံးနဲ့တိုက်ကြည့်တာပေါ့၊ မရတော့မှ တစ်မျိုးစဉ်းစားကြည့်မယ်"

ဟုတိုင်ပင်ကာ ဂျက်ထိုးထားသောတံခါးကို နှစ်ယောက်ပြိုင်တူအားဖြင့် တွန်းတိုက်ကြည့်ကြလေသည်။

သုံးလေးကြိမ်တိုက်ကြည့်သော်လည်း အခြေအနေကသိပ်မထူးလှပေ။

နောက်မှာတော့ မျက်နှာကြက်ကို အသုံးချရန်ကြည့်တော့လည်း ရမည့်ပုံမရှိပေ။

နောက်ဆုံးမှာတော့ တံခါးချက်ရှိသော နေရာသို့ သေနတ်ဖြင့် ပစ်ဖွင့်ရလေသည်။

ထိုသို့သေနတ်ဖြင့်ပစ်ပြီး ပြိုင်တူတွန်းဖွင့်တော့မှ ပွင့်သွားလေသည်။

အပြင်ရောက်တော့ စင်္ကြန်လမ်းတလျှောက်မှာ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

စင်္ကြန်လမ်းမှာ အတော်ကလေးရှည်သည်။

လှမ်းကြည့်လိုက်သောအခါ ထိုထောင့်ချိုးကွေ့ဘက်သို့ကွေ့ဝင်သွားသော ပုံရိပ်တစ်ခုကို လှမ်းမြင်ရသဖြင့် နှစ်ယောက်သား ထိုနေရာဘက်သို့ လျှောက်သွားကြလေသည်။

ထိုအခန်းကျော်တော့ မှန်တံခါးချပ်များ တပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အခန်းကျယ်တစ်ခုကို တွေ့ရသဖြင့် မီးရောင်ဖြင့် ကြည့်လိုက်တော့ နံရံကပ်ထောင်ထားသော ဗီရိုကြီးများ တွေ့ရသည်။

အချို့ဗီရိုများထဲတွင် စာအုပ်များထောင်ထားသည်ကို တွေ့ရသဖြင့် နှစ်ယောက်သား ဝင်ကြည့်ကြပြန်သည်။ စာအုပ်ထားသော ဗီရိုများဖွင့်ကြည့်သောအခါ အင်္ဂလိပ်၊ မြန်မာ၊ အိန္ဒိယ၊ သက္ကတဘာသာတို့ဖြင့် ရေးသားထားသော စာအုပ်မျိုးစုံတို့ကို တွေ့ရသည်။

သည်လိုအိမ်မျိုးတွင် ဒီလိုစာအုပ်ခန်းမျိုး ရှိနေသည်ကတော့ အံ့ဩစရာပင်ဖြစ်တော့သည်။

ထိုအခိုက်မှာပင် ဒေါက်တာမင်းထင်ကျော် ယူလာသော မီးအိမ်မှာ သူ့အလိုအလျောက် မီးငြိမ်းသွားလေတော့သည်။

နှစ်ယောက် အခန်းအလယ်နေရာတွင်ရပ်ကာ အခြေအနေကြည့်နေကြစဉ် ခြေရင်းနံရံဘက်မှ ထောင်ထားသော ဗီရိုကြီးတစ်လုံး၏ တံခါးနှစ်ချပ်မှာ အလိုအလျောက်ပွင့်လာလေတော့သည်။

"ကျွီ. . ကျွီ. . ."

သို့ကြောင့် နှစ်ယောက်သား ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ အခန်းထဲမှာ မီးရောင်မရှိသော်လည်း အပြင်ဘက်မှ ဝင်လာသော အလင်းရောင်အချို့ကြောင့် ဝိုးတဝါးတော့ မြင်နေရသေးသည်။

ဦးစွာမြင်ရသောအရာမှာ ဗီရိုထဲမှ လူတစ်ယောက် ထွက်လာခြင်းပင်ဖြစ်သည်။





သေဆုံးခဲ့သည်မှာ ကြာပြီဖြစ်သောကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ယောကျ်ားတစ်ယောက်ဖြစ်ပြီး ဗီရိုအတွင်းမှ ဒယိမ်းဒယိုင်နှင့် ထွက်လာခြင်းဖြစ်သည်။

နှစ်ယောက်စလုံးကတော့ အေးအေးဆေးဆေးပင် ကြည့်နေကြလေသည်။

နောက် မရှေးမနှောင်းမှာပင် အခြားဗီရိုများလည်း တစ်လုံးပြီးတစ်လုံး ပွင့်ထွက်လာပြီးနောက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြသည့် အလောင်းကောင်များ ထပ်ထွက်လာကြသည်။

ထိုအလောင်းကောင်များက နံဘေးပတ်လည်မှ ဝိုင်းလာကြခြင်းဖြစ်ကာ မနီးမဝေးရောက်တော့ ရှေ့ဆက်တိုးမလာတော့ပဲ ရပ်နေကြလေသည်။

"ကျုပ်တို့ကို ဒီနေရာက ထွက်သွားခွင့်ပေးပါ"

အလောင်းကောင်များရပ်နေသော နေရာဘက်မှ အသံသြသြကြီးဖြင့် ပြောလိုက်သည့် အသံတစ်သံ ထွက်လာလေသည်။

"မင်းတို့က ဘယ်သူတွေလဲ"

ဦးဗန်ကောင်းက မေးလိုက်သည်။

"ကျုပ်တို့က ဒီအိမ်ကြီးထဲမှာ အသတ်ခံခဲ့ရလို့ သေရတဲ့သူတွေပါ"

"မင်းတို့ကို ဘယ်သူတွေက သတ်တာလဲ"

ပြန်မပြောပေ. . ။

"ဒါဖြင့် ဒီနေရာက သွားလို့မရအောင် ဘယ်သူတွေက



www.burmeseclassic.com

www.burmeseclassic.com



ချုပ်နှောင်ထားတာလဲ"

အသံထွက်မလာဘဲ သူတို့နှစ်ယောက်ကိုသာ မျက်လုံးပြူးကြီးများဖြင့် ဝိုင်းကြည့်နေကြလေသည်။

"ကောင်းပြီ. . မကြာခင်မှာ မင်းတို့ကိုဒီအိမ်ကြီးထဲက လွတ်မြောက်အောင်လုပ်ပေးမယ်၊ ငါတို့ကို မနှောင့်ယှက်ကြနဲ့"

ဦးဗန်ကောင်းက ပြောလိုက်သောအခါ နောက်ထပ်ဘာမှ ပြောသံမကြားရတော့ပဲ ဗီရိုကြီးများထဲသို့ ပြန်ဝင်သွားကြလေသည်။

သူတို့ဝင်သွားပြီးသည်နှင့် ဗီရိုတံခါးချပ်များလည်း သူ့အလိုအလျောက် ပြန်ပိတ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က မကျေနပ်သဖြင့် သူတို့ဝင်သွားသော ဗီရိုတစ်လုံးအနီးသို့ လျှောက်သွားကာ တံခါးချပ်ကို ဆွဲဖွင့်လိုက်သည်။

အထဲမှာ စာအုပ်များမှလွဲပြီး အခြားဘာမှမတွေ့ရတော့ပေ။ ထို့ကြောင့် အခန်းထဲမှ ပြန်ထွက်လာကြသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန်ကျော်လာခဲ့လေသည်။

အပြင်ဘက်မှာတော့ မိုးကတဖွဲဖွဲရွာသွန်းနေဆဲပင်ရှိသေး၏။ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်မှာ တစ်အိမ်လုံးအနှံ့ လိုက်လံရှာဖွေသော်လည်း ထူးထူးခြားခြားတော့ မတွေ့ရသေးပေ။

အိမ်ထဲမှာရှိသော သရဲတစ္ဆေတို့နှင့် တွေ့သော်လည်း





မတ်စတီးဝိညာဉ်နှင့် ခင်ခင်လေး၏ဝိညာဉ်ကိုတော့ ယခုထိမတွေ့ရသေးပေ။

အလယ်ပိုင်းနေရာရောက်တော့ နောက်ဘက်မှ အပေါ်ထပ်သို့တက်သော လှေခါးတစ်ခုကို တွေ့ရသည်။

အပေါ်ဘက်ကတော့ တက်သောအပေါက်ကို တံခါးပိတ်ထားလေသည်။

ထိုလှေခါးတစ်ဝိုက်မှာတော့ ထူးထူးခြားခြား ဘာမှမရှိပေ။

လှေခါးအောက်မှာတော့ ကျွန်းသေတ္တာဟောင်းကြီးတစ်လုံး ချထားလေသည်။

ဒေါက်တာမင်းထင်ကျော်က မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ ဖုံများဒုတက်နေသော ကျွန်းသေတ္တာကြီး အဖုံးပေါ်မှာ ခြေရာလက်ရာအချို့ကို တွေ့ရသဖြင့် စိတ်ဝင်စားမိလေသည်။

သို့ကြောင့် လက်ထဲမှာပါလာသော မီးအိမ်ကို ဦးဗန်ကောင်းကိုပေးထားပြီး ကျွန်းသေတ္တာကြီးအနီးသို့ သွားကြည့်လေသည်။ အဖုံးပေါ်မှာပဲတွေ့ရသော လက်ရာများက လူတစ်ယောက်လက်ရာများနှင့်တူသည်။

ထို့ကြောင့်အဖုံးကို မ,ဖွင့်လိုက်သည်။

အဖုံးပွင့်သွားတော့ အတွင်းမှာ ဘာပစ္စည်းမှမရှိပေ။ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ သံကွင်းငယ်တစ်ကွင်းတပ်ထားသော အဖုံးတစ်ခုကို တွေ့ရသဖြင့် စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

ထို့ကြောင့် ထိုအဖုံးကို ဆွဲဖွင့်ကြည့်လိုက်သောအခါ အောက်သို့ဆင်းသော လှေခါးထစ်များတွေ့ရသည်။

"ဘာထူးသလဲ မောင်ထင်ကျော်"

"အောက်မှာ မြေအောက်ခန်းရှိပုံရတယ် လှေခါးထစ်တွေရှိတယ်"

"ဆင်းကြည့်ကြမလား"

"ဆင်းကြည့်ရင်တော့ ထူးတာတွေ့နိုင်တယ်၊ ဒါပေမယ့် သတိတော့ထားရမယ်"

ထိုသို့ပြောပြီး . မီးအိမ်ကို မီးစာမြှင့်လိုက်ပြီးနောက် အောက်သို့ဆင်းရန် ပြင်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ရှေ့မှအရင်ဆင်းပြီး ဦးဇန်ကောင်းက နောက်မှလိုက်လာလေသည်။

လှေခါးထစ်များမှာ အုတ်ဖြင့်ပြုလုပ်ထားပြီး ၁၅ထစ်ခန့်ရှိသည်။

မြေအောက်ခန်းမှာ (၁၀)ပေခန့်မြင့်ပြီး နံရံများမှာ အင်္ဂတေနံရံများဖြစ်သည်။

အတွင်းမှာတော့ လေဝင်ပေါက်မရှိ၊ အလင်းရောင်ဝင်သောအပေါက် မရှိပေ။

နှစ်ယောက်သား အောက်ခြေရောက်တော့ မီးထွန်းထားသော မီးအိမ်က ဟုပ်ခနဲ ငြိမ်းသွားပြန်လေသည်။

မြေအောက်ခန်းထဲမှာ လေဝင်ပေါက်မရှိသဖြင့် အသက်ရှူရန် လေသိပ်မရပေ။





သူတို့ဖွင့်ထားခဲ့သော သေတ္တာတံခါးပေါက်မှ ဝင်နေသော လေအနည်းငယ်သာ ရရှိနေသည်။

မီးရောင်မရှိသောအခါမှ အခန်းအလယ်မှာရှိနေသော အန္တရာယ်ကို မြင်ရလေတော့သည်။

မီးရောင်ရှိစဉ်က မမြင်ရပဲ မီးရောင်ပျောက်သွားတော့မှ မီးစုန်းတစ်ကဲ့သို့ ပေါ်နေခြင်းဖြစ်သည်။

အခြားတော့မဟုတ်ပေ။

အခန်းအလယ်နေရာမှာ ဆောင့်ကြောင့်ထိုင်နေသည့် တင်းပုတ်ထမ်းထားသော ဘီလူးတစ်ကောင်ကို လှမ်းမြင်ကြရခြင်းဖြစ်လေသည်။

"ဒီအထဲမှာ ဝိညာဉ်တွေကို ချုပ်နှောင်ထားတဲ့ ဝိညာဉ်လှောင်အိမ် အစီအရင်ရှိမယ့်ပုံပဲ၊ အစောင့်ဘီလူးရှိနေတယ်"

"အစောင့်ဘီလူးရှိတော့လည်း ဖယ်ရှားပစ်ရမှာပေါ့"

"ဒီတာဝန်တော့ ငါ့တာဝန်သာထားလိုက်ပါ မောင်ထင်ကျော်ရာ. . ."

ဟုပြောပြီး ဦးဇန်ကောင်းက ရှေ့သို့ထွက်သွားလေသည်။ သူထွက်လာတာမြင်တော့ အစောင့်ဘီလူးက နီရဲနေသော မျက်လုံးဖြင့် တစ်ချက်လှည့်ကြည့်လေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ နောက်မှသာ အခြေအနေ ကြည့်နေရလေသည်။

ဦးဇန်ကောင်းကတော့ ဘီလူးကိုမြင်သော်လည်း ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



လန့်ကြောက်ရွံ့ဟန်မရှိပဲ ရှေ့သို့ခြေတစ်လှမ်းနှစ်လှမ်း တိုးသွားလေသည်။

ဦးဗန်ကောင်းရှေ့သို့ထွက်သွားသည်နှင့် အစောင့်ဘီလူးက ထိုင်နေရာမှ ထလာလေသည်။

ပထမ ထလာစဉ်က မီးခိုးငွေ့များကဲ့သို့ ဝေ့ဝေ့ဝါးဝါး ဖြစ်နေသော်လည်း တဖြည်းဖြည်းနှင့် အကောင်အထည် ပေါ်လာလေသည်။

အကောင်အရွယ်အစားကလည်း တဖြည်းဖြည်းနှင့် ကြီးမားလာရာ အခန်းအမြင့်နှင့်ပင် မလွတ်အောင်ဖြစ်နေတော့သည်။ နောက်တော့ တစ်ကိုယ်လုံး အမွေးအမျှင်များ ဖုံးအုပ်ပြီး ကြောက်စရာကောင်းသော ဘီလူးတစ်ကောင်၏ ပုံပန်းသဏ္ဌာန် ပြီပြင်လာပြီး လက်ထဲတင်းပုတ်တစ်ကိုင်ကိုင်နှင့် ရှေ့သို့တိုးလာလေသည်။

ဦးဗန်ကောင်းက ၎င်းထံမှာပါလာသော မြတ်စွာဘုရားလေးဆူတို့၏ စမအက္ခရာများဖြင့် စီရင်ထားသော စ. မ. ဗ. ဝ အင်းချပ်ကိုထုတ်ပြီး ပစ်ပေါက်ရာ တင်းပုတ်ဖြင့်ထုရန် တပြင်ပြင်ဖြစ်နေသော ဘီလူးမှာ နေရာ၌ပင် ဖျပ်ခနဲ ပျောက်ကွယ်သွားလေတော့သည်။

ထိုနေရာမှာတော့ မီးခိုးငွေ့များကဲ့သို့ အခိုးအငွေ့များသာ ကျန်ခဲ့လေတော့သည်။

အခြေအနေရှင်းသွားသောအခါမှ ဒေါက်တာမင်းထင်ကျော်ကပါ ရှေ့သို့တိုးသွားလေသည်။





အခန်းအလယ်နေရာရောက်တော့ စိတ်ဝင်စားဖွယ်ကောင်းသော မြင်ကွင်းတစ်ခုကို တွေ့ကြရသည်။

အခန်းအလယ်နေရာလောက်တွင် ကျောက်ခုံတစ်ခုရှိသည်။ ကျောက်ခုံပေါ်တွင် လူအရိုးခေါင်းလေးလုံးပေါ်မှာတင်ထားသော ကြေးလင်ဗန်းတစ်ချပ်ရှိသည်။

ကြေးလင်ဗန်းထဲမှာ ပြဒါးရေများထည့်ထားပြီး ဘီးလူးသုံးကောင်ရုပ်တုက အရောင်တလက်လက် တောက်ပနေသော ဖန်လုံးတစ်လုံးကို လက်များဖြင့် ဝိုင်းမထားသည်။

အလယ်နေရာတွင် ကြေးတိုင်တစ်တိုင်ရှိပြီး၊ ထိုကြေးတိုင်ဘေးတစ်ဖက်တစ်ချက်တွင် ထီးကိုင်းကဲ့သို့ ကိုင်းရှစ်ကိုင်းရှိနေသည်။

ကိုင်းရှစ်ကိုင်းတွင် ဂြိုလ်ရှစ်လုံးတို့၏ နံရုပ်တို့ကို ချိတ်ဆွဲထားသည်။

ကြေးလင်ဗန်းအလယ်၌ ချိတ်ဆွဲထားသော ကြေးတိုင်က နာရီသံပတ်ပေးထားသကဲ့သို့ တဖြေးဖြေးလည်နေရာ ကမ္ဘာကို ဂြိုလ်များက လှည့်ပတ်နေသကဲ့သို့ ရှိလေသည်။

ထို့ပြင် ဘီလူးရုပ်များ ကိုင်ထားသော ဖန်လုံးမှ ထွက်နေသောအလင်းရောင်ကြောင့် ဂြိုလ်ရုပ်တို့၏ အရိပ်များက နံရံပေါ်မှာ လှည့်ပတ်ပြေးလွှားလျက်ရှိနေကြသည်။

"ဒါဘာလဲ အဘ"

"ဝိဇ္ဇာဥ်လှောင်အိမ်ကို စကြွာမအတတ်နဲ့ မရှုပ်အောင် ထိမ်းချုပ်ထားတာပဲ၊ မှော်ပညာကျွမ်းကျင်တဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုခဲ့တဲ့နည်းပေါ့”

“ဘယ်လိုလုပ်မလဲ”

“လည်နေတဲ့ ဂြိုလ်တွေရပ်သွားမှ ဝိညာဉ်လှောင်အိမ် လို့ခေါ်တဲ့ ဖန်လုံးကို ဖျက်ဆီးလို့ရမယ်”

“ဒီအတိုင်း ဖျက်ဆီးလို့ မရဘူးလား”

“ဟိုကျောက်ခုံပေါ်မှာ ဂြိုလ်ရုပ်တွေရဲ့ အရိပ်တွေ ပြေးလွှားနေတာ တွေ့တယ်မဟုတ်လား၊ အဲ့ဒီအရိပ်တွေနဲ့ ထိမိတာနဲ့ မောင်ထင်ကျော်ရဲ့ဝိညာဉ်က ဝိညာဉ်လှောင်အိမ်ထဲ ရောက်သွားလိမ့်မယ်”

ဒေါက်တာမင်းထင်ကျော်က ပခုံးနှစ်ဖက်တွန့်ပြလိုက်သည်။

“အတော်ကောင်းတဲ့အစီအရင်ပဲ၊ ဘယ်သူ့လက်ချက်ဖြစ်မလဲ”

“မောင်ထင်ကျော်နဲ့တွေ့တဲ့ ဆာဒူးမိစ္ဆာလက်ချက်ပဲ ဖြစ်မှာပေါ့၊ ဆာဒူးမိစ္ဆာအတော်များများက မှော်ပညာအစီအရင်တွေ တတ်ကျွမ်းကြတယ်”

“ဒါကိုဘယ်လိုဖျက်ဆီးမလဲအဘ. . .”

“ကြေးလင်ဗန်းထဲမှာ ထည့်ထားတဲ့ ပြဒါးရေတွေမရှိတော့မှ လည်နေတဲ့ဂြိုလ်ရုပ်တွေ ရပ်သွားလိမ့်မယ်၊ ဂြိုလ်ရုပ်တွေ ရပ်သွားတာနဲ့ ဖန်လုံးကိုဖျက်ဆီးပစ်လိုက်ရုံပဲ”

“သဘောပေါက်ပြီ၊ ဒါကကျွန်တော်လုပ်မယ်”

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်က မီးအိမ်ကိုယူ





ပြီးကျောက်ခုံအနီးသို့ တိုးကပ်သွားလေသည်။

“ကျောက်ခုံနားကို သိပ်မကပ်နဲ့၊ ဂြိုလ်ရုပ်တွေရဲ့အရိပ်နဲ့ထိမိသွားမယ်”

ဟု ဦးဗန်ကောင်းက နောက်မှလှမ်းပြီး သတိပေးလေသည်။ ကျောက်ခုံနှင့် မနီးမဝေးရောက်တော့ မီးအိမ်ထဲမှ ရေနံဆီအချို့ကိုထုတ်ယူပြီး ကျောက်ခုံပေါ်သို့ လှမ်းပက်လိုက်လေသည်။

ပြီးမှ အဖုံးဖွင့်ထားသော မီးအိမ်ကိုပါမီးရှို့ပြီး ကျောက်ခုံပေါ်သို့ပစ်တင်လိုက်ရာ ချက်ချင်းမီးတောက်ကြီးများ ထလာလေတော့သည်။

ပြဒါးရေများမှာ မီးအပူနှင့်တွေ့သောအခါ အခိုးအငွေ့အဖြစ်ပြောင်းလဲကာ ပျံထွက်ကုန်လေတော့သည်။

မီးအိမ်ထဲမှာရှိသော ရေနံဆီများမကုန်မချင်း မီးတောက်များက အရှိန်ကောင်းစွာဖြင့် တောက်လောင်နေရာ ကြေးလင်ဗန်းပူလာသည်နှင့်အမျှ ပြဒါးရေများလည်း ချက်ချင်းပျောက်ပြယ်သွားကြလေတော့သည်။

နောက်ဆုံး မီးတောက်လည်း လျှော့ကျသွားသောအချိန်မှာ ပြဒါးရေများလည်း ကုန်သွားကာ လည်ပတ်နေသောဂြိုလ်ရုပ်များလည်း ရပ်တံ့သွားကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၁ ]

# ပုဏ္ဏကအင်းနှင့် ကျိန်စာထောင်ချောက်

ကြေးလင်ဗန်းအောက်ဘက်၌ တောက်လောင်နေသော မီးတောက်များမှာ တဖြည်းဖြည်းနှင့် အရှိန်လျော့သွားကြလေပြီ။ အပူငွေ့ကြောင့် လင်ဗန်းတွင်းမှာထည့်ထားသော ပြဒါးရည်များလည်း အငွေ့အဖြစ် ပျံတက်သွားကြသောကြောင့် လင်ဗန်းထဲမှာ ခမ်းခြောက်သွားကြလေပြီ. . .။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စက်ဝိုင်းသင်္ကေတာန်လည်ပတ်နေကြသော ဂြိုလ်ရုပ်များလည်း ရပ်တံ့သွားကြရာ အရိပ်များလည်း ပျောက်သွားကြလေတော့သည်။

ဂြိုလ်ရိပ်များမရှိတော့မှ နှစ်ယောက်သား ထိုနေရာအနီးသို့ တဖြည်းဖြည်း ကပ်သွားကြလေသည်။

ကြေးလင်ဗန်းထဲမှာတော့ အခိုးအငွေ့များ ထနေဆဲပင်ရှိသေးသည်။

ဦးဇန်ကောင်းက ဘီလူးရုပ်သုံးကောင် လက်ပေါ်တွင်တင်ထားသော ဖန်လုံးကိုလှမ်းယူလိုက်သည်။

မရပေ. . . ။

တစ်စုံတစ်ခုက ဆွဲကိုင်ထားသကဲ့သို့ ပါမလာပေ။

"ဒင်းတို့က အခုအချိန်ထိ မပေးချင်ကြသေးပဲကိုး" ဟုပြောပြီး လွယ်အိတ်ထဲမှာပါလာသော ပရိတ်ကြိုးအချို့ကို ထုတ်ယူပြီး ဘီလူးသုံးကောင်ကို စွပ်ချလိုက်သည်။ ထိုသို့စွပ်ချလိုက်သည်နှင့် မြေအောက်ခန်းတစ်ခုလုံး တော်လဲသံကြီးကဲ့သို့ မြည်ဟိန်းသွားပြီး ဘီလူးသုံးကောင်လက်ထဲ၌ ကိုင်ထားသော ဖန်လုံးမှာလည်း အောက်သို့ပြုတ်ကျကာ အစိပ်စိပ်အမွှာမွှာ ကွဲသွားလေတော့သည်။

ဖန်လုံးကွဲသွားသည်နှင့် အတွင်းမှ မီးခိုးငွေ့ကဲ့သို့ အခိုးအငွေ့များထွက်လာလေသည်။

ထိုအခါ ဦးဇန်ကောင်းက သတိပေးလိုက်သည်။

"ဖန်လုံးကွဲသွားပြီ အတွင်းကဝိဥာဉ်တွေ ထွက်လာတော့မယ်၊ သူတို့နဲ့မျက်နှာချင်းဆိုင်ပြီး မကြည့်မိအောင် မျက်စိမှိတ်ထား မောင်ထင်ကျော်"





ဟုပြောသဖြင့် မျက်စိမှိတ်ထားလိုက်ကြလေသည်။

ထိုအချိန်တွင် ကွဲကျသွားသော ဖန်လုံးအတွင်းမှ အဖြူရောင်ပုံရိပ်သဏ္ဍာန်များ တစ်ခုပြီးတစ်ခု၊ တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြလေသည်။

ထွက်လာသမျှ ပုံပန်းသဏ္ဍာန်တို့မှာလည်း ကြောက်မက်ဖွယ်ရာများချည်း ဖြစ်ကြလေသည်။

အချို့က တစ်နေရာသို့ ထွက်ပြေးသွားကြသည်။

အချို့ဝိညာဉ်များကတော့ သူတို့နှစ်ယောက် ရပ်နေသော နေရာအနီးသို့ ရောက်လာပြီး ကြောက်စရာကောင်းသော မျက်နှာဖြင့် လှည့်ပတ်ကြည့်နေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာတော့ ထိုအခြေအနေမျိုးတွင် မျက်စိမဖွင့်ဝံ့ကြပေ။

ဝိညာဉ်များ သူတို့အနီးသို့ကပ်လာလျှင် မျက်စိမဖွင့်ဘဲနှင့် သိနိုင်လေသည်။

အခြားမဟုတ်ပေ. . ။

ဝိညာဉ်များ အနားကပ်လာသည်နှင့် ရေခဲတုံးကြီးနှင့်ကပ်လာသကဲ့သို့ အေးစက်သွားပြီး ပြန်ခွာထွက်သွားသောအခါ မူလအခြေအနေအတိုင်း ပူလောင်လာသည်။

အတန်ကြာတော့မှ အခန်းထဲမှာ ဝိညာဉ်များမရှိတော့ဟန်ဖြင့် အခြေအနေက ငြိမ်သက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အအေးဓာတ်များလည်း မရတော့ပေ. . ။

ထိုအခါမှ မရဲတရဲနှင့် မျက်စိဖွင့်ကြည့်လိုက်သည်။

အနီးပတ်ဝန်းကျင်မှာ ဘာမှမရှိတော့ပေ။

ထို့အတူ မြေအောက်ခန်းအတွင်းမှာလည်း ထူးထူးခြားခြား ဘာမှမတွေ့ရတော့ပေ။

သို့ကြောင့်မီးရောင်ဖြင့် ထိုးပြီး ကြေးလင်ဗန်းအတွင်းသို့ ကြည့်လိုက်သည်။

ဘီလူးသုံးကောင် ဖင်ခုထိုင်ထားသောအောက်မှာ. . ကြေးပုရပိုဒ်တစ်ချပ်ကို တွေ့ရသဖြင့် ယူပြီးကြည့်လိုက်သည်။

ပုရပိုဒ်ပေါ်မှာတော့ သက္ကတဘာသာဖြင့် ရေးထားသော ကျိန်စာများပင် ဖြစ်ပေသည်။

“ဤပုဏ္ဏကအင်း တည်ရှိနေသမျှ ကာလပတ်လုံး ဤအိမ်ကြီးအတွင်းရှိသော သက်ရှိသက်မဲ့အားလုံးတို့သည် ငါ၏ဩဇာတည်စေရမည်. . ။

ငါလှောင်ထားသော ချုပ်နှောင်ထားသော ဝိညာဉ်အပေါင်းတို့သည်လည်း ပုဏ္ဏကအင်းရှိနေသမျှ ကာလပတ်လုံး မကျွတ်မလွတ်နိုင်ဘဲ ရှိကြစေသတည်း”

ဟူသော ကျိန်စာများပင်ဖြစ်သည်။

ထိုစာများကိုဖတ်ပြီး ဒေါက်တာမင်းထင်ကျော်က ကြေးလင်းဗန်းထဲသို့ မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ ကြေးလင်ဗန်း၏ မျက်နှာပြင်ပေါ်မှာ ရေးဆွဲထားသော အင်းချပ်တို့ တွေ့ရလေသည်။





ဝိညာဉ်တို့အား ချုပ်နှောင်ထားသော ပုဏ္ဏကအင်းပင် ဖြစ်ပေလိမ့်မည်။

ဘီလူးရုပ်များဖြင့် စီရင်ရေးဆွဲထားသည့် အင်းချပ်ကြီး ပင်ဖြစ်ပေသည်။

ဦးဗန်ကောင်းက ပုဏ္ဏအင်းရေးဆွဲထားသော လင်ဗန်းနှင့် ဘီလူးရုပ်သုံးရုပ်ကိုပါယူပြီး ၎င်း၏လွယ်အိတ်ကြီးအတွင်းသို့ ထည့်လိုက်လေသည်။

ထိုအခိုက်မှာပင် သူတို့ဆင်းလာသောအပေါက်မှ အံဖုံးတံခါးချပ်မှာ ဂုန်းခနဲပိတ်ကျသွားသောအသံ ကြားလိုက်ရသည်။

“အံဖုံးတံခါး ကျသွားတဲ့အသံပဲ သွားကြည့်ရအောင်”

ဟုပြောပြီး နှစ်ယောက်သား လှေခါးထစ်များရှိရာဘက်သို့ ပြန်လာကြသည်။

လှေခါးထစ်များရှိသောနေရာသို့ ရောက်သောအခါ မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

ဖွင့်ထားခဲ့သော အဖုံးတံခါးက ပိတ်နေချေပြီ။

လေဝင်နိုင်သောနေရာက ထိုအပေါက်တစ်ပေါက်တည်းရှိရာ ထိုအပေါက်မရှိသောအခါ အသက်ရှူရန် လေမရတော့သကဲ့သို့ မွန်းကျပ်လာလေသည်။

ဒေါက်တာမင်းထင်ကျော်က လှေခါးထစ်များမှ အပေါ်သို့ တက်သွားပြီး အဖုံးတံခါးကို တွန်းဖွင့်လိုက်သည်။

မရပေ. . . ။

အနည်းငယ် အားစိုက်ပြီး တွန်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ပေ. . . ။

ထို့နောက် ရှိသမျှ ခွန်အားသုံးပြီး တွန်းဖွင့်ကြည့်သည်။ တစ်ချက်ကလေးမှပင် မကြွတော့ပေ။

အဖုံးပေါ်မှ လေးလံသောအရာတစ်ခုခုဖြင့် ဖိထားသောကြောင့် တွန်းဖွင့်၍ မရတော့ခြင်းဖြစ်သည်။

ထို့ကြောင့် အောက်သို့ချက်ချင်းပြန်ဆင်းလာသည်။

"အခြေအနေဘယ်လိုလဲ"

"တံခါးပေါက်ကတော့ ဖွင့်မရတော့ဘူး ၊ အပေါ်ကနေ တစ်ခုခုနဲ့ ဖိတင်ထားခဲ့တဲ့ပုံပဲ"

"တစ်ယောက်ယောက်လက်ချက် ဖြစ်ပုံရတယ်"

"ဒါကအရေးမကြီးဘူး၊ ဒီမြေအောက်ခန်းထဲက အမြန်ဆုံးထွက်နိုင်အောင်လုပ်ရမယ် နည်းနည်းကြာသွားရင် အသက်ရှူလို့ ရတော့မှာမဟုတ်ဘူး"

ဟုပြောပြီး နောက်သို့ပြန်လှည့်လာကြသည်။

ဒေါက်တာမင်းထင်ကျော်က သူ့မှာပါလာသော လက်နှိပ်မီးရောင်ကို သုံးကာ အခန်းထဲသို့ နေရာအနှံ့ လိုက်လံကြည့်ရှု နေလေသည်။

မြေအောက်ခန်းထဲမှာတော့ လေဝင်ပေါက် မရှိသလို အခြားထွက်ပေါက်လည်း မတွေ့ရပေ. . . ။

သို့ကြောင့် တဖြည်းဖြည်းနှင့် အသက်ရှူကျပ်လာလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ လှုပ်ရှား၍ရနိုင်သေး





သောအချိန်တွင် နေရာအနှံ့သို့ မီးရောင်ဖြင့် လိုက်လံထိုးကြည့် နေလေသည်။

အရှေ့ဘက်နံရံနေရာရောက်တော့ လေးထောင့်သဏ္ဍာန်ဖြစ်နေသော နေရာတစ်ခုကို တွေ့ရသဖြင့် အားရှိသွားသည်။ လက်ဖြင့်တွန်းကြည့်တော့ အနည်းငယ်လှုပ်သည်။

အားစိုက်ပြီးတွန်းလိုက်သောအခါ 'ကျွီ'ခနဲမြည်ကာ လည်သွားပြီး လူဝင်လောက်သာသော အပေါက်တစ်ပေါက် တွေ့ကြရသည်။

ထိုအပေါက်ပေါ်လာတော့ အသက်ရှူရန် လေအနည်းငယ်ပြန်ရလာသဖြင့် နည်းနည်းတော့ ခံသာသွားကြသည်။

သို့သော်လည်း လေကများများရနေခြင်းတော့ မဟုတ်ပေ။

ထိုအပေါက်တွေ့ရသောအခါ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဒေါက်တာမင်းထင်ကျော်က ရှေ့မှဝင်သွားပြီး ဦးဗန်ကောင်းက နောက်မှလိုက်လာလေသည်။

သူတို့ဝင်သွားသောအပေါက်မှာ လေးဘက်လေးတန် အုတ်ချပ်များစီထားသော ရေထွက်ပေါက်ကဲ့သို့ အပေါက်မျိုး ဖြစ်လေသည်။

သုံးပေကျော်ကျော်ခန့်သာမြင့်သဖြင့် လမ်းလျှောက်သွား၍ မရပေ။

သို့ကြောင့် လေးဘက်ထောက်ပြီး သွားကြရလေသည်။

ရေထွက်ပေါက်ရှိသောနေရာမှာ အရှေ့ဘက်သို့ ဦးတည်နေ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် သတိဖြင့် ရှေ့ဆက်သွားကြရာ. . နောက်ဆုံးမှာတော့ ရေမရှိတော့သော ရေတွင်းပျက်ကြီးတစ်ခုထဲသို့ ရောက်သွားသောအခါ ရှေ့ဆက်သွား၍ မရတော့ပေ။ လမ်းဆုံးသွားလေပြီ။

ရေတွင်းပျက်ကြီးတစ်ခုလုံး အုတ်များစီထားပြီး နံရံမျက်နှာပြင်ကို အင်္ဂတေအချောကိုင်ထားလေသည်။

အပေါ်သို့ မီးရောင်ဖြင့် ထိုးကြည့်သောအခါ အဖုံးပိတ်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းတို့လာခဲ့သော အကွာအဝေးကိုမှန်းပြီး၊ ယခုရောက်နေသော ရေတွင်းပျက်ကြီးမှာ ခင်ခင်ကြီးတို့နေသောနေရာ၌ တွေ့ခဲ့ရသော ရေတွင်းပျက်ကြီးများ ဖြစ်လေမလားဟု ထင်မိလေသည်။

နာရီကြည့်လိုက်တော့ နံနက်ပိုင်း (၃)နာရီကျော်နေချေပြီ. . .။

"အပေါ်ကို ဒီအတိုင်းတက်ဖို့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးထင်တယ်"

ဦးဗန်ကောင်းက အပေါ်တစ်ချက် မော့ကြည့်ပြီး ပြောလိုက်လေသည်။

"မိုးလင်းရင်တော့ အကူအညီရချင်ရမယ်၊ ဒါပေမယ့် မိုးလင်းဖို့က (၃)နာရီလောက် လိုနေသေးတယ်၊ အဲ့ဒီလောက် အချိန်ကြာအောင် ဒီအထဲမှာ အသက်ရှူဖို့ လေရပါ့မလား"

"ဘာမှစဉ်းစားမနေနဲ့ ဖြစ်သမျှအကြောင်းပဲပေါ့"





ဟုပြောပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ လွတ်မြောက်နိုင်မည့်လမ်းစကို နည်းအမျိုးမျိုးဖြင့် တွေးတောကြံဆနေသည်။

ထိုသို့စဉ်းစားနေရင်းမှာပင် လေသိပ်မရှိတော့သဖြင့် အသက်ရှူရသည်မှာ မွန်းကျပ်သကဲ့သို့ ဖြစ်လာလေသည်။

ထိုအချိန်မှာ အပေါ်ဘက်မှ ကြက်တွန်သံသဲ့သဲ့ ကြားရသည်။ မရှေးမနှောင်းမှာပင် ဖားစည်တီးသံ၊ ကြေးစည်ထုသံ၊ အုန်းမောင်းခေါက်သံတို့ကို သဲ့သဲ့ကြားရသည်။

အသံများကြားနေရသောနေရာမှာ မဝေးလှပေ။

ရေတွင်းပျက်အပေါ်ပေါက်ဝကို ပျဉ်ချပ်အဖုံးဖြင့် ပိတ်ထားသောကြောင့်သာ သဲ့သဲ့ကလေး ကြားနေရခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်မှာ အသက်ရှူကျပ်လာသည့်ကြားမှ စိတ်ကိုတင်းထားရလေသည်။

သူသတိထားမိသလောက်တော့ ရေတွင်းပျက်ကြီးရှိသောနေရာမှာ လူသွားလမ်းနှင့် မဝေးလှပေ. .၊

အာရုဏ်တက်ချိန်ရောက်ပါက ထိုနေရာတစ်ဝိုက်မှာ ဆွမ်းချိုင့်ယူသော ကျောင်းသားများသော်လည်းကောင်း၊ အာရုဏ်ဆွမ်းခံရန်ကြွလာသော ကိုရင်၊ ဘုန်းကြီးများသော်လည်းကောင်း ရောက်လာနိုင်ပေသည်။

ထိုနေရာတစ်ဝိုက်မှာ ဘုန်းကြီးကျောင်းများရှိသောကြောင့် ထိုမျှော်လင့်ချက်မှာ သူတို့အတွက် အကောင်းဆုံးမျှော်လင့်ချက်ဖြစ်လာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီကြည့်လိုက်တော့ နံနက်လေးနာရီကျော်လာပေပြီ။ နှစ်ယောက်စလုံးမှာလည်း ထိုရေတွင်းပျက်ကြီး အတွင်းသို့ ရောက်ခဲ့ကြသည်မှာ အချိန်ကြာလာသည်နှင့်အမျှ အသက်ရှူ၍မဝတော့ဘဲ ဟစိဟစိဖြစ်နေကြလေပြီ။

နောက်ထပ် အချိန်အနည်းငယ်ကြာ၍မှ အပြင်ထွက်ခွင့်မရခဲ့လျှင်တော့ အသက်ရှင်ဖို့ မလွယ်လှတော့ပေ။

ဒေါက်တာမင်းထင်ကျော်ကတော့ လူရွယ်ဖြစ်သဖြင့် စိတ်ကို တတ်နိုင်သမျှတင်းထားကာ အပေါ်ဘက်မှ အသံများကိုသာ အာရုံစိုက်ပြီး နားစွင့်နေလေသည်။

တိတ်ဆိတ်နေသောအချိန်ဖြစ်သဖြင့် အပေါ်ဘက်မှသာမန်အသံများကိုပင် မသဲမကွဲကြားနေရသည်။

ကြက်တွန်သံ၊ ခွေးဟောင်သံ၊ ကြေးစည်ထုသံ၊ ဖားစည်တီးသံ၊ အုန်းမောင်းခေါက်သံများကိုတော့ သဲသဲကွဲကွဲ ကြားရလေသည်။

ထိုအခိုက်မှာပဲ စကားပြောသံများကြားလာရသည်။ ပထမတော့ တိုးတိုးကြားရပြီး နောက်တော့ တဖြည်းဖြည်း ကျယ်လာသည်။

သေချာပေပြီ။

အာရုဏ်ဆွမ်းခံရန် ကြွလာသော ကိုရင်ဘုန်းကြီးများ ရေတွင်းပျက်ကြီးရှိသောနေရာတစ်ဝိုက်သို့ ရောက်လာကြပေပြီ။ သူတို့အတွက် နောက်ဆုံးအခွင့်အရေးပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကိုထုတ်ပြီး အပေါ်သို့ထောင်ကာ၊ အဖုံးကိုပစ်လိုက်လေသည်။





"ဒိုင်း"

တိတ်ဆိတ်နေသော အချိန်လည်းဖြစ် ရေတွင်းပျက်ထဲမှာလည်းဖြစ်သောကြောင့် သေနတ်သံက နားကွဲလုမတတ် ဆူညံသွားလေသည်။

သေနတ်သံရပ်သွားတော့ အပေါ်မှစကားပြောသံများလည်း မကြားရတော့။

ခဏကြာတော့ အပေါ်မှ ဖုံးထားသောအဖုံး ပွင့်သွားလေသည်။ ထိုအဖုံးပွင့်သွားတော့ လေဝင်လာရာ အသက်ရှူ၍ ပြန်ရလာလေသည်။

အဖုံးပွင့်သွားတော့ လက်နှိပ်မီးရောင်ဖြင့် ထိုးပြလိုက်သည်။ အပေါ်မှာတော့ အာရုဏ်ဆွမ်းခံရန် ထွက်လာကြသော ဘုန်းကြီးနှင့် ကိုရင်အချို့ ရှိနေကြသည်။

၎င်းတို့သည် စကားတပြောပြောနှင့် ကြွလာကြရာ ရေတွင်းပျက်အနီးရောက်တော့ ကျယ်လောင်လှသောသေနတ်သံကြီးကို ရုတ်တရက်ကြားလိုက်ရသောကြောင့် လန့်ဖျပ်သွားကြလေသည်။

ပြီးမှ အသက်ကြီးသော ဘုန်းကြီးတစ်ပါးက ရေတွင်းအပေါ်မှ ဖုံးထားသောအဖုံးကို လှန်ကြည့်လိုက်သောအခါ လက်နှိပ်မီးရောင်တွေ့သောကြောင့် ရေတွင်းပျက်ထဲမှာ လူရှိနေကြောင်း သိကြရသည်။

ထို့ကြောင့် အနီးပတ်ဝန်းကျင်မှာ ရှိနေကြသူတို့ကို သွား



www.burmeseclassic.com

www.burmeseclassic.com



ရောက်အကူအညီတောင်းရာ ထိုနေရာမှာနေသော ခင်ခင်ကြီးတို့ရောက်လာကြသည်။

ခင်ခင်ကြီးအပြင် ဖခင်ဖြစ်သူ ဦးရွှေမောင်နှင့် ဦးဒီပဘိုးနက်ကျော်တို့ပါ ပါလာကြသည်။

ရေတွင်းပျက်ထဲမှာ လူရှိနေမှန်းသိသောအခါ ၄င်းတို့အသုံးပြုနေကျ ကြိုးလှေခါးကို ပြန်ယူပြီး အောက်သို့ချပေးလိုက်ရာ ဒေါက်တာမင်းထင်ကျော်တို့လည်း တစ်ယောက်ချင်း တက်လာကြလေသည်။

အပေါ်ရောက်တော့. . ဒေါက်တာမင်းထင်ကျော်ကို မမျှော်လင့်ဘဲ တွေ့သောအခါ ခင်ခင်ကြီးခမျာ မျှားစွာအံ့သြနေလေတော့သည်။

အရှေ့ဘက်ကောင်းကင်ဘက်မှာတော့ အာရုဏ်ဦးရောင်ခြည်များ ဖြန့်ကြက်စ ပြုလာချေတော့သည်။









## အခန်း [ ၁၂ ]

# သေကံမရောက် သက်မပျောက်

အချိန်က နံနက်ပိုင်းအချိန်သာ ရှိသေးသည်။ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဖန်ကောင်းတို့ နှစ်ယောက်မှာ ခင်ခင်ကြီးတို့ အိမ်၌ပင် နားနေကြရသေးသည်။

ခင်ခင်ကြီး စီစဉ်ပေးသော ကောက်ညှင်းပေါင်း၊ ပဲပြုတ်နှင့် လက်ဖက်ရည်ကြမ်းတို့ကို စားသောက်ရတော့မှ တစ်ညလုံး ပင်ပန်းခဲ့ရသမျှ နေသာထိုင်သာဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဝိုင်းမှာတော့ ခင်ခင်ကြီး၏ မိသားစုများ စုံစုံညီညီ ရှိနေကြသည်။

သူတို့ကလည်း ဒေါက်တာမင်းထင်ကျော်တို့ ဖြစ်ပျက်ကြုံတွေ့ခဲ့ကြသောအကြောင်းများကို စိတ်ဝင်စားနေကြသည်။ ထို့ကြောင့် ဦးဗန်ကောင်းက စားရင်းသောက်ရင်းနှင့်ပင် ညက တွေ့ကြုံခဲ့ရသော အဖြစ်အပျက်အကြောင်းအရာတို့ကို ပြန်ပြောပြလိုက်လေသည်။

"ဒါဖြင့် မိတ်ဆွေကြီးတို့ ဝင်တဲ့တံခါးပေါက်ကို တစ်စုံတစ်ယောက်က တမင်ပိတ်လိုက်တာ ဖြစ်မှာပေါ့။ ဒါထက် အဲ့ဒီအိမ်နီကြီးထဲမှာ တစ္ဆေသရဲတွေပဲရှိတယ်၊ လူတွေ မရှိကြပါဘူး"

ဦးဒီပက ပြောလိုက်သည်။

"တစ္ဆေသရဲကတော့ အဲဒီလိုလုပ်နိုင်ကြမှာမဟုတ်ဘူး၊ လူလုပ်တာပါ"

"ဘယ်သူများပါလိမ့်"

"အဲဒီအိမ်ကြီးထဲကို အချိန်မတော်မှ အဝင်အထွက်လုပ်နေတဲ့ လူတစ်ယောက်ရှိနေတယ်၊ မတ်စတီးရှိကတည်းက လက်စွဲထားတဲ့ ဆာဒူးမိစ္ဆာတစ်ယောက်ပါပဲ"

ဒေါက်တာမင်းထင်ကျော်က ဝင်ပြောပြလိုက်သောအခါ နားထောင်နေကြသူများမှာ အံ့သြသွားကြလေသည်။

"ဒါဖြင့် လာသမျှလူတွေကို မနေနိုင်အောင် ဒုက္ခပေးနေတာ သူပဲဖြစ်မှာပေါ့"

"မှန်ပါတယ်၊ သူက လူတွေကိုရော၊ သေဆုံးသွားတဲ့လူတွေရဲ့ ဝိညာဉ်တွေကိုပါ ဒုက္ခပေးနေတာပါ။ ဒါပေမယ့် နောက်ပိုင်းတော့ ဒီလိုဒုက္ခပေးနိုင်တော့မယ် မထင်ပါဘူး၊ သူအစီအရင်ပြုလုပ်ထားတဲ့ "ပုဏ္ဏကအင်း"ကို ကျွန်တော်တို့ ဖျက်ဆီးပစ်ခဲ့ပါပြီ. ."





ဦးဗန်ကောင်းက ၄င်းလွယ်အိတ်ထဲမှာ ထည့်လာသော ပုဏ္ဏကအင်းချထားသော လင့်ဗန်းကို ချပြလိုက်ရာ ဦးဒီပက ယူကြည့်လေသည်။ ပြီးမှ ပြန်ချထားသည်။

"သူစီရင်ထားတဲ့ ပုဏ္ဏကအင်း အစီအရင် ပျက်စီးသွားပြီဆိုတော့ ဝိညာဉ်တွေ လွတ်လပ်သွားပြီလားဗျာ. ."

အနားမှာထိုင်နေသော ဘိုးနက်ကျော်ကပါ ဝင်မေးလိုက်သည်။

"ဟုတ်ပါတယ် ၊ လွတ်လပ်သွားပါပြီ"

"အေးပြီပေါ့ဗျာ. ."

ထိုအခါ ဦးရွှေမောင်က . . .

"ကံဆိုးရှာခဲ့တဲ့ ကျုပ်သမီးလေးရဲ့ ဝိညာဉ်ကို လွတ်မြောက်ခွင့်ရအောင် အခုလိုဆောင်ရွက်ပေးကြတာ ကျေးဇူးတင်ပါတယ်ဗျာ၊ သူ့ခမျာ လူ့ဘဝမှာတုန်းကလည်း ကံမကောင်းခဲ့ဘူး၊ ဒါ့အပြင် အသက်သေပြီးတော့လည်း ထပ်ပြီး အချုပ်အနှောင်ခံနေခဲ့ရသေးတယ်၊ အခုမှပဲ. . ."

ဟုပြောဆိုနေရင်း စိတ်ထိခိုက်လာဟန်ဖြင့် မျက်ရည်များကို တို့သုပ်နေလေသည်။

ထိုအခြေအနေကိုမြင်တော့ အနားမှာထိုင်နေကြသော



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငွေမှုံနှင့် ခင်ခင်ကြီးတို့ပါ မျက်ရည်သုပ်နေကြလေသည်။

"ကဲ . . ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီဆိုတော့ ကျွန်တော် သိချင်တာလေး မေးပါရစေ၊ အမှန်အတိုင်းသာ ပြောပြပေးကြပါ"

ဒေါက်တာမင်းထင်ကျော်က စကားပလ္လင်ခံလိုက်တော့ အားလုံးက ဝိုင်းကြည့်နေကြလေသည်။

"တခြားတော့မဟုတ်ပါဘူး၊ မတ်စတီးတို့နေသွားခဲ့ပြီးတဲ့ နောက်ပိုင်း၊ သူနဲ့ဆွေမျိုးသားချင်းတော်စပ်တဲ့ မိသားစုတွေ တစ်ယောက်ပြီးတစ်ယောက် ထပ်သေကြတာ ဝိညာဉ်တွေလက်ချက် မဟုတ်ဘူးဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်၊ ညက မမျှော်လင့်ဘဲ ရေတွင်းပျက်ကြီးထဲရောက်တော့မှ အဖြေကို ဆက်စပ်မိပါတော့တယ်"

ထိုသို့ပြောပြီး . . လက်ဖက်ရည်တစ်ပန်းကန် ယူပြီး သောက်နေလိုက်သည်။

အိမ်ထဲမှာတော့ အသံများ တိတ်ဆိတ်ငြိမ်သက်နေသည်။ အတန်ကြာမှ ဦးဒီပက မေးသည်။

"ဒါထက် မေးပါရစေ၊ မောင်ရင်က ပုလိပ်ဘက်ကများလား"

"မဟုတ်ပါဘူး၊ ကျွန်တော်က ခင်ခင်ကြီး အကူအညီတောင်းလို့ စေတနာနဲ့ လာပြီးအကူအညီပေးနေတဲ့ အပြင်လူတစ်ယောက်ပါ"

"ဒီလိုဆိုရင်တော့ အမှန်အတိုင်းပဲပြောပါ့မယ်၊ နောက်





ပိုင်းသေတဲ့လူတွေကို ကျုပ်တို့သတ်ပစ်ခဲ့တာပါ၊ ကျုပ်တူမလေးအတွက် လက်စားချေတဲ့အနေနဲ့ သူတို့ဆွေမျိုးသားချင်းတွေ ရောက်လာပြီးနေရင် တစ်ညတစ်ယောက်နှစ်ယောက် သွားသတ်ပစ်တာပါ"

"ရေတွင်းကြီးထဲမှာရှိတဲ့ လျှို့ဝှက်လမ်းကို အသုံးပြုခဲ့တာမဟုတ်လား"

"ဟုတ်ပါတယ် အရင်က ရေတွင်းကြီးထဲမှာ လျှို့ဝှက်လမ်း ရှိနေမှန်းမသိပါဘူး၊ ခင်ခင်လေး သေခဲ့ပြီးနောက်မှ သူပြောပြလို့သိခဲ့ရတာပါ"

"ဘယ်ပုံဘယ်နည်းနဲ့ သွားကြတာလဲ"

"သွားရင်တော့ ကျုပ်နဲ့ဘိုးနက်ကျော်တို့ နှစ်ယောက်ပဲ သွားကြပါတယ်၊ ရေတွင်းထဲကို ကြိုးလှေခါးနဲ့ဆင်းတယ် ပြီးမှ လိုဏ်ခေါင်းလမ်းထဲကမှတစ်ဆင့် အိမ်ထဲရောက်အောင်သွားကြတာပါ"

"အဲဒီအချိန်ကတည်းက ပုဏ္ဏကအောင်း အစီအရင်ကို တွေ့ခဲ့မြင်ခဲ့ဖူးတယ်မဟုတ်လား"

"မြေအောက်ခန်းက ဖြတ်သွားတော့ တွေ့ပါတယ်၊ ဒါပေမယ့် ဘယ်လိုအစီအရင်လုပ်ထားမှန်းတော့ မသိပါဘူး"

"အဲသည်လိုသွားတော့ ဆာဒူးမိစ္ဆာနဲ့ မဆုံခဲ့၊ မတွေ့ခဲ့ဘူးလား"

"အိမ်မှာနေတဲ့ လူတွေရှိရင် သူကလာပုံမရဘူး၊ အဲဒီခါမှ မတွေ့ခဲ့ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဒါထက် လူတွေကို ဘယ်လိုသတ်ခဲ့တာလဲ”

“ဒီကသွားကတည်းက ကြောက်စရာကောင်းတဲ့ ပုံပန်းသဏ္ဌာန်မျိုးဖြစ်အောင် ရုပ်ဖျက်ပြီးသွားကြတာပါ၊ တစ်ကိုယ်လုံး အဝတ်အမည်းကြီးတွေခြုံပြီး မျက်နှာကိုလည်း သရဲတစ္ဆေတွေနဲ့ သဏ္ဌာန်တူအောင် လုပ်သားတာပါပဲ”

“ပြောပါဦး. .”

“အိမ်ထဲရောက်ရင်. . ကျုပ်တို့တောင် ဘာမှမလုပ်ခဲ့ရပါဘူး၊ သရဲခြောက်တဲ့အိမ်မှာ လာနေကတည်းက ကြောက်လန့်နေကြတော့ ကျုပ်တို့မြင်တာနဲ့ သရဲသဘက်အထင်နဲ့ လန့်ဖျပ်ပြီး သူ့ဘာသာသေကြတာပါပဲ”

“အတော် အကြံပိုင်ကြတာပဲ”

ဟု ဦးဗန်ကောင်းကပါ ဝင်ပြီး မှတ်ချက်ချလေသည်။

“သူ့ဘာသာသေကြတယ်ဆိုပေမယ့်၊ ကျုပ်တို့ပယောဂလည်း မကင်းဘူးဆိုရမှာပေါ့၊ ဒါကြောင့် ဒီအကြောင်းတွေကိုတော့ ကျုပ်တို့မိသားစုကို သနားငဲ့ညှာတဲ့အနေနဲ့ နှုတ်လုံပေးကြပါ. .”

ဟု တောင်းပန်ပြောဆိုလေသည်။

“စိတ်ချပါ ဘယ်သူ့ကိုမှ မသိစေရပါဘူးလို့ ကတိပေးပါတယ်”

ဒေါက်တာမင်းထင်ကျော်စကား ကြားသောအခါမှ စိတ်သက်သာရာရသွားကြဟန်ဖြင့် အသီးသီး သက်ပြင်းချလိုက်ကြလေသည်။





စကားဝိုင်းပြီးတော့ ခင်ခင်ကြီးက ဒေါက်တာမင်းထင်ကျော်ကို နှစ်ယောက်ချင်း ခေါ်ပြောလေသည်။

“တခြားတော့မဟုတ်ပါဘူး၊ ဆရာ့ကို အဲ. . အစ်ကို့ကိုပြောစရာစကား ရှိလို့ပါ”

“ဘာများပါလိမ့်”

“တခြားတော့မဟုတ်ပါဘူး၊ ကျွန်မညီမလေးကို ဘဝဆိုးက လွတ်မြောက်အောင် ကူညီပေးတဲ့အတွက် အစ်ကို့ကို သိပ်ပြီး ကျေးဇူးတင်ပါတယ်”

“ရပါတယ် ခင်ခင်ကြီးရယ်၊ ဒီလောက်ကျေးဇူးတင်စရာ မလိုပါဘူး ကျွန်တော်က ဒီလိုအလုပ်မျိုးတွေ လုပ်တာ စိတ်ဝင်စားပါတယ်”

ထိုအခါ ခင်ခင်ကြီးက သူ့မျက်နှာကို သေသေချာချာ ကြည့်ပြီး ထပ်ပြောသည်။

“ခင်ခင်လေးရဲ့ဝိညာဉ်က အိမ်နီကြီးထဲကလွတ်မြောက်သွားပေမယ့် သူတို့လက်ကတော့ မလွတ်နိုင်သေးဘူး”

ထိုစကားကြောင့် အံ့သြသွားလေသည်။

“ခင်ခင်ကြီးက ဘယ်လိုသိတာလဲ”

“သူ့ကိုအိပ်မက်ထဲမှာ ပြန်တွေ့ရတယ်၊ သူ့အကြောင်းတွေကိုလည်း သေသေချာချာပြောပြသွားတယ်”

“ဘယ်လိုပြောသွားသလဲ”

“အစ်ကိုပြောတဲ့ ဆာဒူးမိစ္ဆာနဲ့ မတ်စတီးရဲ့ဝိညာဉ်က သူ့ကို တစ်နေရာခေါ်သွားပြီး ပိတ်လှောင်ထားကြတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာမှာလဲ. ."

"မင်္ဂလာဒုံဘက်က လေယာဉ်ပျံကွင်းအလွန်လောက်မှာ ညောင်ပင်ကြီးတစ်ပင်ရှိတယ်၊ အဲဒီညောင်ပင်ကြီးက ကားလမ်းနံဘေးမှာပဲရှိတယ်၊ ညောင်ပင်ကြီးအလွန်လောက်မှာ မြောက်ဘက်ကိုဝင်သွားတဲ့ လမ်းဟောင်းတစ်ခုလည်းရှိတယ်"

"ဆက်ပြောပါဦး"

"အဲ့ဒီလမ်းဟောင်းအတိုင်း ဝင်သွားရင် သစ်တောထဲမှာ ဘုရားကျောင်းပျက်ကြီးတစ်ခုရှိတယ်၊ အဲ့ဒီမှာ အစ်ကိုပြောတဲ့ ဆာဒူးမိစ္ဆာရှိတယ်"

"သေချာလှချည်လား၊ ဒီလောက်သေသေချာချာဖြစ်အောင် ခင်ခင်ကြီးက ဘယ်လိုများ သိနေတာလဲ"

"အိပ်မက်ထဲမှာ သူပြတာတွေက အပြင်ဘက်မှာ မြင်နေရသလို မြင်နေရတာ၊ ဒါကြောင့် သေသေချာချာပြန်ပြောနိုင်တာပါ"

"ဆက်ပြောပါဦး"

"အဲဒီကျောင်းပျက်ကြီးရဲ့ အနောက်မှာ တွင်းနက်ကြီးတစ်တွင်းရှိတယ်၊ အဲဒီတွင်းနက်ကြီးထဲကို လူပဲဖြစ်ဖြစ်၊ ဝိညာဉ်ပဲဖြစ်ဖြစ် ကျသွားရင် ပြန်ထွက်လာလို့ မရတော့ဘူးလို့လည်းပြောတယ်"

"ဒါထက် မက်စတီးရဲ့ဝိညာဉ်က သူ့ကိုဘာကြောင့် ဒီအချိန်အထိ ဒုက္ခပေးနေတာလဲ"

"လူဘဝတုန်းကလိုပဲ သူနဲ့အတူတူခေါ်ထားပြီး နှိပ်စက်





ခံနေရတယ်လို့ ပြောသွားတယ်"

"ခင်ခင်ကြီးမြင်တွေ့ခဲ့ရတာတွေက အမှန်ပဲဆိုရင်တော့ အဲ့ဒီနေရာကို ဆက်လိုက်ကြရလိမ့်မယ်"

"အစ်ကိုတို့သွားရင် ဒီတစ်ခါ ကျွန်မပါလိုက်ခဲ့ပါရစေ"

"ဖြစ်ပါ့မလား၊ အန္တရာယ်တွေနဲ့ တွေ့ရနိုင်တယ်"

"အဲဒီနေရာကို ကျွန်မက သေသေချာချာသိတာဆိုတော့ ကျွန်မလိုက်ခဲ့တာ ပိုပြီးအဆင်ပြေမယ်၊ နောက်ပြီး ကျွန်မညီမလေးရဲ့ နောက်ဆုံးအခြေအနေကိုလည်း ကျွန်မသိချင်ပါတယ်၊ ဒါကြောင့် လိုက်ခဲ့ပါရစေ. . ."

ဟု တောင်းပန်ပြောဆိုလေသည်။

ဒေါက်တာမင်းထင်ကျော်က အတော်ကြာအောင် စဉ်းစားနေပြီးမှ ပြောလိုက်သည်။

"တစ်ခုခုဖြစ်သွားမှာ စိုးရိမ်လို့ပါ"

"ရှင်. . အစ်ကိုက ကျွန်မတစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေတယ်ဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ စိတ်ထဲမှာ အဲဒီလိုစိုးရိမ်စိတ် ဝင်နေမိတယ်"

"ကျွန်မအတွက် စိုးရိမ်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အစ်ကိုပါနေမှတော့ ကျွန်မ မကြောက်ပါဘူး လိုက်ခဲ့ပါရစေ. ."

"ကောင်းပြီလေ ခင်ခင်ကြီး လိုက်ချင်တဲ့ဆန္ဒရှိတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း လိုက်ခဲ့ပေါ့၊ ညနေပိုင်းအချိန်မှာ သွားကြမယ်၊ အဆင်သင့် ပြင်ထားပါ"

ဟုပြောဆိုပြီး နှစ်ယောက်သား ဦးဇန်ကောင်းနေသော နေရာသို့ ပြန်လာကြသည်။

ယခုကိစ္စမျိုးမှာ သေရေးရှင်ရေးတမျှ အရေးကြီးသော ကိစ္စဖြစ်သောကြောင့် ဖိုးသူတော်ကြီးနှင့် တွေ့ရပေမည်။

ဖိုးသူတော်ကြီးထံမှ အကူအညီ ယူကြရပေမည်။

သူတို့ပြန်လာတော့ နေအတော်မြင့်နေချေပြီ။ ညက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တို့မှာ သေကံမရောက်သောကြောင့်သာ အသက်မပျောက်ခဲ့ကြခြင်း ဖြစ်ပေတော့သည်။







## အခန်း [ ၁၃ ]

# ဆာဒူးမိစ္ဆာနှင့် ဝိညာဉ်လှောင်အိမ်

အချိန်က ညနေပိုင်းအချိန်ရောက်နေချေပြီ။ ထိုအချိန်ရောက်မှ မိုးကတဖွဲဖွဲ ရွာသွန်းနေသည်။ ညနေပိုင်းအချိန်လည်းဖြစ် မိုးကရွာသွန်းနေသောကြောင့် ပြည်လမ်းမကြီးတလျှောက် လူသွားလူလာရော ကားအသွားအလာပါ ရှင်းလင်းလျက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၉၃၀)ပြည့်နှစ်လောက်က မြေနီကုန်း၊ လှည်းတန်း စသော နေရာများလောက်၌သာ နေထိုင်သူလူဦးရေများပြီး ထိုနေရာများမှ မြောက်ဘက်သို့ ဆက်လာလျှင်တော့ လူသိပ် မရှိတော့ပေ. . .။

ပြည်လမ်းမကြီးတလျှောက်မှာ နေထိုင်သူများရှိကြ သော်လည်း သစ်ပင်ဝါးပင်များ၊ ခြံကျယ်ဝန်းကျယ်များဖြင့် သီး ခြားနေထိုင်ကြသောကြောင့် လူမများပေ။

(၈)မိုင်၊ (၉)မိုင် ကျော်လာလျှင်တော့ အခြားနေရာများ ပင်မဆိုထားနှင့် လမ်းဘေးတစ်ဖက်တစ်ချက်မှာပင် သစ်တော များက ဖုံးလွှမ်းထားကြလေသည်။

ဆယ်မိုင်ကုန်းကျော်တော့ မင်္ဂလာဒုံလေယာဉ်ပျံကွင်းသို့ ရောက်လာလေသည်။

ထိုနောရောက်တော့ မှောင်စပျိုးလာချေပြီ. . .။

ထိုနေရာတစ်ဝိုက်ရောက်တော့ လေယာဉ်ကွင်းရှိသော ကြောင့် လူနေအိမ်ခြေ မရှိတော့ပေ။

ပြည်လမ်းမကြီးတလျှောက် ဖြေးဖြေးမှန်မှန် မောင်းလာ သော လင့်ရှိဘာကားမှာ လေယာဉ်ကွင်းနားရောက်လာသော အခါ အရှိန်လျှော့ချလိုက်သည်။

ကားမောင်းလာသူက စုံထောက်ကျော်စွာပင်ဖြစ်သည်။ ကားပေါ်မှာတော့ ဒေါက်တာမင်းထင်ကျော်၊ ခင်ခင်ကြီးနှင့် ဦး ဗန်ကောင်းတို့ ပါလာကြသည်။

စုံထောက်ကျော်စွာနှင့်ဆိုပါက လေးယောက်ဖြစ်သည်။





ဒေါက်တာမင်းထင်ကျော်က ကျော်စွာနံဘေးမှာ ထိုင် ငိုက်လာရင်း ခင်ခင်ကြီးပြောပြထားသော ညောင်ပင်ကြီးကို ကြည့်လာလေသည်။

လေယာဉ်ကွင်းကျော်လာသောအခါ မြောက်ဘက် ခြမ်းနံဘေးတွင် ရှိနေသော အထိကရညောင်ပင်ကြီးတစ်ပင်ကို လှမ်းမြင်ရသဖြင့် နောက်မှာထိုင်လာသော ခင်ခင်ကြီးရှိရာသို့ လှည့်ကြည့်လိုက်ရာ သူမက ခေါင်းညိတ်ပြသဖြင့်. . ကားကို ညောင်ပင်ကြီးရှိသော နေရာဘက်သို့ မောင်းသွားလေသည်။

ထိုနေရာရောက်တော့ အမှောင်ရိပ်များကျနေသော နေရာမှာ ကားကိုထိုးရပ်လိုက်ကြသည်။

အသီးသီးအပေါ်မှ မိုးကာအကျႌများဝတ်ပြီး ဦးထုပ်များ ဆောင်းထားကြသည်။

စုံထောက်ကျော်စွာနှင့် ဒေါက်တာမင်းထင်ကျော်ထံ တွင် သေနတ်တစ်လက်စီပါပြီး၊ အခြားလက်နှိပ်မီးနှင့် အသုံး အဆောင်ပစ္စည်းများလည်း ယူဆောင်လာကြသည်။

ဦးဗန်ကောင်း လွယ်ထားသော လွယ်အိတ်ထဲမှာတော့ ဦးသူတော်ကြီး စီရင်ပေးလိုက်သည့် အင်းချပ်နှင့် အခြားအစီ အရင် ပစ္စည်းအချို့ ပါလာလေသည်။

အထူးသဖြင့်ကတော့ နဝင်းသုံးစုံ ရွှေတိဂုံအဓိဋ္ဌာန် ကျင့်စဉ်ဝင်ကတည်းက ကြိုတင်စီရင်ထားသော အစီအရင်များ ဖြစ်ကြလေသည်။

နဝင်းသုံးစုံအင်းချပ်နှင့် ပရိတ်ကြိုးများမှာ အဓိကကျ



www.burmeseclassic.com

www.burmeseclassic.com



သော အစီအရင်ပစ္စည်းများ ဖြစ်ကြလေသည်။

ကားရပ်ပြီးသည်နှင့် ပစ္စည်းများကိုယူပြီး ကားပေါ်မှ ဆင်းလိုက်သည်။

အချိန်က နေဝင်သွားကာစပင် ရှိသေးပြီး မိုးရွာနေသောကြောင့် ဆည်းဆာရိပ်များ မပေါ်တော့ပေ. . .။

ထိုနေရာတစ်ဝိုက်မှာလည်း အရှေ့အနောက် မျက်စိတဆုံး လူနေအိမ်ခြေမရှိတော့ဘဲ သစ်ပင်ကြီးများ ဖုံးလွှမ်းနေသဖြင့် အမှောင်ရိပ်များက သာမန်ထက် ပိုများနေသည်။ ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း ငြိမ်သက်နေသည်။ သစ်ရွက်များအပေါ် မိုးပေါက်ကျသောအသံနှင့် ပုရစ်အော်သံတို့သာ စူးစူးဝါးဝါး ပေါ်ထွက်နေလေသည်။

ခင်ခင်ကြီးကတော့ ထိုကဲ့သို့သော အတွေ့အကြုံမျိုး မရှိဖူးသေးသဖြင့် စိုးရိမ်နေသော အမူအရာများ ပေါ်နေသည်။ ဒီနေရာအထိ ရောက်လာပြီးမှတော့ တစ်ယောက်တည်းထားခဲ့၍လည်း မဖြစ်တော့ပေ။

"ဘာမှမကြောက်နဲ့၊ အန္တရာယ်နဲ့ တွေ့ရင်တောင် ကျွန်တော်တို့ အကာအကွယ်ပေးပါ့မယ်"

ဒေါက်တာမင်းထင်ကျော်က တိုးတိုးကပ်ပြောတော့ ခေါင်းညိတ်ပြလေသည်။

"ဘုရားကျောင်းပျက်ရှိတာ ဒီနေရာတစ်ဝိုက်မှာပဲ မဟုတ်လား"

"ဟုတ်တယ်၊ သူပြောသွားတာကတော့ ဟိုရှေ့မှာတွေ့တဲ့ လမ်းအတိုင်းဝင်သွားရင် ဘုရားကျောင်းပျက်ကြီးရှိတဲ့နေရာ ရောက်နိုင်တယ်လို့ ပြောတယ်"





ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ဒီနေရာက လေယာဉ်ကွင်းနဲ့နီးတယ်၊ လေယာဉ်ကွင်းမှာ အစောင့်တွေရှိတယ်၊ တတ်နိုင်သမျှ သေနတ်မသုံးမိဖို့တော့ အရေးကြီးတယ်၊ သေနတ်သံကြားတာနဲ့ လေယာဉ်ကွင်းဘက်က အစောင့်တွေ ရောက်လာရင် ခက်ကြလိမ့်မယ်"

"စိတ်ချပါဆရာ သေနတ်က မလွဲသာမှ သုံးမှာပါ"

ကျော်စွာက သူ့အိတ်ထဲမှာပါလာသော သေနတ်ကို လက်ဖြင့် တစ်ချက်စမ်းကြည့်လိုက်ရင်း ပြန်ပြောလေသည်။

ဦးပန်ကောင်းကတော့ သွားလေရာအမြဲ ပါလေ့ရှိသော ဝါးတောင်ဝှေးကို မြှောက်ပြရင်း. . .၊

"ဒီတောင်ဝှေးတစ်ချောင်းရှိရင် လုံလောက်ပါတယ်" ဟုပြောသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်ကပင် ဦးဆောင်ပြီး ညောင်ပင်ကြီးနှင့် မနီးမဝေးမှာရှိသော လမ်းရှိရာသို့သွားကြလေသည်။

လမ်းမှာ မြေနီလမ်းဖြစ်ပြီး လူနှစ်ယောက်သွားသာလောက်သော အကျယ်အဝန်းရှိသည်။

လမ်းဘေးတစ်ဖက်တစ်ချက်၌မူ ချုံများရှိနေသည်။ ထို့ပြင် သစ်ပင်ကြီးများကပါ အုပ်မိုးထားသည်။ မိုးတဖွဲဖွဲ ရွာနေ



www.burmeseclassic.com

www.burmeseclassic.com



သေးသောကြောင့် ချုံများအတွင်းမှ ပုရစ်အော်သံများက ဆူညံနေသည်။

လူအနားရောက်သည်နှင့် အသံတိတ်သွားပြီး လွန်သွားသောအခါ သံပြိုင်အော်ကြပြန်သည်။

တိတ်ဆိတ်ငြိမ်သက်နေသောအချိန်တွင် သစ်ရွက်များအပေါ်သို့ မိုးရေစက်ကျသံနှင့် ပုရစ်အော်သံတို့မှာ အဆူညံဆုံးဖြစ်နေလေတော့သည်။

လမ်းပေါက်ဝရောက်တော့ ဒေါက်တာမင်းထင်ကျော်က မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

မိုးရေကြောင့် ပျော့နေသောမြေနီလမ်းပေါ်မှာ ခြေရာအချို့ကို တွေ့ရသည်။

ခြေရာကအတော်များသည်။

လူသုံးလေးယောက် လျှောက်သွားသော ခြေရာမျိုးဖြစ်သည်။ အခြေအနေကြည့်ရသည်မှာ လမ်းအတွင်းသို့ ထိုလူစုဝင်သွားသည်မှာ မကြာသေးပေ. . .။

ခြေရာများက လတ်လတ်ဆတ်ဆတ်ပင် ရှိသေးသည်။

"အရက်နံ့နဲ့ လက်ပတ်စော် နံတဲ့အနံ့တွေတောင် မပျောက်သေးဘူး၊ ကုလားတွေ ဝင်သွားပုံပဲ"

စုံထောက်ကျော်စွာက ပတ်ဝန်းကျင်တစ်ဝိုက်မှာ ကျန်နေသေးသော အနံ့များကို သတိပြုမိသဖြင့် ပြောလိုက်သည်။

"ဘယ်လိုကြောင့် အတပ်ပြောနိုင်တာလဲ"

"မိုးရေနဲ့ထိရင် ပြန်ထွက်လာတဲ့ အနံ့တွေထဲမှာ လူခန္ဓာ





ကိုယ်ကထွက်တဲ့ ချိုင်းချွေးနံ့၊ အရက်နံ့၊ အပုတ်နံ့နဲ့ ရေမွှေးနံ့တွေက အသိသာဆုံးပဲ၊ အခုချိုင်းချွေးနံ့ပြင်းပြင်းနဲ့ အရက်နံ့ရတာကြောင့် ကုလားတွေဖြစ်မယ်လို့ ပြောနိုင်တာပါ"

"သေချာလို့လား"

"လူခန္ဓာကိုယ်ကထွက်တဲ့ ချိုင်းချွေးနံ့ချင်းတောင် လူမျိုးတူရင် ချိုင်းချွေးနံ့ချင်းမတူကြဘူး၊ တရုတ်လူမျိုးကိုယ်ကထွက်တဲ့ ချိုင်းချွေးနံ့နဲ့ ကုလားလူမျိုးကိုယ်ကထွက်တဲ့ ချိုင်းချွေးနံ့ချင်းမတူဘူး၊ အစားအသောက်မတူကြလို့ အနံ့ထွက်တာကွဲတာ. . ကုလားလူမျိုးတွေကိုယ်ကထွက်တဲ့ ချိုင်းချွေးနံ့က ပိုပြီးအနံ့ပြင်းတယ်. . "

"တော်ပါပေရဲ့. . "

ဦးဖန်ကောင်းက ချီးကြူးလိုက်လေသည်။

ထို့နောက် လေးယောက်သား လမ်းအတွင်းသို့ စတင်ဝင်ကြလေသည်။

တစ်နေရာရောက်တော့ စကားပြောသံနှင့် ခြေသံများကြားရပြီး လမ်းပေါ်သို့ လူသုံးယောက်ထွက်လာပြီး ပိတ်ရပ်လိုက်ကြသည်။ ဓားလှံလက်နက်များ ကိုင်ထားသော ကုလားသုံးယောက်ဖြစ်သည်။ မရွေးမနှောင်းမှာပင် နောက်ဖက်မှ လူသုံးယောက်ထွက်လာပြီး ညှပ်ပူးညှပ်ပိတ် ရပ်လိုက်ကြသည်။

"ခင်ခင်ကြီး ဟိုဘက်ဘေးလွတ်တဲ့နေရာကနေ စောင့်နေပေတော့"

ထိုသို့ပြောသဖြင့် ခင်ခင်ကြီး လမ်းဘေးသို့ ဝင်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခိုက်မှာပင် ရှေ့နှင့်နောက် ညှပ်ပူးညှပ်ပိတ်ရပ်နေသော ရန်သူများက ပြေးဝင်လာကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့မှာ လက်နက်မရှိပေ။

သို့သော် နှစ်ယောက်စလုံး အတိုက်အခိုက်၊ အသတ်အပုတ်ပညာတွင် အဆင့်အတန်းရှိသော ပညာရပ်များတတ်မြောက်ပြီးဖြစ်သဖြင့် ပူပန်စရာမလိုပေ။

ဦးဇန်ကောင်းကတော့ သူကိုင်သောတောင်ဝှေးက သူ့အတွက် အားကိုးရသော လက်နက်ပင်ဖြစ်သည်။

တိတ်ဆိတ်နေသော လမ်းကျဉ်းကလေးထဲတွင် တိုက်ခိုက်သောအသံများ ဆူညံသွားလေသည်။

သူတို့ကို လာရောက်တိုက်ခိုက်ကြသော ကုလားလူမိုက်များမှာ လူများသော်လည်း တိုက်ရည်ခိုက်ရည် မရှိကြပေ။

ထို့ပြင် အရက်သောက်ထားကြပြန်ရာ သိပ်ကြာကြာမတိုက်ခိုက်လိုက်ရပဲ တစ်ယောက်ပြီးတစ်ယောက် မြေပေါ်သို့လဲကျသွားကြလေသည်။

ကုလားလူမိုက်တို့ကို ရှင်းပြီးတော့မှ ရှေ့သို့ဆက်လျှောက်လာကြရာ လမ်းဆုံးသောအခါ ဘုရားကျောင်းပျက်ကြီးရှိသောနေရာသို့ ရောက်သွားကြသည်။

မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်တော့ တောအုပ်သဖွယ်ဖြစ်နေသော သစ်ပင်များကြား၌ ရှိနေသော ဘုရားကျောင်းမှာ အတော်ပင်ကြီးသည်။





အသုံးမပြုဘဲထားသောကြောင့်သာ ယိုယွင်းပျက်စီးနေခြင်းဖြစ်ဟန်ရှိသည်။

ရေညှိရေမှော်များတက်နေသောကြောင့် ကျောင်းဆောင်တစ်ခုလုံး အညိုရောင်၊ အမည်းရောင်များ လွှမ်းနေလေသည်။

ဘုရားကျောင်းကြီး၌ တပ်ဆင်ထားသော ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်ရှိသည့် ရုပ်တုကြီးများမှာ အမှောင်ထဲ၌ မကောင်းဆိုးဝါးများ တွယ်ကပ်နေသကဲ့သို့ ထင်ရလေသည်။

ထိုအချိန်မှာပင် ပတ်ဝန်းကျင်မှ ညီးညူသောအသံများနှင့် အံကြိတ်သံ၊ မာန်ဖီသံများ ကြားလာရသည်။

အသံကြားရာဘက်သို့ ကြည့်လိုက်တော့ အမှောင်ရိပ်ထဲမှာ သရဲသဘက်များ ထွက်လာသည်ကို တွေ့ကြရပြန်သည်။

အချို့က ထန်းပင်လိုမြင့်သော အရပ်မျိုးရှိသည်။ အချို့က ပုတ်လုံးကဲ့သို့ ကြီးမားသော ကိုယ်ခန္ဓာမျိုးရှိကြသည်။ အချို့မျက်လုံးများက လင်ကွင်းလောက်ကြီးပြီး၊ အချို့၏ နားရွက်နှစ်ဖက်မှာ ကျူဖျာတစ်ချပ်လောက် အရွယ်အစားရှိကြသည်။

မျက်လုံးပြူးသော သရဲက နီရဲနေသောမျက်လုံးကို ပြူးပြပြီး၊ နားရွက်ကြီးသောသရဲက ယပ်တောင်ခတ်သလို တဖျပ်ဖျပ်ခတ်ရင်းဖြင့် ရှေ့သို့တိုးလာကြသည်။

ပုတ်လုံးကဲ့သို့ ကိုယ်ခန္ဓာကြီးသော သရဲက ၄င်း၏ကြီးမားသော ကိုယ်ခန္ဓာကို ပုတ်လုံးလိမ့်သကဲ့သို့ လိမ့်လာကြပြီး၊



www.burmeseclassic.com

www.burmeseclassic.com



ခြေတံရှည်သော သရဲကတော့ ခြေတစ်လှမ်းထဲနှင့် သူတို့အနား ရောက်လာအောင် လှမ်းလာလေသည်။

"ဟိုမှာလာနေကြပြီ"

"ဒီမိစ္ဆာတွေကိုရှင်းရတာ ဒီလောက်မခက်ခဲလှပါဘူး၊ မီးခြစ်ဆံတစ်ချောင်းထက် ပိုမကုန်ဘူး"

ဟု ဦးဇန်ကောင်းကပြောပြီး လွယ်အိတ်ထဲမှာပါလာသော စ. ခ. ဗ. ဝ အင်းချပ်ကို ထုတ်လိုက်သည်။

အင်းချပ်အပြင်ရောက်လာသည်နှင့် အနားသို့တဖြည်းဖြည်းတိုးလာသော သရဲသဘက်များ တန့်သွားကြလေသည်။

ဦးဇန်ကောင်းက ဖယောင်းတိုင်နှင့် မီးခြစ်ဗူးကို ထုတ်ယူပြီး မီးထွန်းလိုက်သည်။

ဖယောင်းတိုင်ကို မီးရသည်နှင့် စ. ခ. ဗ. ဝ အင်းချပ်ပေါ်၌တင်ထွန်းလိုက်သည်။

ထိုမီးထွန်းရန်အတွက် မီးခြစ်ဆံတစ်ချောင်းသာ အသုံးပြုရသည်။ သို့သော် အင်းချပ်ပေါ်၌ ထွန်းထားသောမီးရောင်များ ပတ်ဝန်းကျင်တစ်ဝိုက်သို့ ပြန့်နှံ့သွားသည်နှင့်ပင် သူတို့အနီးသို့ တိုးကပ်လာသော သရဲသဘက်များမှာ တန့်သွားရုံမကပဲ နောက်သို့တဖြည်းဖြည်း ပြန်ဆုတ်သွားကြသည်။

ဦးဇန်ကောင်းက ဂါထာမန္တာန်များ ရွတ်လိုက်သောအခါမှာတော့ အမှောင်ရိပ်တွင်းသို့ ဝင်ရောက်ကာ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြလေသည်။

ထို့နောက်မှာတော့ ဘုရားကျောင်းဂူကြီးအတွင်းသို့





ဝင်ကြလေသည်။

ဝင်ပေါက်ရောက်တော့ အမှောင်ရိပ်ထဲမှာ ရပ်နေသော လူတစ်ယောက်နှင့် ရင်ဆိုင်တိုးကြလေသည်။

"ဘယ်သူလဲ"

"ငါ မတ်စတီးပဲ"

"ခင်ခင်လေးဝိညာဉ်ကို ဘာကြောင့်ခေါ်ထားတာလဲ"

"သူက လူ့ဘဝမှာကတည်းက ငါပိုင်တဲ့မိန်းမပဲ ငါနဲ့အတူခေါ်ထားရမှာပဲ"

"ဒါပေမယ့် ဘဝခြားနေပြီ၊ သူ့ဝိညာဉ်ကို လွတ်လပ်ခွင့်ပေးလိုက်ပါ"

"မပေးနိုင်ဘူး"

ထိုအခါ ဦးဇန်ကောင်းက ဒေါက်တာမင်းထင်ကျော်အနီးသို့ကပ်ကာ တစ်စုံတစ်ခုပြောပြီး နဝင်းသုံးစုံအင်းနှင့် ပရိတ်ကြိုးများကို ပေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ထိုပစ္စည်းများကိုယူ၍ ရှေ့သို့တိုးသွားလေသည်။

မတ်စတီး၏ဝိညာဉ်ကလည်း ရှေ့သို့တိုးလာလေသည်။ အနားမရောက်ခင်မှာ ဒေါက်တာမင်းထင်ကျော်က ဘုရားကျောင်းအနောက်ဘက်သို့ ပြေးလေသည်။

မတ်စတီးကလည်း နောက်မှလိုက်လာလေသည်။ သို့သော် ဒေါက်တာမင်းထင်ကျော် အနားသို့မကပ်နိုင်ပေ၊ ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့် ထိုးကာ အနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ရောက်အောင် ပြေးသည်။

အပြင်ဘက်ရောက်တော့ တွင်းနက်ကြီးတစ်တွင်းရှိရာသို့ ရောက်သွားလေသည်။

တွင်းနက်ကြီးမြင်ရသဖြင့် အလောတကြီးပြေးထွက်လိုက်စဉ် အမှောင်ထဲမှာ စောင့်နေသော ရန်သူ၏တုတ်ချက်မိသွားလေတော့သည်။

"ဖြောင်း. . ."

"အား . . ."

ရိုက်ချက်က ဦးခေါင်းကိုထိသွားသောကြောင့် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

အမှောင်ရိပ်ထဲမှ ထွက်လာသူမှာ ဆာဒူးမိစ္ဆာကြီးပင်ဖြစ်သည်။ လက်ထဲမှာလည်း တုတ်တစ်ချောင်းကိုင်ထားလေသည်။

"သူ့လက်ထဲက အင်းချပ်နဲ့ ပရိတ်ကြိုးတွေကို ငါဖယ်ပစ်လိုက်မယ်၊ သူ့ကိုတွင်းနက်ကြီးထဲ ပစ်ချလိုက်တော့"

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော် ယူလာသော နဝင်းသုံးစုံအင်းနှင့် ပရိတ်ကြိုးများကိုယူပြီး အဝေးသို့ လွှင့်ပစ်လိုက်သည်။

ထိုအချိန်တွင်နောက်မှလိုက်လာသော ဦးဇန်ကောင်းတို့ သုံးယောက်မှာလည်း ဝိညာဉ်မိစ္ဆာများက တားဆီးထားသောကြောင့် ရှေ့သို့မလာနိုင်ဘဲ ဖြစ်နေကြလေသည်။

ဒေါက်တာမင်းထင်ကျော်ထံမှာ အင်းချပ်နှင့် ပရိတ်





ကြိုးများ မရှိတော့သောအခါ မတ်စတီးက အနားရောက်လာပြီး ခြေထောက်နှစ်ချောင်းမှ ဆွဲယူသွားလေရာ ဒေါက်တာမင်းထင်ကျော်မှာ သတိမေ့နေသောကြောင့် ဒီအတိုင်းပါသွားလေသည်။

ဘုရားကျောင်းနောက်ဘက်၌ရှိသော တွင်းနက်ကြီးမှာ ရေတွင်းပျက်ကြီးကဲ့သို့ အပေါ်တွင်အုတ်ဘောင်များရှိသည်။

(၃)ပေခန့်မြင့်ပြီး အချို့မှာပြိုကျနေသည်။

ထိုနေရာရောက်တော့ မတ်စတီးက ဒေါက်တာမင်းထင်ကျော်ကို တွင်းနက်ကြီးထဲသို့ ပစ်ချရန် ဟန်ပြင်နေစဉ်မှာ နောက်ဘက်မှ ကြေးစည်သံ ပေါ်ထွက်လာသည်။

"နောင်ဝေဝေ. . ."

ကြေးစည်သံကြားသောအခါ မတ်စတီးက နောက်ဘက်သို့ လှည့်ကြည့်သောအခါ သူ့နောက်မှာ ရပ်နေသော ဖိုးသူတော်ကြီးကို တွေ့ရလေသည်။

ဖိုးသူတော်ကြီးက အသင့်ပါလာသော ပရိတ်ကြိုးဖြင့် ရှပ်လိုက်ပြီး တောင်ဝှေးဖြင့် ထိုးချလိုက်ရာ ဒေါက်တာမင်းထင်ကျော်ကို လွှတ်ချလိုက်လေသည်။

ထိုအခါ ဖိုးသူတော်ကြီးက လွယ်အိတ်ထဲမှ အင်းချပ်တစ်ချပ်ထုတ်ပြီး ထောင်ပြလိုက်ရာ ကြောက်ကြောက်လန့်လန့်ဖြင့် နောက်ဆုတ်သွားရင်းမှ နက်ရှိုင်းသော တွင်းနက်ကြီးထဲသို့ ပြုတ်ကျသွားလေတော့သည်။

ထိုအခြေအနေမြင်တော့ ဆာဒူးမိစ္ဆာကြီးက ဖိုးသူတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိရာသို့ ရန်မူရန် ပြေးလာလေသည်။

အနားရောက်တော့ လက်ထဲမှ တုတ်ဖြင့်ရိုက်သည်။

ဖိုးသူတော်ကြီးက တုတ်ကို ထမ်းပိုးဖြင့် ဆီးခံထားလိုက်ပြီး ရေတွင်းပျက်ကြီး အစပ်နားရောက်နေသော ဆာဒူးမိစ္ဆာကြီးကို ကန်ချလိုက်လေသည်။

“ငရဲကိုသာသွားပေတော့ မိစ္ဆာကောင်ရေ”

ဖိုးသူတော်ကြီးမှာ ကိုယ်ခန္ဓာကြီးမားသူဖြစ်ရာ ၄င်း၏အားဖြင့် ရင်ဝကိုကန်သောအခါ အရိုးပေါ်အရေတင်နေသည့်ပုံပန်းသဏ္ဌာန်သာရှိသော ဆာဒူးမိစ္ဆာကြီးမှာ ဝိညာဉ်လျှောင်အိမ်ဟုခေါ်သော တွင်းနက်ကြီးထဲသို့ ပြုတ်ကျသွားလေတော့သည်။

“အား. . .”

အော်ဟစ်လိုက်သောအသံကြီးကို အတော်ကြာသည့်အထိ ကြားနေရပြီး တဖြည်းဖြည်း ပျောက်သွားလေတော့သည်။

မတ်စတီးနှင့် ဆာဒူးမိစ္ဆာတို့ မရှိတော့သောအခါ ဦးဇန်ကောင်းတို့သုံးယောက်ကို ဝိုင်းဝန်းနှောင့်ယှက်နေကြသည့် ဝိညာဉ်မိစ္ဆာများလည်း ပျောက်ကွယ်သွားကြလေတော့သည်။

ထိုအခါမှ အပြင်ဘက်သို့ ထွက်လာနိုင်ကြလေသည်။ အပြင်ရောက်တော့ သတိမေ့နေသော ဒေါက်တာမင်းထင်ကျော်ကို ဝိုင်းဝန်းပြုစုကြရာ သတိပြန်ရလာလေသည်။

“ဦးသူတော်ကြီးက ကျုပ်တို့နဲ့အတူတူ မလိုက်ခဲ့ဘဲ ဒီနေရာကိုကြိုတင်ပြီး ရောက်နေခဲ့တာ အခုတော့ တော်တော်အဆင်ပြေသွားတယ်”





ဟု ဦးဇန်ကောင်းကပြောလိုက်လေသည်။

“ဆာဒူးမိစ္ဆာရှိနေသရွေ့ ရန်စကမအေးဘူး၊ အခုသူမရှိတော့မှ ရန်အားလုံးငြိမ်းသွားပေတော့တယ်”

ဒေါက်တာမင်းထင်ကျော်က သတိပြန်ရလာသောအခါ တွင်းနက်ကြီးရှိသောနေရာသို့ လျှောက်သွားပြီး လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

နက်ရှိုင်းလှသောကြောင့် အောက်ခြေသို့ မမြင်ရပဲရှိလေသည်။ (ထိုတွင်းနက်ကြီးမှာ ဂျပန်းခေတ်ရောက်ပြီး မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ဗုံးများကြဲချရာ ဗုံးဆန်ထိမှန်ပြီးနောက် ပျက်စီးကာ ကွယ်ပျောက်သွားခဲ့လေသည်။)

အချိန်က သန်းခေါင်ယံကျော်လာပေပြီ။

ဒေါက်တာမင်းထင်ကျော်တို့ ဘုရားကျောင်းပျက်ရှိသောနေရာသို့ ပြန်လျှောက်လာရာ မနီးမဝေးနေရာရောက်သောအခါ ဘုရားကျောင်းပျက်ထဲမှ ဖြူဖြူသဏ္ဌာန်တစ်ယောက်ထွက်လာသည်ကို လှမ်းမြင်ကြရသည်။

မနီးမဝေးနေရာရောက်တော့မှ ခင်ခင်လေးပုံသဏ္ဌာန်ဖြစ်မှန်း သိသောအခါ ခင်ခင်ကြီးက ရှေ့သို့တိုးသွားလေသည်။

“ညီမလေး. . .”

ခင်ခင်လေးက အဖြူရောင်ဝတ်စုံကို ဝတ်ထားလေသည်။

“ကျွန်မလွတ်မြောက်ခွင့်ရခဲ့ပါပြီ၊ ဒါကြောင့် ဒီနေရာက သွားခွင့်ရတော့မှာမို့ မမတို့ကို လာပြီးနှုတ်ဆက်တာပါ”

www.burmeseclassic.com



ထိုသို့ပြောသောအခါ ခင်ခင်ကြီးမှာ ရှိုက်ကြီးတငင်ငို ကြွေးနေလေသည်။

ထိုအချိန်မှာပင် အဖြူရောင်ဝတ်ရုံကို ဝတ်ဆင်ထားသော ခင်ခင်လေး၏ ဝိညာဉ်ပုံရိပ်မှာ ထိုနေရာမှ တရွေ့ရွေ့ ထွက်ခွာသွားလေရာ ကြည့်နေရင်းမှာ အမှောင်ရိပ်ထဲ၌ မှုန်ဝါး ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က ခင်ခင်ကြီး အနားသို့သွားပြီး နှစ်သိမ့်မှုပေးလိုက်သည်။

"သူ့အတွက် စိတ်မကောင်းစရာဆိုပေမယ့်၊ အခုလို လွတ်မြောက်ခွင့်ရသွားတာတော့ ဝမ်းသာရမှာပဲ၊ သူ့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုတစ်ခုခုလုပ်ပြီးတော့ အမျှအတန်း ဝေပေးလိုက်ပါ. ."

ထိုသို့ပြောဆိုပြီးနောက် ငိုကြွေးနေသော ခင်ခင်ကြီးကို ဖြောင်းဖျပြောဆိုပြီးနောက် အားလုံး ဘုရားကျောင်းပျက်ကြီး ရှိသော နေရာမှ ပြန်ထွက်လာခဲ့ကြလေသည်။

စောစောကရွာသွန်းနေသော မိုးစက်များမှာ ယခုတော့ စဲသွားကြလေပြီ။

ယခုအခါမှာတော့ သူတို့ဆောင်ရွက်ပေးခဲ့သော ကိစ္စ များမှာ ပြီးစီးသွားခဲ့ပြီဟု ဆိုရပေတော့မည်။









## အခန်း [ ၁၄ ]

# သစ္စာဖြင့်ခင်းသော မေတ္တာလမ်း

ထိုအဖြစ်အပျက်များဖြစ်ပျက်ခဲ့ပြီးနောက် လအနည်းငယ်ကြာသောအခါ ပုဏ္ဏကကြမ်းသဖြင့် လူမနေဝံ့သော အိမ်နီကြီးအား ဝယ်ယူမည့်သူ ပေါ်ပေါက်လာလေသည်။

သက်ဆိုင်သူများကလည်း လူနေတော့လည်းမဖြစ်၊ အိမ်ငှားတင်ပြန်တော့လည်း အဆင်မပြေသော အိမ်နီကြီးကို ဒီအတိုင်းပစ်ထားရမည့်အတူတူ ဝယ်ယူသူပေါ်လာသောအချိန်မှာ ဈေးချိုချိုနှင့်ပင် ရောင်းချပေးလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူသူမှာ အခြားသူတော့မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်ပေသည်။

ဝယ်ယူပြီးသောအခါ ခင်ခင်ကြီးတို့မိသားစုအား လွှဲပေး ပြီး ပြောင်းရွှေ့နေထိုင်ကြရန် ခွင့်ပေးလိုက်သည်။

"ကျွန်မတို့မိသားစုအပေါ်မှာ ဆရာရဲ့ကျေးဇူး၊ အဲ. . အစ်ကိုရဲ့ကျေးဇူးတွေ အတော်များနေပါပြီ၊ အခုလို နေထိုင်ခွင့် ပေးတာလည်း ကျေးဇူးတင်ရမှာပါပဲ. . ."

"ကျေးဇူးတင်တာတွေ သိပ်များနေပြီ၊ ပြန်မဆပ်နိုင် တော့ ဘယ်လိုလုပ်မလဲ"

"ကျေးဇူးရှိရင်တော့ ပြန်ဆပ်ပေးရမှာပဲ၊ တစ်ခုမဟုတ် တစ်ခုခုနဲ့ပေါ့"

"ဒီအိမ်ကြီးကို ခင်ခင်ကြီးတို့ မိသားစုအတွက် အပြီးပေး တာပါ၊ ဒီမှာတစ်သက်လုံး နေသွားနိုင်ပါတယ်"

ထိုစကားကြောင့် ခင်ခင်ကြီးက တအံ့တဩအမူအရာ ဖြင့် ကြည့်နေလေသည်။

"အို. . . ကျမ. . ."

"ခင်ခင်ကြီးအနေနဲ့ ဘယ်လောက်ကျေးဇူးတင်နေ တယ်၊ အားနာနေတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ တကယ် တော့ ဒီအိမ်ကြီးဟာ ခင်ခင်လေးဘဝတစ်ခုလုံးနဲ့ ရင်းခဲ့ရတာ ဆိုတော့ သူပဲပိုင်ဆိုင်ခွင့်ရသင့်ပါတယ်၊ သူ မရှိတော့လည်း သူ့ရဲ့ မိသားစုတွေသာ နေခွင့်ရသင့်ပါတယ်"

ခင်ခင်ကြီး၏မျက်ဝန်းမှ မျက်ရည်ကြည်များ ရစ်ဝဲလာ





ပြန်လေသည်။

"ဒါကြောင့် ကျွန်တော်က အကူအညီပေးတဲ့အနေနဲ့ ရအောင်ဝယ်ပေးတာပါ"

"ကျွန်မဖြင့် ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး အစ်ကိုရယ်"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က လေသံတိုးတိုး ဖြင့်ပြောလိုက်သည်။

"ခင်ခင်ကြီး ပြောစရာမရှိတော့ရင် ကျွန်တော်ပြောပါ ရစေ၊ တခြားတော့မဟုတ်ပါဘူး၊ ခင်ခင်ကြီးကို မြင်စကတည်းက စိတ်ဝင်စားပြီး မေတ္တာရှိနေခဲ့ပါတယ်၊ ဒါကြောင့် ကျွန်တော့ မေတ္တာကို လက်ခံပေးပါ"

ခင်ခင်ကြီးက များစွာအံ့ဩသော အမူအရာဖြင့် မျက် လုံးအဝိုင်းသားနှင့် မော့ကြည့်နေသည်။

"ကျွန်တော်က စကားကိုသိုင်းဝိုင်းပြီးလည်း မပြောတတ် ပါဘူး၊ ဒါကြောင့် စကားတိုတိုပြောတာ ဖြစ်ပေမယ့် ခင်ခင်ကြီး အပေါ်မှာထားတဲ့ မေတ္တာကတော့ စစ်မှန်ပါတယ်၊ ဒါကြောင့် ကျွန်တော်မေတ္တာကို စဉ်းစားပေးပါ၊ ဒါကလည်း အခွင့်အရေး ယူတာမဟုတ်ပါဘူး၊ ရင်ထဲမှာရှိတဲ့အတိုင်း ဖွင့်ပြောတာပါ"

"ကျွန်မ ဒီအကြောင်းတွေကို နားမလည်ပါဘူး၊ အတွေ့ အကြုံလည်းမရှိပါဘူး၊ ဒါပေမယ့် အစ်ကို့ကို မြင်စကတည်းက အားကိုးထိုက်တဲ့ လူတစ်ယောက်ဆိုတာတော့ သိပါတယ်၊ ကျွန်မ အစ်ကိုပြောတာကို ယုံကြည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်တော့်မေတ္တာကို လက်ခံပေးနိုင်မလားဟင်" သူမက အသာအယာပင် ခေါင်းညိတ်ပြသည်။

"ညီမလေးနဲ့ ပတ်သက်တဲ့ အဖြစ်ဆိုးတွေကို တွေ့ရမြင်ရတော့ ဒီတစ်သက်တော့ဖြင့် အပူမရှာတော့ဘူးလို့ စိတ်ကူးထားတာပါ၊ ဒါပေမယ့် အခုတော့ အစ်ကိုပြောတာကို ကျွန်မ လက်ခံပေးပါတော့မယ်"

"ခင့်ဆီက ဒီစကားကြားတာ တကယ်ပဲဝမ်းသာပါတယ်၊ ဒီလိုဆိုရင်တော့ လူကြီးတွေကိုအသိပေး ခွင့်တောင်းပြီးတော့ လက်ထပ်ဖို့ စီစဉ်လိုက်တော့မယ်နော်"

"မမြန်လွန်းဘူးလား၊ ကျွန်မက တစ်ခါမှ ချစ်သူမရှိခဲ့ဖူးတော့ ချစ်သူတို့ဘဝ ဘယ်လိုဆိုတာ သိချင်သေးတယ်"

"ချစ်သူတို့ဘဝပဲဖြစ်ဖြစ်၊ လက်ထပ်ပြီးတဲ့ဘဝပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိပြီး သစ္စာရှိဖို့ပဲလိုတယ်၊ သစ္စာရှိတဲ့ ချစ်ခြင်းမေတ္တာနဲ့ နေကြရင် ဘယ်လိုဘဝမျိုးပဲဖြစ်ဖြစ် စိတ်ချမ်းသာမှုရှိကြတာပါပဲ"

"ဒီလိုဆိုရင်တော့ အစ်ကိုသဘောကျသလိုသာ စီစဉ်ပါတော့၊ ကျွန်မကတော့ ထွေထွေထူးထူး ဘာမှမပြောတတ်တော့ပါဘူး၊ အစ်ကို့ကို ယုံကြည်အားကိုးမှုတစ်ခုတည်းနဲ့ ကျွန်မ ဘဝတစ်ခုလုံးကို ပုံအပ်လိုက်ပါတော့မယ်"

ဟု ချိုသာသောအပြုံးကလေးဖြင့် ပြန်ပြောရာ ဒေါက်တာမင်းထင်ကျော်မှာ အကျေနပ်ကြီး ကျေနပ်သွားကာ သူမလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်လေတော့သည်။





လောက၏ နေရာအနှံ့အပြားတွင် ပန်းပွင့်ပေါင်းများစွာတို့ ဖူးပွင့်နေကြသည်။

မိမိနှင့်ထိုက်တန်သော ပန်းကိုတွေ့ဖို့တော့ မလွယ်လှပေ။ ပန်းတစ်ပွင့်၏တန်ဖိုးကို အလေးထားမြတ်နိုးမှု ရှိသူသာလျှင် ထိုက်တန်သောပန်းတစ်ပွင့်ကို ပိုင်ဆိုင်ခွင့်ရနိုင်ပေသည်။

ထို့အတူပင်. . .

မေတ္တာစစ်နှင့် ချစ်ရမည့်သူတစ်ယောက်ကို တွေ့ရဖို့ မလွယ်ကူလှပေ. . .။

သစ္စာကိုတန်ဖိုးထားပြီး၊ မေတ္တာကိုမြတ်နိုးနှစ်သက်မှုရှိသူသာလျှင် ချစ်သူကိုပိုင်ဆိုင်ခွင့် ရနိုင်ပေလိမ့်မည်။ ယခုတော့ ဒေါက်တာမင်းထင်ကျော်နှင့် ခင်ခင်ကြီးတို့နှစ်ယောက်မှာလည်း စစ်မှန်သောအချစ်ခရီးလမ်းကို လျှောက်လှမ်းကြရတော့မည် ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (နဝင်းသုံးစုံနှင့် ပုဏ္ဏကအခင်း) အမည်ရှိသော ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနိစ္စယာဟောတု သုခိအတ္တာနံ ပရိဟန္တု။

ကြိုသစ်

စာပြီးချိန်။ ။ ၂၀၁၄ခုနှစ်၊ ဇွန်လ(၁)ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၉)နာရီ။



www.burmeseclassic.com